၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၉)၊ အမှတ်(၃၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၂၃ ၊ ၂၀၁၀)

TRI
MEN'S AND LADIES' WEARS

# ပို့ကုန်ရငွေတန်ဖိုး ထပ်မံကျဆင်းမည်ဟု ငွေကြေးဈေးကွက်ကျွမ်းကျင်သူများ ခန့်မှန်း

အားမာန်

ရန်ကုန်၊ ဒီဇင်ဘာ – ၁၆

**ပို့ကုန်ရငွေ(Export Earning) တန်ဖိုးမှာ လာမည့်နှစ်လ၊ သုံးလအတွင်း လက်ရှိဈေးနှုန်းထက် ထပ်မံကျဆင်းဦးမည်ဖြစ်ကြောင်း ငွေကြေးဈေးကွက်ကျွမ်းကျင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများက ပြောသည်။**

နိုင်ငံတော်သို့ ဆယ်ရာခိုင်နှုန်းအခွန်ဆောင်ပြီး နိုင်ငံခြားငွေဖြစ်သော ပို့ကုန်ရငွေတန်ဖိုးကျဆင်းနိုင်သည့်အကြောင်းရင်းများကို ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးက အောက်ပါအတိုင်း သုံးသပ်ပြောသည်။

"ပို့ကုန်ရငွေက ကျောက်မျက်ပြပွဲအပြီးသုံးလဖြစ်တဲ့ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွေမှာ ကျောက်မျက်ပွဲကငွေတွေဝင်လာမှာရယ်၊ ပြည်တွင်းမှာ လူလတ်တန်းစားတွေ ဝင်ငွေလျော့ပြီး ဝယ်ယူနိုင်စွမ်းလျော့နေလို့ သွင်းကုန်မှာ အကန့်အသတ်ရှိနေတာရယ်၊ ဒီနှစ်ပိုင်းထဲမှာ Foreign Investment (ပြည်ပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှု)တွေ တအားဝင်နေတာရယ် ဒီအချက်သုံးချက်ကြောင့် လာမယ့်လတွေမှာ ပို့ကုန်ရငွေက ကျဖို့ပဲရှိတယ်။ တက်ဖို့မရှိဘူး"။ ထို့အပြင် ယခုလပိုင်းအတွင်း နိုင်ငံခြားငွေများစွာရှိသော ကုမ္ပဏီကြီးအချို့အနေဖြင့် ပို့ကုန်ရငွေ အများအပြား ထုတ်ရောင်းရန်ရှိနေကြောင်းလည်း သတင်းရရှိသည်။

စာ(၁၂)သို့

# ဗဟိုဘဏ်က ရွှေချောင်းနှင့် ရွှေဒင်္ဂါးပြားများရောင်း

ဦးလွင်

မန္တလေး၊ ဒီဇင်ဘာ - ၁၆

မြန်မာနိုင်ငံတော် ဗဟိုဘဏ် မန္တလေးဘဏ်ခွဲတွင် နိုဝင်ဘာလကုန်ပိုင်းမှ စတင်ပြီး ယင်းဘဏ်မှထုတ်ဝေသော ရွှေစင်ချောင်းနှင့် ရွှေဒင်္ဂါးပြားများကို ရောင်းချပေးလျက်ရှိကြောင်း ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



"ရောင်းချပေးတဲ့ ရွှေက ၉၉ ဒသမ၉ ရာခိုင်နှုန်းရှိတဲ့ အခေါက်ရွှေအမျိုးအစားဖြစ်ပါတယ်။ မြန်မာကျပ်ငွေနဲ့ ရောင်းချပေးတာပါ" ဟု ၎င်းကဆိုသည်။ ဗဟိုဘဏ်မှ ရောင်းချပေးသည့် ရွှေစင်ချောင်းပေါ်တွင် ဆင်အမှတ်တံဆိပ်ပါရှိသည်။

"ရွှေဆိုင်းလုပ်ဖို့ ဝယ်တာပါ။ မိသားစု စီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်တာ နှစ် ၂၀ ကျော်ပါပြီ။ အခုဒီမှာ လာဝယ်တာက ဒီဇင်ဘာလဆန်းလောက်ကသိပြီး ဝယ်ဖြစ်တာပါ။ အရင်တုန်းက မျက်ပါးရပ်ထဲက ရွှေဆိုင်တွေမှာ ကြိုတဲ့ဆီဝယ်တာပါ။ မကွေးမြသလွန်ဘုရားမှာ အခုရွှေချနေတယ်။

စာ(၁၂)သို့

အားကစား ဘောလုံးအသင်း

# ငွေကုန်ခံရခြင်းအကြောင်း မြန်မာနေရှင်နယ်လိဂ် ဘောလုံးအသင်း ပိုင်ရှင်များရင်ဖွင့်

ဗိုလ်ဗိုလ်ဝင်း

ဆူဇူကီးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ ရုပ်ပျက်၊ ဆင်းပျက် အရှုံးကြောင့် ပြည်တွင်းမီဒီယာများတွင် မြန်မာအသင်းအပေါ် ဝေဖန် သုံးသပ်ချက်များ ညံနေချိန်၌ပင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲက နီးလာပြန်သည်။ ကလပ်အသင်း ပိုင်ရှင်များမှာလည်း သူတို့ ပိုးမွေးသကဲ့သို့ လစာကောင်းကောင်းပေးပြီး မွေးထားခဲ့ရသော ဘောလုံးသမားများ၏ စွမ်းဆောင်ရည်ကို ဂုဏ်ယူလိုခဲ့ကြသော်လည်း လက်တွေ့တွင် အားမလို၊ အားမရဖြစ်မှု၊ စိတ်ပျက်မှုနှင့် အရှက်တို့သာရခဲ့သည်။ သို့သော် နောက်ထပ်ပြိုင်ပွဲကြီးအတွက် အသင်းပိုင်ရှင်အများစုက ငွေကြေးများစွာ ကုန်ကျခံရန် ပြင်နေကြပြန်ပါပြီ။

စာ(၁၂)သို့

## နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု စံချိန်သစ်တင်မည့်နှစ်ဖြစ်

ဆိုက်ရောက်ဗီဇာခွင့်ပြုခဲ့ခြင်းနှင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ပိုမိုစိတ်ဝင်စားလာမှုက နှစ်လတာကာလသာရှိသေးသည့် ခရီးသွားရာသီအတွက် အစကောင်းခဲ့သည်ဟုဆိုရမည်ဖြစ်ပြီး ဧည့်သည်ဝင်ရောက်မှု စံချိန်သစ်တင်မည့်နှစ်လည်း ဖြစ်မည်ဟု ခန့်မှန်းနေကြခြင်းဖြစ်သည်။

စာ(၂၅)သို့



ရွှေစည်းခုံစေတီတော်ရင်ပြင်တွင် တွေ့ရသော ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များ။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)



7DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

## ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်ကို အသစ်ပြန်လည်ဖွဲ့စည်းမည်

**ဆန်စပါးဒိုင်အမည်ကိုပါ ပြောင်းလဲမည်ဖြစ်သည်။**

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၆**

**မြန်မာနိုင်ငံ၏ ဆန်ဈေးကွက်တွင် အဓိကအကျဆုံး ကုန်စည်ဒိုင်ဖြစ်သော ဝါးတန်းဆန်စပါးကုန်စည်ဒိုင်ကို ခေတ်ကာလနှင့် လျော်ညီအောင် အသစ်ပြန်လည်ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

၁၉၉၈ခုနှစ် မတ်လ ၅ရက်တွင် စတင်တည်ထောင်ခဲ့သော ဝါးတန်းဆန်စပါးကုန်စည်ဒိုင် အသစ်ပြန်လည်ဖွဲ့စည်းရေးအတွက် ဒီဇင်ဘာ၈ရက်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်းလည်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်ကို ဆန်စပါးကုန်စည်ဒိုင်အမှတ်(၁)ဟု အမည်ပြောင်းလဲမည်ဖြစ်ပြီး၊ ဒိုင်မှ အလုပ်အမှုဆောင် ကော်မတီကိုလည်း အသစ်ပြန်လည်ဖွဲ့စည်းမည်ဟု အထက်ပါတာဝန်ရှိသူက ရှင်းပြသည်။

ဆန်စပါးကုန်စည်ဒိုင် အမှတ်(၁)အလုပ်အမှုဆောင်အဖွဲ့သစ်ပြန်ရွေးချယ်ရာတွင် ယခင်ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှ အလုပ်အမှုဆောင်အချို့မှာ အလိုအလျောက် ပြန်လည်ရွေးချယ်ခံရမည်ဖြစ်ပြီး၊ အလုပ်အမှုဆောင်နေရာအများစုအတွက် အသင်းဝင်များ၏ဆန္ဒဖြင့် ရွေးချယ်မည်ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သစ်အတွက် ယခင်အလုပ် အမှုဆောင်အဖွဲ့ဝင်ဟောင်းများ၊ ရန်ကုန်တိုင်း ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများ၊ ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ ရန်ကုန်သို့ ဆန်တင်သွင်းသော ဧရာဝတီတိုင်းရှိ လိုင်းကိုးလိုင်းမှ တာဝန်ရှိသူများ ဝင်ရောက်အရွေးချယ်ခံရမည်ဟု သတင်းရရှိသည်။

ထိုအဖွဲ့ဝင်သစ်များ ရွေးချယ်ပွဲကို လာမည့်ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည်ဟုလည်း သတင်းရရှိသည်။

အဆိုပါ ကုန်စည်ဒိုင်မှာ ဆန်စပါးအများဆုံး စီးဝင်ရာဒိုင်တစ်ခုဖြစ်ပြီး ထိုဒိုင်တွင် ဖွင့်သောဆန်စပါးဈေးမှာ ပြည်တွင်းဆန်ဈေးကွက်တစ်ခုလုံးအတွက် အဓိကကျကြောင်း ဆန်စပါးကုန်သည်များကပြောသည်။ ထို့အပြင် ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးများမှ ဆန်အများစုမှ ထိုကုန်စည်ဒိုင်နှင့် နီးနွယ်ပတ်သက်ပြီး တစ်ပြည်လုံးရှိ ဆန်လိုဒေသများသို့ ဆန်များစီးဆင်းသည်။ အဆိုပါ ကုန်စည်ဒိုင်အသင်းဝင်ကြေးမှာ တစ်ဦးလျှင် ကျပ်ငါးသောင်းသတ်မှတ်ထားပြီး အသင်းဝင်ဦးရေ နှစ်ထောင်ကျော်ရှိသည်။

ဆန်စပါးကုန်စည်ဒိုင် အသစ်ပြန်လည်ဖွဲ့စည်းရေးတွက်ပြုလုပ်သော အစည်းအဝေးသို့ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများ၊ အဆိုပါအသင်း၏ ရန်ကုန်တိုင်းအသင်းရုံးမှ တာဝန်ရှိသူများ၊ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှ တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

## ယာဉ်စီးရေတိုးလာသည့်အတွက် လမ်းများတိုးချဲ့ရန် သက်ဆိုင်ရာဌာနများ ပြင်ဆင်



ဓာတ်ပုံ - ဝေယံ

**ကားများရပ်နားထားသည့်အတွက် လေးလမ်းသွားကားလမ်းမှာ တစ်လမ်းသွားပင်မနည်းမောင်းနှင်နေရသည့် သိမ်ကြီးဈေးအနီး ရွှေတိဂုံဘုရားလမ်းကို တွေ့ရစဉ်။**

**သဇင်ထွေး**

**ရန်ကုန် - ဒီဇင်ဘာ - ၁၅**

ရန်ကုန်မြို့ပေါ်တွင် ယာဉ်အစီးရေတိုးတက်များပြားလာသည့်အတွက် လမ်းများကိုတိုးချဲ့ရန်လိုအပ်လာကြောင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယာဉ်အစီးရေများပြားလာသည့်အတွက် လမ်းများပြုပြင်ရန်လိုအပ်လာပြီး မိုးပျံလမ်းများကိုလည်း ဆောက်လုပ်ရန်လိုအပ်ကြောင်းသိရသည်။

"ကားတွေကတစ်နှစ်ထက်တစ်နှစ်များလာတယ်။ လမ်းတွေကလည်းအရင်အတိုင်းပဲဆိုတော့ ကားတိုက်မှုတွေကဖြစ်တာများလာတယ်။ ကားတွေများလာတာနဲ့အမျှလမ်းတိုးချဲ့ဖို့လိုတဲ့နေရာတွေရှိတယ်။ တချို့လမ်းတွေဆို ၃ လမ်းပြေးသင့်တဲ့နေရာမှာ နှစ်လမ်းသွားတွေပဲရှိတယ်လေ။ ဒါကြောင့်ချဲ့လို့မရတဲ့ နေရာတွေကို မိုးပျံလမ်းတွေနဲ့တိုးချဲ့သွားသင့်နေပါပြီ"ဟု အထက်ပါ ပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ယာဉ်များကို စက်မှုဇုန်များမှ ထုတ်လုပ်လာသည့်အပြင် တင်သွင်းလိုသော ကုမ္ပဏီများကို တရားဝင်တင်သွင်းခွင့်ပြုထားပြီး တရားမဝင်တင်သွင်းသော ယာဉ်များကိုလည်းအခွန်ဆောင်စေပြီး လိုင်စင်ပြုလုပ်ပေးလျက်ရှိသောကြောင့် ယာဉ်အစီးရေများပြားလာခြင်းဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့ပေါ်တွင်ယာဉ်လိုင်းများကိုတိုးချဲ့ပြေးဆွဲလာသည့်အပြင် ခရီးသည်တင်ကားစီးရေများပြားလာသည့်အတွက် ခရီးသည် ရရှိရေးအလုအယက်မောင်းနှင်မှုများကြောင့် ကားတိုက်မှုများဖြစ်ပေါ်ခြင်းဖြစ်ကြောင်းသိရသည်။

"ဒီလိုမဖြစ်ဖို့ လမ်းတွေကိုတိုးချဲ့သွားဖို့လိုတယ်။ လမ်းတွေကကျဉ်း၊ ကားတွေကများ၊ မီပွိုင့်စောင့်ရတော့ ရှေ့မှာရှိတဲ့ ကားတွေ ကျော်ချင်တာနဲ့ လမ်းပြောင်းပြန်တက် ကားတိုက်မှုတွေဖြစ်တာပဲ၊ နိုင်ငံတကာမှာဆို လမ်းတွေက ဖြောင့်ပြီး မိုးပျံလမ်းတွေကို ဖောက်လုပ်ထားကြတယ်။ ဒါတောင်မှ သူတို့ဆီမှာ ကားကျပ်မှုတွေရှိနေသေးတယ်။ မြန်မာနိုင်ငံအနေနဲ့ဆို လိုအပ်နေပါပြီ"ဟု ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးက7Day News သို့ပြောသည်။

ယင်းကဲ့သို့လမ်းများချဲ့ထွင်ဖောက်လုပ်ရန်အတွက် သက်ဆိုင်ရာ ဌာနများသို့ တင်ပြထားပြီးဖြစ်ကြောင်းသိရသည်။

## ရန်ကုန်မြို့တွင် တရားမဝင်ဖွင့်ထားသည့် ကာရာအိုကေနှင့် အနှိပ်ခန်းများကို ဖမ်းမည်

**ကျော်သီဟ**

ရန်ကုန်၊ ဒီဇင်ဘာ - ၁၆

ရန်ကုန်မြို့ရှိ ကာရာအိုကေနှင့် အနှိပ်ခန်းများကို ယခုလအတွင်းစီမံချက်ဖြင့် ဖမ်းဆီးနှိမ်နင်းသွားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးဆိုင်ရာဌာနတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ဒီလထဲမှာပဲ ရန်ကုန်မှာရှိတဲ့ တရားမဝင်အနှိပ်ခန်းတွေ၊ ကာရာအိုကေဆိုင်တွေကို ဖမ်းဆီးနှိမ်နင်း သွားဖို့ရှိတယ်"ဟု အထက်ပါဌာနမှ တာဝန်ရှိသူအကြီးတန်းအရာရှိတစ်ဦးက 7Day News သို့ပြောကြားသည်။

ယခုကဲ့သို့ ကေတီဗီ၊ အနှိပ်ခန်းများမှာ တရားမဝင်လုပ်ကိုင်မှုကြီးထွားလာခြင်းကို နှိမ်နင်းရန်နှင့် ကာရာအိုကေဆိုင်အချို့တွင် မသင့်တော်သော ဗီဒီယိုဖိုင်များထွက်ပေါ်မှုများရှိလာခြင်းကြောင့် တင်းကျပ်စွာစစ်ဆေးဖမ်းဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ကာရာအိုကေလုပ်ငန်းသည် တရားဝင်မှတ်ပုံတင်ကာ လုပ်ကိုင်ခွင့်ပြုခဲ့သည်မှာ လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်လောက်မှစတင်လုပ်ဆောင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ တရားဝင်လုပ် ကိုင်ခွင့်ပြုလာသည့်နောက်တွင် တရားမဝင်ကာရာအိုကေနှင့် အနှိပ်ခန်းများမှာလည်း တစ်စတစ်စနှင့်ဧည့်သည်ရရှိရေးအပေါ် နည်းလမ်းမမှန်သော လုပ်ရပ်များအသုံးပြုကာ လုပ်ဆောင်လာကြကြောင်းသိရှိရသည်။

## အထည်ချုပ်လုပ်ငန်းရင်းနှီးမြှုပ်နှံမှုများပြန်လည်လှုပ်ရှားလာ

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၅**



ဓာတ်ပုံ - အောင်အောင်

စီးပွားရေးအကျပ်အတည်းစတင်ခဲ့သည့် ၂၀၀၈ နှစ်ကုန်ပိုင်းမှ စ၍ ကျဆင်းခဲ့သော အထည်ချုပ်လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် ယခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ ပြန်လည်လှုပ်ရှားလာကြောင်း အထည်ချုပ်လုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။

ယင်းသို့ ရင်းနှီးမြှုပ်နှံမှုပြန်လည်တိုးတက်လာခြင်းသည် ဂျပန်၊ ကိုရီးယား စသည့်နိုင်ငံများကတရုတ်နိုင်ငံမှ ခွဲထွက်ကာ ရင်းနှီးမြှုပ်နှံလာကြခြင်းနှင့် တရုတ် အထည်ချုပ်လုပ်ငန်းရှင်များကလည်း ပြည်တွင်း၌ လုပ်ခမြင့်မားလာသည့်အတွက် လုပ်ခသက်သာသည့် မြန်မာနိုင်ငံကဲ့သို့ ဒေသတွင်းနိုင်ငံအချို့ကို ပြောင်းလဲပြီး ရင်းနှီးမြှုပ်နှံမှုများ လုပ်လာခြင်းကြောင့် ဖြစ်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

"နိုင်ငံသစ်တွေတော့ မလာပါဘူး။ အရင်နိုင်ငံတွေပဲ ရင်းနှီးမြှုပ်နှံမှုလုပ်တာပါ။ တရုတ်နိုင်ငံက များလာတယ်"ဟု အထက်ပါလုပ်ငန်းရှင်ကပြောသည်။

ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ တိုးတက်လာမှုရှိသကဲ့သို့ ချုပ်ထည်ရရှိမှုလည်း တိုးတက်လာကြောင်း၊ ယင်းကြောင့် အလုပ်သမားများ ယခင်နှစ်ကထက် အချိန်ပိုဆင်း၍ အလုပ်လုပ်နေရကြောင်းလည်း သိရှိရသည်။

"ဒီနှစ်လယ်လောက်ကစပြီး အချိန်ပိုတွေ ပြန်ဆင်းလာရတယ်။ ချုပ်ထည်တွေရတာလည်း တိုးလာတယ်။ လခတွေကလည်း တစ်လကို ခြောက်သောင်း၊ ခုနစ်သောင်းကျပ်လောက်ထိ ရလာတယ်"ဟု ရွှေပြည်သာစက်မှုဇုန်မှ အထည်ချုပ်ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

အထည်ချုပ်ဝန်ထမ်းများသည် ၂၀၀၈ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလ၌ တစ်လလျှင် ကျပ်သုံးသောင်းမှ သုံးသောင်းခွဲသာရခဲ့ကြသည်။ ယခုနှစ်ဆန်းပိုင်းမှစ၍ ကျပ်ငါးသောင်းဝန်းကျင်ရရှိပြီး လက်ရှိအချိန်တွင် ကျပ်ခုနစ်သောင်းဝန်းကျင်ထိ တိုးမြှင့်ရရှိလာကြောင်းလည်း သိရှိရသည်။

ချုပ်ပြီးထည်တင်ပို့မှုမှ ချုပ်ခဝင်ငွေရရှိမှုကလည်း ၂၀၀၉-၁၀ ဘဏ္ဍာနှစ် ဒီဇင်ဘာ၃ရက်အထိ စီးပွားကူးသန်း၏စာရင်းဇယားများအရ အမေရိကန်ဒေါ်လာ ၁၈၇ သန်းကျော်ရှိရာမှ ယခုနှစ် ၂၀၁၀-၁၁ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၃ရက်အထိ ဝင်ငွေမှာ ကန်ဒေါ်လာ ၂၄၃သန်းကျော်ရှိကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံ၌ အထည်ချုပ်စက်ရုံအရေအတွက်မှာ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ စာရင်းဇယားများအရ အသင်းဝင်စက်ရုံ ၁၉၅ ရုံရှိကြောင်း၊ ရန်ကုန်တိုင်းတွင် စာရင်းအပြင်ကျန်စက်ရုံများအပါအဝင် စက်ရုံပေါင်း ၂၀၀ ကျော်ရှိပြီး တစ်နိုင်ငံလုံးတွင် စက်ရုံပေါင်း ၅၀၀ နီးပါးရှိကြောင်း စုံစမ်းသိရှိရသည်။

7 DAY NEWS JOURNAL
ၛ ရက် သတင်းဂျာနယ်
Vol.9, No.39 • DECEMBER 23, 2010

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# စက်သုံးဆီပြန်ရောင်းရန် ယာဉ်တန်းစီမှုများကြောင့် အိမ်စီးထုတ်မည့်သူများအခက်တွေ့

**စိုင်းသာအောင်၊ နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၄**



ဓာတ်ပုံ – စိုင်းသာအောင်

ပြည်တွင်းစက်သုံးဆီဈေးကွက်အခြေအနေကြောင့်ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီဝယ်ယူရန်အတွက် အိမ်စီး မော်တော်ယာဉ်ပိုင်ရှင်အချို့နှင့် ဆိုင်ကယ်အချို့ ယာဉ်မောင်းငှားရမ်းကာ ဆီထုတ်ရောင်းမှုဈေးကွက် ပိုမိုကျယ်ပြန့်လာကြောင်း သိရှိရသည်။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင်ဓာတ်ဆီလှည့်လည်ဝယ်ယူရန် ယာဉ်မောင်းများကို လစာဖြင့်ပင် ငှားရမ်းတန်းစီလာကြကြောင်း သိရသည်။

“မနက် ၈ နာရီကနေညနေ ၄ နာရီခွဲလောက်ထိ မောင်းရတယ်။ တစ်နေ့ကို ဓာတ်ဆီဂါလန် ၂၀ လောက်ရအောင်ယူတယ်။ ဆိုင်လေးဆိုင်လောက် လှည့်ဝယ်ရတယ်။ လစာရှစ်သောင်းရတယ်” ဟု ရန်ကုန်မြို့ အလုံမြို့နယ်တွင် နေထိုင်သောကိုသူရကပြောသည်။

လက်ရှိအချိန်တွင်ပုဂ္ဂလိကစက်သုံးဆီများ၏ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင်ကျပ် ၂,၅၀၀ရှိပြီး ပြင်ပ၌ ကျပ် ၃,၂၀၀ ပေါက်ဈေးရှိသောကြောင့်ကျပ် ၇၀၀ဈေးနှုန်းကွာဟလျက်ရှိသည်။ ဒီဇယ်ဈေးနှုန်းမှာ ပုဂ္ဂလိကဆိုင်တွင် တစ်ဂါလန် ကျပ် ၃,၂၀၀ရှိပြီး ပြင်ပ၌ ကျပ် ၂,၅၀၀ ဈေးရှိကြောင်းသိရသည်။

မန္တလေးမြို့တွင်လည်း ပုဂ္ဂလိက ဓာတ်ဆီအရောင်းဆိုင်များတွင် ဓာတ်ဆီကားများ၊ ဆိုင်ကယ်များ နံနက် ၄နာရီမှ စတင်တန်းစီလျက်ရှိပြီး ဓာတ်ဆီမှောင်ခိုဈေးကွက်မှာ တစ်ရက်ထက်တစ်ရက် ပိုမိုကြီးမားလာလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ရှိ ပုဂ္ဂလိကသို့ လွှဲပေးသော ဓာတ်ဆီဆိုင်များအား နိုင်ငံတော်မှဓာတ်ဆီတစ်ဂါလန် ၂၄၀၀ ကျပ်ဖြင့်ရောင်းပေးပြီး၊ ပုဂ္ဂလိကဓာတ်ဆီဆိုင်များမှ ယခင်အစိုးရဈေးနှုန်းအတိုင်း ဓာတ်ဆီ ၁ ဂါလန် ၂၅၀၀ကျပ်ဈေးနှုန်းဖြင့် ကား၊ ဆိုင်ကယ်များသို့ ရောင်းချပေးခဲ့ကြောင်း မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်ကြီးများ အသင်းမှအမှုဆောင်တစ်ဦးက 7 Day News သို့ပြောသည်။

မန္တလေးမြို့ ဧရိယာတွင် ဆိုင်ကယ်အစီးပေါင်း ၅၀,၀၀၀ ခန့်ရှိပြီး ဓာတ်ဆီဆိုင်များတွင် ဆိုင်ကယ်အစီး ၄၅၀၀ ခန့်က တစ်ဆိုင်ပြီး တစ်ဆိုင် တန်းစီပြီး ဓာတ်ဆီထုတ်ရောင်းစားခြင်းဖြစ်ကြောင်း၊ အချို့ဆိုင်ကယ်များမှာ နံပါတ်မရှိ၊စက်မရှိ၊ နှိုးမရသော စီးမရသော ဆိုင်ကယ်များကိုပင် လာ၍တန်းစီစေပြီး ဓာတ်ဆီထုတ်ယူရောင်းချမှုရှိနေသည်ကို ကိုယ်တွေ့မြင်ခဲ့ရကြောင်း မန္တလေးမှ စာနယ်ဇင်းဆရာတစ်ဦးက ဆိုသည်။

ဒီဇယ်ဈေးမှာ ပြင်ပဈေးနှင့် ကွာဟမှု မရှိပါက ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ထုတ်ယူသူမရှိသလောက်ဖြစ်နေသည်။

မန္တလေးမြို့ ပုဂ္ဂလိကစက်သုံးဆီ (ဓာတ်ဆီ) အတွင်းဆိုင်များမှ ရောင်းချခွင့်ရသော ကုမ္ပဏီဝန်ထမ်းများ၏ရိုးသားမှု ရှိမရှိကို လေ့လာဆန်းစစ်ဖို့ရန် လိုပြီဖြစ်ကြောင်း၊ အိမ်ကားစီးသူများ ဓာတ်ဆီတန်းစီမထုတ်ကြတော့ဘဲ ပြန်ရောင်းမည့်ကားများကသာ တန်းစီဓာတ်ဆီထုတ်ယူလျက်ရှိကြောင်း မန္တလေးတက္ကသိုလ် အငြိမ်းစား ပါမောက္ခတစ်ဦးက ပြောသည်။

**၂၀၁၀နှစ်ချုပ်အထူးထုတ်အချပ်ပို**

ရှေ့တစ်ပတ်ထွက်ရှိမည့် 7Day News Journalတွင် ၂၀၁၀ပြည့်နှစ်အတွင်း ပြည်တွင်း၊ပြည်ပ၌ဖြစ်ပေါ်ခဲ့သည့် ထူးခြားဖြစ်စဉ် သတင်းနှင့်၊ သတင်းမှတ်တမ်းဓာတ်ပုံများကို ၂၀၁၀အနှစ်ချုပ်အထူးအချပ်ပိုအဖြစ်ထုတ်ဝေမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။



7 DAY NEWS JOURNAL
Vol.9, No.39 · DECEMBER 23, 2010

Crime Corner

## ဓာတ်ဆီပုံးပေါ် ဆေးလိပ်တိုပစ်ရာမှ မီးလောင်ကျွမ်း



ဓာတ်ပုံ - သန်းဌေး

အိဖြူလွင်၊ သန်းဌေး

ရန်ကုန်၊ ဒီဇင်ဘာ - ၁၈

ကြည့်မြင်တိုင်မြို့နယ် မန်းကျည်းတန်း အနောက်ရပ်ကွက်၊ နတ်စင်လမ်း(အောက်)၊ ဗဟိုစံပြငါးဈေးကြီးကပ်လျက်ဘေးတစ်အိမ်ကျော်တွင် ယနေ့နံနက် ၁ နာရီ ၄၅မိနစ်က မီးစတင်လောင်ကျွမ်းကြောင်း စုံစမ်းသိရှိရသည်။

"ဒီဇင်ဘာ ၁၈ရက် မနက်ပိုင်း ဘောပွဲကြည့်နေတဲ့ လူတစ်ယောက်ကသောက်ပြီးသား ဆေးလိပ်တိုပစ်လိုက်တာ ဓာတ်ဆီပုံးပေါ်ကျပြီး မီးထလောင်တာ"ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

မီးစတင်လောင်ကျွမ်းသော အိမ်မှာ ညလုံးပေါက်ဖွင့်ထားသောလက်ဖက်ရည်ဆိုင်ဖြစ်သည်။ ပေ ၂၀ × ပေ ၄၀ အကျယ်အဝန်းရှိ သွပ်မိုး၊ အုပ်ညှပ်ပျဉ်ခင်း ၂ထပ်အိမ်ဖြစ်ပြီး အိမ်ရှေ့တွင် ဆိုင်ဖွင့်ထားခြင်းဖြစ်သည်။

ယခုမီးလောင်မှုကို မီးသတ်ယာဉ် ၃၁စီး၊ အုပ်ချုပ်မှုယာဉ် ၇စီးဖြင့် မီးငြိမ်းသတ်ခြင်းကြောင့် နံနက် ၂နာရီ၃၃တွင် မီးငြိမ်းခဲ့သည်။ အိမ်အမှတ် ၆၊ ၁၀၊ ၁၂တို့အပါအဝင် အိမ် ၄လုံး မီးလောင်ခံရပြီး အိမ်ထောင်စု ၆စု၊ ကျား ၁၈ဦး၊ မ ၁၅ဦးစုစုပေါင်း ၃၃ဦးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၅သိန်းခန့်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရှိရသည်။

ထို့ကြောင့် မီးစတင်လောင်ကျွမ်းသော အိမ်ရှင်ဦးကျော်ခိုင်မြင့်အား ကြည့်မြင်တိုင်ရဲစခန်းမှ ပ၁၄၂၆/ ၁၀ ပုဒ်မ ၂၈၅ဖြင့် အရေးယူထားကြောင်း သိရှိရသည်။

## အစားတစ်လုတ်အတွက် ဘဝတူချင်း ဓားနှင့်ခုတ်

နနဓွေ

ကျောက်ဖြူ၊ ဒီဇင်ဘာ - ၁၃

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ လေပွေ့ဆိပ်ကမ်း၌ ရပ်နားထားသည့် ကမ်းဝေးငါးဖမ်းလှေတွင် ငါးဟင်းယူစားရာမှ လှေသားချင်း ရန်ဖြစ်ကာဓားခုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဖြူမြို့ လေပွေ့ဆိပ်ကမ်းတွင်ရပ်နားထားသည့် စိုးမြင့်အောင်ငါးဖမ်းသင်္ဘောပေါ်၌ တစ်ဦးချင်းခွဲတမ်းနှင့် စားရသည့် ငါးဟင်းကိုယူစားရာမှ ပဲ့ကိုင်အေးထွန်း (ခ) မင်းအောင်(၂၃နှစ်) သင်္ကေကျွန်းရွာ ဇလွန်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးတွင်နေသူက ဇော်ထွန်း (၂၃နှစ်)၊ ကုက္ကိုတော်ကျေးရွာ ဝါးခယ်မမြို့နယ်နေသူအား ဓားနှင့်ခုတ်သဖြင့် ဇော်ထွန်းလွင် လည်ပင်းပြတ်ရှ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်အား ကျောက်ဖြူရဲစခန်းမှ (ပ)၂၈၂/ ၂၀၁၀ ပြစ်မှုပုဒ်-၃၂၆ အရအမှုဖွင့်အရေးယူကာ ဓားနှင့်ခုတ်သူ အေးထွန်းအား ဖမ်းဆီးထားကြောင်းသိရသည်။

# လှိုင်ဇာနယ်စပ် ကုန်သွယ်ရေးစခန်း ပြန်ဖွင့်

ပြည်သိမ်း

ရန်ကုန်၊ ဒီဇင်ဘာ - ၁၆

**မြန်မာ - တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည့် လှိုင်ဇာစခန်းကို တစ်လနီးပါး ရပ်နားထားရာမှ ဒီဇင်ဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း မူဆယ်မြို့ရှိလုပ်ငန်းရှင်တစ်ဦးကို ယနေ့ဆက်သွယ်မေးမြန်းချက်အ ရ သိရသည်။**

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးဂိတ် လေးခုအနက် လှိုင်ဇာကုန်သွယ်ရေးစခန်းကို နိုဝင်ဘာလယ်က ခေတ္တရပ်နားထားခဲ့သည်။ ယင်းကုန်သွယ်ရေးစခန်းသည် ကချင်ပြည်နယ်၌ ရှိပြီး တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော စခန်းတစ်ခုဖြစ်ကြောင်း အဆိုပါ လုပ်ငန်းရှင်က ပြောကြားသည်။

"နယ်စပ်ဂိတ်ကို ဒီနေ့မနက်မှ ပြန်ဖွင့်တယ်။ မြန်မာဘက်ကတော့ ကုန်စည်တွေ မသွားသေးဘူး။ တရုတ်နိုင်ငံဘက်ကပဲ နည်း နည်းလာသေးတယ်" ဟု မူဆယ်မှ ပို့ကုန်လုပ်ငန်းရှင်က ရှင်းပြသည်။

ထို့အပြင် ကချင်ပြည်နယ်၌ တည်ဆောက်နေသော ရေအားလျှပ်စစ်လုပ်ငန်းအတွက် လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများကို တင်သွင်းနိုင်ရန် ပန်ဝါနယ်စပ်ကုန်သွယ်ရေးဂိတ်သစ်ကိုလည်း နိုဝင်ဘာလဆန်းပိုင်းက ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် အဆိုပါနယ်စပ်ဂိတ်သည် အစိုးရစီမံကိန်းများအတွက် လိုအပ်သည့် ပစ္စည်းများကိုသာ တင်သွင်းနေကြောင်း စုံစမ်းသိရသည်။

လက်ရှိ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးတွင် မူဆယ် ၁၀၅ မိုင်၊ လှိုင်ဇာ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး စသည့် နယ်စပ်ကုန်သွယ်ရေးစခန်းလေးခုကို ဖွင့်လှစ်ထားကြောင်းနှင့် ယင်းတို့ထဲမှ မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းသည် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် အရေးကြီးဆုံးစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် တရုတ်နိုင်ငံသည် နယ်စပ်ကုန်သွယ်မှုပမာဏ အများဆုံးဖြစ်သည်။ယခုနှစ် ဧပြီလမှ နိုဝင်ဘာလထိ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးတွင် ကုန်သွယ်မှု ပမာဏမှာ ကန်ဒေါ်လာ (၁ဘီလီယံကျော်) ၁၀၅၄ သန်းကျော်ရှိသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်-မြန်မာကုန်သွယ်ရေးသည် ၈၃ရာခိုင်နှုန်းကျော် ဈေးကွက်ဝေစုရရှိထားသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၅၆၇ သန်းကျော်ရှိပြီး သွင်းကုန်ပမာဏမှာ ကန်ဒေါ်လာ ၄၈၆ သန်းကျော်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

# ရေကြောင်းတက္ကသိုလ် အနိမ့်ဆုံးဝင်ခွင့်အမှတ်များ နှစ်စဉ်မြင့်တက်လာ

အိဖြူလွင်

ရန်ကုန်၊ ဒီဇင်ဘာ - ၁၆



ဓာတ်ပုံ - ဝေယံ

**ရေကြောင်းတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ။**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၀-၁၁ ပညာသင်နှစ်အတွက် အနိမ့်ဆုံးဝင်ခွင့်အမှတ်ကို ၄၉၀ မှတ်နှင့် ၄၉၂ မှတ်ဟု သတ်မှတ်ခွင့်ပြုခဲ့ကြောင်း ရေကြောင်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ် ဦးချာလီသန်းက ပြောကြားသည်။

နိုင်ငံတစ်ဝန်းလုံးတွင် အဆိုပါ အမှတ်များရရှိသော်လည်း ရေကြောင်းပညာတက္ကသိုလ်ဝင်ခွင့်မရရှိသူကျောင်းသား၊ ကျောင်းသူများရှိပါက ပါမောက္ခချုပ်ထံတိုင်ကြားနိုင်သည်ဟုလည်း အထက်ပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ရေကြောင်းပညာတက္ကသိုလ်သို့ ဝင်ခွင့်ရွေးချယ်ရာတွင် အဓိကအကျဆုံးစံသတ်မှတ်ချက်မှာ တက္ကသိုလ်ဝင်တန်း ရမှတ်ဖြစ်ပြီး ရမှတ်များပေါ်မူတည်၍ တက္ကသိုလ်မှ လက်ခံနိုင်သော အရေအတွက်ကို ရွေးချယ်ခြင်းဖြစ်သည်ဟု သိရသည်။

ရမှတ်များကို အခြေခံ၍ ရွေးချယ်ပြီးမှ ကျန်းမာရေးသတ်မှတ်ချက်နှင့် ဘာသာရပ်အလိုက် တက်ရောက်နိုင်သော ရမှတ်များကို ရွေးချယ်ခြင်းဖြစ်သည်ဟု သိရသည်။

ယခု စာသင်နှစ်အတွက် အမြင့်ဆုံးသင်ခွင့်ရမှတ်မှာ ၅၄၄ မှတ်ဖြစ်ခဲ့ပြီး တက္ကသိုလ်စတင် တည်ထောင်ချိန်နှစ်၍ နှစ်စဉ်ရမှတ်များမြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ရေကြောင်းပညာတက္ကသိုလ်တွင် ဘာသာရပ် ၆ခုသင်ကြားပေးနေပြီး မိန်းကလေးကျောင်းသူများ သင်ကြားနိုင်သော ဘာသာရပ်များအတွက် ကျောင်းသူများကိုပါ လက်ခံသင်ကြားပေးနေလျက်ရှိသည်။ ကျောင်းသူများ၏ လေ့လာသင်ယူနိုင်မှုစွမ်းရည်ကို စောင့်ကြည့်နေဆဲဖြစ်သည်ဟု ပါမောက္ခချုပ်က ပြောကြားသည်။

# ဂီရိမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်နေ့ပွဲတော် မကျင်းပဖြစ်ဟုဆို

မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ - ၁၈

ဒီဇင်ဘာ ၁၅ ရက်သည် ရခိုင်ပြည်နယ်နေ့ဖြစ်ပြီး ရခိုင်ပြည်နယ်နေ့ပွဲတော်ကို ကျောက်ဖြူမြို့တွင် နှစ်စဉ်စည်ကားစွာ ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် ဂီရိဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ပြည်နယ်နေ့ပွဲတော်ပြုလုပ်နိုင်ခဲ့ခြင်း မရှိကြောင်း ဒေသခံ ရခိုင်လူမျိုးများထံမှ သတင်းရရှိသည်။

ရခိုင်ပြည်နယ်နေ့ပွဲတော်ကျင်းပရန် ထားရှိသည့် ရန်ပုံငွေများကို ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသခံများအတွက် စား နပ်ရိက္ခာများ လှူဒါန်းခဲ့ခြင်းကြောင့် ယခုနှစ်တွင် ပြည်နယ်နေ့ပွဲအခမ်းအနားကို ကျင်းပရန် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ကျောက်ဖြူမြို့မှ ဒေသခံတစ်ဦးက ရှင်းပြသည်။

"မုန်တိုင်းဝင်ပြီး တစ်ပတ်လောက်အတွင်းမှာ လူမှုရေးအဖွဲ့အစည်းတွေရဲ့ အကူအညီမရောက်သေးတော့ ရှိတဲ့ရန်ပုံငွေနဲ့ပဲ အနီးအနား ကျေးရွာတွေက ဒုက္ခသည်တွေကို ဆန်အိတ်တွေဝယ်ပြီး လှူလိုက်ကြတယ်။ ပြည်နယ်နေ့ပွဲမှာ ဦးဆောင်ပြီးလုပ်ကြတဲ့ လူငယ်တွေကလည်း မုန်တိုင်းမှာ ဝိုင်းကူနေကြတော့ဒီနှစ်မလုပ်နိုင်တော့ဘူး"ဟု ကျောက်ဖြူမြို့မှ ဒေသခံရခိုင်အမျိုးသား ဦးအောင်စိန်လှကပြောသည်။

နှစ်စဉ်ကျင်းပလေ့ရှိသည့် ရခိုင်ပြည်နယ်နေ့ပွဲတော်တွင် ရခိုင်ရိုးရာရထားဆွဲပွဲ၊ ကျင်ပွဲ၊ လှေပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာပြုလုပ်လေ့ရှိပြီး ရန်ပုံငွေ ကျပ်၁၀သိန်းမှ ကျပ်သိန်း ၂၀ ဝန်းကျင်အထိ အကုန်ကျခံကျင်းပကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"နှစ်တိုင်းဆိုရင် ကျောက်တိုင်နားက နာရီစင်ကွင်းမှာ လုပ်တယ်။ ရထားဆွဲပွဲတွေ၊ ကျင်ပွဲတွေ၊ အထုပ်ရိုက်ပြိုင်ပွဲတွေပါတယ်။ ဒီနှစ်တော့ ဂီရိကြောင့်လည်းပါတယ်။ ပြည်နယ်နေ့ပွဲမလုပ်ဖြစ်ဘူး"ဟု ဒေသခံတစ်ဦးဖြစ်သည့် ကိုသာအေးက ပြောသည်။


TRI
LIVES BRILLIANTLY


g
Giorenzo®
COLLECTION
Men's & Ladies' Wears
WINTER FASHION
THE QUALITY OF DREAM

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.39 · DECEMBER 23, 2010



# ဂီရိကြောင့် ပျက်စီးဆုံးရှုံးမှုများ အာမခံမထားရှိ၍ လျော်ကြေးမရ

**မြတ်စုမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၆**

ရခိုင်ပြည်နယ်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့သော်လည်း မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားမှုမရှိခြင်းကြောင့် အာမခံလျော်ကြေး မပေးခဲ့ရကြောင်း ရခိုင်ပြည်နယ် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးထံမှ သတင်းရရှိသည်။

ရခိုင်ပြည်နယ်ရှိ ဒေသခံအများစုမှာ အာမခံထားရှိမှု အလွန်နည်းပါးသဖြင့် လျော်ကြေးမပေးရခြင်းဖြစ်ပြီး အာမခံထားသည့်အချို့မှာလည်း ပျက်စီးထိခိုက်မှုမရှိခြင်းကြောင့် လျော်ကြေးမပေးခဲ့ရခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ဒေသခံတွေက အာမခံထားသင့်တယ်ဆိုတာ သိကြတယ်။ ဒါပေမဲ့ ဒေသက ကျပ်တည်းကြတော့ ရှိတဲ့ဝမ်းစာထဲက ဖောက်ပြီး အာမခံမထားနိုင်ကြဘူး။ ကျောက်ဖြူမှာ အာမခံထားတာ နည်းနည်းရှိတယ်။ ဒါကလည်း ဘဏ်ချေးငွေယူတော့ အာမခံမဖြစ်မနေထားရတဲ့အတွက် ထားတာ" ဟု ရခိုင်ပြည်နယ် မြန်မာ့အာမခံလုပ်ငန်းမှ ဒုဦးစီးမှူးက 7 Day News သို့ ရှင်းပြသည်။

ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်၊ မောင်တောနှင့် မြောက်ဦးမြို့များတွင် အာမခံထားမှုရှိကြပြီး၊ တစ်ပြည်နယ်လုံးအနေဖြင့် ခြုံ ကြည့်လျှင် အာမခံထားရှိမှု နည်းပါးသည်ဟု ဆိုနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

"ဂီရိကြောင့် ပျက်စီးမှုတွေကြောင့် အာမခံလျော်ကြေးပေးရတာမျိုး မရှိခဲ့ပါဘူး။ အာမခံလုပ်ငန်းနဲ့ ဆိုင်တဲ့ပညာပေးမှုတွေ လုပ်ပေးမယ့် လူတွေက ငွေပိုငွေလျှံမရှိလို့ မထားကြဘူး။ ဌာနအတွက် အာမခံဝင်ငွေနည်းတာပေါ့" ဟု အထက်ပါ ဒုဦးစီးမှူးက ပြောသည်။

ရခိုင်ပြည်နယ်တွင် အောက်တိုဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သည့် ဂီရိဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် မြေပုံ၊ ပေါက်တော၊ မင်းပြား၊ အမ်းနှင့် စစ်တွေမြို့များတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ၁၈ ဒသမ ၉ ဘီလီယံရှိခဲ့ပြီး၊ လူသေဆုံး၊ ပျောက်ဆုံးမှုစာရင်းမှာ အောက်တိုဘာ ၃၀ တွင်ရရှိထားသော စာရင်းအရ သေဆုံးသူ ၃၅ ဦး၊ ပျောက်ဆုံးသူ ၁၀ ဦးနှင့် ၇၁၈၈၀ ဦးမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ စစ်တွေမြို့ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်က နိုဝင်ဘာလ ပထမပတ်အတွင်းက ပြောကြားခဲ့သည်။

# တရုတ်လုပ်ငန်းရှင်အချို့က ကချင်ပြည်နယ်တွင် တစ်ရှူးငှက်ပျောများ စိုက်ပျိုးရန်စီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၆**

တရုတ်နိုင်ငံမှ လုပ်ငန်းရှင်အချို့သည် တရုတ်-မြန်မာနယ်စပ် ကချင်ပြည်နယ် လွိုင်ဇာတွင် မြန်မာနိုင်ငံမှ မြေငှားပြီး တစ်ရှူးငှက်ပျောများကို စိုက်ပျိုးရန်စီစဉ်နေကြောင်း တရုတ်-မြန်မာနယ်စပ်၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်နေသည့်လုပ်ငန်းရှင်တစ်ဦးထံ မှသိရသည်။

ယင်းသို့ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရခြင်းသည် အဆိုပါငှက်ပျောကို တရုတ်ဘက်မှ ဝယ်လိုအားကောင်းခြင်း၊ ကချင်ပြည်နယ် လွိုင်ဇာ၌ မြေလွတ်မြေရိုင်းများ ပေါများခြင်းကြောင့် ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်ကရှင်းပြသည်။

"မြန်မာဘက်က မြေနဲ့လုပ်အားစိုက်ရတယ်။ တရုတ်လုပ်ငန်းရှင်က နည်းပညာနဲ့ ငွေကြေး အရင်းအနှီးစိုက်ပေးတယ်။ မြန်မာဘက်က ကုမ္ပဏီနဲ့ တရုတ်လုပ်ငန်းရှင်တွေပေါင်းပြီး လုပ်ကြတာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ထပ်မံရှင်းပြသည်။

တရုတ်ဈေးကွက်၌ ယင်းငှက်ပျောမျိုးသည် ဈေးကောင်းရပြီး တစ်ဧကစိုက်ပျိုးပါက တစ်နှစ်လျှင် ကျပ်ဆယ်သိန်းဝန်းကျင် ဝင်ငွေရကြောင်း၊ လက်ရှိတွင် ယင်းငှက်ပျောမျိုးကို စိုက်ဧကခုနစ်ထောင်ကျော် စိုက်ပျိုးထားပြီး၊ ယခုထပ်မံ၍ ဧကတစ်သောင်းကျော်စိုက်ပျိုးရန် စီစဉ်နေကြခြင်းဖြစ်သည်ဟုသိရသည်။

# ၁၀ နှစ်အတွင်း ရာသီဥတုပြောင်းလဲမှုမှတ်တမ်း အများပြည်သူသို့ ထုတ်ပြန်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၆**

မြန်မာနိုင်ငံ၏ ၁၀နှစ်တာကြုံတွေ့ရသော ရာသီဥတုပြောင်းလဲခြင်းကို အသေးစိတ်မှတ်တမ်းတင်ထားသည့် INC (Initial National Communication) မှတ်တမ်းကို ဒီဇင်ဘာလလယ်ပိုင်းတွင် နောက်ဆုံးအကြိမ် ပြန်လည်သုံးသပ်ပြီး အများပြည်သူသိရှိအောင် ထုတ်ပြန်မည်ဖြစ်ကြောင်း အမျိုးသားပတ်ဝန်းကျင်ကော်မရှင် (NCEA)မှစုံစမ်းသိရှိရသည်။

အဆိုပါ INC မှတ်တမ်းကို ယခုနှစ် နှစ်စပိုင်းတွင် စတင်ရေးဆွဲခဲ့ပြီး မှတ်တမ်းတွင်မြန်မာနိုင်ငံ၏ဆယ်နှစ်တာကာလအတွင်း ကြုံတွေ့ရသော ရာသီဥတုပြောင်းလဲခြင်းများ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ နေထိုင်ရန် စသည့်အချက်များ ပါဝင်မည်ဖြစ်သည်။ ယင်း INC Report၏ နောက်ဆုံး ပြန်လည်သုံးသပ်ခြင်းကို ဒီဇင်ဘာ ၂၇၊ ၂၈ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် UNFCCC (United Nation Forwork Convention Climate Change)သို့တင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၂ ခု နှစ်တွင် UNFCCC ၏အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး INC မှတ်တမ်းသည် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးတင်ခြင်းဖြစ်သည်။ ယင်း Report ကိုအများပြည်သူသိရှိရန် ထုတ်ပြန်မည်ဖြစ်သည်။ ထို့အပြင်ရာသီဥတုပြောင်းလဲခြင်း အသိပညာနှင့် ပတ်သက်၍ NCEA ၏ Education Public Traing Awreness အဖွဲ့က အသိပညာပေးဖြစ်သည်။

# ရာဘာဈေးနှုန်း ပြည်တွင်းပြည်ပဈေးကွက်တွင် မြင့်တက်

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၈**

ကမ္ဘာ့ဈေးကွက်တွင် ရာဘာဈေး တစ်ဟုန်ထိုးဖြင့် တက်လာသည့်အတွက် ပြည်တွင်းရာဘာဈေးနှုန်းများမှာလည်း ဒီဇင်ဘာလဆန်းပိုင်းမှစတင်၍ မြင့်တက်လာကြောင်း မြန်မာနိုင်ငံရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အတွင်းရေးမှူး ဦးခိုင်မြင့်က ပြောကြားသည်။

ယင်းသို့ ကမ္ဘာ့ဈေးကွက်၌ ရာဘာဈေးနှုန်းများ မြင့်တက်ရခြင်းသည် ရေနံဈေးမြင့်မားလာခြင်း၊ ရာဘာလိုအပ်ချက်များမြင့် တက်လာခြင်း၊ ကမ္ဘာ့ရာဘာအများဆုံးစိုက်ပျိုး ထုတ်လုပ်သည့် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင် ရာသီဥတုကြောင့် ရာဘာအထွက် ကျဆင်းလာခြင်းတို့ကြောင့်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

"လက်ရှိဈေးနှုန်းက ခြံရှင်ရော၊ ကုန်သည်တွေပါ အဆင်ပြေတဲ့ ဈေးနှုန်းပဲ။ နယ်စပ်ရော၊ ပင်လယ်ရေကြောင်းကရော နှစ်ခုစလုံးက တင်ပို့နေရပါတယ်။ ငွေဈေးသာ အခုထက်ပိုကောင်းလာရင် ခြံရှင်တွေအတွက် ပိုအဆင်ပြေတယ်"ဟုပြည်ပသို့ ရာဘာတင်ပို့သူတစ်ဦးက သုံးသပ်သည်။

လက်ရှိကမ္ဘာ့ဈေးကွက်တွင် ရာဘာသည် တစ်တန်လျှင် ကန်ဒေါ်လာ ၄၅၀၀ကျော်ရှိသည်။ ယင်းဈေးသည် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ နီးပါး ဈေးတက်လာသည်။

ယင်းကဲ့သို့ ကမ္ဘာ့ရာဘာဈေး မြင့်တက်မှုကြောင့် မြန်မာ့ရာဘာမှာလည်း တစ်တန်လျှင် RSS.5 မှာ ကန်ဒေါ်လာ ၄၀၀၀ နီးပါးဈေးရှိပြီး RSS.1 မှာတစ်တန်လျှင် ကန်ဒေါ်လာ ၄၂၀၀ ဝန်းကျင်ဈေးရှိသည်။

စာ(၁၂)သို့

# စွန့်ပစ်ရေများကြောင့် မိုးကုတ်မြို့တွင် ရေနုတ်မြောင်းများ တိမ်ကောလာ

**သိမ့်သိမ့်စိုး**

**မိုးကုတ်၊ ဒီဇင်ဘာ - ၇**

မိုးကုတ်မြို့တွင်းမှ ဖြတ်သွားသော ရေနုတ်မြောင်းများမှာ ကျောက်တူးဖော်ရေးစွန့်ပစ်ပစ္စည်းပါ ရေများကြောင့် ယခင်ကထက် တဖြည်းဖြည်း တိမ်ကောလာကြောင်း ဒေသခံများက ပြောသည်။

ယခုကဲ့သို့ ရေနုတ်မြောင်းများအတွင်းရှိ မြေသားများမြင့်တက်လာရခြင်းမှာ ကျောက်တူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ခနွဲဆေးပြီးသော ရေများကို ရေထိုးမြောင်းများအတွင်းသို့ တိုက်ရိုက်ချခြင်းများရှိနေခြင်းကြောင့်ဖြစ်သည်ဟု အဆိုပါဒေသခံများကပြောသည်။

ပုံမှန်အားဖြင့် ကျောက်တူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ၎င်းတို့ ဖြန်းဆေး(ခနွဲဆေး)ပြီးသော ရေများကိုရေနုတ်မြောင်းများအတွင်းသို့ တိုက်ရိုက်ချခြင်းမပြုရဘဲ ပုံစံခွက်ထဲတွင် အနည်ထိုင်စေပြီးမှသာ ရေမြောင်းများအတွင်းသို့ စွန့်ပစ်ရကြောင်း ကျောက်တူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။



**မိုးကုတ်မြို့မြင်ကွင်းနေရာအား တွေ့ရစဉ်။**

ဓာတ်ပုံ - သိမ့်သိမ့်စိုး

ယခုကဲ့သို့ ရေမြောင်းအတွင်းရှိ မြေသားများမြင့်လာခြင်းကြောင့် ဒေသခံများ မိုးရွာလျှင် ရေလျှံ၍ လူများသေကျေမှုများနှင့် ကြုံတွေ့စေရသည့် အချက်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

သို့သော် ရေမြောင်းများအတွင်းသို့ ရေအကြည်သာလွှတ်ရန်နှင့် မြေသားများမဖို့ရန် လုပ်ငန်းရှင်များသို့ တောင်းဆို လုပ်ဆောင်ပေးသည့် အဖွဲ့အစည်းလည်း အတည်တကျလုပ်ဆောင်ခြင်းမရှိသည့် အချက်မှာလည်း အားနည်းချက်တစ်ချက်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

"ဒေသခံတွေက ဒါတွေကို တောင်းဆိုရမယ်။ တောင်းဆိုရင်ရတယ်လို့မမြင်ကြသေးဘူး။ ဒီလိုလုပ်ပေးမယ့် အဖွဲ့အစည်းမရှိလို့ မတောင်းဆိုရဲတဲ့သဘောပေါ့"ဟု ဒေသခံတစ်ဦးကပြောသည်။

ထိုရေမြောင်းမြေမြင့်လာခြင်းကြောင့် မိုးကုတ်မြို့တွင်မိုးများသည့်နှစ်များ၌ ရေကြီးခြင်း၊ ရေလျှံခြင်းများဖြစ်ကာ လူသေဆုံးမှုများလည်းဖြစ်ပွားခဲ့ရကြောင်း ဒေသခံများကပြောသည်။

7DAY NEWS JOURNAL
Vol.9, No.39 ▪ DECEMBER 23, 2010

## ရေထွက်ကုန်ကွန်တိန်နာကိုးလုံးမှာသည့်ကုမ္ပဏီက ဆိပ်ကမ်းတွင်လာမထုတ်၍ အခက်တွေ့

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၇**

အရှေ့အလယ်ပိုင်း နိုင်ငံတစ်နိုင်ငံသို့တင်ပို့ခဲ့သော မြန်မာ့ရေထွက်ကုန်များပါသည့် ကွန်တိန်နာကိုးလုံးအား ဝယ်ယူရန်မှာသည့်ကုမ္ပဏီက ဆိပ်ကမ်းတွင် လာရောက်ထုတ်ယူခြင်း မပြုခဲ့သောကြောင့် မြန်မာလုပ်ငန်းရှင်များအခက်အခဲ ကြုံတွေ့ခဲ့ရကြောင်း ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးညိုမင်းကပြောကြားသည်။

"နိုဝင်ဘာလက ကွန်တိန်နာ ကိုးလုံးမှာ ကျွန်တော်က လေးလုံးပါတယ်။ သူတို့လက်ထဲမှာ ပစ္စည်းရှိနေလို့ လာမယူကြဘူး" ဟု ၎င်းကပြောကြားသည်။

နှစ်ဦးပိုင်း ခြောက်လအတွင်း ပို့ကုန်လုပ်ငန်းရှင်များက အမှာစာများထက် ပိုမိုရောင်းချရန် အပြိုင်အဆိုင်ကြိုးပမ်းကြသောကြောင့် ဝယ်လက်များတွင် ပစ္စည်းစုပုံရောက်ရှိနေကာ ယခုကဲ့သို့ ပြဿနာပေါ်လာရကြောင်း ၎င်းကပြောကြားသည်။

ပြည်ပသို့ အက်ဖ်အိုဘီ ရောင်းဝယ်မှုပုံစံဖြင့် မြန်မာ့ထွက်ကုန်ပစ္စည်းများအား ရပ်ထားသော သင်္ဘောလက်ရမ်းသို့ ရောက်အောင် ပို့ပေးပြီးလျှင် မိမိဘက်မှ ရောင်းချပြီး တာဝန်ကျေသည်။ Free on board (အက်ဖ်အိုဘီ)စနစ်အရ မိမိတာဝန်ကျေလျှင် ၎င်းတို့ဝယ်လက်က တီတီ (Telegraph Transfer)ဖြင့် ငွေလွှဲရသည်။ သို့ရာတွင် သင်္ဘောတင်ထားသော ဘီလ်အယ်လ်(Bill of loading)နှင့် ၎င်းတို့ဘက်မှ ကုန်လက်ခံပြီးကြောင်း အသိအမှတ်ပြု လွှဲစာပြမှသာ တီတီငွေကို ထုတ်ယူခွင့်ရှိသည်။ ထို အဆင့်များတွင် ၎င်းတို့ဆိပ်ကမ်းမှ ကုန်လက်ခံရရှိကြောင်း အကြောင်းကြားလွှာမပို့၍ ထုတ်ယူမရသော တီတီမျိုး မြန်မာလုပ်ငန်းရှင်များ ကြုံကြရသည်။ ထိုအခါ ပစ္စည်းလက်ခံရန်နှင့် လက်ခံရရှိကြောင်း ပြေစာရရန် မြန်မာလုပ်ငန်းရှင်များက ယခုဖြစ်စဉ်တွင် ဝယ်လက်ကုမ္ပဏီသို့ သွားရောက်ညှိနှိုင်းခဲ့ရကြောင်း ပို့ရန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ငွေကြေးနည်းသူက ဈေးလျှော့မရောင်းနဲ့ ပြောလည်း တောင့်မခံနိုင်တော့ ရောင်းကြတယ်။ များသူကတော့ ထိန်းထားနိုင်တာပေ့ါ။ ပြဿနာက ကျွန်တော်တို့ထဲမှာပဲ ရှိတယ်။ တချို့ ဝယ်လက်ကုမ္ပဏီတွေက အဝယ်ရပ်တဲ့ အနေအထားဖြစ်နေပြီ" ဟု မြန်မာ့အဓိကရေထွက် ပစ္စည်းပို့ကုန်ဖြစ်သော ငါးမြစ်ချင်းငါး၏ လက်ရှိအကျပ်အတည်းကို ၎င်းက ပြောကြားသည်။

ထိုသို့ နည်းလမ်းများရှာကြံရာတွင် တစ်ရက်လျှင် ကွန်တိန်နာ အလုံးရေကန့်သတ်ပြီး ပို့မည်ဆိုပါက လုပ်ငန်းရှင်အချင်းချင်း လောဘမကြီးဘဲ အလှည့်ကျစနစ်ကျင့်သုံးသင့်ပြီး မိမိတို့ လျှော့ပို့စဉ် အခြားနိုင်ငံမှ မိမိတို့ ဈေးကွက်ကို ဝင်မလုရေးအတွက်လည်း စီမံသင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက အကြံပြုသည်။

## မြန်မာဗီဒီယိုဇာတ်ကားများ ထိုင်းနိုင်ငံတွင် ဖြန့်ချိရန် ထိုင်းလုပ်ငန်းရှင်တစ်ဦးနှင့်ညှိနှိုင်း

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၅**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာများအတွက် ရည်ရွယ်၍ မြန်မာဗီဒီယိုရုပ်ရှင်ဇာတ်ကားများကို ထိုင်းနိုင်ငံ၌ ဈေးကွက်ချဲ့ထွင်ရောင်းချရန် ထိုင်းလုပ်ငန်းရှင်တစ်ဦးက မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ လာရောက်ဆက်သွယ်ခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်တွင်းထုတ်လုပ်သူများနှင့် ဒီဇင်ဘာလ ၁၅ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကအစည်းအဝေးခေါ်ယူခဲ့ကြောင်း သတင်းရရှိသည်။

"ထိုင်းဘက်က လုပ်ငန်းရှင်တစ်ဦးက ကျွန်တော်တို့ မြန်မာဇာတ်ကားတွေကို ဝယ်ယူချင်တဲ့ အကြောင်းမနက်က အစည်းအရုံးကခေါ်ပြောတာပါ။ ရောင်းချတဲ့အခါ ဘယ်လိုအချက်တွေရှိတယ်ဆိုတာလည်းပြောပါတယ်။ RC



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများ၊ ကိုရီးယားဇာတ်လမ်းတွဲများ ပြည်တွင်းဈေးကွက်တွင် အနိုင်အမာနေရာရနေချိန်တွင် ပြည်တွင်းထုတ် ဗီဒီယိုကားများအိမ်နီးချင်းထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးစားမှုတစ်ရပ်ဖြစ်သည်။**

ကြေးသတ်မှတ်ချက်နဲ့ပတ်သက်ရင်တော့ ခုချိန်မှာ ကျွန်တော်-တို့ မပြောနိုင်သေးပါဘူး။ အများသဘောပါပဲ" ဟု စိန်ဌေးဗီဒီယိုနှင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်တွင်းရှိ ထုတ်လုပ်သူများနှင့် အစည်းအဝေးကို ဒီဇင်ဘာလ ၁၅ ရက် မွန်းလွဲတစ်နာရီခွဲက မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတွင် ပြုလုပ်ခဲ့ပြီး ထုတ်လုပ်ရေးအများစု တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါ အစီအစဉ်ကို စတင်ကမ်းလှမ်းခဲ့သည့် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်မှာ ဒီဇင်ဘာလ ၁၆ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်းလည်းသိရသည်။

ထိုင်းနိုင်ငံတွင် မြန်မာဗီဒီယိုဇာတ်ကားများ ဖြန့်ချိမည့်ပုံစံမှာ မြန်မာဗီဒီယိုဇာတ်ကားများ ရန်ကုန်၌ မဖြန့်ချိမီ တစ်ရက် အလိုတွင် ရက်ချိတ်ထွက်ရှိလာသောဇာတ်ကားများ၏မူရင်း မာစတာခွေကို ထိုင်းလုပ်ငန်းရှင်သို့ ပေးရမည်ဖြစ်ပြီး RC ကြေး ၃,၀၀၀ ကျပ် အထက်လျှင် မြန်မာငွေကျပ် ၃သိန်း၊ RC ကြေး ၃,၀၀၀ အောက်လျှင် ကျပ်နှစ်သိန်းလေးသောင်း၊ တစ်သိန်းရှစ်သောင်းစသဖြင့် RC ကြေးအလိုက် ဈေးနှုန်းသတ်မှတ်ချက်များဖြင့် ဝယ်ယူမည်ဖြစ်သည်။

ထိုင်းမြန်မာနယ်စပ်တွင် မြန်မာဗီဒီယိုဇာတ်ကားခိုးကူးခွေများ ရောင်းချနေသည်မှာ နှစ်အတန်ကြာနေပြီဖြစ်ရာ အထက်ပါအစီအစဉ် အကောင်အထည်ဖော်ဖြစ်ပါက မြန်မာရုပ်ရှင်နှင့်ဗီဒီယိုဈေးကွက်အတွက် ကောင်းသော အလှည့်အပြောင်းနှင့်ကြုံတွေ့ နိုင်မည်ဖြစ်ကြောင်း၊ ယခုအစီအစဉ်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုင်းလုပ်ငန်းရှင်တို့လည်း သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း သိရသည်။

## ရေကြောင်းတက္ကသိုလ်တွင် Marine Mechanical ဘာသာရပ်တိုးချဲ့ သင်ကြားမည်

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၇**

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၁ – ၂၀၁၂ ပညာသင်နှစ်မှစ၍ Marine Mechanical ဘာသာရပ်တစ်ခုကိုတိုးချဲ့သင်ကြားပေးတော့မည်ဖြစ်ကြောင်း ပါမောက္ခချုပ်ဦးချာလီသန်းက ပြောကြားသည်။**

ရေကြောင်း ပညာတက္ကသိုလ်၏ ဝင်ခွင့်ရမှတ် မြင့်မားသော ဘာသာရပ်တစ်ခုဖြစ်သည့် Marine Engineering ဘာသာရပ်တွင် ဆင့်၍အဆိုပါဘာသာရပ်ကို ထပ်မံတိုးချဲ့ သင်ကြားပေးခြင်းဖြစ်သည်ဟု သိရသည်။

Marine Mechanical ဘာသာရပ်သည် သင်္ဘောပေါ်တွင်အင်ဂျင်နီယာအဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် တက်ရောက်လိုသူ များပြားသော ဘာသာရပ်တစ်ခုဖြစ်ပြီး ယခုထပ်မံတိုးချဲ့သည့် ဘာသာရပ်သည်လည်း စက်မှုပညာကို စိတ်ဝင်စားပြီး သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လိုသူ ကျောင်းသားများအတွက် ရည်ရွယ်သင်ကြားပေးမည့်ဘာသာရပ်တစ်ခုဖြစ်သည်ဟု ပါမောက္ခချုပ်က ပြောကြားသည်။

အသစ်ဖွင့်လှစ်သင်ကြားမည့်ဘာသာရပ်သည် ကုန်းပေါ်ရှိ သင်္ဘောကျင်းများနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင်ပင် လုပ်ကိုင်နိုင်မည် ဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် Marine Engineering, Nautical Science, Naval Architecture, Marine Electrical System and Electronics, Port and Harbor Engineering, River and Coastal Engineering ဘာသာရပ် ၆ ခုသင်ကြားပေးနေပြီး တစ်နိုင်ငံလုံးမှ ဝင်ခွင့်ရရှိသူကျောင်းသားကျောင်းသူ ဦးရေ ၄၀၀ ကျော်တက်ရောက်သင်ကြားနေသည်ဟု သိရသည်။ တက္ကသိုလ်စတင်ဖွင့်လှစ်သည့် အချိန်မှ ၈ နှစ်မြောက်နှစ်တွင် ကျောင်းသူများကိုပါ လက်ခံဝင်ခွင့်ပြုခဲ့သည်ဟု သိရသည်။



Life
7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010



အချိန်က မနက် ၇ နာရီ။
ဆိုင်ကယ် ငါးစီးက ကတ္တရာလမ်းမပေါ်မှာ
အပြိုင်ပြေးနေသည်။
ဆိုင်ကယ်ရှေ့ခြင်းထဲတွင် တရုတ်နိုင်ငံထုတ်
အင်ဂျင်ဝိုင်ပုံးခွံလေးတွေကိုယ်စီနှင့်။
တစ်ဂါလန်ဆံ့ သံပုံးလေးများက
ခြင်းထဲတွင်တစ်ထောင်တန်ငွေစက္ကူလေးများအဖြစ်
ဝင့်ကြွားစွာနေရာယူနေကြသည်။

# ရင်မောရပါသည်...သို့သော်

နဝရတ် (ဂုဏ်၊ ရှုပ)

ကျွန်မတို့ မိသားစုက အလုပ်စုံလုပ်ကြရပါသည်။ အရမ်းချမ်းသာသော ဘဝမဟုတ်သည့်တိုင် အရမ်းကြီးဆင်းရဲသော အခြေအနေတော့ မဟုတ်ပေ။ ယခင်က ရေနံ့ဝန်ထမ်းပင်စင်စားဖခင်၊ မှီခိုမိခင်၊ ဆယ်တန်းကျမောင်တစ်ယောက်၊ ဂျီတီအိုင်တက်နေသော ညီမငယ်တစ်ယောက်နှင့် အရောင်းဝန်ထမ်းလုပ်နေသော ကျွန်မနှင့်ဆိုလျှင် မိသားစု စားဝတ်နေရေးကတော့ ကသီလင်တဖြစ်ခဲ့သည့် အချိန်များလည်း ရှိပါသည်။ မိသားစုဝင်ငွေအနေနှင့် အဖေ့ပင်စင်လစာနှင့် ကျွန်မလစာ နှစ်ခုသာရှိသောကြောင့် လကုန်ရက်များမှာ ရင်မောရသော အကြိမ်အရေအတွက်ကများသည်။ အသားတစ်ခွက် နေ့စဉ်မပါနိုင်သည့်တိုင် အသီးအရွက်ကို ငါးပိရည်နှင့် တို့ကာ လွေးနိုင်သောအခြေအနေပင်။ ညီမလေး ကျောင်းပိတ်ရက်များမှာ ကျောင်းစရိတ်အတွက် ရင်အေးရသော်လည်း ကျောင်းဖွင့်ရက်များမှာတော့ အမေကိုယ်တိုင်ထိုင်မနေအားခဲ့ပေ။

ရာသီပေါ်သီးနှံများကို ယာထဲကိုင်းထဲတွင် လိုက်ကောက်၊ ဈေးထဲပြန်သွင်းလုပ်ရသည့်အခါများလည်း ရှိခဲ့တာပင်။ အိမ်တွင် မိသားစုသုံး ဆိုင်ကယ်လေး တစ်စီးရှိတော့ အဆင်ပြေလှသည်။ အမေ့ယာခင်းထဲ ကုန်ကောက်သွားချိန်မှာ အဖေက လိုက်ပို့ပေးနိုင်သလို ညီမလေး ကျောင်းကားဂိတ်ရှိရာသို့လည်း မောင်လေးက လိုက်ပို့ပေးနိုင်သည်။ ကျွန်မအလုပ်ပြန်ချိန် နောက်ကျရက်များမှာလည်း အဖေလာကြိုပေးနိုင်ခဲ့သည်ပင်။

◆

အခုအချိန်လိုမျိုး ဓာတ်ဆီဈေးတွေပြန်လည်ဦးမော့လာချိန်မှာတော့ ကျွန်မတို့မိသားစု စီးပွားရေးလမ်းကြောင်းက ပြောင်းလာခဲ့ရပေပြီ။ မနက်စောစော ထမင်းကြမ်းကြော်နှင့်ပဲပြုတ်ကို မိသားစုငါးယောက်ဝမ်းဝအောင် ဖြည့်ကာကိုယ့်ဆိုင်ကယ်ပေါ် ကိုယ်တက်၍ ဆီဆိုင်သို့ ချီတက်ကြရသည်။ ဆိုင်ကယ်ဆိုတော့လည်း ကိုယ်ပိုင်ဆိုင်ကယ်များတော့ မဟုတ်ပေ။ အနီးအပါးမှ ငှားရသော ဆိုင်ကယ်များပင်။ ဆိုင်ကယ်တစ်စီးကို တစ်နေ့လျှင် ဓာတ်ဆီ တစ်ဂါလန်နှုန်းနှင့် ဆီဆိုင်များက ရောင်းချပေးသည်။ တစ်ဂါလန်ကို ဆိုင်ထုတ်ဈေး ၂၅၀၀ ကျပ်ရှိချိန်မှာ အပြင်တွင် ကောက်ဈေးက ၃၅၀၀ ကျပ်ဆိုတော့ ဆိုင်ကယ်တစ်စီးလျှင် ၁၀၀၀ ကျပ်အသာတင်ကျန်သည်။ ဆိုင်ကယ်ပိုင်ရှင်ကို ၇၀၀ ကျပ်ပေးရတော့ ကိုယ့်အတွက် ကျန်ငွေက သပိတ်ဝင်အိတ်ဝင်ပင်။ ဆိုင်ကယ် ၃၊ ၄ စီးရှိသော ပိုင်ရှင်များအတွက်ကတော့ ကိုက်၏။ ဆီအသုံးမလိုရန် စိတ်ချရသူကို နာရီပိုင်းမျှ ငှားလိုက်ရုံနှင့် အိမ်ဝက ငွေထိုင်ယူရုံသာ။ ဆိုင်ကယ်ငှားပြီးဆီထုတ်သူများအတွက်ကလည်း အင်အားစိုက်ရုံသာ။ ငွေပင်ငွေရင်းမလို။ ရလာသည့်ဆီက အနီးအပါးတွင် ကောက်နေသော ဆီကုန်သည်များထံသွင်းရုံပင်။ သို့သော် တိုးနိုင်ဖို့တော့လိုသည်။ ဆိုလိုသည်က မြန်မြန် ဦးထားနိုင်ရန်စောစောသွားစောင့်ဖို့ ဝီရိယရှိရန် လိုသည်။ တစ်နေ့ကို ၁၀စီးစာ ခန့်ထုတ်လိုက်နိုင်လျှင် ကိုယ့်အတွက် ၃၀၀၀ ကျန်ပြီးသားပင်။ ယခုလိုအချိန်မှာ ကျွန်မတို့မိသားစုအားလုံးက ဆီတန်းစီထုတ်နိုင်ရေးကိုသာ အဓိကစီးပွားရေးအဖြစ် ကျင့်သုံးနေရသော အခြေအနေပင်။ တစ်နေ့ကုန်၍ မိသားစုအားလုံးဝင်ငွေကိုပေါင်းလိုက်လျှင် သောင်းဂဏန်းအထက် ကျန်နေသောကြောင့် ရလာသော အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘဲ ကျွန်မပင် အရောင်းဝန်ထမ်းရာထူးကို နှုတ်ထွက်ထားကာ ဆီတန်းစီရေးကိုသာ အဓိကထားနေရသည်။

ငွေရလွယ်သည်ဆိုသော်လည်း ဆီဆိုင်တိုးဖူးသူများသာ အခက်အခဲကို နားလည်နိုင်ပေလိမ့်မည်။ ဆီဆိုင် မဖွင့်မီကပင် သူများထက် ဦးအောင်တန်းစီ။ ရလာသော နေရာလေးကို ပျောက်မည်စိုး၍ မင်းမနိုင်တံခါးကိုပင် အောင့်အည်းကာထားရသည်က အကြိမ်ကြိမ်။ ဒါတင်မက အလစ်သုတ်ဝင်ကာ နေရာလုတတ်သူများရန်ကိုလည်း ကြောက်ရသေးသည်။ ထုတ်၍ရလာသော ဆီကို ပြန်သွင်းချိန်မှာလည်း ဂါလန်မပြည့်ဟုဆိုကာ တစ်ရာစ၊ နှစ်ရာစ ဖြတ်ခံရသည်မှာလည်း အခါခါပင်။ ထိုအခါမျိုးမှာဆိုလျှင် အတိုးကြီး တိုးခဲ့ရသမျှ ဘာမှမကျန်ဘဲ မောပေရော့ပင်။ အသက်အရွယ်ကြီးသော အဖေနှင့် အမေအတွက် နောက်ဆံငင်သော်တစ်ယောက်ကို တစ်ယောက်မကူနိုင်သော အခြေအနေပင်။ ဆီထုတ်ပြီးသွားလျှင်လည်း နောက်တစ်စီးအတွက် နေရာပြန်ဝင်ယူထားရသောကြောင့်ပြန်မကြည့်အားပေ။

အခုလည်း အိမ်နားမှ ဆိုင်ကယ် လေးစီးကို အငှားယူကာ မိသားစုငါးယောက် ဆီဆိုင်ရှေ့သို့ ရောက်လာတော့ တန်းစီနေသော လူတန်းကြီးက ပြည့်နှင့်ပြီးသားပင်။ စီးလာသော ဆိုင်ကယ်ကို ဒေါက်ချသော့ခတ်ကာ အပြေးဝင်နေရာ ဦးရတော့သည်။ ဆီဆိုင်တံခါးဖွင့်အချမှာ ပြုဆင်းသွားသော လူတန်းကြီးနှင့်ရောကာ ရင်မောစွာ ရွေ့လျားသွားရသော်လည်း အဆင်ပြေနေသော တစ်နေ့ဝင်ငွေအတွက် တွေးကာ "မောတော့ မောပါသည် သို့သော်" ဆိုသော စကားကိုသာ ဆိုရမည်ထင်ပါတော့သည်။ ။

# ဈေးဝယ်ထွက်မယ်

## ခရစ္စမတ်ပွဲတော်နဲ့ နှစ်သစ်ကူးအတွက် ဝယ်စရာ စုံစုံလင်လင်ရှိတဲ့နေရာ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



**အိဖြူလွင်**

၂၀၁၀ ပြည့်နှစ်ကို နှုတ်ဆက်ပြီး နှစ်သစ်ကို ကြိုဆိုရတော့မယ် ကာလရောက်နေပြီဖြစ်လို့ လူသားတိုင်းအတွက် စိတ်လှုပ်ရှားစရာတွေရှိနေတဲ့ လတစ်လပါ။

ဒီလထဲမှာ လူငယ်၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီး အသက်အရွယ်မရွေး ပါဝင်ဆင်နွှဲနိုင်မယ့် ပွဲတော်တွေ ရှိနေတဲ့အတွက် သက်ဆိုင်သူတွေကလည်း ခရစ္စမတ်ပွဲတော်အတွက် အလုပ်ရှုပ်ကြသလို သင်္ကြာရာဇ်တွေနဲ့ နေထိုင်သူတွေအားလုံးအတွက် နှစ်တစ်နှစ်ရဲ့အစကိုလည်း ကြိုဆိုကြရဦးမှာပါ။

ခရစ်ယာန်ဘာသာဝင်များရဲ့ ပွဲတော်ရက်နဲ့နှစ်သစ်ကူးကာလမှာ ကျောင်းတွေ၊ ရုံးတွေ၊ အလုပ်တွေမှာ နှစ်သစ်ကူးကာလ ပျော်ပွဲ၊ ရှင်ပွဲတွေ ကျင်းပကြသလို အိမ်မှာပဲ မိသားစုကျင်းပကြသူတွေလည်း ရှိပါတယ်။

ပွဲတော်တွေ ကျင်းပမှတော့ အလှဆင်ဖို့ ပစ္စည်းတွေလိုလာတဲ့အတွက် နှစ်သစ်ကူးနဲ့ ခရစ္စမတ်အတွက် အလှဆင်စရာတွေ ဝယ်ဖို့လိုအပ်လာပါပြီ။

ဒါကြောင့်လည်းပဲ ဒီကာလမှာ ဈေးဝယ်ထွက်မယ်သူတွေ အဆင်ပြေနိုင်ဖို့ ရာသီဥတု အလှဆင်ပစ္စည်းတွေ ရနိုင်မယ့်နေရာကို လမ်းညွှန်ပေးချင်ပါတယ်။

အလှဆင်ပစ္စည်းတင် မဟုတ်ဘဲနဲ့ လက်ဆောင်ပေးစရာ ပစ္စည်းတွေပါ ရှိတာကြောင့် လူငယ်၊ လူကြီးအားလုံးအတွက် အဆင်ပြေစေမယ့် နေရာတစ်ခုလို့ ပြောနိုင်ပါတယ်။

ပွဲတော်နဲ့ နှစ်သစ်မှာ ခင်မင်ရ တန်ဖိုးထားရ၊ လေးစားရ၊ မြတ်နိုးရတဲ့သူတွေအားလုံးကို ပျော်ရွှင်မှုလေးတွေရစေဖို့ လက်ဆောင်လေးတွေ ပေးမယ်ဆိုရင် အမှတ်တရ ပစ္စည်းဆန်းလေးတွေမျိုးစုံရှိတာကြောင့် ရွေးချယ်နိုင်မှာပါ။

အလှဆင်ပစ္စည်းတွေနဲ့ အမှတ်တရပစ္စည်းအားလုံးက ရာသီအလိုက်ရော အထိမ်းအမှတ်တွေအလိုက်ရော မျိုးစုံရှိပြီး ပို့စကတ်မျိုးစုံကနေ အရုပ်တွေနဲ့ အလှဆင်ပစ္စည်းဆန်းလေးတွေ အမျိုးအစားစုံလှတာကြောင့် ပရိသတ်ကြီး ဆိုင်ထဲဝင်သွားတာနဲ့ တစ်ခုခုတော့ ဝယ်မိမှာ သေချာပါတယ်။

အမှတ်တရ ပစ္စည်းတွေပဲ သီးသန့်ရောင်းတဲ့ ဆိုင်ဖြစ်ပြီး ဆိုင်ရဲ့ တည်နေရာကတော့ မြေနီကုန်း ဒဂုံစင်တာ ဒုတိယထပ်က House of Celebrity ဆိုင်ပဲဖြစ်ပါတယ်။

7DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

# ခရစ္စမတ် ကရုဏာရန်ပုံငွေပွဲကျင်းပမည်

နေလင်းထွန်း

ရန်ကုန်၊
ဒီဇင်ဘာ - ၁၄



ကျောင်းသားကလေးငယ်များ၏ ပညာသင်ကြားရေးတွင် ကူညီထောက်ပံ့မှုပေးရန်အတွက် ခရစ္စမတ်ဂရုဏာရန်ပုံငွေပွဲကိုဒီဇင်ဘာ ၂၂ ရက်၊ ညနေ ၄နာရီမှ ည ၉နာရီခွဲအထိ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၂(က) တွင် ကျင်းပမည်ဟုသိရသည်။

အဆိုတော်များဖြစ်သော ဂျေမီ၊ ဩရသ၊ ချမ်းချမ်း၊ သဇင်၊ ယုန်လေး၊ ဆူဇီ၊ ဂျူးနှင့်အခြားဟစ်ဟော့ပ်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှု၊ အကအဖွဲ့များ၏ ကပြဖျော်ဖြေမှု၊ ကစားပွဲအမျိုးမျိုး၊ အရောင်းဆိုင်များ၊ အင်္ဂလိပ်စာဝေါဟာရကြွယ်ဝမှုပြိုင်ပွဲစသည့်အစီအစဉ်များပါဝင်ကြောင်းသိရသည်။ထို့ပြင်မယ်သီလရှင်ကျောင်း၊ ဘုန်းတော်ကြီးပညာသင်ကျောင်း၊ မိဘမဲ့ဂေဟာနှင့် မျက်မမြင်ကျောင်းများမှကလေးငယ်များ၏ ဖျော်ဖြေမှုပါဝင်မည်ဖြစ်သည်။

ချို့တဲ့သောကလေးငယ်များအား ကိုယ်ပိုင်အရည်အချင်းများပြသစေခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရန်နှင့်ရရှိသောရန်ပုံငွေများကို ထိုကလေးငယ်များ၏ပညာရေးတွင် ကူညီထောက်ပံ့ရန် Civic Society Initiative နှင့် British Council (Library)မှ ဦးစီးကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ခရစ္စမတ်ဂရုဏာရန်ပုံငွေဈေးပွဲတော်တွင်ပါဝင်ဆင်နွှဲလိုပါက ဝင်ကြေးကျပ် ၅,၀၀၀ သတ်မှတ်ထားကြောင်းသိရသည်။









# ရန်ကုန်ဧရိယာအတွင်းရှိ ကျောင်းများမှ မသန်စွမ်းကလေးများကို အဖွဲ့အစည်းအချို့က ထောက်ပံ့ပေးနေ

မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ – ၁၃

ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာ ရိပ်မြုံနှင့်ဂျာမနီအင်န်ဂျီအိုတစ်ခုဖြစ်သည့် WHH တို့ပူးပေါင်းကာ ရန်ကုန်ဧရိယာအတွင်းရှိ စာသင်ကျောင်း ၃၈ ကျောင်းတွင် သာမန်ကလေးငယ်များနှင့်အတူ ပညာသင်ကြားလျက် ရှိသည့် မသန်စွမ်းကလေးငယ် ၇၉ ဦးအား ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ ပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံမှ သတင်းရရှိသည်။



ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသည့် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်တွင် သာမန်ကလေးငယ်များ နည်းတူ မသန်စွမ်းကလေးငယ်များလည်း ပညာသင်ကြားနိုင်စေရေးအတွက် ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံနှင့် WHH (Welt Hunger Hilfe) တို့ပူးပေါင်းကာ စီမံချက်များရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကျောင်းတွေမှာရှိတဲ့ မသန်စွမ်းကလေးတွေအတွက် ဗီုးချဲ လျှောက်လမ်းတွေ၊ အိမ်သာတွေ၊ စာရေးခုံတွေ ပြုပြင်တည်ဆောက်ပေးတယ်။ ဆရာ၊ ဆရာမတွေကိုလည်း Inclusive Education ဆွေးနွေးပွဲတွေ လုပ်ပေးတယ်။ အရင်တုန်းက မသန်စွမ်းကလေးတွေကို ကျောင်းအပ်လက်မခံချင်ကြဘူး။ တချို့မသန်စွမ်းကလေးတွေက သာမန်ကလေးတွေထက် စာပိုတော်နေတာတွေ့ရတော့ ဆရာ၊ ဆရာမတွေ နည်းနည်းသဘောပေါက်လာပြီး ပူးပေါင်းပါဝင်မှုရှိလာတယ်" ဟု ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာ ရိပ်မြုံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လီလီယံကြီးက ပြောသည်။

ရန်ကုန်မြို့ ဧရိယာအတွင်းရှိ လှိုင်သာယာ၊ မရမ်းကုန်း၊ လှိုင်၊ အင်းစိန်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ထန်းတပင်၊ မှော်ဘီ၊ မြောက်ဥက္ကလာနှင့် မြောက်ဒဂုံမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် အဆိုပါ စီမံကိန်းတွင် ကိုယ်အင်္ဂါမသန်စွမ်းသူကလေးသူငယ်များ၊ ဉာဏ်ရည်နိမ့်ကလေးသူငယ်များနှင့် အမြင်အာရုံအားနည်းသူကလေးငယ်တစ်ဦး စုစုပေါင်း ၇၉ ဦးပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့က အမြည်းသဘောပဲ လုပ်ပေးနိုင်တယ်။ မသန်စွမ်းကလေးငယ်တွေ အားလုံးအတွက် ရာနှုန်းပြည့် မလုပ်နိုင်ပါဘူး။ ဒီထက် အများကြီးပိုလုပ်နိုင်ရင် ကောင်းတာပေါ့" ဟု လူတိုင်းအကျုံးဝင် ပညာရေးစီမံချက်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုခုတ်လေ့မန်းက ပြောသည်။

ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံနှင့် WHH တို့ပူးပေါင်းကာ ပြုလုပ်လျက်ရှိသည့် လူတိုင်း အကျုံးဝင်ပညာရေးစီမံချက်မှာ သုံးနှစ်မြောက်စီမံချက်ဖြစ်ကာ မူလစတင်ချိန်ထက် မသန်စွမ်းကလေးငယ်ဦးရေ တိုးလာကြောင်း သိရသည်။

ကျောင်းမနေနိုင်သည့် မသန်စွမ်းကလေးငယ်များကို ကျောင်းအပ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း ပြုလုပ်လျက်ရှိသည့် စာသင်ကျောင်းမှာ ၃၈ကျောင်းရှိပြီး၊ မသန်စွမ်းကလေးငယ်များအား သာမန်ကလေးငယ်များနည်းတူ ကျောင်းအပ်နှံခွင့်ရရှိစေရန် ဆရာ၊ ဆရာမများနှင့် ဆွေးနွေးလျက်ရှိသည့် စာသင်ကျောင်း ၅၅ ကျောင်းရှိကြောင်း အဆိုပါ စီမံချက်မှ သင်တန်းမှူးကိုဇော်လင်းထွန်းက ပြောသည်။



# ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ပျော်ရွှင်မှုကိုငြိတွယ်ရင် ဘဝကိုမေ့သွားတတ်တယ် . . .

ဒုက္ခသစ္စာဆိုတဲ့ အမှန်တရားဟာ ဘဝဖြစ်တည်မှုတစ်ခုလုံးကို လွှမ်းခြုံနေတယ်။ ဒုက္ခနှင့်ကင်းတာ ဘယ်နေရာမှ မရှိဘူး။ အသက်ရှင်၍ ဖြစ်တည်နေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် ဒီဒုက္ခသစ္စာကို ထင်ထင်ရှားရှား ထိတွေ့ခံစားနေကြရမှာပဲ။ မြတ်ဗုဒ္ဓက ဒုက္ခဖြစ်ရခြင်းအကြောင်းကို ခွဲခြမ်းစိတ်ဖြာပြီး ဟောတော်မူသလို ဒုက္ခလွတ်ကြောင်းတရားကိုလည်း ဟောကြားတော်မူထားပါတယ်။

ဒုက္ခသည် အရိယာသစ္စာဖြစ်တယ်လို့ဆိုပေမယ့် ဘဝထဲမှာ ပျော်ရွှင်မှုတို့၊ ချမ်းမြေ့မှုတို့၊ သာယာမှုတို့ လုံးဝမရှိဘူးလို့မဆိုလိုပါဘူး။ နေ့စဉ်ဘဝထဲမှာ ဘယ်လိုနေရင်ဖြင့် ချမ်းသာသုခကို ပိုပြီးရနိုင်တယ်ဆိုတဲ့ နည်းမျိုးစုံကိုလည်း ဟောတော်မူတယ်။ အဆုံးစွန်ကျအောင် ခွဲခြမ်းစိတ်ဖြာပြီး လေ့လာကြည့်ရင်တော့ နေ့စဉ်ဘဝထဲမှာ တွေ့ကြုံခံစားရတယ်ဆိုတဲ့ ချမ်းသာသုခလည်း မမြဲဘူးဆိုတာပဲပေါ့တယ်။ ဘယ်လိုပျော်နေတဲ့အခါ စိတ်ချမ်းသာစရာအကြောင်းများ ရှိတယ်ပဲဆိုဆို အဲဒီပျော်ရွှင်မှုကို ငြိတွယ်စွဲလမ်းတဲ့ ဥပါဒါန်မဖြစ်အောင်နေသင့်တယ်။ ဒါမှမဟုတ်ရင် လမ်းဘေးကိုချော်ကျသွားပြီး ဘဝလွတ်မြောက်ရေးအတွက် ပြီးစီးသည်အထိ လုပ်ရသည့်လမ်းကြောင်းကို မေ့လျော့သွားနိုင်တယ်။ ပျော်ရွှင်စရာတွေထဲက ဒုက္ခဟာဘယ်လိုဟာမျိုးလဲ။ ဘာကြောင့်ပျော်ရွှင်စရာတွေထဲမှာ ဒုက္ခရှိနေတယ်လို့ပြောတာလဲ။ အကြောင်းကတော့ အဲဒီ ပျော်ရွှင်စရာတွေဟာ မမြဲလို့ပေါ့။ ပျော်ရွှင်နေတုန်း ဖြုန်းဆို အခြေအနေတွေ ရုတ်တရက်ပြောင်းသွားတဲ့အခါ ဒုက္ခလှလှကြီးတွေ့ရတော့တာပါပဲ။

ရည်ညွှန်း – "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

# ကုန်သည်ကြီးများဟိုတယ် ခရစ်မတ်စျေးရောင်းပွဲမှ အမြတ်ငွေများအားလှူဒါန်းမည်

ဒဲနစ်အောင်အောင်

ရန်ကုန်၊ ဒီဇင်ဘာ – ၁၆

ကုန်သည်ကြီးများဟိုတယ်၏ ဒုတိယအကြိမ်မြောက် Christmas Charity Bazaar (ခရစ္စမတ်စျေးရောင်းပွဲတော်)အား ယခုလ ၁၂ ရက်က ကျင်းပခဲ့ပြီး ရရှိလာသော အမြတ်ငွေအားလုံးအား ဘုန်းတော်ကြီးပညာသင်(မူလွန်)ကျောင်းအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




အဆိုပါစျေးရောင်းပွဲတော်မှ ရရှိသည့် အမြတ်ငွေအားလုံးအား အင်းစိန်မြို့သစ်ရှိ 'သာသနဟိတ ကာရီပရိယတ္တိစာသင်တိုက်' ဘုန်းတော်ကြီးပညာသင်(မူလွန်)ကျောင်းနေ ကျောင်းသူ ကျောင်းသား ၆၀၀ ကျော်အတွက် စာကြည့်တိုက်နှင့် ဆေးပေးခန်းပါ နှစ်ထပ်ဆောင်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း ကုန်သည်ကြီးများဟိုတယ်၏ HR (Human Resources)ဒါရိုက်တာဒေါ်မမခိုင်က 7Day Newsသို့ပြောသည်။

"ဒီစျေးရောင်းပွဲ မလုပ်ခင်ကတည်းက ဒီ Shangi-La Group ရဲ့ ပိုင်ရှင်တွေက ကျပ်သိန်း သုံးရာကျော်မတည်ထားတယ်။ ပြီးတော့ ဒီစျေးရောင်းပွဲကရတဲ့အမြတ်အားလုံးကိုလည်း စာကြည့်တိုက်နဲ့ ဆေးပေးခန်းအဆောက်အုံ ဆောက်တဲ့နေရာမှာ လှူဒါန်းအသုံးပြုသွားမှာပါ"ဟု ဒေါ်မမခိုင်ကပြောသည်။ အဆိုပါစျေးရောင်းပွဲတော်တွင် Cannon၊ Spike T-Shirt၊ DKSH၊ Blessing၊ Asia Glory၊ Avon Cometics၊ Babi Mild စသည့်ကုမ္ပဏီများ၏ ဆိုင်ခန်းပေါင်း ၃၀ ကျော်ပါဝင်ရောင်းချလှူဒါန်းခဲ့ကြောင်းသိရသည်။

ကုန်သည်ကြီးများဟိုတယ်၏ ပထမအကြိမ် စျေးရောင်းပွဲတော်အား ၂၀၀၉ ခုနှစ်က ကျင်းပခဲ့ပြီး အဆိုပါပွဲမှရရှိသော အမြတ်ငွေကျပ် ၁၉သိန်းခန့်အား ကာရီပရိယတ္တိစာသင်တိုက်ရှိ ကျောင်းသားစာသင်ဆောင် နေပူခံမျက်နှာကြက် ဆောက်လုပ်ရန်အတွက် လှူဒါန်းခဲ့ကြောင်း ဒေါ်မမခိုင်က ပြောသည်။

# ပြည်တွင်းမီဒီယာများတွင် ဖော်ပြသော ငွေဆောင်ကမ်းခြေနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံများ ဆုပေးရန်ရှိ

အောင်သူရ

ရန်ကုန်၊ ဒီဇင်ဘာ – ၁၆

ငွေဆောင်ကမ်းခြေနှင့်ပတ်သက်၍ ပြည်တွင်းပုံနှိပ်မီဒီယာများတွင် ဖော်ပြသော သတင်း၊ ဆောင်းပါးနှင့်သတင်းဓာတ်ပုံများအား ရွေးချယ်၍ ဆုပေးရန်အစီအစဉ်ရှိကြောင်း ငွေဆောင်ဖုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ ဘဏ္ဍာရေးမှူးဒေါက်တာအောင်ဌေးလင်းက ပြောကြားသည်။

၂၀၁၁ ခုနှစ် ဇွန်နဝါရီလ ဆန်းမှ ဧပြီလကုန်အထိ ပြည် တွင်းထုတ်သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများထဲတွင် ရေးသားဖော်ပြခဲ့ပြီးသော သတင်း၊ ဆောင်းပါးနှင့်ဓာတ်ပုံများထဲမှ ရွေးချယ်၍ဆုပေးသွားမည်ဖြစ်သည်။

သို့သော် ဆုကြေးငွေနှင့် ဆု ပေးမည့်အချိန်အား မသတ်မှတ်ရသေးသော်လည်း ဆုကြေးအပါအဝင် ငွေဆောင်ကမ်းခြေသို့လည်ပတ်ခွင့်များပါ ပါဝင်မည်ဟုသိရသည်။

အဆိုပါဆုအား ရွေးချယ်ရာ၌ ပြည်တွင်းရှိ သတင်းမီဒီယာသမားများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်း၊ MMC၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သောအဖွဲ့က ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

# ပန်းချီဉာဏ်ကျယ်၏ ပန်းချီပြပွဲ ကျင်းပမည်

ဥက္ကာကိုကို

ရန်ကုန်၊ ဒီဇင်ဘာ – ၁၈

ပန်းချီဦးဉာဏ်ကျယ်၏ တတိယအကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲကို ယခုလ ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ ပန်းဆိုးတန်း ပန်းချီပြခန်းတွင် ပြသ-ပြု လုပ်သွားမည်ဖြစ်ကြောင်း သိရ သည်။

New Treasure ပန်းချီပြခန်း၏ စတုတ္ထအကြိမ်မြောက် အဖွဲ့ပန်းချီပြပွဲကို ယခုလ၁၈ ရက်တွင်ရွှေတောင်ကြားရှိ လင်းပြခန်း၌ ပြသခဲ့ပြီး ပန်းချီဆရာပေါင်း ၈၀ ဦးခန့်ပါဝင်ခဲ့ကြောင်း သိရသည်။

Contemporaty art in Myanmar အမည်ရှိ Contemporary ပန်းချီပြပွဲတစ်ရပ်ကို ယခုလ ၁၀ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ ပန်းဆိုးတန်းပန်းချီပြခန်းတွင်ပြသခဲ့ပြီး ယင်းပြပွဲတွင် ပန်းချီ ဆရာ ၃၁ ဦးပါဝင်ပြသခဲ့သည်ဟု သတင်းရရှိသည်။

ပန်းချီနိုင်သူ၏ ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို "Figures I Wish to Draw" အမည်ဖြင့် ယခုလ ၁၈ ရက်မှ လာမည့် ဇန်နဝါရီလ ၁၄ ရက်အထိ ရန်ကုန်မြို့ ရွှေတောင်ကြားရှိ New Treasure ပန်းချီပြခန်းတွင် ရက်ရှည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်မတောင် စာပေတိုက်မှ ထုတ်ဝေသော "ဆီးချိုရောဂါ တိုက်ဖျက်ရေး လေ့ကျင့်ခန်း" စာအုပ်အား မိတ်ဆက်ဖြန့်ချိခြင်းနှင့် ရေးသားသူ စာရေးဆရာ "H&F Dr. (Mdy)" ကိုယ်တိုင်လက်မှတ်ရေးထိုးပွဲအား ယခုလ ၁၉ ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ အင်းဝစာအုပ်တိုက်တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

## ၂၀၁၀ ဒီဇင်ဘာ ၂၃ မှ ၂၉ ရက်အထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂ ရက်ခန့်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ညအပူချိန်**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀စင်တီမီတာ (၁ပေခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။**

### ပြင်ဆင်သိမှတ်ပါရန်

7Day News Journal အတွဲ(၉)၊ အမှတ်(၃၅) စာ- ၁၇ ပါ "အောင်ဇေယျာမင်း (ပရဟိတ)ကျောင်းအတွက် ဆက်သွယ်လှူဒါန်းနိုင်" ဟူသော ပြင်ပမှရေးသားပေးပို့သည့် သတင်းတွင် သတင်းနှင့် သက်ဆိုင်မှုမရှိသော နေ့ထိန်းကလေးကျောင်းမှ ကလေးငယ်များ၏ ဓာတ်ပုံကို မှားယွင်းဖော်ပြခဲ့မိပါသည်။ ထိုသို့ မှားယွင်းဖော်ပြခဲ့မှုအတွက် ဓာတ်ပုံပါ ကလေးနှင့် ကလေးမိဘများ၊ ဆရာ၊ဆရာမများနှင့် သက်ဆိုင်သူများ အားလုံးအပါအဝင် စာဖတ်ပရိသတ်များကို တောင်းပန်အပ်ပါသည်။

**အယ်ဒီတာ**

## မျက်နှာဖုံး – ဗဟိုဘဏ်က ရွှေချောင်းနှင့် ရွှေဒင်္ဂါးပြားများရောင်းမှ

အဲဒီကလည်းမှာလို့တစ်ဆယ်သားတစ်ပိုင်းဝယ်တာပါ"ဟု မန္တလေးရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ရွှေဒင်္ဂါးပြားနှင့် ရွှေချောင်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ရန်ကုန်မြို့ရှိဘဏ်တွင် စတင်ရောင်းချခဲ့ခြင်းဖြစ်ပြီး၊ မန္တလေးမြို့တွင် နိုဝင်ဘာ ၂၆ရက်မှ စတင်ရောင်းချခဲ့ခြင်းဖြစ်သည်။ ဗဟိုဘဏ်မှ ရွှေရောင်းချခြင်းမှာ ရှားပါးပြီး၊ ရွှေရည်စစ်မှု အာမခံသည့်အတွက် စိတ်ဝင်စားသူများကာ စတင်ရောင်းချသည့်ရက်များက ဝယ်သူများကြောင်း သတင်းရရှိသည်။ ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)တွင် ရွှေချောင်းနှင့် ဒင်္ဂါးပြားများ ရောင်းချရာတွင် တစ်မတ်သား၊ ငါးမူးသား၊ တစ်ကျပ်သားတို့ကို ရွှေဒင်္ဂါးပြားပုံစံဖြင့်လည်းကောင်း၊ ငါးကျပ်သား၊ တစ်ဆယ်ကျပ်သား၊ နှစ်ဆယ်သားတို့ကို ရွှေစင်ချောင်းပုံစံဖြင့်လည်းကောင်း ရောင်းချသည်။

ဈေးနှုန်းများမှာ ဒီဇင်ဘာ ၁၆ရက်တွင် ရွှေဒင်္ဂါးပြား တစ်မတ်သားကို ၁၆၀,၇၅၀ ကျပ်၊ ငါးမူးသားကို ၃၂၁,၅၀၀ ကျပ်၊ တစ်ကျပ်သားကို ၆၄၃,၀၀၀ကျပ်၊ ရွှေစင်ချောင်းတွင် ငါးကျပ်သားကို ၃,၂၁၅,၀၀၀ ကျပ်၊ တစ်ဆယ်ကျပ်သားကို ၆,၄၃၀,၀၀၀ ကျပ်၊ နှစ်ဆယ်ကျပ်သားကို ၁၂,၈၆၀,၀၀၀ကျပ်ဖြင့်လည်း ရောင်းချလျက်ရှိကြောင်း သိရသည်။

## မျက်နှာဖုံး-ငွေကုန်ခံရခြင်း အကြောင်း မြန်မာနေရှင်နယ်လိဂ် ဘောလုံးအသင်း ပိုင်ရှင်များရင်ဖွင့် မှ

သူတို့၏ အကြောင်းပြချက်က မြန်မာ့ဘောလုံးလောကဖွံ့ဖြိုးလာပြီး၊ အောင်မြင်မှုရယူရန်ဖြစ်သည်ဟုဆိုကြသည်။ ထိုစိတ်ဖြင့် စောင့်ကြည့်၊ အကဲခတ်သူများ ထင်သကဲ့သို့ မည်သည့်အခွင့်အရေးမျှ ဘောလုံးအသင်းထောင်၍ ပိုမရဘဲ၊ အိတ်ထဲမှ ငွေကို စိုက်ထုတ်ခြင်းဖြစ်သည်ဟု အသင်းပိုင်ရှင်များက တညီတညွတ်တည်းပြောကြသည်။ မြန်မာနိုင်ငံ၏ နာမည်ကြီးလုပ်ငန်းရှင်ကြီးများ ဘာကြောင့် ဘောလုံးအသင်းထောင်သည်ကို စာဖတ်ပရိသတ်များအတွက် ဖော်ပြလိုက်ပါသည်။



**ဦးတေဇ – ရန်ကုန်ယူနိုက်တက် အသင်းပိုင်ရှင်**

"ဆူဇူကီးပွဲအရှုံးရလဒ်ကြောင့်တော့ စိတ်ပျက်မိပေမယ့် ရှေ့ကို ဘယ်လို ကြိုးစားပြင်ဆင်မလဲဆိုတာပဲ ဆက်သွားရမှာပါ။ စာမေးပွဲတစ်ခုသွားဖြေသလိုပေါ့။ ပြောရရင် စာမေးပွဲကျခဲ့ပေမယ့် အားနည်းချက်တွေ ပြင်ရမှာပေါ့။ အဓိကကတော့ သွေးသစ်လောင်းဖို့ လိုနေပါပြီ။

ကျွန်တော်ဘောလုံးအသင်းထောင်တာကလည်း တကယ်အားကစားကို ဝါသနာပါလို့ လုပ်နေတာပါ။ MNL မပေါ်ခင်ကတည်းက အရင် အဲပုဂံဆိုတဲ့အသင်း လုပ်နေတာပါ။ ဘောလုံးအသင်းထောင်လို့ အခြားအခွင့်အရေးတွေ ရကြတယ်လို့ ပြောကြတဲ့အပေါ်ကိုတော့ လိုက်မေးကြည့်ကြပါလို့ပဲ ပြောချင်ပါတယ်။ ဘာအခွင့်အရေးမှ မရပါဘူးလို့။ အားကစားကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ လုပ်နေတာပါ။ တကယ်ပြောရရင် ကျွန်တော့်တစ်ဦးတည်းရဲ့ ရည်မှန်းချက်က မြန်မာ့လက်ရွေးစင်အသင်းကို အာရှဖလားပြိုင်ပွဲမှာ ဗိုလ်စွဲစေချင်တာပါ။ အရင်က ဗိုလ်စွဲခဲ့ဖူးတဲ့ အစဉ်အလာလည်း ရှိခဲ့ပါတယ်။ အသင်းရဲ့ လူငယ်စီမံကိန်းအနေနဲ့ အကယ်ဒမီက လူငယ်လေးတွေကို အသင်းကွင်း(လှိုင်မြက်ခင်းတုကွင်း)နားမှာပဲ နေလို့ရအောင် အိပ်ဆောင်၊ စားဆောင်တွေ ဆောက်လုပ်နေပါပြီ။ နောက်ထပ်လည်း တကယ်ကို ဘောလုံးကို ဝါသနာပါ၊ စိတ်ပါတဲ့ လူငယ်လေးတွေကို ရှာဖွေသွားမှာပါ။ လက်ရွေးစင်အသင်း မအောင်မြင်သေးပေမယ့် MNL ပြိုင်ပွဲက အကျိုးမရှိဘူးလို့တော့ မယူဆပါဘူး"

**ဦးလှဌေး – ဇွဲကပင်အသင်းပိုင်ရှင်**

"ဒီဆူဇူကီးရလဒ်ကြောင့် ရှေ့ဆက်သွားဖို့ စိတ်ဓာတ်ကျလို့တော့ မရပါဘူး။ အကျိုးတစ်ခုရလိုက်တာက လက်ရွေးစင်အသင်းရဲ့ အခြေအနေမှန်ကို သိခွင့်ရလိုက်တာပါပဲ။ ခုသွားပြိုင်ခဲ့တဲ့ ကစားသမားတွေလည်း သူတို့ရဲ့ အမြင့်ဆုံး level လုပ်ခဲ့ပေမယ့် မရတော့ဘူးလေ။ တကယ်အသက်မှန်မှန်ကန်ကန်နဲ့ လူငယ်စီမံကိန်းလေးတွေ လုပ်ရပါမယ်။ ဒီ MNL ပြိုင်ပွဲကြီးကိုလည်း အားလုံးက ငွေတွေအများကြီး အကုန်ကျခံလုပ်နေပြီးတော့ လက်ရွေးစင်အသင်းအတွက် အားထားရမယ့် လူငယ်တွေ ထွက်ပေါ်လာအောင် မလုပ်နိုင်ဘူးဆိုရင် အလကားပဲလေ။ ဦးတို့အနေနဲ့လည်း ဘာအကျိုးကိုမှ မျှော်လင့်ပြီး လုပ်နေတာမဟုတ်ဘူး။ ဘောလုံးကို ဝါသနာပါလို့ လုပ်နေတာ။ လုပ်နိုင်သရွေ့ လုပ်နေပြီး၊ လုံးဝမလုပ်နိုင်ရင်တော့ ရပ်ပစ်ရမှာပဲ။ ဇွဲကပင်အသင်းအနေနဲ့လည်း လူငယ်မျိုးဆက်သစ်လေးတွေကို လာမယ့် ဇန်နဝါရီ ပထမပတ်လောက်မှာ အသင်းကွင်း(နဝဒေးကွင်း)မှာ အခြေခံဘောလုံးပညာလေးတွေကို သင်ကြားပေးဖို့ လုပ်နေပါပြီ။ နောက်မတ်လမှာလည်း သင်ပေးဦးမှာပေါ့။ နောက်ဖူဆယ်ဘောလုံးပညာလေးတွေရောပေါ့။ ဒီလူငယ်လေးတွေထဲက အလားအလာရှိတဲ့သူတွေကို အသင်းရဲ့လူငယ် စီမံကိန်းတွေမှာ ဆက်ပြီး ရွေးချယ်လေ့ကျင့်ပေးသွားမှာပါ"

**ဦးဝင်းမြင့် – ဇေယျာရွှေမြေ အသင်းပိုင်ရှင်**

"စိတ်ရှည်ရမှာပါ။ ဒီမှာ ပရိုစလုပ်တာကလည်း ၂ နှစ်ပဲရှိသေးတော့ နောက်ပြိုင်ပွဲတွေကျရင် လက်ရွေးစင်အသင်းအနေနဲ့ ပြင်ဆင်ချိန်လုံလုံလောက်လောက် ရဖို့နဲ့ မျိုးဆက်သစ် ကစားသမားတွေ ရဲရဲတင်းတင်းသုံးနိုင်ဖို့လည်း လိုမယ်လို့ ထင်ပါတယ်။ MNL အသင်းတွေကလည်း လူငယ်ကစားသမားလေးတွေ မွေးထုတ်ပေးဖို့ လိုပါလိမ့်မယ်။ ဇေယျာရွှေမြေအသင်းအနေနဲ့လည်း စစ်ကိုင်းတိုင်းမှာ မြို့နယ်အဆင့်ပြိုင်ပွဲတွေလုပ်ပေးပြီး မျိုးဆက်သစ်လူငယ်လေးတွေ ရွေးချယ်သွားဖို့ စီစဉ်နေပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း ဘောလုံးအသင်း တည်ထောင်တယ်ဆိုတာ မြန်မာဘောလုံးလောက တိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်နေကြတာပါ။ ဘာအကျိုးကိုမှ မျှော်လင့်ပြီးလုပ်နေကြတာမဟုတ်ပါဘူး။ MNL လုပ်တာလည်း လက်ရွေးစင်အသင်းအတွက် အကျိုးမရှိဘူးလို့ မထင်ပါဘူး။ ရေရှည်မှာ အကျိုးရှိမှာပါ။

**ဒေါက်တာစိုင်းဆမ်ထွန်း – ရတနာပုံ အသင်းပိုင်ရှင်**

"မြန်မာနေရှင်နယ်လိဂ်မှာ အသင်းထောင်ဖြစ်တာ ဆရာ့အနေနဲ့ ဘောလုံးအကြောင်း သိပ်မသိပေမယ့် မြန်မာဘောလုံးအားကစားကို တကယ်တိုးတက်စေချင်တယ်။ နောက် ကမ္ဘာ့အလယ်မှာ မြန်မာကိုအားကစားနဲ့ မျက်နှာပြချင်တယ်။ ဒီစေတနာတွေနဲ့ လုပ်နေတာပါ။ ဒီအတွက်ကြောင့်လည်း ငွေတွေအများကြီး အကုန်ကျခံနေတာပါ။ ရတနာပုံအသင်းကိုလည်း AFC ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ပြီး အောင်မြင်မှုတွေရအောင် လုပ်နေတာပါ။ ဆရာတို့ စွမ်းအားရှိသလောက်ပေါ့။ တခြားဘာအခွင့်အရေးမှ မျှော်ပြီးလုပ်နေတာမဟုတ်ပါဘူး။ ရတနာပုံလူငယ်အကယ်ဒမီမှာ လက်ရှိပျမ်းမျှအသက် ၁၄ နှစ်ဝန်းကျင် လူငယ်သုံးဆယ်ရှိပါတယ်။ ၂၀၁၁ မှာလည်း နောက်ထပ်လူငယ် ၆၀ လောက်ခေါ်ဖို့ ရည်ရွယ်ထားပါတယ်။ ဒီလူငယ်လေးတွေက နောက်ထပ်သုံးနှစ်လောက်ဆိုရင် ခြေစွမ်းထက်မြက်ပြီး လက်ရွေးစင်အသင်းအတွက် အားထားရတဲ့ လူငယ်ကစားသမားလေးတွေ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်"

## မျက်နှာဖုံး-ပို့ကုန်ရငွေတန်ဖိုး ထပ်မံကျဆင်းမည်ဟု ငွေကြေးဈေးကွက်ကျွမ်းကျင်သူများ ခန့်မှန်းမှ

ပြည်တွင်း နိုင်ငံခြားငွေကြေးရောင်းဝယ်သည့် ဈေးကွက်တွင် ပို့ကုန်ရငွေမှာ ဒီဇင်ဘာဒုတိယပတ်က တစ်ယူနစ်လျှင် ၉၀၃ကျပ်အထိ ကျဆင်းခဲ့ရာမှ ဒီဇင်ဘာ ၁၅ရက်တွင် ၉၃၀ ကျပ်၊ ဒီဇင်ဘာ ၁၆ရက်တွင် ၉၂၀ကျပ်ဈေးပေါက်သည်။ ထိုဈေးနှုန်းမှာဖြစ်သင့်သော ဈေး၏ အနိမ့်ဆုံးနှုန်းဖြစ်ပြီး တန်ဖိုးထပ်မကျသင့်တော့ကြောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကပြောသည်။ လက်ရှိနိုင်ငံခြားငွေလဲလှယ်သည့် ဈေးကွက်တွင် ရောင်းသူရော ဝယ်သူပါများနေကြောင်း နိုင်ငံခြားငွေရောင်းဝယ်သူတစ်ဦးကပြောသည်။

သို့သော် ထူးခြားမှုမှာ ကျောက်မျက်ပြပွဲမှ ပို့ကုန်ရငွေများ နိုင်ငံခြားငွေရောင်းဝယ်သည့် ဈေးကွက်သို့ ဒီဇင်ဘာလလယ်အထိ ရောက်မလာသေးခြင်းဖြစ်သည်။ ထိုငွေများဝင်လာပါက ပို့ကုန်ရငွေတန်ဖိုးပိုကျသွားမည်ဟု ဈေးကွက်ကျွမ်းကျင်သူအားလုံးယုံကြည်နေပြီး ကျောက်မျက်ပွဲမှ ပို့ကုန်ရငွေများ ဝင်မလာသေးခြင်းမှာ ပိုင်ရှင်များက ဈေးကွက်ကို စောင့်ကြည့်နေ၍ဖြစ်ကြောင်း ၎င်းတို့က သုံးသပ်သည်။

နေပြည်တော်တွင် နိုဝင်ဘာ ၁၇ရက်မှ ၂၉ရက်အထိကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲ၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ဘီလျံ(ဒေါ်လာသန်း၁,၄၀၀)ကျော်တန်ဖိုးရောင်းချခဲ့ရကြောင်း ပြပွဲမှ တာဝန်ရှိသူတစ်ဦးကရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၁၆ ရက်နိုင်ငံခြားငွေရောင်းဝယ်သည့်ဈေးကွက်တွင် ပို့ကုန်ရငွေတစ်ယူနစ်လျှင် ရောင်းဈေး ၉၂၀ကျပ်၊ ဝယ်ဈေး ၉၂၂ကျပ်ပေါက်သည်။ အမေရိကန်တစ်ဒေါ်လာမှာ ရောင်းဈေး ၈၈၃ ကျပ်၊ ဝယ်ဈေး ၈၈၅ကျပ်။ အက်ဖ်အီးစီမှာ ရောင်းဈေး ၈၁၅ကျပ်၊ ဝယ်ဈေး ၈၂၀ ကျပ်ပေါက်သည်။ ပို့ကုန်ရငွေမှာ ပို့ကုန်အများအပြားရလေ့ရှိသောကျောက်မျက်ပြပွဲကို နေပြည်တော်တွင် အောက်တိုဘာလ၌ ကျင်းပတော့မည်ဟု သတင်းများကျယ်ပြန့်စွာ ထွက်ပေါ်ခဲ့ပြီးနောက် စက်တင်ဘာလဆန်းပိုင်းအတွင်းကလည်း ဈေးပြုတ်ကျခဲ့ဖူးသည်။ စက်တင်ဘာ၈ရက်က ပို့ကုန်ရငွေတစ်ယူနစ်လျှင် ၈၉၀ကျပ်ဈေး ပေါက်ခဲ့ခြင်းဖြစ်သည်။

## စာ-၆၊ ရာဘာဈေးနှုန်း ပြည်တွင်းပြည်ပ ဈေးကွက်တွင် မြင့်တက်

ပြည်တွင်းဈေးတွင် ရာဘာသည် RSS.5 ကို တစ်ပေါင်လျှင် ၁၄၃၀ကျပ်၊ RSS.1 ကို တစ်ပေါင်လျှင် ကျပ်၁၅၅၀ ဝန်းကျင်ဈေးရှိသည်။

ပြည်ပဈေးကွက်သို့ ရာဘာတင်ပို့မှုမှာလည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ယခင်နှစ်ထက်ပို မိုတင်ပို့နိုင်ရန် တန်ချိန်ကိုးသောင်း တင်ပို့ဖို့ လျာထားသည်။ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်က တန်ချိန်ခုနစ်သောင်းတင်ပို့ရန် လျာထားသော်လည်း တန်ချိန် ၇၈,၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။

ယင်းကြောင့် ပြည်ပတင်ပို့မှုမှရငွေမှာလည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၆ သန်းကျော် တိုးတက်လာသည်။ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်က ဒီဇင်ဘာ ၃ရက်ထိ ပြည်ပတင်ပို့မှုမှ ရငွေသည် ကန်ဒေါ်လာ ၂၉ သန်းကျော်သာရှိပြီး ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ပြည်ပ တင်ပို့မှုရငွေသည် ကန်ဒေါ်လာ ၈၄ သန်းကျော်ရှိကြောင်း သိရသည်။

# Health

7DAY NEWS JOURNAL

Vol.9, No.39 • DECEMBER 23, 2010




**လူကြီးတွေ သတိမထားမိလိုက်တဲ့ ကလေးငယ်များရဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု**

စာ(၁၄)သို့



## သန္ဓေတားဆေးများကို ရောဂါအခံနှင့် ချိန်ဆသုံးစွဲမှု အားနည်း

ဝတ်ရည်

အိမ်ထောင်သည် အမျိုးသမီးများ သန္ဓေတားဆေးဝါးများ အသုံးပြုသည့်အခါ မိမိဖြစ်ပွားနေသော ရောဂါအခံများနှင့် သင့်တော်မှုရှိမရှိကို အများအားဖြင့် သိရှိကြခြင်းနည်းပါးကြပြီး အသုံးပြုမှုများပြားသည့် သုံးစွဲနေကျဆေးဝါးများကိုသာ အသုံးပြုကြလေ့ရှိသည်။

အချို့သော သူများအတွက် ထိုအသုံးပြုနေသော ဆေးဝါးများမှာ နဂိုရောဂါများနှင့် မသင့်တော်ဘဲ အန္တရာယ်ဖြစ်စေနိုင်ကြောင်း PSI မှထုတ်ဝေသည့် ဆေးဘက်ဆိုင်ရာ သားဆက်ခြားနည်း ရွေးချယ်မှု စက်ဝိုင်းတွင်ဖော်ပြထားသည်။

"ဆရာဝန်တွေ ကိုယ်တိုင်ကလည်း ဆေးလာထိုးရင် ထိုးပေးပါဆိုတဲ့ ဆေးပဲထိုးတာများတယ်။ သိပ်ပြီးလည်း မေးတာမျိုးတွေလည်း မရှိပါဘူး။ ဒီလိုမျိုး ရွေးချယ်ရတဲ့ ပုံစံလေးရှိတော့ ပိုအန္တရာယ်ကင်းတာပေါ့"ဟု အထွေအထွေရောဂါကုဆရာဝန်တစ်ဦးကပြောသည်။

ကိုယ်ဝန်တားနည်းလမ်းပေါင်း ၁၀မျိုးကျော်ရှိသော်လည်း အသုံးများသည့် နည်းငါးမျိုးအား ဖော်ပြပြီး ဟော်မုန်းနှစ်မျိုးပါ စားဆေး၊ ထိုးဆေး(တစ်လဆေး)၊ ပရိုဂျက်စတိုဂျင်တစ်မျိုးတည်းပါ စားဆေး၊ ပရိုဂျက်စတိုဂျင်တစ်မျိုးတည်းပါ ထိုးဆေး(သုံးလဆေး)၊ ပရိုဂျက်စတိုဂျင်ပါ အရေပြား အောက်ထည့်ပစ္စည်း၊ သားအိမ်တွင်းထည့်ပစ္စည်းများနှင့်ပတ်သက်၍ သင့်တော်မှုရှိ၊ မရှိအား ဖော်ပြ ထားကြောင်း သိရသည်။

ခေါင်းကိုက်လေ့ရှိသူများတွင် သာမန်ခေါင်းကိုက်ရောဂါရှိပါက ဆေးအားလုံးနှင့် သင့်တော်ပြီး အလွန်အမင်းခေါင်းကိုက်ရောဂါရှိသူများမှာ သားအိမ်တွင်းထည့်ပစ္စည်းနည်းဖြင့်သာ သင့်တော်ပြီး ဟော်မုန်းနှစ်မျိုးပါ စားဆေး၊ ထိုးဆေး(တစ်လဆေး)နည်းများအသုံးမပြုသင့်ဘဲ ကျန်နည်းလမ်းများမှာ ယေဘုယျအားဖြင့် အသုံးပြုနိုင်သောနည်းဖြစ်သည်။

ဆီးချိုရောဂါ လတ်တလောခံစားနေရသူများအတွက် သားအိမ်တွင်းထည့်ပစ္စည်းနည်းမှာ မည်သည့်အခြေအနေတွင်မဆို အသုံးပြုနိုင်ပြီး ကျန်နည်းလမ်းများမှာ ယေဘုယျသုံးနိုင်သော နည်းလမ်းများဖြစ်ကြောင်း သိရသည်။

စာ(၂၃)သို့

## ရာသီဥတုပြောင်းလဲမှုကြောင့် အအေးမိဖျားနာသူများလာ

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၅**

ရာသီဥတုရုတ်တရက် အကူးအပြောင်းကြောင့် အအေးမိဖျားနာသူများ ယခုရက်ပိုင်းအတွင်း များပြားနေကြောင်း အထွေထွေရောဂါကုဆေးခန်းများမှ သိရသည်။

ရာသီဥတုအကူးအပြောင်းကာလများတွင် ပုံမှန်အားဖြင့် အအေးမိ ဖျားနာခြင်းများအဖြစ်များကြသော်လည်း ယခုနှစ်တွင် အပူချိန်ချက်ချင်းကျဆင်းပြီး ရုတ်တရက်အေးလာသည့်အတွက် ဖျားနာသူ များပြားခြင်းဖြစ်ကြောင်း ဒေါက်တာထွန်းသိန်းက ပြောသည်။

"ပြီးခဲ့တဲ့ ၃၊ ၄ ရက်အတွင်း ဖျားလို့ရောက်လာတဲ့လူနာတွေ များတယ်" ဟုအဆိုပါဆရာဝန်ကပြောသည်။

ခန္ဓာကိုယ်အတွင်းတွင် အပူဒဏ်ခံနိုင်ရန် ဇီဝဖြစ်စဉ်ပြောင်းလဲမှုရှိနေရာမှ ရုတ်တရက်အေးလာသည့်အတွက် ခံနိုင်ရည်မရှိဘဲ အအေးမိဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အဆုတ်ရောင်ခြင်း စသည်တို့ ဖြစ်ပွားကြခြင်းဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့်အတွက် တစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်သော်လည်း ယခုဖြစ်သည့်တုပ်ကွေးသည် သာမန်တုပ်ကွေးပုံစံမျိုးသာဖြစ်ကြောင်း ကျွမ်းကျင်ဆရာဝန်များကပြောသည်။

အအေးမိ ဖျားနာခြင်း မဖြစ်စေရန်နှင့် ကူးစက်မှု မရှိစေရန် အစားမှန်မှန်စားခြင်း၊ အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအား ဂရုပြုခြင်း၊ လက်ဆေးခြင်းများဖြင့် ကာကွယ်နိုင်ပြီး အချို့မှာ ရာသီဥတု တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုး၍ ကာကွယ်မှုများ ရှိလာကြောင်း ဆေးခန်းများမှ သိရသည်။

## ကြက်ဥမှ မြွေအဆိပ်ဖြေဆေးထုတ်ရန် ဂျပန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်



**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၃**

လိုအပ်ချက်များနေသော မြွေအဆိပ်ဖြေဆေးထုတ်လုပ်မှုကို ဂျပန်နိုင်ငံ အစိုးရနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်သံရုံးမှ ထုတ်ပြန်ချက်အရသိရသည်။

မြွေဆိပ်ဖြေဆေးကို ယခင်က မြင်းများမှထုတ်ယူလုပ်ဆောင်ခဲ့သော်လည်း ဘေးထွက်ဆိုးကျိုးဖြစ်ပွားနိုင်သဖြင့် ကြက်ဥဖြင့် အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အဖြစ်အများဆုံးထဲ၌အပါအဝင်ဖြစ်သည့် မြွေကိုက်ခံရမှုမှာ နှစ်စဉ်အကြိမ် ၈,၀၀၀ ခန့် ပျမ်းမျှဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ကြက်ဥမှမြွေအဆိပ်ဖြေဆေး လုံလောက်စွာထုတ်လုပ်နိုင်ကာ အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရက မြွေဆိပ်ဖြေဆေးထုတ်စာတ်ခွဲခန်းအတွက် အမေရိကန်ဒေါ်လာတစ်သိန်းကျော် လှူဒါန်းခဲ့သည်ဟုသိရသည်။

အဆိုပါ ဓာတ်ခွဲခန်းမှာ မြန်မာနိုင်ငံဆေးသုတေသနဦးစီးဌာန လက်အောက်တွင် ဆောင်ရွက်လျက် ရှိပြီး ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ယခုလ ၁၀ရက်ကသဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။







7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010



# လူကြီးတွေသတိမထားမိလိုက်တဲ့ ကလေးငယ်များရဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု

သီဟ

**မိဘများသည် မိမိတို့ ရင်သွေးငယ်များ၏ ပုံမှန်ဖွံ့ဖြိုးကြီးထွားမှုများအား နေ့စဉ်နှင့်အမျှ စောင့်ကြည့်အကဲဖြတ်နေကြရသည်။ ကလေးငယ်များသည်လည်း ကြီးပြင်းလာသည့် အရွယ်အလိုက် သူ့သတ်မှတ်ချက်နှင့်သူ ကြီးထွားဖွံ့ဖြိုးမှုဖြစ်စဉ်များကိုလည်း ဖြတ်သန်း၍ လူလားမြောက်ကြရသည်။**

ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများသည် လူကြီးမိဘများအနေဖြင့် မြင်လွယ်သည့် အပိုင်းဖြစ်သဖြင့် မြင်သာထင်သာအကဲဖြတ်၍လွယ်ကူသော်လည်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကိုမူ အကဲဖြတ်ရန်ခက်ခဲကြောင်း ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ကလေးငယ်များတွင်လည်း လအလိုက်ဖွံ့ဖြိုးမှုများရှိကြရာ ကလေးအသက် တစ်လမှ သုံးလအရွယ်တွင် ကာယဖွံ့ဖြိုးမှုအားဖြင့် ခြေလက် လေးဘက်စလုံးကောင်းစွာလှုပ်ရှားနိုင်ခြင်း၊ နို့ကောင်းစွာစို့နိုင်ခြင်း၊ အနုစိတ် ကာယ လှုပ်ရှားမှုများနှင့် အမြင်အာရုံဖွံ့ဖြိုးမှုများအနေဖြင့် မိခင်အား လိုက်ကြည့်ခြင်း၊ လှုပ်ရှားနေသော ပစ္စည်းများကို လိုက်ကြည့်ခြင်း၊ ဘာသာစကားနှင့် အကြားအာရုံဖွံ့ဖြိုးမှုအားဖြင့် ချော့မြူလျှင်ပြုံးပြခြင်း၊ အသံကြားလျှင် အမူအရာပြောင်းသွားခြင်း၊ လူမှုဆက်ဆံရေး ဖွံ့ဖြိုးမှုအားဖြင့် မိခင်ကို မှတ်မိခြင်း ပြုံးပြခြင်းစသည်ဖြင့် ကလေးအသက်အလိုက်ဖွံ့ဖြိုးမှုများ ရှိကြကြောင်း သိရသည်။

ထိုသို့သော ဖွံ့ဖြိုးမှုများတွင် အချို့မှာလည်း မိဘဆွေမျိုးများက သတိထားမိသည်များရှိသကဲ့သို့ အချို့သော အချက်များအားလည်း အမိအဘနှင့်တကွ အတူနေဆွေမျိုးအသိုင်းအဝိုင်းက သတိမမူမိသည့် အချက်များလည်း ရှိကြသည်။

"မိဘတွေအနေနဲ့က ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကိုတော့ သတိထားမိကြပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကြတော့ သတိမထားမိကြဘဲနဲ့ တစ်ခါတလေကျရင် ကျောင်းထားတဲ့အချိန်ကျမှ စာမလိုက်နိုင်တာတို့၊ အများနဲ့ မဆက်ဆံတတ်တာတို့ ဖြစ်တတ်တယ်"ဟု ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာယုဇနစောမြင့်ကပြောသည်။

တစ်ခါတစ်ရံတွင်မူ မိဘများသည် နေကုန်နေခန်းအလုပ်လုပ်နေရ၍ မိမိတို့ကလေး၏ ဖွံ့ဖြိုးမှုအား သတိမပြုမိသည်များလည်း ရှိကြောင်း သိရသည်။အချို့သောကလေးများတွင်မူ အရွယ်အားဖြင့် ပုံမှန်ဖွံ့ဖြိုးမှုရှိသော်လည်း အစာမစားခြင်း၊အစားကျွေးရခက်ခြင်း စသည့်ပြဿနာများနှင့် ရင်ဆိုင်တတ်ကြရကြောင်း သိရသည်။

ထို့အပြင် မိဘများ၏ အမြင်တွင်ကလေးငယ်သည် ကျန်းမာသန်စွမ်း၍ ပုံမှန်ဖွံ့ဖြိုးမှုရှိသည်ဟု ယူဆသော်လည်း တတ်ကျွမ်းနားလည်သည့် ဆရာဝန်များ၏ အမြင်တွင်မူ ပုံမှန်ဖွံ့ဖြိုးခြင်း မရှိသည်များကိုတွေ့ရတတ်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ထို့ကြောင့် မိဘများသည် ကလေးငယ်များအတွက် ငယ်စဉ်ကပင်ကျန်းမာဖွံ့ဖြိုးမှုများအား ပုံမှန်စစ်ဆေးပေးလေ့ရှိသည့် Well Baby Clinic များတွင် မွေးစမှ ငါးနှစ်အထိ ပုံမှန်အစစ်အဆေးခံကြရန် လိုအပ်ကြောင်း ဒေါက်တာယုဇနစောမြင့်က အကြံပြုပြောကြားသည်။

Well Baby Clinic များသည်ကျန်းမာသန်စွမ်းသည့် ကလေးများအား ခန္ဓာကိုယ်ပိုင်း စိတ်ပိုင်းဆိုင်ရာများ ပုံမှန်ဖွံ့ဖြိုးမှုရှိမရှိ စစ်ဆေးပေးသည့် ဝန်ဆောင်မှုများ ပြုလုပ်ပေးရာနေရာဖြစ်ကြောင်း သိရသည်။

အချို့ကလေးများသည် ပုံမှန်အားဖြင့် ဖွံ့ဖြိုးမှုမှန်ကန်နေသော်လည်း တကယ်တမ်းစမ်းသပ်လိုက်ချိန်တွင် စိတ်ကျရောဂါဖြစ်နေခြင်း၊ အချို့ကလေးများတွင် အာရုံစူးစိုက်မှုအားနည်းနေခြင်း တစ်နေရာတည်းတွင် အချိန်ကြာမြင့်စွာ အာရုံစူးစိုက်နိုင်မှုမရှိခြင်း၊ စသည့်လက္ခဏာများသည် ငယ်စဉ်တွင် ပုံမှန်လက္ခဏာများသဖွယ်ဖြစ်သော်လည်း ကျောင်းနေအရွယ်ရောက်သည့်အခါ၌ စိတ်ပိုင်းဆိုင်ရာ ပြဿနာအချို့နှင့် ရင်ဆိုင်နေရသည့် ကလေးများဖြစ်ကြကြောင်း သိရသည်။

အချို့ကလေးများတွင်မူ အမြင်အားဖြင့် စိတ်ပိုင်း ရုပ်ပိုင်း ပုံမှန်ဖွံ့ဖြိုးသော်လည်း အမြင်အာရုံ၊ အကြားအာရုံချို့ယွင်းနေခြင်းများရှိတတ်ကြရာ ငယ်စဉ်ကပင် သိရှိပါက အခြေအနေမဆိုးစေရန် ကြိုတင်ကုသနိုင်ကြောင်း သိရသည်။

Well Baby Clinic များသည်ကလေးများတွင် အထက်ပါရောဂါလက္ခဏာများရှိနေပါက ရောဂါလက္ခဏာများအား စောစီးစွာစမ်းသပ်စစ်ဆေးတွေ့ရှိနိုင်ပြီး လိုအပ်သည့် ကုသမှုများအချိန်မလွန်ခင်ပေးနိုင်မည်ဖြစ်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

အဆိုပါ Well Baby Clinic များသည် ကလေးများသာမက မိဘများအားလည်း ကလေးပြုစုစောင့်ရှောက်ရာတွင် လိုအပ်သည့် နည်းလမ်းများအား အကြံဉာဏ်ပေးခြင်း၊ တွေ့ဆုံဆွေးနွေးပေးခြင်း စသည်များလည်း ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ ဝန်ဆောင်မှုအား ရှေးယခင်က ရန်ကုန်ကလေးဆေးရုံကြီးတွင်ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

ယင်းနောက်ပိုင်းတွင် အဆိုပါဝန်ဆောင်မှုမျိုးနှင့်အဆက်ပြတ်နေရာမှပုဂ္ဂလိက ကလေးဆေးရုံဖြစ်သော ရွှေပါရမီအထူးကုဆေးရုံတွင် ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာသိန်းအောင်၏အစီအစဉ်ဖြင့် ပြန်လည်အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

လက်ရှိတွင်မူ အပတ်စဉ်တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် အဆိုပါဝန်ဆောင်မှုအား ရွှေပါရမီ အထူးကုဆေးရုံ၌ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ■

## ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ အေ့စ်ကူးစက်မှုနှုန်း လျှော့ချနိုင်ရန် ဆောင်ရွက်နေ

**ဝတ်ရည်**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၀**

ကိုယ်ဝန်ဆောင်မိခင်မှ မွေးဖွားလာသည့်ကလေးသို့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကူးစက်နိုင်သည့်နှုန်းအား ၇ ဆခန့် လျှော့ချနိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ ရောဂါပိုး ၃၅ ရာခိုင်နှုန်းခန့် ကူးစက်နိုင်ခြင်းအား ၅ ရာခိုင်နှုန်းအထိ လျော့နည်းစေရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့နယ် ခုနစ်မြို့တွင် ဆောင်ရွက်နေကြောင်း ဒေါက်တာမြင့်ဇော်က ပြောသည်။

အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်နိုင်သည့် အကြောင်းများထဲတွင် ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်နိုင်သည့် အခြေအနေများလည်းရှိပြီး အများအားဖြင့် ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်နှင့် နို့တိုက်ချိန်များတွင် မိခင်မှ ကလေးသို့ ကူးစက်လေ့ရှိသည်။

"ကိုယ်ဝန် ၇ လကတည်းက MDR ဆေးကို စတိုက်တယ်။ ပြီးတော့မွေးဖွားချိန်မှာ ရိုးရိုးမွေးရင် ပိုကူးစက်နိုင်လို့ ခွဲမွေးလို့ရအောင် စီစဉ်ပေးတယ်။ နို့တိုက်ခြင်းကြောင့် ကူးစက်မှုမဖြစ်အောင် နို့မှုန့်တွေ ထောက်ပံ့ပေးတယ်" ဟု အဆိုပါဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဒေါက်တာမြင့်ဇော်ကပြောသည်။

ယခုအချိန်တွင် အဆိုပါ ရောဂါကူးစက်မှု လျှော့ချရေး လုပ်ငန်းအား တောင်ဥက္ကလာပ၊ တောင်ဒဂုံ၊ ကြည့်မြင်တိုင်၊ ပဲခူး၊ ပြည်၊ တောင်ကြီး၊ မော်လမြိုင် မြို့နယ်များတွင် ဆောင်ရွက်နေပြီး အမျိုးသမီးစုစုပေါင်း ၃၇၀ အားစောင့်ရှောက်မှုပေးနေကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်များ ဗိုက်အပ်သည့်အခါ နှစ်သိမ့်ဆွေးနွေးမှု အချို့လုပ်သည်။ အိတ်ချ်အိုင်ဗီရှိမရှိ စစ်ဆေးလေ့ရှိသည်။ ထိုအချိန်မှ ရောဂါပိုးရှိမှန်းသိသည့်အခါ အချို့မှာ တခြားနေရာများသို့ ထွက်ပြေးသွားသည်များလည်း ရှိသည့်အတွက် ကလေးငယ်များသို့ ရောဂါပိုးကူးစက်မှုများလည်း ရှိကြောင်း အဆိုပါ ဆရာဝန်က ပြောသည်။

"အခု လုပ်နေတဲ့ မြို့နယ်တွေမှာ ကိုယ်ဝန်ဆောင်မိခင်တွေ တခြားထွက်မသွားဘဲ အမြဲတမ်းဆေးရုံ၊ ဆေးခန်းရောက်လာအောင် သူတို့လိုအပ်တဲ့ ပစ္စည်းတွေနဲ့ ဆွဲဆောင်တယ်။ အဲလိုမျိုးနဲ့ အမြဲတမ်းစောင့်ကြည့်ပြီး ကလေးငယ်ကို ကူးစက်နိုင်မှု နည်းအောင်ဆောင်ရွက်ပေးပါတယ်" ဟု အဆိုပါဆရာဝန်က ပြောသည်။

ကလေးကိုးလအရွယ်မှသာ ရောဂါပိုးကူးစက်မှု ရှိ၊မရှိ စစ်ဆေးနိုင်ခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်မှုရနေကြောင်း သိရသည်။

ထိုလုပ်ငန်းများအား ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ ပံ့ပိုး၍ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝန်ထမ်းအလိုရှိသည် (Bakery shop)**

| | | |
|---|---|---|
| ၁။ | ကိတ်ဆရာ | ကျား-၁-ဦး |
| ၂။ | ပေါင်မုန့်ဆရာ | ကျား-၁-ဦး |
| ၃။ | ကိတ်အလှဆင်ဆရာ | ကျား-၁-ဦး |
| ၄။ | Cashier (အနည်းဆုံးတက္ကသိုလ်အဆင့်) | မ-၂-ဦး |
| ၅။ | အရောင်းစာရေး | မ-၃-ဦး |
| ၆။ | Waiters (အနည်းဆုံးတက္ကသိုလ်ဝင်တန်း) | မ-၃-ဦး |
| ၇။ | လုံခြုံရေး (၄၀အထက်ကျန်းမာရေးကောင်းမွန်) | ကျား-၂-ဦး |

အမှတ်စဉ်(၁၊ ၂၊ ၃)သည် ကျွမ်းကျင်အဆင့်နှင့် အတွေ့အကြုံရှိရမည်။

အထက်ပါဝန်ထမ်းအားလုံးသည် မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ ရပ်ကွက် ထောက်ခံစာမူရင်း၊ ဓာတ်ပုံ (၂)ပုံနှင့် အတူ တစ်ပတ်အတွင်း လူကိုယ်တိုင်လျှောက်ထားနိုင်သည်။

**လျှောက်ထားရန်လိပ်စာ-၁၈၀/၁၈၂ ဗိုလ်တထောင်ဘုရားလမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ အလုပ်လုပ်ရမည့်နေရာ - ကမ္ဘာအေး (ချော်တွင်းကုန်း) ဖုန်း-၀၉ ၅၀၉၀၀၇၂**

Regional
7DAY NEWS JOURNAL
Vol.9, No.39 · DECEMBER 23, 2010

## မြေပုံတွင် လေဆင်နှာမောင်းမွှေပြန်

ဂျွန်ကိုလင်း

**မြေပုံ၊ ဒီဇင်ဘာ- ၁၃**

ဂီရိမုန်တိုင်းတိုက်ခတ်မွှေနှောက်မှုကြောင့် မြေပုံမြို့သည် ရခိုင်ဒေသ၌ အဆိုးဝါးဆုံးပျက်စီးဆုံးရှုံးမှုကြုံခဲ့ရပြီး မုန်တိုင်းအပြီး တစ်လကျော်အကြာတွင် လေဆင်နှာမောင်းတိုက်ခတ်မှု ထပ်မံကြုံခဲ့ရကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာလ ၁၀ ရက် ညနေခန့်တွင်မိုးရွာသွန်းပြီး လေတိုက်ခတ်မှုနှုန်းပြင်းခဲ့ရာမှ လေဆင်နှာမောင်း ဝင်မွှေသွားကြောင်း မြေပုံမြို့မှ ဒေသခံများနှင့် ကူညီထောက်ပံ့ရေးအဖွဲ့ဝင်များက ပြောကြားသည်။

"လေပြင်းနဲ့အတူ လေဆင်နှာမောင်းမွှေတော့ ဂီရိအပြီး ယာယီဆောက်လုပ်ထားတဲ့ ဒေသခံတွေရဲ့ အိမ်အချို့လဲပြိုသွားတယ်" ဟု မြေပုံမြို့မှ ဒေသခံကိုညီချေကပြောသည်။ ထို့အတူ ဂီရိမုန်တိုင်းကြောင့် ကျိုးပျက်သွားခဲ့ရသော ဆက်သွယ်ရေးတာဝါတိုင်မှာလည်း ယာယီထူထောင်ထားခြင်းဖြစ်ရာ လေဆင်နှာမောင်းမွှေနှောက်တိုက်ခတ်ခြင်းကြောင့် ထပ်မံ၍ကျိုးပျက်ခဲ့ရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။


အင်န်ဂျီအိုဝန်ထမ်းတစ်ဦးက "လူအသေအပျောက်တော့ မရှိပါဘူး။ ရွာကြီးသုံးရွာလောက်တော့ လေဆင်နှာမောင်းဒဏ်ခံလိုက်ရတယ်။ လူတွေကစိတ်ဓာတ်ပိုင်းဆိုင်ရာအရ လေပြင်းတိုက်ရင်စိုးရိမ်နေကြပြီ" ဟု ပြောကြားသည်။

## တစ်ဆင့်ပြန်လည်ရောင်းချရန် အသင်းဖွဲ့ကာ ဆီထုတ်သူများ တစ်ကြိမ်လျှင် တစ်ဂါလန်နှုန်း ထုတ်ယူနိုင်

မျိုးမင်းဦး

**မုံရွာ၊ ဒီဇင်ဘာ- ၁၅**

နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်ရရှိခဲ့သော ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်ကြီးများတွင် ယခုနှစ်နိုဝင်ဘာလမှစ၍ စက်သုံးဆီရောင်းချမှုဂါလန် လျှော့ချခဲ့သည့်နောက်ပိုင်း ပြင်ပစက်သုံးဆီဆိုင်များသို့ တစ်ဆင့်ပြန်လည်ရောင်းချမည့် စက်သုံးဆီလုပ်ငန်းရှင်များအသင်းဝင်ဆိုင်ကယ်များအား အမှတ်အသားများ ပြုလုပ်ထားပြီး တစ်ကြိမ်ထုတ်လျှင်ဓာတ်ဆီတစ်ဂါလန်နှုန်း ရောင်းချပေးသော်လည်း ကိုယ်ပိုင်ယာဉ်ပိုင်ရှင်များအားခွဲတမ်းစနစ်အရ တစ်နေ့လျှင်တစ်ကြိမ် တစ်ကြိမ်ဂါလန်ဝက်နှုန်းဖြင့် ဓာတ်ဆီဝယ်ယူခွင့်ရရှိကြောင်း မုံရွာမြို့ခံယာဉ်ပိုင်ရှင်များက စက်သုံးဆီဝယ်ယူရရှိမှုနှင့်ပတ်သက်၍ ပြောကြားသည်။



"ကိုယ်ပိုင်ဆိုင်ကယ်တွေက တစ်နေ့မှတစ်ကြိမ် ထုတ်ရပြီး တစ်ကြိမ်ထုတ်ရင် ဂါလန်ဝက်ထုတ်ရတယ်။ စက်သုံးဆီဝယ်တဲ့ယာဉ်ပိုင်ရှင်တွေ ဆီဝယ်တဲ့အခါ စည်းကမ်းတွေ အမျိုးမျိုးထုတ်ပြီး မယုံကြည်သလိုစစ်လားဆေးလား တွေကပိုများတယ်။ ဆီထုတ်ပြီး ပြန်ရောင်းမယ့်သူတွေကတော့ အုပ်စုလိုက်နံပါတ်တွေတပ်ပြီး တစ်ခါထုတ်တစ်ဂါလန်နှုန်းနဲ့ ထပ်ခါထပ်ခါထုတ်နေတာတွေရှိတယ်။ ယာဉ်လိုင်စင်တွေ ကွန်ပျူတာနဲ့ စစ်စစ်၊ ဘာစည်းမျဉ်းတွေဘယ်လိုထားထား ဘက်လိုက်စက်သုံးဆီရောင်းချမှုပုံစံက အမှန်တကယ်ယာဉ်ပိုင်ရှင်တွေအတွက် နစ်နာတယ်"ဟု မုံရွာမြို့ခံယာဉ်ပိုင်ရှင်တစ်ဦးက စက်သုံးဆီဝယ်ယူမှုနှင့်ပတ်သက်၍ပြောသည်။

"စက်သုံးဆီထုတ်တဲ့သူတွေ တန်းစီနေရတာတစ်ကြိမ် ဆီထုတ်ရရင် နစ်နာရီလောက်ကြာတယ်။ ရတော့ဆီက ဂါလန်ဝက်နဲ့ ဆိုင်ကယ်တွေ တွန်းကြတိုက်ကြနဲ့ ဆိုင်ကယ်တွေ ပွန်းပဲ့ကျိုးကုန်တာတွေရှိတယ်။ တစ်ခါတစ်ရံစက်သုံးဆီထုတ်ဖို့တန်းစီရင်းရန်ဖြစ်ကြတာတွေရှိလို့ အပြင်စက်သုံးဆီဆိုင်တွေဆီ အမြတ်ပေးဆီဝယ်ရတော့တယ်။ ကိုယ်ပိုင်စီးဖို့ထုတ်တဲ့သူတွေကမရှိသလောက်နည်းတယ်။ အပြင်စက်သုံးဆီပြန်ရောင်းဖို့တန်းစီထုတ်တဲ့သူတွေများပြီး အုပ်စုဖွဲ့တန်းစီတိုးတော့ အပြင်က လူတွေဆီ မထုတ်ရဲတော့ဘူး"ဟု မုံရွာမြို့ခံဆိုင်ကယ်ပိုင်ရှင် တစ်ဦးကပြောသည်။

"စက်သုံးဆီထုတ်ယူဖို့ အသင်းဝင်ကြေးက ကျပ်ငါးရာပေးရင် အဖွဲ့နံပါတ်၊ဆိုင်ကယ်နံပါတ်နဲ့အဖွဲ့ခေါင်းဆောင်လက်မှတ်ကို ဆိုင်ကယ်မှာကပ်ပေးတယ်။ အဲဒီနံပါတ်ပြားလေးပါမှ တစ်ကြိမ်ဆီထုတ်ရင် ဆီတစ်ဂါလန်ရတယ်။အဖွဲ့လိုက်အလှည့်ကျထုတ်ရတာ။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ကြီး ၃ဆိုင်မှာ အဖွဲ့ငါးဖွဲ့ရှိပြီး အဖွဲ့တစ်ဖွဲ့မှာ ဆိုင်ကယ်အစီး ရှစ်ဆယ်တစ်ရာလောက်တော့ရှိတယ်။ တစ်ရက်လေးကြိမ်လောက် ထုတ်နိုင်ပြီး တစ်ဂါလန် ၁,၆၀၀ ကျပ်လောက်အမြတ်ရတယ်"ဟု စက်သုံးဆီထုတ်ယူသူအသင်းဝင်တစ်ဦးကပြောသည်။

## အုတ်ဖိုများ လုပ်ငန်းစ၍ အုတ်ဈေးပြန်ကျ

ဇော်ကိုကို

**မန္တလေး၊ ဒီဇင်ဘာ - ၁၅**

မတ္တရာမြို့နယ်ရှိ အုတ်လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ပြီဖြစ်သောကြောင့် အုတ်များပုံမှန်အတိုင်းပြန်လည်ထွက်ရှိလာကာ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာကြောင်း မန္တလေးအိမ်ဆောက်ပစ္စည်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မိုးနှောင်းကာလတွင် မိုးရွာသွန်းမှု စံချိန်တင်များပြားခဲ့ခြင်းကြောင့် မတ္တရာမြို့နယ်ရှိ အုတ်ဖိုအချို့ ရေဝင်ပျက်စီးဆုံးရှုံးမှုများပြားခဲ့ပြီး ဈေးကွက်အတွင်း အုတ်ဈေးနှုန်းများ ခေါက်ချိုးမြင့်တက်ခဲ့သည်။ ယခုအခါ ရေဝတီမြစ်ရေပြန်လည်ကျဆင်းမှုနှင့် မိုးဥတုလွန်မြောက်လာသောကြောင့် အုတ်လုပ်ငန်းများ ပုံမှန်ပြန်လည် လုပ်ကိုင်လာကြပြီး ဈေးနှုန်းများလည်း တရိပ်ရိပ်ကျဆင်းလာကြောင်း မတ္တရာမြို့နယ် အုတ်လုပ်ငန်းများမှ စုံစမ်းသိရှိရသည်။

"ရေဝင်ပျက်စီးသွားတဲ့ အုတ်ဖိုတွေလည်း လုပ်ငန်းပြန်စနေကြပြီ။ အုတ်တွေလည်း စထွက်လာနေပြီ။ အရင်ဈေးတက်သွားတုန်းက ၈၀၊ ၈၅ ကျပ်လောက်ထိတက်သွားတာ။ အခု ၇၀ ကျပ်အထိပြန်ကျသွားပါပြီ။ ဆက်ကျဦးမှာပါ။ ပုံမှန်အခြေအနေထိ ပြန်ကျသွားလိမ့်မယ်လို့ ထင်ပါတယ်" ဟု မတ္တရာမြို့နယ်အုတ်လုပ်ငန်းတစ်ခုမှ ပြောသည်။ ယခင်အုတ်ဈေးနှုန်းများ ကျပ် ၈၀ ကျော်အထိ မြင့်တက်သွားစဉ်က ငွေကြေးမတတ်နိုင်၍ ဆောက်လုပ်တဲ့အဆောက်အအုံအချို့ ရပ်နားထားခဲ့ရပြီး ယခုအခါ ပြန်လည်တည်ဆောက်နေကြပြီဖြစ်သည်။

## မန္တလေးစက်မှုဇုန် ကားထုတ်လုပ်ရေးများပူးပေါင်းကာ အမ်ပီဗီကား အစီး ၁၅၀၀ ထုတ်လုပ်မည်

စိုင်းသာအောင်

**မန္တလေး၊ ဒီဇင်ဘာ - ၁၆**

မန္တလေးစက်မှုဇုန် ၁ နယ်မြေတွင် မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းရှင်များကစုပေါင်း၍မိသားစုစီးကား MPV ကားအစီး (၁၅၀၀) ခန့်ထုတ်လုပ်ရန် လျာထားသတ်မှတ်ထားကြောင်း၊ ထုတ်လုပ်သောကားများမှာ ညာမောင်းယာဉ်များသာဖြစ်ကြောင်း၊ မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်တစ်ဦးက 7Day News သို့ ပြောသည်။

စက်မှုဇုန်ကြီးကြပ်ရေးကော်မတီထုတ်လုပ်မှုခွင့်ပြုချက်အရ UD Group, Man Star, KTS မော်တော်ယာဉ်ထုတ်လုပ်ရေးတို့မှ မိသားစုစီး MPV ကား (ဒေသခေါ် လိုက်ထရပ် သို့မဟုတ် ပေါင်မုန့်ကား) များကို စတင်ထုတ်လုပ်နေပြီး ဝယ်ယူလိုသူအချို့ကို စတင်ရောင်းချနေပြီဖြစ်ကြောင်း၊ UD Group မှဈေးကွက်မန်နေဂျာက ပြောသည်။ မန်းစတားဂရုပ်အနေဖြင့် စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့မှ တရားဝင်ထုတ်လုပ်ခွင့်ပြုရရှိထားသော MPV ကားများကို ရွှေ့လျားစက်ပစ္စည်းတပ်ဆင်မှုစနစ်ဖြင့် မော်တော်ယာဉ်များကို စတင်ထုတ်လုပ်ကြောင်း မန်းစတားဂရုပ်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးကိုကိုဦးက 7Day News သို့ပြောသည်။

၎င်းတို့အဖွဲ့အနေဖြင့် MPV ကားအစီးပေါင်း ၆၀၀ ခန့်ထုတ်လုပ်ရန်လျာထားပြီး အားလုံးညာမောင်းများဖြစ်ကြောင်း၊ ၎င်းအစီး ၆၀၀ ထုတ်လုပ်ပြီးပါက ဘယ်မောင်း MPB ယာဉ်အစီး ၃၀၀ ခန့် ထုတ်လုပ်ရန်ရှိကြောင်း ရှင်းပြသည်။ မန္တလေးမြို့နှင့်အထက်မြန်မာပြည်မြို့ကြီးများဖြစ်သော မိတ္ထီလာ၊ ရွှေဘို၊ မိုးကုတ်၊ မုံရွာ၊ မြင်းခြံ၊ ကျောက်ဆည်မြို့ကြီးများမှ ငွေကြေးချမ်းသာပြီး ကားဝယ်စီးမည့်သူများက အမှာစာများဖြင့် အများဆုံးမှာယူလျက်ရှိကြောင်း သိရသည်။ အဆိုပါ MPV ကားများသည် ယခင်က ဟိုတယ်၊ မိုတယ်များတွင် ဧည့်ကြိုကားများအဖြစ်လည်းကောင်း၊ မိသားစုစီးအဖြစ်လည်းကောင်း ယခင်က တစ်စီးအနည်းဆုံးကျပ်သိန်း ၃၅၀ မှ ကျပ်သိန်း ၅၀၀ အထိဈေးရှိသဖြင့် ယခုစက်မှုဇုန်မှ ကားတစ်စီး ကျပ်သိန်း ၂၉၀ ဝန်းကျင်ဖြင့် ရောင်းချသွားမည်ဖြစ်သဖြင့် ကားဝယ်လိုသူများက စိတ်ဝင်စားမှုရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

# အခါလွန်မိုးကြောင့် နေပြည်တော် မတ်ပဲစိုက် တောင်သူအများစု အကျိုးရှိဟုဆို

**နေပြည်တော်၊ ဒီဇင်ဘာ - ၁၇**

ယခုလဒုတိယပတ်အတွင်းက ရွာသွန်းခဲ့သည့် အခါလွန်မိုးကြောင့် မိုးစပါးအပြီး မတ်ပဲစိုက်ပျိုးသည့် တောင်သူအများစုအတွက် အကျိုးရှိခဲ့ကြောင်း နေပြည်တော်ဒေသခံလယ်သမားများက ဆိုကြသည်။

မြန်မာနိုင်ငံ ဒေသအများအပြားတွင် တစ်ချိန်တည်း ရွာသွန်းခဲ့သော အခါလွန်မိုးကြောင့် စပါးရိတ်သိမ်းဆဲ ဒေသများတွင် ထိခိုက်ဆုံးရှုံးမှုများ ရှိခဲ့သည်။ စပါးခြွေလှေ့စက် ရာနှုန်းပြည့်နီးပါး အသုံးပြုလျက်ရှိသည့် နေပြည်တော်တွင်မူ စပါးအလွန် မတ်ပဲစိုက်တောင်သူများအတွက် အကျိုးရှိခဲ့ကြောင်း ဒေသခံလယ်သမားကြီး ဦးဝင်းအောင်က ပြောကြားသည်။


ဓာတ်ပုံ - အောင်အောင်

"ဒီဘက်မှာတော့ ဆုံးရှုံးတာမရှိလောက်ပါဘူး။ စပါးတွေကသိမ်းပြီးပြီလေ။ အကယ်၍ကျန်ရင်တောင် အတော်နည်းပါလိမ့်မယ်။ အားလုံးက စပါးခြွေစက်နဲ့ သိမ်းကြတာဆိုတော့ မြန်တယ်။ မတ်ပဲတွေကတော့ မိုးရွာလိုက်တဲ့အတွက် အပင်ပေါက်နှုန်း ပိုကောင်းလာသလို ကြီးထွားမှုနှုန်းလည်း မြန်လာတာကြောင့် အပင်ဟိုမုန်းဆေးတောင် သက်သာသေးတယ်"ဟူ၍ ဒေသခံလယ်သမားများ၏ အခြေအနေကို ၎င်းက ပြောကြားခဲ့သည်။

နေပြည်တော်ဒေသအနှံ့အပြားတွင် စပါးခြွေလှေ့စက်ကို အခပေးစနစ်တို့ဖြင့် လှည့်လည်အသုံးပြုခဲ့သည်မှာ ဆယ်နှစ်ကျော်အထိရှိလာပြီး ယနေ့အချိန်တွင် ရာနှုန်းပြည့်နီးပါးအသုံးပြုလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ယခုလ ဒုတိယပိုင်းအတွင်းက အခါလွန်မိုးရွာသွန်းခဲ့ချိန်တွင် လယ်သမားအများစုမှာ စပါးသိမ်းဆည်းပြီးနေကြောင်း သိရှိရသည်။ စပါးခြွေလှေ့စက်ကို အခပေးငှားရမ်းအသုံးပြုရာတွင် စပါး တစ်တင်းအတွက် ၁၅၀ကျပ်မှ ၁၈၀ကျပ်အတွင်း ကုန်ကျမှုရှိကြောင်း၊ ခြွေလှေ့စက်မှာလည်းငွေကြေးတတ်နိုင်သော တောင်သူကြီးများက ဝယ်ယူထူထောင်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။




# ပဲခူး - ဥသျှောင်မြို့သစ်တွင် လက်ယက်အဝီစိတွင်း တူးဖော်အသုံးပြုသူ များပြားလာ

ဖိုးကျော်မြင့်

**ပဲခူး၊ ဒီဇင်ဘာ- ၁၃**

ပဲခူးတိုင်းဒေသကြီး(အရှေ့)ပဲခူးမြို့နယ် ဥသျှောင်မြို့သစ်တွင် ရှေးရိုးစဉ်ဆက် ရေတွင်းတူးခကုန်ကျစရိတ်နှင့် လက်ယက်အဝီစိတွင်းတူးခ ကုန်ကျစရိတ်များမှာ ကွာခြားမှုအနည်းငယ်သာရှိသဖြင့် ရေရှည်အကျိုးကိုမျှော်မှန်း၍ လက်ယက်အဝီစိတွင်းများကို အိမ်ဝိုင်းတိုင်းလိုပင် တူးဖော်လျက်ရှိကြောင်း သိရသည်။

ဥသျှောင်မြို့သစ် စာလေးကွင်းကျေးရွာတွင် နေထိုင်သူ လက်ယက် အဝီစိတွင်းတူးဆရာ ဦးကျော်လွင်က ယခုနှစ်တွင် လက်ယက်အဝီစိတွင်းတူးလုပ်ငန်းမှာ တွက်ခြေကိုက် (ဝင်ငွေရ) လျက်ရှိကြောင်း ပြောကြားသည်။

ရှေးရိုးစဉ်လာ ရေတွင်းတူးဖော်မှုမှာ အလုပ်သမားခ ဈေးကြီးမြင့်မှုကြောင့် လေးပေပတ်လည်အဝရှိသည့် ရေတွင်းတူးခမှာ အနက်တစ်ပေလျှင် ၁,၀၀၀ ကျပ်ကျော်ပေးရပြီး ရေထွက်အနက်မှာ ပေ ၇၀ မျှပျမ်းမျှရှိသဖြင့် ငွေ ကျပ် ၈၀,၀၀၀ မျှကုန်ကျသည်။ အချို့သောရေတွင်းများမှာ ပေ ၃၀ မှ ပေ ၄၀ အတွင်း ရေကောင်းရေသန့်တူးဖော်ရရှိကြောင်း သိရသည်။ လူကိုယ်တိုင်ဆင်း၍တူးရသဖြင့် လေမွန်းကျပ်ကာ အသက်ရှူမဝသဖြင့် အလုပ်သမားများ အသက်ဆုံးရှုံးမှုများပင် ရှိနိုင်သည်။ အုတ်စီရေတွင်းဖြစ်ပါက ကုန်ကျငွေမှာ လက်ယက် အဝီစိတွင်းတူးသည့် စရိတ်ထက်ပင် ပိုမိုကုန်ကျကြောင်းသိရသည်။

လက်ယက်အဝီစိတွင်း တူးဖော်ပါက အနက်တစ်ပေလျှင် ၄၀၀ ကျပ်နှုန်းဖြင့် ရေသန့်ရရှိသည်အထိ တူးဖော်ပေးခြင်း၊ ပြည်တွင်းဖြစ် ရေတုံကင်တပ်ဆင်ပေးခြင်း၊ လျှပ်စစ်မီးရရှိသည့်နေရာဖြစ်ပါက ငါးမူးအားရှိ မော်တာတပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပိုက်ဖိုး၊ မော်တာဖိုး၊ ရေတုံကင်ဖိုး၊ ရေတူးခ အပါအဝင် စုစုပေါင်း ကုန်ကျငွေ ကျပ် ၁၅၀,၀၀၀ မျှသာ ကုန်ကျကြောင်း လက်ရှိ အဝီစိတွင်းတူးဆရာ ဦးကျော်လွင်က ပြောသည်။

ဥသျှောင်မြို့သစ်တွင် ရပ်ကွက်ကြီး ၉ကွက်အထိရှိပြီး လက်ယက်အဝီစိတွင်းတူးဖော်ပါက ပေ ၈၀ မှ ပေ ၁၅၀ အတွင်း ရေသန့် ရရှိကြောင်း သိရသည်။

ပဲခူးမြို့ ဥသျှောင်မြို့သစ်သည် မြစ်နား၊ ချောင်းနားနှင့်မနီးခြင်း၊ ရေကန်များ မရှိခြင်းတို့ကြောင့် ရှေးရိုးစဉ်လာ ရေပုံးနှင့်ခပ်သော ရေတွင်းနှင့် လက်ယက်အဝီစိတွင်းများကိုသာ အားထားနေကြရသည်။



7DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010



# နေပြည်တော် မြေဈေးကွက် အဝယ်လိုက်သဖြင့် ဈေးမြင့်လာ

စိုင်းသာအောင်

**နေပြည်တော်၊ ဒီဇင်ဘာ-၁၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ မြေကွက်များအား မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ဝင်စားမှုရှိပြီး၊ ဝယ်ယူမှုများရှိနေသဖြင့် နိုဝင်ဘာလဆန်းမှ ဒီဇင်ဘာလ ဒုတိယပတ်အထိ မြေဈေးနှုန်း မြင့်တက်မှုများရှိကြောင်း၊ နေပြည်တော်၌ နေထိုင်ရန် မြေကွက်ဝယ်သွားသော မန္တလေးမှ စီးပွားရေးလုပ်ငန်းရှင် အချို့ထံမှ သိရသည်။



အထူးသဖြင့် မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များက ပုဗ္ဗသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်များရှိ မြေကွက်များကို အများဆုံးဝယ်ယူမှုရှိပြီး နေပြည်တော် ဘူတာကြီးနယ်မြေနှင့် ကညနရုံး ခရိုင်ဝန်ကျင်းမြေကွက်များက ဝယ်ယူသူပိုမိုကြိုက် နှစ်သက်သဖြင့် ဈေးပိုမိုမြင့်မားကြောင်း၊ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း နေပြည်တော်သို့မြေသွားဝယ်သူ မန္တလေးစက်မှုဇုန် (၁)နယ်မြေမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"နေပြည်တော် မြေကွက်က အောက်တိုဘာလ ၂၉ ရက် ရှေ့ပိုင်းတွေက ပေ ၆၀ × ပေ ၈၀ မြေကွက်တွေကို ပုံမှန်သိန်း ၆၀ လောက်ဖြစ်နေတယ်။ နိုဝင်ဘာ ၃၀ ရက်မှစတင်ပြီး ဒီဇင်ဘာ ၁၄ ရက်အထိ ဆက်တိုက်တက်နေတယ်။ ပေ ၆၀ × ပေ ၈၀ အကွက်တွေက အနည်းဆုံးကျပ်သိန်း ၈၀ ကနေပြီး၊ နေရာကောင်းတဲ့ နေရာဆိုရင် ကျပ်သိန်း ၃၀၀ လောက်အထိ ဖြစ်သွားတယ်။ ပေ ၄၀ × ပေ ၈၀ အကွက်တွေက အနည်းဆုံး ကျပ်သိန်း ၄၀ မှ ကျပ်သိန်း ၁၀၀ အထိဖြစ်သွားတယ်။ ရာဇဌာနီ လမ်းမကြီးဝန်းကျင်၊ သင်္ဂဟလမ်း ဝန်းကျင်၊ သပြေကုန်းဈေးအနီး ဝန်းကျင်မြေကွက်တွေကတော့ ဈေးအမြောက်ဆုံးပါပဲ။ ကျပ်သိန်း ၈၀၀ ကနေ ကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန်း ၃၀၀၀ အထိ စီးပွားရေးလုပ်ငန်းရှင်တွေကပေးဝယ်နေကြတာကို သိခဲ့ရတယ်" ဟုမန္တလေးစက်မှုဇုန် ၁၊ မြတောင်ညွန့်သကြားစက်မှ ဒေါ်ညိုညိုစန်းက နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ နေပြည်တော်မြေဈေးများ မြင့်တက်လာမှုနှင့် ပတ်သက်၍ 7Day News သို့ ရှင်းပြသည်။

# စက်မှုဇုန်ထုတ် လိုက်ထရပ်ကားများ ဈေးကွက် ဝယ်လိုအားကောင်းဆဲ

စိုင်းသာအောင်

**မန္တလေး၊ ဒီဇင်ဘာ - ၁၆**

မန္တလေးမြို့ စက်မှုဇုန်မှထုတ်လုပ်လိုက်သည့် လိုက်ထရပ်ကားများမှာ ကျောင်းသားကျောင်းသူများဖယ်ရီပို့ခြင်း၊ ဈေးသူဈေးသားများက ပစ္စည်းတင်ရခြင်း၊ ကျေးရွာတောင်သူများက စပါးနှင့်အခြားသီးနှံများ ဝယ်ရာတွင် အသုံးပြုနိုင်ခြင်းကြောင့် ယနေ့စက်မှုဇုန်မော်တော်ကားဈေးကွက်တွင် ဈေးကွက်အဝင်ဆုံးဖြစ်ကြောင်း၊ စက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေးမှသိရသည်။

ပြည်လုံးချမ်းသာရပ်ကွက် အိမ်ရှင်မတစ်ဦးက "ကျွန်မသားကို လိုက်ထရပ်ကားတစ်စီး ကျပ်သိန်း ၁၃၀နဲ့ဝယ်ပြီး၊ ရတနာပုံတက္ကသိုလ်ကျောင်းဖယ်ရီပြေးခိုင်းတယ်။ ဝင်ငွေမဆိုးဘူး။ အလုပ်အတွက်အဆင်ပြေပါတယ်" ဟုပြောသည်။

ဈေးချိုတော် မန်းမြန်မာပလာဇာဈေးအထည်နဲ့ စောင်ကုန်သည်တစ်ဦးက "ယခင်စူပါဆလွန်းမိသားစုစီးပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ရောင်းတဲ့ ကုန်ကစောင်၊ခြင်ထောင်၊ ခေါင်းအုံးနဲ့ခန်းဝင်ပစ္စည်းတွေဆိုတော့စူပါဆလွန်းရောင်းပြီး လိုက်ထရပ်ဝယ်လိုက်တာမိသားစုလည်းသုံးရ၊ ပစ္စည်းလည်းတင်ရတော့ အဆင်ပြေတယ်"ဟု ပြောသည်။

ရွှေဘိုနယ်ဆိပ်ခွန်ကျေးရွာမှ တောင်သူတစ်ဦးက "ကျွန်တော်တို့လည်း ကျွန်တော်တို့နယ်နဲ့လိုက်ထရပ်တစ်စီးဝယ်စီးရတာ အဆင်ပြေတယ်။ စပါးတင်လည်းရတယ်။ အခြားသီးနှံလည်းတင်ဖြစ်တယ်။ မိသားစုစီးရတာလည်းအဆင်ပြေတယ်။ ဘုရားဖူးသွားလည်းရတယ်။ လူတွေလည်းအများကြီးဆံ့တယ်"ဟု ပြောသည်။ စက်မှုဇုန်ထုတ်လိုက်ထရပ်ကားများမှာ အနည်းဆုံး ကျပ်သိန်း ၁၁၀ မှ ကျပ်သိန်း ၁၅၀ အတွင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

# မန္တလေး-မူဆယ်ကြား ကုန်စည် စီးဆင်းမှုပိုများလာ

မင်းဒင်

**မန္တလေး၊ ဒီဇင်ဘာ-၁၈**

ကုန်တန်ချိန် လျှော့ချသယ်ဆောင်ရန် သတိပေးကြေပ်မတ်ခြင်းများရှိသော်လည်း မန္တလေး-မူဆယ်ကုန်စည်စီးဆင်းမှုလမ်းကြောင်းတွင် ကုန်တင်ခနှင့်ကုန်စည်စီးဆင်းမှုများလာခြင်းတို့ကြောင့် ယာဉ်အစီးရေ ထက်ဝက်ခန့်တိုး၍ပင် ပြေးဆွဲပေးနေရကြောင်း လမ်းတံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး (ရှမ်းပြည်နယ်မြောက်ပိုင်း) လားရှိုး(တိုးဂိတ်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အရင်ကားအစီးရေ ၃၀၀ ဝန်းကျင်သွားနေရာကနေအခုကားအစီးရေ ၆၀၀ အထိ မူဆယ်ကို သွားနေကြတယ်။ ကုန်ချိန်လျှော့သယ်ရပေမယ့် ကုန်တင်ပို့ခတွေလည်းတိုးလာတော့ ကားတွေသွားကြတယ်။ ကုန်စည်စီးဆင်းမှု ပုံမှန်ပဲလို့ပြောလို့ရမယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။ ပထမအကြိမ်အဖြစ် နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်အတွင်းကုန်တန်ချိန်များ လျှော့ချသယ်ယူစေခဲ့ကာ ယခုဒီဇင်ဘာ ၈ ရက်တွင် ထပ်မံ၍ဒုတိယအကြိမ် ငါးတန်စီ လျှော့ချသယ်ယူစေခဲ့သည်။

ကုန်တန်ချိန် လျှော့ချသယ်ယူစေရန် သတိပေးကာလအတွင်း၌ ယာဉ်မောင်းများ လိုက်နာမှုရှိကာ တန်ပိုတင်ဆောင်သော ယာဉ်များအား ရာခိုင်နှုန်းဖြင့်တွက်ပါက သုံးရာခိုင်နှုန်းခန့်သာရှိကြောင်း အထက်ပါတာဝန်ရှိသူက ပြောသည်။

"ဒီအချိန်က ကုန်ရာသီလည်းဖြစ် စိုက်ပျိုးရေးအတွက် မြေဆီလည်းသွင်းဆိုတော့ အတက်ကုန်ရော အဆင်းကုန်ရောရှိတယ်။ အတက်ကုန်ကရာဘာနဲ့ ပြောင်း၊ ဒီရက်ပိုင်းတင်နေရတယ်။ အဆင်းကမြေဆီနဲ့ စက်ပစ္စည်းသယ်ရတယ်။ ကားမလောက်တလောက်ဖြစ်နေတယ်။ ကားရအောင်ကြိုးစားနေရတယ်"ဟု ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။ကုန်စည်ပို့ဆောင်ရေးအတွက် နှုန်းထားများမြင့်မားလာပြီး တစ်ပိဿာလျှင် အတက်ကားခမှာ ကျပ် ၈၀ ကျော်ဝန်းကျင်နှင့် အဆင်းကားခမှာ ကျပ် ၁၀၀ ကျော်အထိဖြစ်လာကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကုန်စည်ပို့ဆောင်ရေးနှုန်းထားများ မြင့်မားလာခြင်းသည် ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအပေါ် ပိုမိုအဆင်ပြေစေကာကုန်စည်စီးဆင်းမှုအတွက်ချောမွေ့စေပြီး ယာဉ်အစီးရေ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း ဂိတ်မှူးတစ်ဦးကသုံးသပ်ပြောကြားသည်။ ရာသီပေါ်သီးနှံအဖြစ် ဖရဲသီးထွက်ရှိနေပြီးသခွားမွှေး ထပ်မံထွက်ရှိမည်ဖြစ်ရာ မန္တလေးမှမူဆယ်သို့ အတက်ကုန်ရှိနေပြီး တရုတ်ပြည်ဘက်မှလည်း ဖရဲသီးနှင့်သခွားမွှေးအဝယ်ရှိ၍ ကုန်စည်စီးဆင်းမှုကောင်းမွန်နေဦးမည်ဟု မျှော်လင့်ရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"အရင်ကကားတစ်စီးတစ်လနှစ်ခေါက်လောက်ပဲ မူဆယ်တက်တယ်။ အခု ဒုန်းတက်၊ ဒုန်ဆင်းနဲ့ တစ်လ ငါးခေါက်လောက်ခေါက်ရေတိုးပြီး မောင်းကြရတယ်။ ခေါက်ကြေးစားနှုန်းထားအရကိုက်တယ်။ အခု ကုန်ပို့ခနှုန်းအရတော့အဆင်ပြေတယ်။ ကုန်ပို့ခနှုန်းကျရင်တော့ အဆင်မပြေလောက်ဘူး"ဟုမန္တလေး-မူဆယ်ယာဉ်မောင်းတစ်ဦးကပြောကြားသည်။

# အက်ဖ်အေအိုက ရခိုင်ပြည်နယ်တွင် စမ်းသပ်စိုက်ပျိုးရန် ဂျုံမျိုး တင်း ၂၀ ဖြန့်ဝေမည်

မောင်ကံ

**မောင်တော၊ ဒီဇင်ဘာ- ၁၃**

ဆန်စပါးစိုက်ပျိုးမှုကိုသာ အဓိကလုပ်ကိုင်နေသည့် ရခိုင်ပြည်နယ်တွင် ဂျုံစိုက်ပျိုးမှုမှာ မရှိသလောက်နည်းပါးနေသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(အက်ဖ်အေအို)က မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် စမ်းသပ်စိုက်ပျိုးရန် ဂျုံမျိုးတင်း ၂၀ ကို အခမဲ့ဖြန့်ဝေပေးသွင်းမည်ဖြစ်ကြောင်း သိရသည်။ စမ်းသပ်စိုက်ပျိုးမှု စတင်သည့်အနေဖြင့် တစ်ဧကလျှင် နှစ်တင်းနှုန်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ တင်း ၂၀ အနက် မောင်တောမြို့နယ်တွင် ငါးဧကစိုက်ရန် ဆယ်တင်း၊ ဘူးသီးတောင်မြို့နယ်တွင် သုံးဧကစိုက်ရန် ခြောက်တင်းနှင့် ရသေ့တောင်တွင် နှစ်ဧကစိုက်ရန်လေးတင်းဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ စမ်းသပ်စိုက်ပျိုးမှာဖြစ်ပါတယ်။ အရင်နှစ်တွေက ဂျုံစိုက်တာမရှိပါဘူး။ ဂျုံဈေးကွက်ကလည်း ဆန်ဈေးကွက်နဲ့အတူရှိနေတော့ တောင်သူတွေအနေနဲ့ ဈေးကွက်ဝင်သီးနှံတွေစိုက်ပျိုးဖို့လမ်းစရရှိအောင် ကိုယ့်ဒေသရာသီဥတုသဘာဝနဲ့ ကိုက်ညီတဲ့သီးနှံတွေစိုက်ပျိုးတတ်လာအောင် ရည်ရွယ်ပြီးတော့ဖြန့်ဝေပေးတာဖြစ်ပါတယ်" ဟု အက်ဖ်အေအိုရုံးမှ စီမံချက်မန်နေဂျာဦးလှအောင်ကပြောသည်။ ယခုနှစ်တွင် စမ်းသပ်စိုက်ပျိုး၍အောင်မြင်ဖြစ်ထွန်းပါက လာမည့်နှစ်တွင်တိုးချဲ့စိုက်ပျိုးနိုင်ရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# မြေပဲဈေးကျကာ နှမ်းဈေးမာဖြီး



**မန္တလေး၊ ဒီဇင်ဘာ-၁၅**

ယခုတစ်ပတ်အတွင်း မန္တလေး ပဲ၊ နှမ်းဈေးကွက်ရှိ မြေပဲဆန်ဈေးသည် ယခုလဆန်းပိုင်တွင်း တစ်ပိဿာ ၁၆၀၀ ကျပ်ဝန်းကျင်ခန့်မှ ဒီဇင်ဘာ ၁၅ ရက်တွင် တစ်ပိဿာလျှင် ၁၄၀၀ ကျပ်ဝန်းကျင်ထိ ကျသွားခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မြေပဲဆန်ဈေးကျဆင်းသွားခြင်းသည် ပဲဖတ်ဈေးကျခြင်းကြောင်းဖြစ်သည်ဟု မန္တလေးမြို့ရှိ ဆီစက်သမားများနှင့် ပဲ၊နှမ်းပွဲရုံများမှ ဆိုကြသည်။ မန္တလေး ပဲဖတ်ဈေးမှာ တစ်ပိဿာလျှင် ၆၈၀ ကျပ်မှ ၇၀၀ ကျပ်ဝန်းကျင်တွင်ဖြစ်ပြီး ရန်ကုန်ပဲဖတ်ဈေးမှာ တစ်ပိဿာလျှင် ၇၄၀ ကျပ်ဝန်းကျင်ခန့် ဖြစ်သည်။

နှမ်းအသစ်မှာ တရုတ်လိုင်းသမားများ ပြန်ဝယ်ကြသောကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်နှင့် ဈေးအနည်းငယ် ပြန်မာလာကြောင်း မန္တလေးကုန်စည်ဒိုင်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နှမ်းနက်စမုံ(အသစ်)သုံးတင်းဝင်တစ်အိတ်လျှင် ထိပ်စ၉၅,၀၀၀ ကျပ်၊ အလတ်စ ၉၁,၀၀၀ ကျပ်၊ နှမ်းဖြူ(အသစ်) ထိပ်စ ၇၃,၀၀၀ ကျပ်၊ အလတ်စ ၇၀,၀၀၀ ကျပ်ဖြစ်ပြီး ဒီဇင်ဘာ ပထမပတ်တွင် နှမ်းဖြူ(အသစ်) ထိပ်စမှာ ၇၂,၀၀၀ ကျပ်၊ အလတ်စမှာ ၇၀,၀၀၀ ကျပ်ဖြစ်သည်။ နှမ်း(အဟောင်း) သည် ဈေးကွက်အရ မရောင်းနိုင်သောကြောင့် လှောင်လက်အချို့မှာ မထုတ်ကြကြောင်း ၎င်းက ပြောသည်။ မန္တလေး ပဲ၊ နှမ်းဈေးကွက်ရှိ ကုန်သည်တစ်ဦးမှ "အဟောင်းက မရောင်းနိုင်ဘူး။ မရောင်းနိုင်လို့မထုတ်ကြဘူးလေ။ သည်နေ့တောင်အဟောင်း ပုံမှန်စ တစ်စ ၆၈,၀၀၀နဲ့ကုန်သည်တစ်ယောက်ရောင်းလိုက်တယ်လို့ကြားတယ်။ အဲဒါထုတ်ပြီးပဲစင်းငုံအသစ်ကို ကစားမယ်ထင်တယ်။ကုန်သည်တွေအနေနဲ့လည်း ပဲစင်းငုံအသစ်ပေါ်ချိန်ကို တစ်ခါပြန်စောင့်ကြပြီလေ" ဟုဆိုသည်။

ပဲစင်းငုံရွှေမှာ သုံးတင်းဝင်တစ်အိတ်လျှင် ၃၉၀၀၀၊ ၄၀၀၀၀ ကျပ်ဝန်းကျင်၊ ပဲစင်းငုံ(အနီ)မှာ ၄၁၀၀၀ ကျပ်ဖြစ်ပြီး၊ ဒီဇင်ဘာ ပထမအပတ်တွင် ပဲစင်းငုံ(အဟောင်း) မှာ ၄၂၀၀၀၊ ၄၃၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

"လက်ရှိ မိုးရွာလို့ ပဲစင်းငုံက မပျက်ဘူး။ ဗွီတူး၊ ထိုင်ဝမ်က ပိုကောင်းသွားတယ်။ ရာသီဥတုကြိုက်သွားတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကုလားပဲဖြူလုံးကြီး(ဗွီတူး) မှာ သုံးတင်းဝင်တစ်အိတ်လျှင် ၇၂၅၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး (ထိုင်ဝမ်)မှာ၆၄၀၀၀ ကျပ်ခန့်ရှိ၍ အရောင်းအဝယ်မှာ ပုံမှန်ဖြစ်ကြောင်း သိရှိရသည်။

ပဲတီစိမ်း အညာရွှေဝါ(အသစ်) သုံးတင်းဝင်တစ်အိတ်လျှင် ထိပ်စ ၈၆၀၀၀ ကျပ်ဖြစ်ပြီး ခွဲသမားများနှင့် အသစ်အား တရုတ်လိုင်းသမားများ ဝယ်ကြကြောင်း ပွဲရုံအချို့မှ သိရှိရသည်။ ဒီဇင်ဘာ ပထမအပတ်တွင် ပဲတီစိမ်း (အသစ်) ထိပ်စမှာ ၈၀,၀၀၀ ကျပ်၊ အလတ်စမှာ ၆၅,၀၀၀၊ ၇၀,၀၀၀ ကျပ်ဝန်းကျင်၊ အောက်စမှာ ၆၀,၀၀၀ကျပ်ခန့်ဖြစ်သည်။

ပဲလွန်းဖြူအသစ်မှာ ဈေးကွက်အတွင်းသို့ အနည်းငယ်ဝင်ရောက်လာပြီး တရုတ်လိုင်းသမားများ ဝယ်ယူကြကြောင်း သိရှိရသည်။ ပဲလွန်းဖြူ(အသစ်)ထိပ်စမှာ ၇၀,၀၀၀ ကျပ်၊ ပုံမှန်စမှာ ၆၈,၀၀၀ ကျပ်ဖြစ်ပြီး အရောင်းအဝယ်မှန်လျက်ရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရှိရသည်။

ပြောင်းဖူးဆန်မှာ ၁၄၀၀၀၊ ၁၄၂၀၀ ကျပ်ဝန်းကျင်တွင်ဖြစ်ပြီး တရုတ်လိုင်း အဝယ်ရပ်နေသောကြောင့် လိုင်းသမားများ အဝယ်ရပ်၍ ဈေးကွက်တွင်အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။ "ဒီနေ့ ပြောင်းက ၁၄,၂၀၀၊ အခုဟိုဘက်ကိုပို့တဲ့ ပြောင်းကို မန္တလေးက မဝယ်တော့ဘဲ တောင်ကြီးက နေတိုက်ရိုက်တင်ပြီးပို့ကြတယ်။ ဒီကို ဆင်းမလာတော့ဘူး။ အဲဒါကြောင့် ဒီမှာတော့ ပြောင်းက အရောင်းအဝယ် ခပ်အေးအေးပါပဲ" ဟု မန္တလေးမြို့ရှိ ပဲ၊ နှမ်းပွဲရုံတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# တစ်ဆယ့်ငါးကျပ်သားအရွယ် တောက်တဲ့တစ်ကောင်လျှင် ငွေကျပ်သုံးသိန်းအထိ ဈေးကောင်းရနေ

မောင်ကံ

**မောင်တော၊ ဒီဇင်ဘာ- ၁၃**

ယခုရက်ပိုင်းအတွင်းမောင်တောနယ်စပ်ဈေးကွက်တွင် တောက်တဲ့ ဆယ့်ငါးကျပ်သားတစ်ကောင်လျှင် ကျပ်သုံးသိန်းအထိ ဈေးကောင်းပေးဝယ်ယူနေကြောင်း တောက်တဲ့ပွဲစားများ၏ ပြောပြချက်အရ သိရသည်။

"အနည်းဆုံး တောက်တဲ့တစ်ကောင်ရဲ့ အလေးချိန်က ဆယ့်သုံးကျပ်သားရှိရပါမယ်။ အရောင်တွေ၊ ဘာတွေခွဲခြားတာမရှိပါဘူး။ အဓိကကတော့ သတ်မှတ်ထားတဲ့စံချိန်ပြည့်မီဖို့ပဲလိုပါတယ်။ ပြီးတော့အရှင်ဖြစ်ရပါမယ်။ ဆယ့်သုံးကျပ်သားတစ်ကောင်ကို အနည်းဆုံးတစ်သိန်းဈေးရှိပါတယ်။ ဆယ့်ငါးကျပ်သားလောက်ဆိုရင်အနိမ့်ဆုံးတော့ သုံးသိန်းရမှာပါပဲ" ဟုတောက်တဲ့ပွဲစားတစ်ဦးက ပြောသည်။

တောက်တဲ့များဈေးကောင်းရလာသည့်အတွက် မောင်တောနယ်စပ်ဒေသတွင် တောက်တဲ့ရှာဖွေသူများပြားနေကြောင်း သိရသည်။ အချို့ တောက်တဲ့ပွဲစားမှာလည်း ကျေးလက်ဒေသများ ထိဆင်းကာဝယ်ယူနေကြကြောင်း သိရသည်။

"ညဘက်မှာ တောက်တဲ့နေတဲ့အပင်တွေကို ဓာတ်မီးတွေနဲ့ သွားရှာနေကြတာ တွေ့ရပါတယ်။ တချို့ကလည်း စံမမီတဲ့ အကောင်သေးတွေကို ဖမ်းလာတာတွေ့ရပါတယ်" ဟု ဆက်လက်ပြောကြားသည်။

တောက်တဲ့၏ အဓိကဈေးကွက်မှာ မလေးရှားနိုင်ငံဖြစ်ပြီး မောင်တောနယ်စပ်မှ ဝယ်ယူရရှိသည့်တောက်တဲ့များကို ဘင်္ဂလားဒေ့ရှ်မှတစ်ဆင့် ရောင်းချရကြောင်းနှင့် တောက်တဲ့များကို ပဋိဇီဝဆေးဖော်စပ်ရာတွင် အသုံးပြုကြောင်း သိရသည်။

**TRADEMARK CAUTION**

KONAMI CORPORATION a Corporation incorporated in Japan at 9-7-2, Akasaka, Minato-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**KONAMI**

Reg : No.4 /8782 /2010

In respect of : Int'l class 9 : "Scientific, nautical, surveying, photographic, cinematographic, optical, weighing, measuring, signalling, checking ( supervision), life-saving and teaching apparatus and instruments; Apparatus and instruments for conducting, switching , transforming, accumulating, regulating or controlling electricity; Apparatus for recording, transmission or reproduction of sound or images; Magnetic data carriers, recording discs; Automatic vending machines and mechanisms for coin-operated apparatus; Cash registers, calculating machines, data processing equipment and computers; Fire-extinguishing apparatus; Video game software; Video game programs; Computer game programs; Computer game software; Electronic game programs; Video game apparatus; Video game peripheral devices; Hand held video game unit for personal use; Pre-recorded CD's, video tapes, laser disks and DVD's; Electronic publications, namely, books, magazines and manuals."

In respect of : Int'l class 16 : "Paper, cardboard and goods made from these materials, not included in other classes; Printed matter; Bookbinding material; Photographs; Stationery; Adhesives for stationery or household purposes; Artists' materials; Paint brushes; Typewriters and office requisites (except furniture); Instructional and teaching material (except apparatus); Plastic materials for packaging (not included in other classes); Printers' type; Printing blocks; Trading cards; Protective cases or holders for trading cards or playing cards; Card file; Books; Video game strategy guide books; Comic books; Booklets; Catalogues; Calendar; Posters; Post cards."

In respect of : Int'l class 28 : "Games and playthings; Gymnastic and sporting articles not included in other classes; Decorations for Christmas trees; Playing cards; Trading card game; Arcade game machines; Coin-operated amusement machies; Amusement apparatus for use in arcades; Electronic arcade games; Coin-operated video games; Toys; Dolls; Action figures; Handheld units for playing electronic games; Slot machines."

In respect of : Int'l class 41 : " Education; Providing of training; Entertainment; Sporting and cultural activites; Entertainment services, namely providing computer games to video game machines, mobile phones and computers; Providing online computer games via network between communications networks and computers; Providing information to game players about the ranking of their scores of games through the web sites; Providing information, images, music and/or sound regarding games; Electronic online publication of periodicals and books; Arranging, organizing and conducting game tournaments; Providing online entertainment service to arcade game machine."

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

23.Dec.2010

# နယ်ဒေသများတွင် ယာဉ်နှင့်ပတ်သက်သည့် သူတစ်ပါးထိခိုက်မှု အာမခံရယူပေးနိုင်ခြင်းမရှိ

ဘုန်းကံအောင်

**တောင်ကုတ်၊ ဒီဇင်ဘာ- ၁၃**

နယ်မြို့ငယ်များနှင့် ကျေးလက်တောရွာများတွင် မော်တော်ယာဉ်များကြောင့် ထိခိုက်သေဆုံးမှုများရှိနေသော်လည်း မြန်မာ့အာမခံလုပ်ငန်းထံမှ သူတစ်ပါးထိခိုက်မှု အာမခံရရှိခြင်းမရှိကြောင်း သိရသည်။

"ယာဉ်မောင်းအတွက်ယာဉ်အတွက်သူတစ်ပါးထိခိုက်မှုအာမခံလက်ခံထားတာကို အာမခံထားတဲ့ ယာဉ်မောင်း၊ ယာဉ်ပိုင်နဲ့ ယာဉ်တာဝန်ခံ၊ ဂိတ်တာဝန်ခံတွေကိုယ်တိုင်မေ့လျော့နေကြတယ်။ တစ်နှစ်က ကထိန်အပြန်မှာ အိတ်စ်ပရက်တစ်စီးတိမ်းမှောက်တော့ လူသုံးဦးသေဆုံးသွားတယ်။ အာမခံလုပ်ငန်းဆီက အာမခံလျော်ကြေးပေးဖို့အတွက်ကူညီချင်လို့ယာဉ်မောင်းလိုင်စင်ဖြစ်ဖြစ် ယာဉ်ရဲ့အာမခံစာအုပ်ဖြစ်ဖြစ် ပေးဖို့ပြောကြည့်တာ ဘယ်သူကမှ လိုလိုလားလားမရှိခဲ့ဘူး။ အာမခံဌာနဆီကို ပို့မပေးနိုင်ခဲ့ဘူး" ဟု တောင်ကုတ်မြို့ မထသအသိုင်းအဝန်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"ယာဉ်ရဲ့ သူတစ်ပါးထိခိုက်မှု အာမခံကပုဂ္ဂိုလ်တစ်ဦးကိုကိုယ်စားလှယ်ပေးထားရတာမဟုတ်တော့ အခင်းဖြစ်ပွားရင်ဆောင်ရွက်ပေးမယ့်သူမရှိဘူး။ တာဝန်သိတဲ့အဖွဲ့တွေ ပုဂ္ဂိုလ်တွေကလုပ်ပေးမှသာ ရနိုင်မယ်" ဟု အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

"ကျွန်မတို့အာမခံဌာနက အခင်းဖြစ်လို့ထိခိုက်သွားသူ သေဆုံးသူတွေကို စည်းကမ်းချက်နဲ့ညီညွတ်ရင် ပေးလျော်ချင်ပါတယ်။ ထီပေါက်တဲ့ဆိုင်မှာ ထီထိုးများတတ်သလို အာမခံလျော်ပေးတဲ့ သတင်းသိကြမှ အာမခံထားကြမှာပါ" ဟု မြန်မာ့အာမခံလုပ်ငန်းသံတွဲဌာနခွဲမှ ဒေါ်မိုးမိုးကပြောသည်။

တောင်ကုတ်မြို့တွင် ယခုလပိုင်းအတွင်း ယာဉ်တိုက်မှုဖြင့် သေဆုံးသူ ၂ ဦးထက်မနည်းရှိကာ မော်တော်ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံးသူများလည်းရှိခဲ့ကြောင်းဒေသခံများကိုမြန်မာ့အာမခံလုပ်ငန်းနှင့် ဆက်သွယ်ပေးသင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**မှန်မြဘ်ဆေးခန်း**

[illegible]

- (၁)အင်ပြင်(Urticaria) (၂) [illegible] (Psoriasis) (၃) နှင်းခူ (Eczema) [illegible]

[illegible]

# ရခိုင်ကမ်း ိုးတန်းဒေသမှ ိုးမအရှေ့ဈေးကွက်သို့ ငါးခြောက်တင်ပို့မှု ထက်ဝက်ခန့်လျော့ကျ



ဓာတ်ပုံ - မောင်ကံ

မောင်သန်းဝင်း

**မြေပုံ၊ ဒီဇင်ဘာ- ၁၃**

မြေပုံမြို့နယ်အပါအဝင် ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းသို့ ပြီးခဲ့သည့် အောက်တိုဘာ ၂၂ ရက်က ဂီရိဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုများကြောင့် ရိုးမအရှေ့သို့ ရေထွက်ပစ္စည်းငါးခြောက်တင်ပို့မှုပမာဏ ထက်ဝက်ခန့်လျော့ကျသွားကြောင်း ဒေသတွင်းငါးခြောက်ကုန်သည်များကပြောသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပြီးလျှင် ပင်လယ်ပြင် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို စီးပွားဖြစ်အကြီးအကျယ်လုပ်ကိုင်ကြသော ရခိုင်ကမ်းရိုးတန်းဒေသမှ ရိုးမအရှေ့ဈေးကွက်သို့ လစဉ်ငါးခြောက်တန်ချိန် ၅၀၀ မှ ၇၀၀ အထိ ပုံမှန်တင်ပို့လျက်ရှိသည်။ ဂီရိမုန်တိုင်းကြောင့် မြေပုံ၊ ကျောက်ဖြူ၊ ပေါက်တော၊ မင်းပြားမြို့နယ်ရေလုပ်ငန်းကဏ္ဍ၌ငါးဖမ်းရေယာဉ်ပိုက်ကွန်နှင့် ဆက်စပ်ပစ္စည်း အများအပြားပျက်စီးမှုနှင့် ငါးဖမ်းဆီးထုတ်လုပ်မှုနည်းပါးလာသည့်အတွက် ယခုကဲ့သို့တင်ပို့မှုပမာဏလျော့ကျသွားခြင်းဖြစ်ကြောင်း သိရသည်။

"ဂီရိမတိုင်မီနှစ်ကာလတွေက ရခိုင်ကမ်းရိုးတန်းဒေသမှ ရိုးမအရှေ့ဈေးကွက်ကို ငါးခြောက်တန်ချိန်လစဉ် ၅၀၀ မှ ၇၀၀ အတွင်းပုံမှန်တင်ပို့ခဲ့ရတယ်။ ဂီရိကြောင့် ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းဒေသမှာ ငါးဖမ်းလုပ်ငန်းရေယာဉ်ပိုက်ကွန်များနဲ့ ရေလုပ်ငန်းသုံးဆက်စပ်ပစ္စည်းကိရိယာတွေ အများအပြားပျက်စီးသွားပြီး ငါးဖမ်းဆီးထုတ်လုပ်နိုင်မှုလည်း သိသာစွာကျဆင်းသွားတယ်။ ဒါကြောင့် ရိုးမအရှေ့သို့ငါးခြောက်တင်ပို့မှုဟာလည်း ထက်ဝက်ခန့်ထိကျဆင်းသွားပြီး သံတွဲငါးဖမ်းဇုန်မှပဲ အဓိကထားတင်ပို့နေရတယ်"ဟု ကျောက်ဖြူအခြေစိုက် ငါးခြောက်ကုန်သည်တစ်ဦးက ပြောသည်။

ဂီရိမုန်တိုင်းကြောင့် ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းဒေသများ၌ မြစ်ကမ်းနီးပုစွန်တာအချို့နှင့် ဆားကွင်းအများအပြားလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

# စစ်တွေနယ်စပ်စခန်းမှ ဘင်္ဂလားဒေ့ရှ်သို့ မတ်ပဲနှင့် ပဲတီစိမ်းများ တင်ပို့ရန်စီစဉ်

မောင်ကံ

**စစ်တွေ၊ ဒီဇင်ဘာ- ၁၃**

ရေထွက်ပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းများကိုသာ အားထားတင်ပို့နေရသည့် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့်ယခုနှစ်တွင် မတ်ပဲနှင့်ပဲတီစိမ်းတန် ၃၀ ခန့်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါမတ်ပဲနှင့် ပဲတီစိမ်းများကို နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများလုပ်ကိုင်နေသည့် ခင်ရတနာဖြိုးကုမ္ပဏီမှလိုင်စင်လျှောက်ထားခဲ့ခြင်းဖြစ်ပြီးစစ်တွေနယ်စပ်စခန်းမှ လိုင်စင်ဖြင့်ပင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စစ်တွေနယ်စပ်မှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အတွင်း ပဲတီစိမ်း ၁၅ တန်နှင့် မတ်ပဲ ၅ တန်တင်ပို့ခဲ့ရကြောင်း သိရသည်။ စစ်တွေနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ မတ်ပဲနှင့် ပဲတီစိမ်းများမှာ ကျောက်တော်နှင့်မြောက်ဦးဒေသထွက်များဖြစ်ပြီး မတ်ပဲတစ်တန်လျှင် စစ်တွေဈေးကွက်တွင် ၁၀၁,၇၉၁ ကျပ်ဈေးပေါက်ပြီး ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် ၁,၁၂၃ ကန်ဒေါ်လာဈေးရှိကြောင်း သိရသည်။

# Education

7DAY NEWS JOURNAL

Vol.9, No.39 • DECEMBER 23, 2010




## ဂျာမနီက မြန်မာအပါအဝင် နိုင်ငံတကာကျောင်းသားများ လာရောက်ပညာသင်နိုင်ရေး အားပေးသွားမည်

သီဟ

ရန်ကုန်၊ဒီဇင်ဘာ – ၁၅

ဥရောပနိုင်ငံတစ်ခုဖြစ်သော ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှကျောင်းသားများ ယင်းတို့၏နိုင်ငံတွင် ပညာလာရောက်သင်ယူနိုင်ရန် ပိုမိုအားပေးကူညီသွားမည်ဟု Garmen Academic Exchange Service မှတာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၇ခုနှစ် ကမ္ဘာ့စီးပွားရေးကျဆင်းပြီးနောက်ပိုင်း စီးပွားရေးပြန်လည်ဦးမော့လာခဲ့ရာ ဂျာမနီနိုင်ငံတွင် ကျွမ်းကျင်လုပ်သား လေးသိန်းကျော်ခန့်လိုအပ်ဖွယ်ရှိသည်ဟု ဂျာမန်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားကြောင်း သိရသည်။ ဂျာမနီရှိ Garmen Academic Exchange Service ကလည်း နိုင်ငံတကာမှကျောင်းသားများသည် အဆိုပါလိုအပ်ချက်အားဖြည့်ဆည်းပေးနိုင်ဖွယ်ရှိ သည်ဟုမျှော်လင့်နေကြသည်။ ဥရောပနိုင်ငံများ၏ ပညာရေးသည် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအတွက် စိမ်းနေသေးသော်လည်း နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ကျောင်းသား၊ကျောင်းသူများအား မည်သို့အကျိုးပြုမည်ကို စောင့်ကြည့်ရဦးမည်ဟု ပြည်တွင်းရှိ ပညာရေးအေဂျင်စီများကသုံးသပ်ကြသည်။

"အခုဥရောပကျောင်းတွေက ယူကေဗီဇာတင်းကျပ်တာကို အခွင့်ကောင်းယူပြီးရောက်လာကြတာလည်းပါတယ်။ ကျွန်တော်တို့ဆီကိုဆိုဟန်ဂေရီလိုနိုင်ငံမျိုးက တောင်ကမ်းလှမ်းလာတာတွေရှိလာတယ်။ ဒါပေမဲ့ ဂျာမနီကတော့ ဒီအတိုင်းသွားလို့မကောင်းဘူး။ သူက ဂျပန်လိုပဲ သူ့စကားကိုအရင်သင်ရသေးတယ်၊ကျွန်တော်တို့အနေနဲ့ကတော့ အဲဒီလိုမျိုးနိုင်ငံတွေကို စိတ်ဝင်စားတယ်ဆိုရင် လောလောဆယ်မှာတော့ ဥရောပဘက်မှာ လူခံရှိတဲ့သူတွေကို အရင်ဆုံးအကူအညီပေးကြည့်သွားဖို့ စဉ်းစားထားပါတယ်" ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education မှတာဝန်ရှိသူတစ်ဦးကပြောသည်။

## ပ ိုစပတ်ဘားမား ပညာသင်ဆု ၂၀၁၁မတ်လကုန် နောက်ဆုံးလျှောက်ရမည်

နေလင်းထွန်း

ရန်ကုန်၊ ဒီဇင်ဘာ – ၁၁

မြန်မာကျောင်းသားများအတွက် PROSPECT BURMA (PB) ပညာသင်ဆုအစီအစဉ်ကို ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း သိရသည်။

ကျောင်းသားများအနေဖြင့် ကျောင်းလျှောက်ထားမှုအထောက်အထားပညာရေးဆိုင်ရာကျွမ်းကျင်မှုအထောက်အထား၊ ပတ်စ်ပို့နှင့်လိုအပ်သောစာရွက်စာတမ်းများကို ပေးပို့လျှောက်ထားမည်ဖြစ်သည်။

ပညာသင်ဆုအတွက် ရွေးချယ်ခံရပါကမြန်မာနိုင်ငံသို့ပြန်လာ၍ဖွံ့ဖြိုးရေးအတွက်လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုအတွက် အသေးစိတ် အချက်အလက်များကို www. prospectburma.org တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

## ကုမဏီအချို့ ပြည်ပပညာရေးဝန်ဆောင်ခအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံလာ

နေလင်းထွန်း

ရန်ကုန်၊ ဒီဇင်ဘာ – ၁၄

နိုင်ငံခြားငွေတန်ဖိုးလျော့ကျနေခြင်းကြောင့် ပြည်ပပညာရေးဝန်ဆောင်မှုကုမ္ပဏီအချို့ဝန်ဆောင်ခအား မြန်မာကျပ်ငွေဖြစ်ပြောင်းလဲကောက်ခံလာကြောင်းသိရသည်။

ကျောင်းသားများပြည်ပနိုင်ငံများတွင်သွားရောက်ပညာသင်ယူရန် ဝန်ဆောင်မှုအတွက် အမေရိကန်ဒေါ်လာဖြင့်ဆောင်ရွက်နေရာမှ မြန်မာကျပ်ငွေဖြင့်ပြောင်းလဲဆောင်ရွက်လာကြခြင်းဖြစ်သည်။

"အရင်က အမေရိကန်ဒေါ်လာ သုံးရာယူတယ်။ ငွေဈေးတွေ အရမ်းကျတော့ကျပ်သုံးသိန်းပဲယူတော့တယ်"ဟုဩစတြေးလျပညာရေးဝန်ဆောင်မှုမှတာဝန်ရှိသူကပြောသည်။

ပြည်ပနိုင်ငံများမှ ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်နှင့်ကျောင်းများသည်ကျောင်းသားရရှိရန် ပြည်တွင်းပညာရေးဝန်ဆောင်မှုလုပ်ငန်းများအားရာခိုင်နှုန်းအလိုက် အကျိုးအမြတ်ခံစားခွင့်များရရှိစေလျက်ရှိသော်လည်းအချို့ဝန်ဆောင်မှုလုပ်ငန်းသည် ကျောင်းသားထံမှ ငွေကြေးရယူနေလျက်ရှိကြသည်။

"ကျွန်တော်ကအစိုးရကျောင်းကို လျှောက်မယ့်ကျောင်းသားတွေပဲ အမေရိကန်ဒေါ်လာ ၅၀ ယူပါတယ်။ အခုတော့ကျပ်ငါးသောင်းယူတယ်။ ဒါကလည်းအခြေအနေပေါ် မူတည်ပါတယ်"ဟု စင်ကာပူ ပညာရေးကျွမ်းကျင်သူတစ်ဦးကပြောသည်။

ယခုအချိန်တွင်နိုင်ငံခြားငွေကြေးတန်ဖိုးများကျဆင်းနေမှုကြောင့် ပြည်ပပညာသင်စရိတ်များသည် ယခင်ကထက် လျော့ကျလျက်ရှိကြောင်းသိရသည်။

## ဩစတြေးလျကျောင်းသားဗီဇာ ပြန်လည်ပြင်ဆင်သုံးသပ်မှုများ ပြုလုပ်မည်

သီဟ

ရန်ကုန်၊ဒီဇင်ဘာ – ၁၈

လာမည့် ၂၀၁၁ ဧပြီမှစ၍ ဩစတြေးလျအစိုးရမှ ကျောင်းသားဗီဇာနှင့်ပတ်သက်၍ပြန်လည်ပြင်ဆင်သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ပြန်လည်ပြင်ဆင်သုံးသပ်မှုများတွင် ကျောင်းသားဗီဇာများအား သင့်တင့်သည့် လိုက်လျောမှုများပြုလုပ်ခြင်း၊ ကျောင်းသားဗီဇာလျှောက်ထားသည့် ကျောင်းသားများအတွက် နေထိုင်စားသောက်စရိတ်လိုအပ်ချက်များအား ကြိုတင်ပေးခြင်း စသည့်စနစ်များ ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကြေငြာချက်အား ယခုလ ၁၆ရက်နေ့က ဩစတြေးလျလူဝင်မှုကြီးကြပ်ရေးဝန်ကြီး Mr Chris Bowen နှင့်ပညာရေးနှင့်အလုပ်အကိုင်ဘက်ဆိုင်ရာအရာရှိ Mr Chris Evans တို့က ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။အဆိုပါကြေညာချက်သည် ဩစတြေးလျကျောင်းသားဗီဇာ တင်းကျပ်မှုကြောင့် အခက်အခဲနှင့်ရင်ဆိုင်နေရသည့် ဩစတြေးလျရှိ နိုင်ငံတကာပညာရေးကဏ္ဍများအား အကူအညီပေးရန် ရည်ရွယ်ကြောင်းသိရသည်။

ယခုပြောင်းလဲချက်များသည် ဩစတြေးလျကျောင်းသာဗီဇာနှင့်ပတ်သက်သည့် အချက်အလက်များအား လျှော့ပေါ့စဉ်းစားသွားရန်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် အင်္ဂလန်ကဲ့သို့သောနိုင်ငံများက ကျောင်းသားဗီဇာနှင့်ပတ်သက်၍ တင်းကျပ်နေချိန်တွင် ဩစတြေးလျက လျှော့ပေါ့ရန် ယခုကဲ့သို့ စဉ်းစားခြင်းဖြစ်ကြောင်း သိရသည်။


ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
(L.C.C.I) အဆင့်(၂၀)အတွေ့အကြုံကြောင့်သင်ကြားမှု ပြီးပြည့်စုံစေသည်။
သင်တန်းများခုံနံပါတ်ယူနိုင်သည်။
ကျောင်းခွဲမရှိပါ။
☎ - 371741, 240824, 381350

သဘောသားအင်္ဂလိပ်စာသင်တန်း
B E S T
ဆရာဦးမျိုးမြင့်
Ph: ၄၃၀၂၉၃၃

အလိုရှိသည်
(B.E) MECHANICAL
အင်ဂျင်နီယာ (၁) ဦး
လုပ်သက် (၅) နှစ်ရှိရမည်။
73051039

7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

# အင်္ဂလန်ကျောင်းသားဗီဇာ ပုံစံသစ်တစ်ခု ထပ်တိုး

သီဟ

ရန်ကုန်၊ဒီဇင်ဘာ–၁၆

အင်္ဂလန်နိုင်ငံတွင် အင်္ဂလိပ်စာသီးသန့်သင်ယူလိုသော ကျောင်းသားများအတွက် လာမည့် ၂၀၁၁ ဇန်နဝါရီမှစ၍ ယူကေဘော်ဒါအေဂျင်စီမှ Extended Student Visitor Visa အားလျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဗီဇာအား အင်္ဂလန်နိုင်ငံသားမဟုတ်သူမည်သူမဆိုလျှောက်ထားနိုင်ကြောင်းသိရပြီး နေထိုင်ခွင့် ၁၁လရှိမည်ဖြစ်သည်။

ယခုအသစ်ထုတ်ပြန်လိုက်သည့် Extended Student Visitor Visa အမျိုးအစားသည် လက်ရှိStudent Visitor ဗီဇာအမျိုးအစားနှင့်ရရှိမည့် အခွင့်အရေးတူညီကြောင်းသိရသည်။ သို့သော် Student Visitor ဗီဇာသည် သက်တမ်းခြောက်လသာရရှိမည်ဖြစ်ပြီး ယခုဗီဇာသည် သက်တမ်း ၁၁လရရှိမည်ဖြစ်သဖြင့် Extended Student Visitor Visaဟုခေါ်သည်။

သို့သော် အဆိုပါဗီဇာနှင့်ပတ်သက်၍ သတိထားရမည့်အချက်အချို့ရှိပြီး ယင်းတို့မှာ အချိန်ပိုင်းအလုပ်လုပ်ခွင့်၊ မှီခိုသူ ခေါ်ဆောင်ခွင့်၊ နေထိုင်ခွင့် သက်တမ်းတိုးခြင်း၊ လက်ရှိသင်ကြားနေသည့် ဘာသာရပ်မှ အခြားဘာသာရပ်တစ်ခုသို့ ပြောင်းလဲလျှောက်ထား ခြင်းများ ပြုလုပ်၍မရကြောင်း သိရသည်။

ဗီဇာလျှောက်ထားခွင့် ကုန်ကျစရိတ်မှာ Student Visitor Visa လျှောက်ထားခနှင့်တူညီပြီး ယခုအသစ်ထုတ်ပြန်သည့် ဗီဇာနှင့်ပတ်သက်၍ တစ်နှစ်အတွင်း ပြန်လည်သုံးသပ်ချက်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# မလေးရှားရှိ တေလာတက္ကသိုလ်တွင် ဒီဇိုင်းဘာသာရပ် အသစ်သုံးခု တက်ရောက်နိုင်




သီဟ

ရန်ကုန်၊ ဒီဇင်ဘာ–၁၅

မလေးရှားနိုင်ငံရှိ Taylor's University တွင်လာမည့် ၂၀၁၁ ဖေဖော်ဝါရီလမှစ၍ ဒီဇိုင်းဘာသာရပ်ဆိုင်ရာ ဘာသာရပ်အသစ်သုံးခုအား တက်ရောက်နိုင်ကြောင်း သိရသည်။


အဆိုပါ ဘာသာရပ်အသစ်သုံးခုမှာ BA(Hons) Graphic Communication Design, BA(Hons) Interactive Multimedia Design နှင့် BA(Hons) Interior Architectur တို့ဖြစ်ကြပြီး အဆိုပါဘာသာရပ်သုံးခုတွင် Interior Architectur တစ်ခုသာ သုံးနှစ်ခွဲတက်ရောက်ရမည်ဖြစ်ပြီး ကျန်ဘာသာရပ်နှစ်ခုမှာ သုံးနှစ် တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကြေးမှာ သုံးနှစ်တက်ရောက်ရမည့် ဘာသာရပ်များအတွက် အမေရိကန်ဒေါ်လာ ၂၅,၀၀၀ ကျော် ကျသင့်မည်ဖြစ်ပြီး သုံးနှစ်ခွဲသင်တန်းအတွက် ၂၆,၀၀၀ ကျော်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသားများအတွက် သင်တန်းကြေးအား ခုနစ်ကြိမ်ခွဲ၍ပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်းများသို့ လျှောက်ထားသူ အယောက် ၅၀ အား MacBook Air 2010 လက်ပ်တော့တစ်လုံးအခမဲ့ပေးအပ်မည်ဖြစ်ပြီး လက်ပ်တော့ မလိုအပ်သူများအား ပညာသင်ထောက်ပံ့ကြေး မလေးရှားရင်းဂစ် ၃,၅၀၀ ပေးအပ်မည်ဖြစ်သည်။သင်တန်းနှင့်ပတ်သက်သည့် အချက်အလက်များအား ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Myanmar Search International သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

AUSTRALIAN EDUCATION WEEK @ YIUS



အခြေခံပညာအထက်တန်း (သို့) GCE 'O' Level အောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်သော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဩစတြေးလျနိုင်ငံ အသိအမှတ်ပြု Australian Foundation Courses
( Business/ Engineering / IT )

Pre-University English Courses (Level 1, 2 & Advanced)
Grammar & Vocabulary Development, Speaking, Listening, Writing

နိုင်ငံတကာတက္ကသိုလ်များသို့သွားရောက် ပညာသင်ကြားနိုင်ရန် အခမဲ့ ဆွေးနွေးအကြံပေးခြင်း။

ဩစတြေးလျပညာရေး ဆွေးနွေးပွဲ

Date : 20th to 24th December 2010
Time : 10 am to 3 pm
Place: Room (4), Building (7), Myanmar Info-Tech, Hlaing University Campus, Hlaing Tsp, Yangon.

YIUS
Pre-University Level Studies

Ph : 652 311, 652 297
Email : info@yius.org
www.yiusmyanmar.org

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

(Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

(I) 06:30 am to 08:30 am (V) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (VI) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm
(IV) 12:30 pm to 02:30 pm (VIII) 06:30 pm to 08:30 pm

09:30 am to 03:30 pm

09:30 am to 03:30 pm

# Technology

7 DAY NEWS JOURNAL

Vol.9, No.39 • DECEMBER 23, 2010


## FttH စနစ်ပေါ်တွင် အင်တာနက်မြန်နှုန်း ပိုမိုမြန်ဆန်လိုပါက သီးခြားလျှော်ကြေးရမည်

**ယုဇနကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ- ၁၄**

FttH စနစ်ပေါ်တွင် အင်တာနက်မြန်နှုန်းအားပိုမိုမြန်ဆန်စွာအသုံးပြုလိုသူများအနေဖြင့် ယခုလကုန်မှစတင်၍ သီးခြားလျှောက်လွှာတင်ကာလျှောက်ထားရတော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

မြန်နှုန်းမြင့်အင်တာနက်ဆက်သွယ်မှုစနစ်ဖြစ်သည့် FttH ဝန်ဆောင်မှုတွင်ကနဦးတပ်ဆင်ခကျပ်ကိုးသိန်းတွင်ပါဝင်သည့် မြန်နှုန်းပမာဏ 2 Mbps ထက်ပို၍သုံးစွဲလိုပါက သီးခြားလျှောက်လွှာတင်ကာသုံးစွဲရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဖိုက်ဘာဆက်ကြောင်း အင်တာနက်ဆက်သွယ်မှုစနစ်ရောင်းချမှုတွင် 512 Kbps မှ 8 Mbps အထိရှိပြီး သုံးစွဲလိုသည့်မြန်နှုန်းပမာဏ 2 Mbps ထက်ကျော်လွန်မှသာ သီးသန့်လျှောက်ထားရမည်ဖြစ်သည်ဟု ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏မှ တဝန်ရှိသူတစ်ဦးက ပြောသည်။

လျှောက်ထားမှုအတွက် ပေးချေရမည့်နှစ်စဉ်ကြေးနှင့် ပေးချေရမည့်နှုန်းထားများကိုကျပ်ငွေဖြင့်သာ ပေးချေနိုင်ကြောင်းသိရသည်။

ထို့အပြင် ယင်းစနစ်ကိုသုံးစွဲသူများအနေဖြင့် နိုင်ငံတကာခေါ်ဆိုမှုဖြစ်သည့် (I.D.D)စနစ်ဖွင့်လို သူများအနေဖြင့်လည်း အထက်ပါကဲ့သို့ပင် သီးခြားလျှောက်လွှာတင်ကာ လျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ FttH စနစ်တွင် သတ်မှတ်အင်တာနက်မြန်နှုန်းထက်ပိုမိုသုံးစွဲမှုအား သီးခြားလျှောက်လွှာတင်ရခြင်းမှာ ကနဦးတပ်ဆင်ခကျပ်ကိုးသိန်းဖြင့် လျှောက်ထားမှုတွင် သတ်မှတ်ပါရှိသည့်မြန်နှုန်းပမာဏထက်ကျော်လွန်သုံးစွဲလိုခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါစနစ်၏ ဝန်ဆောင်မှုကိုရောင်းချနေသည့် နည်းပညာကုမ္ပဏီအချို့မှ သိရသည်။


ယခုနှစ်ဖေဖော်ဝါရီလကမှစတင်ပြီး မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်အတွင်း ဝန်ဆောင်မှုပေးတပ်ဆင်ခဲ့သည့် FttH စနစ်အားကနဦးတပ်ဆင်ခကျပ်ကိုးသိန်းဖြင့် အင်တာနက်၊ တယ်လီဖုန်းနှင့် နိုင်ငံတကာရုပ်သံလိုင်းများအားကြည့်ရှုနိုင်မည့် iPTV အစရှိသည့် ဝန်ဆောင်မှုသုံးမျိုးကိုရရှိမည်ဖြစ်ပြီး နိုင်ငံတကာရုပ်သံလိုင်းစနစ်မပါရှိသည့် ကျန်ဝန်ဆောင်မှုနှစ်မျိုးအတွက် ကျပ်ခုနှစ်သိန်းသာကျသင့်မည်ဖြစ်သည်။

## လူ့ခန္ဓာကိုယ်ကို သုံးဖက်မြင်ပုံစံဖြင့် ပုံဖော်ကြည့်ရှုနိုင်မည့်စနစ်ကို ဂူးဂဲလ်ဖော်ထုတ်

လူ၏ခန္ဓာကိုယ်အား သုံးဖက်မြင်ပုံစံဖြင့် ပုံဖော်ကြည့်ရှုနိုင်မည့် Body Browser စနစ်ကို အင်တာနက်ရှာဖွေရေးကုမ္ပဏီ ဂူးဂဲလ်က မကြာသေးမီက ဖော်ထုတ်လိုက်သည်။ ယင်းစနစ်ကိုအသုံးပြုပါက Google Earth ကို ကြည့်ရသလိုမျိုး ခံစားရနိုင်သည်။ သို့သော် Earth နေရာတွင် လူ့ခန္ဓာကိုယ်နှင့် လုပ်ဆောင်မှုများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

Google Body Browser ဖြင့် လူ့ခန္ဓာကိုယ်ကို သုံးဖက်မြင်ပုံစံဖြင့် အသေးစိတ်ကြည့်ရှုနိုင်ပြီး တစ်လွှာချင်းခွာချသွား၍လည်း ကြည့်ရှုနိုင်ကာ မိမိစိတ်ဝင်စားရာအပိုင်းကိုလည်း အနီးကပ်ဆွဲယူကြည့်ရှုနိုင်မည်ဖြစ်သည်။

Google Chrome Beta တွင် ယင်းစနစ်ပါဝင်လာခြင်းဖြစ်ပြီး Safari နှင့် Firefox 4 Beta တို့နှင့်လည်း တွဲသုံးနိုင်သည်ဟု ဆိုသည်။ Chrome 8 (Stable) သုံးသူများအနေဖြင့် about:flags စာမျက်နှာတွင် WebGL ကို ဖွင့်ပေးလိုက်ရမည်ဖြစ်သည်။




## နည်းပညာ အိုင်စီတီဆိုင်ရာပစ္စည်းများ စုစည်းရောင်းချမည့် ဈေးဝယ်စင်တာဖွင့်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ-၁၄**

တော်ဝင်စင်တာအား လာမည့်နှစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါဈေးဝယ်စင်တာမှ တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

ယခုလက်ရှိအချိန်တွင် ကိုးဆယ့်ငါးရာခိုင်နှုန်းကျော် ပြီးစီးနေပြီဟုဆိုသည့် အဆိုပါတော်ဝင်ဈေးဝယ်စင်တာတွင် ပြည်တွင်း၊ ပြည်ပ လူသုံးကုန်ပစ္စည်းများအားတစ်စုတစ်စည်းတည်း ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

စုစုပေါင်းအထပ်ပေါင်းဆယ်ထပ်တွင် သတ်မှတ်ထားသည့် ရုံးခန်းဖွင့်လှစ်ရန်နေရာများမှအပကျန်နေရာများတွင် ဆိုင်ခန်းများဖွင့်လှစ်နိုင်ကြမည်ဖြစ်သည်။ဈေးဝယ်စင်တာတစ်ခုလုံးအတွက် စက်လှေကား ၁၄ စင်းနှင့် ဓာတ်လှေကား ၁၀ စင်းအပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၇၀၀ ကျော်ရပ်နားနိုင်မည့် ကားပါကင်ပါရှိမည်ဖြစ်ကြောင်းသိရသည်။ ရုံးခန်းဖွင့်လှစ်မည့် စီးပွားရေးလုပ်ငန်းများအတွက် ပဉ္စမထပ်မှ အဋ္ဌမထပ်အထိထားရှိပေးထားမည်ဖြစ်ပြီး ယင်းဈေးဝယ်စင်တာအား နံနက် ဆယ်နာရီမှ ညဆယ်နာရီအထိဖွင့်လှစ်မည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

ထိုင်းနိုင်ငံထုတ်ပစ္စည်းများအား အဓိကရောင်းချမည်ဖြစ်ပြီး အိန္ဒိယ၊ကိုရီးယားနှင့်တရုတ်နိုင်ငံတို့မှ ထုတ်ကုန်နှင့်ကုန်ပစ္စည်းများကိုပါရောင်းချမည်ဟုဆိုသည့် အဆိုပါတော်ဝင်ဈေးဝယ်စင်တာအား ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ ပြည်လမ်းမပေါ်ရှိ (စိန်ဂေဟာဈေးဝယ်စင်တာနှင့် မျက်နှာချင်းဆိုင်) တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ဆိုင်ခန်းများအားလုံးဖွင့်လှစ်နိုင်မည့်အချိန်မှာမူ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်းဖြစ်ကြောင်းလည်းသိရသည်။

အဆိုပါဈေးဝယ်စင်တာ ဖွင့်လှစ်ပွဲအတွက်တောင်ကိုရီးယားနိုင်ငံမှ အနုပညာရှင်အချို့မှလာရောက်ဖွင့်လှစ်ပေးမည် ဟုလည်း အထက်ပါတာဝန်ရှိသူများထံမှ သိရသည်။













# ကျေးဇူး မှတ်တမ်းလွှာ


Forever Blossom [illegible] MRTV-4 [illegible] Fashion Music Festival(FMF) [illegible] (MRTV-4) [illegible] Main Sponsor - Ginvara [illegible] Co-sponsor [illegible] Steepels, Wakodo, Myanandar Purified Drinking Water, Silk & Shine [illegible] FMF Producer [illegible] Production Management [illegible] DJ Jay [illegible] G-Tone [illegible] Ar T [illegible] Plus Three, Cobra H, Noize Camp & NC-13 Gitameta Choir [illegible] Model [illegible] John Lwin [illegible] Stars & Model International Agency Presenter [illegible] Uranium Dancers Group, Life & Dance, K Mi Ko [illegible] YGN All Star Dancer [illegible] (Bagan Entertainment) [illegible] PA System [illegible] Bagan Entertainment [illegible] M.O.E Lighting [illegible] Stage Construction [illegible] Crane [illegible] Troty [illegible] FMF Awards [illegible] MRTV-4 Program Production [illegible] Live Audio Recording [illegible] Mandalay FM [illegible] Exposure [illegible] LED Board [illegible] Zami Electronic (Mandalay) [illegible] Choco Fashion Designer [illegible] Charles & Keith Shoes [illegible] Myanmar Online Company Limited, Mandalay FM, TV Guide Journal [illegible] Ticket Hologram [illegible] Laser Hologram [illegible] City Mart, Ocean, Sein Gay Har, Tony Tun Tun, Ko Ko Beauty Salon, Capital, Nobody, Mr-Fone, Lu Gyi Min, Ya Nan [illegible] Billboard [illegible] Eagle Security Services [illegible] FMF [illegible] MRTV-4 [illegible] Forever Blossom [illegible]

Forever Blossom



7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

ကျွန်တော်ဟာ ဒီဆောင်းပါးရေးနေတဲ့အချိန်မှာ မက္ကဆီကိုနိုင်ငံ၊ ကင်ကွန်း(Cancun) ပင်လယ်ကမ်းခြေမြို့မှာ ကျင်းပပြုလုပ်နေတဲ့ ကမ္ဘာ့ကုလသမဂ္ဂရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ မူဝါဒဘောင်များ ချမှတ်ရေးကွန်ဗင်းရှင်းကြီးရဲ့ (၁၆)ကြိမ်မြောက်အစည်းအဝေး (COP-16)ကို လေ့လာသူအဖြစ်တက်ရောက်နေစဉ်ဖြစ်ပါတယ်။ အစည်းအဝေးကြီးကိုတက်ရောက်တော့ လူငယ်တွေနဲ့ပတ်သက်တာကို သတိပြုမိလာရာက ရင်ထဲမှာကျင်ခနဲခံစားလာရတာကြောင့် ဒီစာစုကိုရေးချင်စိတ်ပေါက်လာမိပါတော့တယ်။ ဒီအစည်းအဝေးကြီးမှာရော၊ အစည်းအဝေးကြီးရဲ့မြောက်မြားစွာသော Side Events တွေမှာရော အများကြီးထူးထူးခြားခြားတွေ့လာရတာကတော့ လူငယ်တွေနဲ့ အမျိုးသမီးပရိသတ်တွေ ပိုများလာတာပဲဖြစ်ပါတယ်။ နောက်ပြီး ဒီလောက်တစ်ကမ္ဘာလုံးက နိုင်ငံပေါင်း ၂၀၀ ကျော်အရေးတကြီးဆွေးနွေးတိုင်ပင်နေကြရတဲ့ အစည်းအဝေးကြီးမှာ မြန်မာနိုင်ငံက သတင်းသမား၊ အင်န်ဂျီအို၊ အိုင်အင်န်ဂျီအို၊ နိုင်ငံ့ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မှမရှိဘဲ၊ ကျွန်တော့်လို အငြိမ်းစားတစ်ဦးကသာ လေ့လာသူအနေနဲ့တက်ရောက်နေတာကို စိတ်မကောင်းဖြစ်မိတာပါပဲ။ လေ့လာသူနဲ့ ကိုယ်စားလှယ်ဟာ အစည်းအဝေးတက်ရောက်ရာမှာ အခွင့်အရေးမတူပါဘူး။ နေရာတိုင်းတက်ခွင့်မရပါဘူး။



# လူငယ်တွေဖတ်ဖို့

မောင်ထွန်းလွင်(မိုးလေဝသ)

ရာသီဥတုပြောင်းလဲခြင်းနဲ့ပတ်သက်ရင် ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးကျန်ပါသေးတယ်။ တာဝန်အရရော၊ ဝတ္တရားအရရော အများကြီးပါပဲ။ ဒီ တာဝန်တွေလုပ်ဖို့ ရာသီဥတုပညာရှင်တွေလိုတယ်။ ဒါတွေရဖို့ဆိုရင်တော့ လူငယ်တွေပဲ အားကိုးစရာရှိပါတယ်။ ဒီတော့. . လူငယ်တွေနဲ့ပတ်သက်တဲ့ Capacity Building ကိစ္စတွေ၊ လူငယ်တွေနဲ့ပတ်သက်တဲ့ Continued Study Programme တွေ၊ Infrastructure ပြုပြင်စရာတွေ အများကြီးလိုပါတယ်။ လူငယ်တွေကိုပြောဖို့လို့သာ ရည်ရွယ်ရင်းအမှန်ဖြစ်ပေမယ့် လူငယ်တွေအတွက် ဆောင်ရွက်ပေးကြရမယ့် လူကြီးတွေကိုလည်း ဒီကိစ္စကဆွေးနွေးရမယ့်ကိစ္စပါပဲ။

ကမ္ဘာကြီးဟာ မြန်မြန်ဆန်ဆန်ကြီးကို ပြောင်းနေပါတယ်။ ဒါတွေကို အမီလိုက်ဖို့၊ နောက်ကျန်မနေရစ်ဖို့၊ အမြဲကြိုးစားနေဖို့ လှုံ့ဆော်သတိပေးခဲ့တဲ့ အမြော်အမြင်ကြီးမားလှတဲ့ အနုပညာရှင်ကြီးတစ်ဦးကျွန်တော်တို့နိုင်ငံမှာရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်ကတည်းက သတိပေးနှိုးဆော်ခဲ့တာဖြစ်ပါတယ်လို့ပြောရင် အံ့ဩသွားမလားဘဲ။ ဒီ အနုပညာရှင်ကြီးကတော့ မန္တလေးမြို့က ဆရာကြီး 'မြို့မငြိမ်း' ဖြစ်ပါတယ်။ ဆရာကြီး'မြို့မငြိမ်း' ဟာ သူ့ရဲ့နိုင်ငံတော်ပြုပြင်ရေးသီချင်းဖြစ်တဲ့ 'လူချွန်လူကောင်း' သီချင်းမှာ မြန်မာတွေအမြင်ကျယ်ဖို့ တစ်လုံးတည်းနဲ့ ထိရောက်အောင်ပြောခဲ့ပါတယ်။ 'ကမ္ဘာကြည့်၊ ကြည့်မြင်'ကြပါတဲ့။ ထိမိလိုက်တဲ့စကားလုံးပါပဲဗျာ။ ကနေ့ခေတ် စကားနဲ့ပြောရရင် Globalization လို့ ပြောရမလားပါဘဲ။ ဒါကြောင့် လူငယ်တွေကိုပြောချင်ပါတယ်။ နေရာကျဉ်းကျဉ်း၊ အမြင်ကျဉ်းကျဉ်းနဲ့မနေကြဘဲ ကမ္ဘာကြီးတစ်ခုလုံးကို နှံ့စပ်ကျွမ်းကျင်အောင် ကြိုးစားလေ့လာကြဖို့ လိုအပ်ပါတယ်လို့ လူငယ်တွေကိုပြောချင်ပါတယ်။

နောက်တစ်ခုလူငယ်တွေကို ပြောချင်တာကတော့ လူငယ်တွေမှာသာ(လူငယ်ဘဝမှာသာလို့လည်း ပြောနိုင်ပါတယ်) ရှိကြတဲ့ စွန့်စားလိုစိတ်၊ စူးစမ်းလိုစိတ်၊ အဖြူထည်အရင်းခံကို အလဟဿအဖြစ်မခံကြဖို့ပါဘဲ။ ဒါကို အမေရိကန်နိုင်ငံ Geogetown University ရဲ့ ဆောင်ပုဒ်မှာ 'A mind is a terrible thing to waste'လို့ ဆိုထားပါတယ်။ လူတိုင်းမှာ မွေးကတည်းက ဦးနှောက်ဆိုတာပါလာပြီးသားပါ။ ဒါပေမဲ့ သန်းပေါင်းများစွာသော ဦးနှောက်တွေဟာ အခွင့်အရေးမရကြလို့၊ မစွန့်စားကြလို့၊ အမြင်မကျယ်ကြလို့ အလဟဿဖြစ်နေကြတာ နှစ်စဉ်ပါပဲ။ ဒီနေရာမှာ အင်္ဂလိပ်ဆိုရိုးလေးတစ်ခုကို ပြောပြချင်ပါတယ်။ ဒါလေးကတော့ 'Unless You Flap Your Wings, You Will Never Know How High You Can Fly' ဆိုတာပါပဲ။ အဓိပ္ပာယ်ကတော့ 'မိမိရဲ့ အတောင်ကိုဖြန့်ပြီး ခတ်မကြည့်သေးသမျှတော့ မိမိဘယ်လောက်အမြင့်အထိ မိမိပျံသန်းနိုင်တယ်ဆိုတာကို ဘယ်တော့မှသိမှာမဟုတ်ပါဘူး'တဲ့။ ဒီတော့ လူငယ်ဆိုရင် စွန့်စားစိတ်၊ လုပ်ချင်တာကို ဖြစ်အောင်လုပ်ချင်စိတ်ရှိဖို့လိုပါတယ်။ ဘာပြုလို့လဲဆိုတော့ အခွင့်အရေးဆိုတာဟာ Sky is the Limit ဖြစ်လို့ပါပဲ။

အဲ. . ဒီနေရာမှာ စိတ်ထားမှန်ဖို့လည်းလိုလာပြန်ပါတယ်။ စွန့်စားဆိုလို့ ရည်ရွယ်ချက်မဲ့၊ အကျိုးကျေးဇူးကိုမတွက်ဆဘဲ၊ လုပ်သင့် မလုပ်သင့် မချိန်ဆဘဲလုပ်ရင်တော့မှားတတ်ပြန်ပါတယ်။ ဒီတော့ မိမိကိုယ်ကိုယ်မိမိထားရမယ့်စိတ်ဓာတ်ကိုပြဋ္ဌာန်းထားဖို့ လိုလာပြန်ပါတယ်။ ဒီနေရာမှာ သတိရလာတာကတော့ ကျွန်တော်ငယ်ငယ်ကနေခဲ့တဲ့ အထက်တန်းကျောင်းဖြစ်တဲ့ မန္တလေးမြို့က ဖားသားလဖုန်းကျောင်းနဲ့ ကမ္ဘာကျော်နာဆာအဖွဲ့ကြီးတို့ရဲ့ ဆောင်ပုဒ်လေးကို တွဲဖော်ပြချင်ပါတယ်။ ထားရမယ့်စိတ်၊ မွေးထားရမယ့် စိတ်ကလေးကတော့ 'Aim Higher. Ever Better' ပဲဖြစ်ပါတယ်။ ဆိုလိုတာကတော့. . 'မြင့်မြင့်ကြံ၊ အမြဲတိုးတက်နေပါစေ' လို့ဆိုရမယ်ထင်ပါတယ်။ ဒါလေးဟာ မိမိအခြေအနေကို မိမိသုံးသပ်နေဖို့ပါပဲ။ ဒါမှ မိမိလျှောက်နေတဲ့လမ်းဟာ မှန်မမှန်၊ အကျိုးရှိမရှိသိနိုင်ပါလိမ့်မယ်။ ဒီလိုမလုပ်ရင်တော့ လူတိုင်းရဲ့ဘဝမှာ အရေးအကြီးဆုံး၊ အဖိုးတန်ဆုံး၊ ဆုံးရှုံးရင်ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ အချိန်ဆုံးရှုံးမှုကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လူငယ်တွေအနေနဲ့ သတိမပြုမိဖို့ များပါတယ်။ ဘာပြုလို့လဲဆိုတော့ ယေဘုယျအားဖြင့် သတိပြုမိဖို့ ခဲယဉ်းပါလိမ့်မယ်။ အဲဒါကတော့ လူငယ်စိတ်နဲ့ စွန့်စားပါပြီ၊ ကြိုးစားပါပြီ။ ဒါပေမဲ့ လောကကြီးဟာ လုပ်တိုင်းဖြစ်တဲ့လောကကြီး မဟုတ်တာဘဲ။ ဒါကြောင့် ထက်သန်နေတဲ့ လူငယ်တစ်ဦးဟာ ရှုံးနိမ့်မှုနဲ့ ကြုံကြိုက်လိုက်ရရင် ရှုံးနိမ့်မှုကို မတွေ့ကြုံဖူးလေတော့ ခံစားသွားရပြီး တစ်ခါတည်း ဦးကျိုးသွားတတ်ကြပါတယ်။ အဆိုးဆုံးကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်တွေ လျော့နည်းသွားတတ်ကြပါတယ်။ ဟန်လည်းပျက်သွားတတ်ကြပါတယ်။ အဆိုးဆုံးကတော့ စိတ်လေသွားခြင်းပဲ ဖြစ်ပါတယ်။ အဲဒီမှာ ထွက်ပေါက်ရှာနေတဲ့အနေနဲ့ လမ်းမှားတွေ လုပ်မိသွားကြမယ်ဆိုရင်တော့ ဒီခေတ် ဒီကာလကလည်း သိကြတဲ့အတိုင်း၊ လုပ်စရာထွက်ပေါက်တွေကလည်း အပုံအပင်၊ ဒီလိုနဲ့ ဘဝလမ်းဆုံးကို ရောက်သွားကြတဲ့လူငယ်တွေ အများအပြားပါပဲ။

ဒီနေရာမှာတော့ လွယ်လွယ်နဲ့အောင်မြင်မှုမရနိုင်တဲ့ အလုပ်မျိုးတွေ၊ လူ့လောကမွေတာအရ ရှုံးနိမ့်မှုတွေ၊ မအောင်မြင်မှုတွေနဲ့ ကြုံကြရတဲ့အခါ ဒါမျိုးတွေ မကြာမကြာတွေ့ရပေမယ့် အောင်မြင်မှုကို နောက်ဆုံးရယူအောင်ယူနိုင်တဲ့ ကမ္ဘာကျော်နာဆာအဖွဲ့ကြီးရဲ့ လက်ကိုင်ဆောင်ပုဒ်ဟာ အောင်မြင်မှုမရသေးတဲ့ လူငယ်တွေအတွက် အကောင်းဆုံးအားဆေးဖြစ်ပါလိမ့်မယ်။ နာဆာရဲ့ဆောင်ပုဒ်ကတော့ 'Men learn little from success, but much from defeat' ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ 'လူတွေရဲ့လေ့လာမှုတွေကို အောင်မြင်မှုက နည်းနည်းပဲသင်ပေးနိုင်ပါတယ်။ ရှုံးနိမ့်မှုတွေကသာ အများကြီးသင်ပေးကြတာဖြစ်တယ်'တဲ့။ ဒီတော့ လူငယ်တွေအနေနဲ့ ရှုံးနိမ့်မှု ကို စိတ်မပျက်ဖို့လိုပါတယ်။ ဒါဟာ သဘာဝတရားကို နည်းနည်းတော့ကျော်လွှားတဲ့သဘောဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ လိုအပ်တယ်။ ဒီနေရာမှာ ကိုယ်တွေ့လေးတစ်ခုကို ပြောချင်လာတယ်။ ကျွန်တော့်မွေးရက်ဟာ ဇန်နဝါရီ ၁၇ ရက်ဖြစ်ပါတယ်။ ဂဏန်းဗေဒင်အရတော့ ၈ ဂဏန်းသမားတွေဟာ သင်္ချာလို အနုတ်သမားတွေတဲ့။ ဘာလုပ်လုပ် အခက်အခဲအများကြီးတွေ့ရတတ်တယ်။ လွယ်လွယ်နဲ့ အောင်မြင်မှုမရဘူး။ အနှောင့်အယှက်တွေ များတတ်တယ်။ ရှုံးနိမ့်မှုတွေတွေ့ရတတ်တယ်။ တကယ်တော့ စိတ်ပျက်စရာပါပဲ။ အနုတ်အခံသမားမို့ အပေါင်းကိစ္စမှန်သမျှ ကိုယ်နဲ့ပတ်သက်လာရင် အနုတ်ပဲဖြစ်သွားတတ်တယ်။ အားရှိစရာမရှိပါဘူး။ ဒါကြောင့်လည်း ကံမပါတဲ့လက္ခဏာမို့ ထီထိုးလည်းမပေါက်သလိုမဲနှိုက်လည်း မပေါက်ဖူးပါဘူး။ ဒါပေမဲ့ဒီအစွဲကို ကျွန်တော့်ခေါင်းထဲက ဖျောက်လိုက်တယ်။ အကောင်းဘက်ကို တွေးယူလိုက်တယ်။

ကျွန်တော် တွေးပုံကတော့ ကျွန်တော်တို့ သင်္ချာဘာသာရပ်မှာက အနုတ်နဲ့အနုတ်မြှောက်ရင် အပေါင်းဖြစ်တယ်လေဗျာ။ ဒီတော့ ကျွန်တော်က ပင်ကိုယ်က အနုတ်သမားဖြစ်နေလေတော့ ဘဝမှာ မအောင်မြင်တဲ့ အနုတ်လက္ခဏာ ရှုံးနိမ့်မှုတစ်ခု ကြုံလိုက်တာနဲ့ 'ဟာ. . ဒါဟာ ငါ့အတွက် အပေါင်းဖြစ်တော့မယ့်အခွင့်အရေးပါလား' လို့ မအောင်မြင်မှုကို အားဆေးအဖြစ် ပြောင်းတွေးလိုက်တော့တာပါပဲ။ ဒီလိုတွေးလိုက်တာနဲ့ သေချာတာကတော့ စိတ်ပျက်တာ၊ အားလျော့တာတွေ ပျောက်ကွယ်သွားတာတော့ အမှန်ဖြစ်ပါတယ်။ အများအားဖြင့်တော့ အခက်အခဲကြုံလိုက်တိုင်း ဒီယုံကြည်ချက်နဲ့ ပိုပိုကြိုးစားလိုက်လို့ အောင်မြင်မှုအသစ်တွေအဖြစ် ပြောင်းလဲနိုင်ခဲ့တာအကြိမ်ကြိမ်ပါပဲ။

နောက်ဆုံးတစ်ချက်ကတော့ ကျွန်တော့် ဘဝအတွက် အားဆေးအဖြစ် ပြောင်းလဲပေးခဲ့နိုင်တဲ့ စကားစုလေးတစ်ခုပါပဲ။ လူငယ်တွေအားလုံးဟာ ငယ်စဉ်ဘဝမှာ ပြည့်စုံကြတဲ့ ချမ်းသာကြတဲ့မိသားစုက ပေါက်ဖွားလာကြတာမဟုတ်ပါဘူး။ မပြည့်မစုံနဲ့ ဘဝကိုရုန်းကန်ကြရတဲ့ လူငယ်တွေအများကြီးပါပဲ။ ဒီတော့ ဆင်းရဲတာနဲ့တော့ လူငယ်တွေဟာ အားမငယ်သင့်ဘူး။ အကူအညီမဲ့ကောင်းမဲ့နိုင်ပေမယ့် စိတ်ဓာတ်မကျစေသင့်ပါဘူး။ ဒီနေရာမှာ ကျွန်တော်လည်း ငယ်ရွယ်စဉ်ဘဝမှာ မပြည့်မစုံဘဝနဲ့ နေခဲ့ရတာကြောင့် အားငယ်စိတ်၊ သိမ်ငယ်စိတ်တွေ ဝင်လာတိုင်း ကျွန်တော့်ကို အားဆေးပေးခဲ့တာကတော့ ကျွန်တော်တို့ အညာက ဆိုရိုးစကားလေးပဲဖြစ်ပါတယ်။ ဒီစကားလေးကတော့ 'နောက်ချေးပုံကလည်း ကြာပေါက်နိုင်ပါတယ်' ဆိုတဲ့ မြန်မာ့ရိုးရာ ဆုံးမစကားလေးပဲဖြစ်ပါတယ်။ ။

Current Affairs

7 DAY NEWS JOURNAL

Vol.9, No.39 • DECEMBER 23, 2010

မျက်နှာဖုံးသတင်း

# နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု စံချိန်သစ်တင်မည့်နှစ်ဖြစ်

အောင်သူရ

ရန်ကုန်၊ ဒီဇင်ဘာ – ၁၄

**မြန်မာ့ခရီးသွားနှစ် ကျင်းပပြီး ၁၄နှစ်အကြာ ရွေးကောက်ပွဲ ကျင်းပခဲ့သော ယခုနှစ်အတွင်း ရန်ကုန်လေဆိပ်မှ နိုင်ငံခြားသား ဝင်ရောက်မှုမှာ နှစ်ကုန်ရန်တစ်လ အလို၌ပင် စံချိန်သစ်တင်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းဇယားများအရသိရှိရသည်။**

သက်ဆိုင်ရာက ထုတ်ပြန်သောစာရင်းဇယားများအား နှိုင်းယှဉ်ကြည့်ပါက နှစ်ကုန်ရန် တစ်လလိုနေသော ယခုနှစ် နိုဝင်ဘာလကုန်အထိ ရန်ကုန်လေဆိပ်မှ ဝင်ရောက်ခဲ့ပြီးသည့် ခရီးသည်အရေအတွက်မှာ စံချိန်တင်ခဲ့သော ၂၀၀၆ ခုနှစ် တစ်နှစ်လုံး ရန်ကုန်ဝင်ပေါက်မှ ဝင်ရောက်ခဲ့သော ခရီးသည်ဦးရေထက် ၂,၀၀၀နီးပါး ပိုမိုရရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ ပြုစုထားသော စာရင်းအရ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ ရန်ကုန်လေဆိပ်ဝင်ပေါက်မှ နိုင်ငံခြားသားခရီးသည် ၂၅၉,၄၅၈ ဦးဝင်ရောက်ခဲ့ပြီး၊ စံချိန်တင်ခဲ့သော ၂၀၀၆ခုနှစ် တစ်နှစ်လုံးတွင် ရန်ကုန်ဝင်ပေါက်မှ ခရီးသည်၂၅၇,၅၉၄ ဦး ဝင်ရောက်ခဲ့သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းဇယားများအရသိသည်။

"မေလကနေ ဩဂုတ်လထိ Visa On Arrival (ဆိုက်ရောက်ပြည်ဝင်ခွင့်)ပေးလိုက်တာရယ်၊ နာဂစ်ဖြစ်ပြီးနောက်ပိုင်း မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့သူများလာတာကြောင့်လို့ပဲ သုံးသပ်ပါတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်တွင်လည်း ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ ရန်ကုန်ဝင်ပေါက်မှ နိုင်ငံခြားသား ၁၉၇,၉၄၉ ဦးဝင်ရောက်ခဲ့သည်။

ပုံမှန်အားဖြင့် ခရီးသွားများလာရောက်မှုနည်းပါးသော မေ၊ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လ လေးလတွင် ဆိုက်ရောက်ပြည်ဝင်ခွင့်ပေးခဲ့သည့်အတွက် ဧည့်သည် ၇၉,၄၃၇ ဦးထိ ဝင်ရောက်ခဲ့သည်။

ဧည့်သည်ဝင်ရောက်မှုများခဲ့သော ၂၀၀၉ ခုနှစ်၏ အဆိုပါလေးလအတွင်း ဝင်ရောက်ခဲ့သည့် ခရီးသည်မှာ ၅၉,၁၇၁ ဦးသာရှိသည်။စံချိန်သစ်တင်မည့် ယခုနှစ် ၁၁ လပိုင်းကုန်အထိ ဝင်ရောက်ခဲ့သော ခရီးသည်များထဲတွင် အာရှတိုက်သား ၁၇၄,၉၁၆ ဦး အများဆုံး ဝင်ရောက်ခဲ့ပြီး၊ ထိုအထဲတွင် ထိုင်းနိုင်ငံသား ၅၀,၉၃၉ ဦး အများဆုံးဝင်ရောက်ခဲ့သည်။ ဥရောပတိုက်မှ ၅၇,၃၅၀ဦး ဝင်ရောက်ခဲ့ပြီး၊ အမေရိကမှ ၁၄,၀၃၄ဦး ဝင်ရောက်ခဲ့သည်။

"ထိုင်းခရီးသွားတွေက ဟိုတယ်ဆိုလည်း ဈေးသက်သာတဲ့ (ကြယ်သုံးလုံးအဆင့်) 3 Star ဟိုတယ်တွေပဲတည်းတယ်။ ဈေးလည်း အရမ်းဆစ်တယ်။ အကျိုးအမြတ်ရတာလည်း အရမ်းနည်းပါတယ်"ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။

ထို့အပြင် ယခုနှစ် ခရီးသွားရာသီမှစတင်၍ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းနေခဲ့ရာ ကမ္ဘာလှည့်ခရီးသွားများ၏ အသုံးစရိတ်များ လျော့နည်းသွားခဲ့ကြောင်း သိရသည်။

ဆိုက်ရောက်ပြည်ဝင်ခွင့်ပေးခဲ့သည့်ကာလတွင် ဧည့်သည်ဝင်ရောက်မှုများ တိုးလာသဖြင့် ငွေကြေးတောင့်တင်းသူများက ဟိုတယ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန်စီစဉ်ခဲ့ကြသေးသည်ဟု သိရသည်။

သို့သော် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သော မော်တော်ယာဉ်ငှားရမ်းသည့် လုပ်ငန်း၌ ရန်ကုန်အပါအဝင် အင်းလေး၊ တောင်ကြီးနှင့် ပုဂံဒေသတို့တွင် လုပ်ငန်းရှင်အသစ်များ ဝင်ရောက်လုပ်ကိုင်လာကြသည်ဟု သိရသည်။ ထို့အပြင် ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများ၏ Operation ဌာနများ၌ ယခင်နှစ်များထက် ဝန်ထမ်း ပိုမိုခန့်ထားရပြီး ထပ်မံခန့်ထားရန် လိုအပ်သည့်အတွက် အချိန်မရွေးခန့်ထားရကြောင်း ထိုင်းနိုင်ငံသားပိုင် ချက်ထရီယမ်ဟိုတယ်မှ HR မန်နေဂျာဦးဂျော့ကျော်ဇောကပြောသည်။

ထို့အပြင် မိုးတွင်းကာလ၌ပင် စပိန်ဧည့်လမ်းညွှန်များမှာ နားရက်မရှိရအောင် အလုပ်များခဲ့ပြီး တခြားသော ဧည့်လမ်းညွှန်များမှာလည်း အောက်တိုဘာလဆန်းမှစ၍ ဒီဇင်ဘာလအထိ ခရီးဆက်နေသည်ဟု ဧည့်လမ်းညွှန်အချို့ကပြောသည်။

ရွေးကောက်ပွဲအား နိုဝင်ဘာလ ၇ ရက်နေ့ သတ်မှတ်ခဲ့သဖြင့် ခရီးသွားကုမ္ပဏီများ စိုးရိမ်ခဲ့ကြသော်လည်း ၂၀၁၀ ခုနှစ် ဧည့်သည်အများဆုံး ဝင်ရောက်ခဲ့သောလမှာ နိုဝင်ဘာလဖြစ်ပြီး တစ်ရက် ပျမ်းမျှ ၁,၀၃၂ ဦးဖြင့် ၃၀,၉၆၆ ဦး ဝင်ရောက်ခဲ့သည်။

အာဆီယံဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် တစ်နှစ် ၁၅ သန်း၊ မလေးရှားတွင် ၁၇ သန်း၊ ဗီယက်နမ်တွင် ၄ သန်း၊ ကမ္ဘောဒီးယားတွင် ၂ သန်းနှင့် လာအိုနိုင်ငံတွင် ၁ သန်း ဝင်ရောက်နေပြီဖြစ်သည်။

သက်ဆိုင်ရာက ထုတ်ပြန်သောစာရင်းဇယားများအရ နိုင်ငံခြားဧည့်သည်များသည် ရန်ကုန်လေဆိပ်ဝင်ပေါက်မှ ၂၀၀၃ ခုနှစ်တွင် ၁၉၈,၄၃၅ ဦး၊ ၂၀၀၄ ခုနှစ်တွင် ၂၃၆,၃၇၀ ဦး၊ ၂၀၀၅ ခုနှစ်တွင် ၂၂၇,၃၀၀ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၂၅၇,၅၉၄ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၂၄၂,၅၃၅ ဦးနှင့် ၂၀၀၈ ခုနှစ်တွင် ၁၈၇,၇၆၆ ဦးဝင်ရောက်ခဲ့သည်။

## စီစီတီဗီကင်မရာဖြင့် မှတ်သားဖမ်းဆီးမှုများ ပြုလုပ်သော်လည်း လိုက်နာမှုအားနည်းနေ



သဇင်ထွေး

ရန်ကုန် – ဒီဇင်လာ – ၁၅

ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာစေရန် CCTV ကင်မရာ တပ်ဆင်မှတ်သားဖမ်းဆီးမှုပြုလုပ်ရာ၌ အောင်မြင်မှုရှိသော်လည်းလိုက်နာမှုအားနည်းနေသေးကြောင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးက 7 Day News သို့ပြောသည်။

ရန်ကုန်မြို့ရှိ လူရှုပ်သောကားမတော်တဆမှုများသောနေရာများတွင်ကင်မရာများကိုတပ်ဆင်ထားပြီးဖမ်းဆီးအရေးယူမှုကို ၂၀၁၀ခုနှစ်နှစ်ဆန်းပိုင်းတွင်စတင်ပြုလုပ်ခဲ့ကြောင်းသိရသည်။

"CCTVကင်မရာတပ်ပြီးဖမ်းဆီးတာက တကယ်ကိုအောင်မြင်တယ်။လူတွေကလိုက်နာမှုမရှိဘူး။ နိုင်ငံတကာမှာဆိုအခုရိုက်၊ အခုတပ် ချက်ချင်းဆောင်ရတယ်။ ဒီမှာတော့ မလုပ်ကြဘူး။ ခရီးသည်တင်ကားတွေကော ကိုယ်ပိုင်ကားတွေကော စည်းကမ်းမလိုက်နာကြဘူးလေ။ ဒါကို ထိရောက်အောင် စီမံချက်တစ်ခုကိုတင်ပြထားပါတယ်"ဟု အထက်ပါ ပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

CCTVကင်မရာများဖြင့် မှတ်တမ်းတင်ဖမ်းဆီးထားသော စည်းကမ်းမဲ့ယာဉ်များကို ကညနတွင်တစ်နှစ် တစ်ခါ ယာဉ်သက်တမ်းတိုးသည့် အချိန်တွင်ဒဏ်ကြေးပေးဆောင်ပြီးသော ယာဉ်များကိုသာ သက်တမ်းတိုးခွင့် ပေးမည့် အစီစဉ်ကိုပြုလုပ်သွားရန် သက်ဆိုင်ရာသို့တင်ပြထားပြီးဖြစ်ကြောင်းလည်းသိရသည်။

ကင်မရာများကို ရွှေဂုံတိုင်မီးပွိုင့်တွင် နှစ်နေရာ၊တာမွေလမ်းခွဆုံ၊ကမ္ဘာအေးလမ်းဆုံ၊ဆူးလေလမ်းဆုံတို့တွင် တပ်ဆင်ထားပြီး ထပ်မံ တိုးချဲ့တပ်ဆင်သွားရန် ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

CCTV ကင်မရာဖြင့် ဖမ်းဆီးသော စည်းကမ်းများမှာ မီးဝါဖြတ်ခြင်း၊ မီးနီဖြတ်ခြင်း၊ အကွေ့ကြောပေါ် တပ်မောင်းခြင်း၊ လမ်းပြောင်းပြန်မောင်းခြင်းများကို CCTV ဖြင့်ရိုက်၍ဖမ်းဆီးကာ ဒဏ်ကြေးမှာ ၂၀၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်ထိသတ်မှတ်ထားကြောင်းသိရသည်။ ကင်မရာတပ်ဆင်ထားသောနေရာများမှနေ့စဉ်ဖမ်းဆီးမှုတစ်နေ့လျှင် ၃ စီးခန့် မှတ်သားဖမ်းဆီးအရေးယူနေကြောင်းသိရသည်။

## သတ်မှတ်ချက်ထက် ကုန်ပိုတင်နေသည့် ကားဂိတ်များရှိနေ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဒီဇင်ဘာ – ၁၇

ကုန်တင်ယာဉ်ကြီးများတွင် အာဆီယံစံချိန်စံညွှန်းအတိုင်း တင်ဆောင်ရန် တစ်ပြေးညီသတ်မှတ်ထားသော်လည်း သတ်မှတ်ချက်ထက် ပိုတင်နေသော ကားဂိတ်များရှိနေသေးကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

လက်ရှိတွင် ကုန်တင်ယာဉ်ကြီးများမှာ ၆ ဘီးကားတစ်စီးလျှင် တန်၂၀၊ ဆယ်ဘီးကားတစ်စီးလျှင် ၂၅ တန်၊ ၁၂ ဘီးကားမှာ တန် ၃၀၊ ၁၄ဘီးကားမှာ ၃၄တန် တင်ဆောင်ရန် သတ်မှတ်ထားကြောင်း သိရသည်။

သို့သော် ကုန်တင်ယာဉ်များမှာ မိမိထွက်ခွာသည့်လမ်းကြောင်း ပေါ်မူတည်၍ ကုန်အလေးချိန်ပို တင်ဆောင်နေမှုများရှိကြောင်း ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အခု ဒီစနစ်လုပ်လိုက်တာက ကားသမားတွေအတွက် ကား လည်း သက်သာတယ်။ အချိန်လည်း ပိုမြန်တယ်။ ကုန်ကျစရိတ် သက်သာပြီး အမြတ်ပိုကျန်တယ်ဆိုပြီး လက်ခံလာကြတဲ့အချိန်မှာ ဒီလို မညီမျှတာတွေရှိလာရင် ဒါက ရေရှည်တည်ပါမလားဆိုတာတွေဖြစ်လာတာပေါ့"ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ကုန်တန်ချိန်တင်ဆောင်မှုမှာ တူညီခြင်း မရှိသော်လည်း မြင့်တက်ယူထားသော ကုန်တန်ဆာခမှာ ပိုတင်နေသော ဂိတ်များမှ လျှော့ချယူခြင်း မရှိသေးကြောင်းသိရသည်။

"ကုန်ပိုတင်ချင်တဲ့ ကားတွေက ဘယ်ဂိတ်တွေက ဘယ်အချိန် တွေထွက်ရင် လွတ်နိုင်တယ်ဆိုတာသိတော့ သွားနေတဲ့သဘောပဲ။ စနစ်တစ်ခု ရေရှည်တည်တံ့ဖို့ဆိုရင် အာလုံးတစ်ပြေးညီ ရှိဖို့လိုမယ်ထင်တယ်"ဟု သတ်မှတ်စည်းကမ်းအတိုင်း တင်ဆောင်နေရသော ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.39 · DECEMBER 23, 2010

# အင်တာနက်ဆိုင်များ နည်းပညာဆိုင်ရာလုံခြုံရေးကို သတိထားရန်လိုပြီ

## ဟက်ကာများက အင်တာနက်ဆိုင်များမှတစ်ဆင့် ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်သည့်ဖြစ်စဉ်အချို့ ပေါ်ပေါက်နေ

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၀**

အင်တာနက်ဆိုင်၌ အသုံးပြု၍ မြန်မာနိုင်ငံ၏ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများကို နည်းပညာအရတိုက်ခိုက်သူ(ဟက်ကာ) အချို့ရှိလာ၍ အင်တာနက်ဆိုင်များအနေဖြင့် ဆိုင်၏ နည်းပညာပိုင်းဆိုင်ရာလုံခြုံရေးကို အထူးသတိထားရန်လိုကြောင်း နည်းပညာဆိုင်ရာကျွမ်းကျင်သူများက ပြောသည်။

ဆိုက်ဘာတိုက်ခိုက်မှုအချို့မှာ ယခင်ကတည်းက ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပိုမိုပြင်းထန်လာပြီး၊ တိုက်ခိုက်သည့်အကြိမ်ရေ ပိုများလာကြောင်းလည်း သတင်းရရှိသည်။ ယခုလပိုင်းအတွင်း ရတနာပုံတယ်လီပို့အား ရန်ကုန်မြို့ရှိ အများပြည်သူသုံးအင်တာနက်ဆိုင် (PAC-Public Access Center)မှတစ်ဆင့် ဟက်ကာက အင်တာနက်အသုံးပြု၍ တိုက်ခိုက်သည့်ဖြစ်ရပ်အချို့ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာက အဆိုပါအင်တာနက်ဆိုင်၏ အိုင်ပီ(အင်တာနက်အသုံးပြုသောစက်နံပါတ်)ကို ယာယီပိတ်ထားခဲ့ရပြီး၊ ဆိုင်ရှင်အနေဖြင့်လည်း ဆိုင်နည်းပညာဆိုင်ရာလုံခြုံရေးကို ပြန်လည်မြှင့်တင်နေရကြောင်း သတင်းရရှိသည်။

အင်တာနက် လာရောက်သုံးစွဲသူက အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများကို တိုက်ခိုက်၍ ဆိုင်ခေတ္တပိတ်ထားရသော ရန်ကုန်မြို့ရှိ အင်တာနက်ဆိုင်ရှင်တစ်ဦးက နောင်တွင်အလားတူအဖြစ်မျိုး မဖြစ်ရန် နည်းပညာအကူအညီနှင့် အကြံဉာဏ်များလိုကြောင်း သူ၏အမြင်ကို အောက်ပါအတိုင်း ပြောသည်။

"လာသုံးတဲ့လူတွေလုပ်တိုင်း ဆိုင်ရှင်တွေ ခံရမယ်ဆိုရင် PAC တွေ အကုန်ပိတ်သွားလိမ့်မယ်။ တကယ်တော့ Hacking (ဆိုက်ဘာတိုက်ခိုက်မှု)လုပ်ဖို့ဆိုတာ မလွယ်ဘူး။ အပြင်ကနေပြီးတော့ အတွင်းထဲက လူရဲ့အိုင်ပီကိုယူပြီး လုပ်တာမျိုး ပိုဖြစ်နိုင်တယ်။ ဆိုင်ရှင်တွေအနေနဲ့တော့ ဒီလိုကိစ္စမျိုးတွေဖြစ်လာရင် သူတို့ဆီက (ISP နှင့် Local ISP တွေထံမှ) နည်းပညာအကူအညီလိုတယ်။ နောက်တစ်ခါ လာသုံးရင် ကာကွယ်နိုင်အောင် ဘယ်လိုဆော့ဖ်ဝဲတွေ၊ ဟာ့ဒ်ဝဲတွေတပ်ရမယ်ဆိုတာ အကြံဉာဏ်တွေလိုပါတယ်။ နည်းပညာဆောင်ရန်၊ ရှောင်ရန်တွေ ပြောထားသင့်တယ်"

ထို့အပြင် ဟက်ကာများမှာ ဆိုင်တစ်ဆိုင်တွင် သုံးစွဲပြီးပါက ထိုဆိုင်သို့ နောက်တစ်ကြိမ် အင်တာနက်လာသုံးပြီး တိုက်ခိုက်ရန် ခဲယဉ်းပြီး အခြားအင်တာနက်ဆိုင်များကို အသုံးပြု၍ တိုက်ခိုက်နိုင်သည့်အတွက် အင်တာနက်ဆိုင်များအနေဖြင့် ဆိုက်ဘာ လုံခြုံရေးကို အထူးသတိပြုသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က ၎င်း၏အတွေ့အကြုံနှင့်ယှဉ်၍ အကြံပြုသည်။

"ဆော့ဖ်ဝဲတွေတော့ အများကြီးရှိပါတယ်။ ဒါတွေက စစ်ဖို့လွယ်ပါတယ်။ အကြံပြုချင်တာက သက်ဆိုင်ရာ Network Security (ကွန်ရက်လုံခြုံရေး ကျွမ်းကျင်သူ)က အမြဲစစ်ဆေးသင့်ပါတယ်။ အခုဖြစ်တဲ့ကိစ္စမှာ အိုင်ပီတင်မကဘဲ စက်ကိုပါကြည့်တာမို့ သူတို့ဆီကလာတယ်ဆိုတာ သေချာပါတယ်။ အဲဒီအိုင်ပီတွေလည်း ပိတ်လိုက်ရော တိုက်ခိုက်တာက မရှိတော့ဘူး"ဟု သတင်းအချက်အလက်နည်းပညာဌာန အင်ဂျင်နီယာချုပ်က ရှင်းပြသည်။



နည်းပညာဆိုင်ရာကျွမ်းကျင်သူများအဆိုအရ ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်မည့်သူများ အင်တာနက်ဆိုင်သို့ လာရောက်အသုံးပြုခြင်းမှကာကွယ်နိုင်ရန်အတွက် နည်းပညာလုံခြုံရေး ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲများ တပ်ဆင်ခြင်း၊ ဆိုင်တွင် ကွန်ရက်လုံခြုံမှုကျွမ်းကျင်သူများ ခန့်အပ်ထားခြင်း၊ ဆိုင်ရှိ ကွန်ပျူတာများနှင့် ကွန်ရက်လုံခြုံမှုကို အမြဲစစ်ဆေးခြင်း၊ သုံးစွဲသူများ မှတ်တမ်းတင်နိုင်ရန် လုံခြုံရေးကင်မရာ(CCTV)များ တပ်ဆင်ထားခြင်း စသည်တို့ ဆောင်ရွက်သင့်ကြောင်း အကြံပြုကြသည်။

"နည်းပညာလုံခြုံရေးနဲ့ပတ်သက်ပြီး ဆော့ဖ်ဝဲတွေ၊ ဟာ့ဒ်ဝဲတွေအများကြီးရှိပါတယ်။ ဒါပေမဲ့ တကယ်ကျွမ်းတဲ့သူကျတော့ အဲဒါတွေက မကာကွယ်နိုင်ဘူး။ နည်းပညာဆိုင်ရာကျွမ်းကျင်သူခန့်ဖို့ဆိုတာကကျတော့ စရိတ်ပိုကုန်မှာရယ်၊ တကယ်ကျွမ်းကျင်တဲ့သူကိုရဖို့မလွယ်ဘူးဆိုတဲ့အခက်အခဲတွေရယ် ရှိတယ်။ ကျွန်တော့်အထင် အကောင်းဆုံးကတော့ CCTV တပ်ထားပြီး သုံးတဲ့သူတွေ မှတ်တမ်းယူထားတာပဲ"ဟု ရန်ကုန်မြို့တွင် ကိုယ်ပိုင်အင်တာနက်ဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

ဦးဇော်မင်းဦးကလည်း အင်တာနက်ဆိုင်များအနေဖြင့် နည်းပညာဆိုင်ရာလုံခြုံရေးအတွက် အခက်အခဲများရှိခြင်း၊ အကြံဉာဏ်များ ရယူလိုခြင်းများရှိလာပါက ရတနာပုံတယ်လီပို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်သည်ဟုဆိုသည်။

ရန်ကုန်မြို့ရှိ အင်တာနက်ဆိုင်များတွင် ပြီးခဲ့သည့်နိုဝင်ဘာလလယ်ပိုင်းကစတင်၍ ဆိုင်၏လုံခြုံရေးတိုးမြှင့်နိုင်ရန် CCTV တပ်ဆင်ရန်၊ ဝန်ထမ်းလေးဦးစီခန့်အပ်ထားရန်၊ အင်တာနက်သုံးစွဲသူများက အွန်လိုင်းမှ အချက်အလက်များဆွဲချခြင်း၊ Update လုပ်ခြင်းများကို ကြည့်ရှုမှတ်သားရန် သက်ဆိုင်ရာက အင်တာနက်ဆိုင်ရှင်များကိုခေါ်၍ အသိပေးခဲ့သေးသည်။



7DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010



# ဒီဇင်ဘာနောက်ပိုင်း ပိုအေးမည်ဟု ဦးထွန်းလွင်ခန့်မှန်း

အားမာန်

**မက္ကဆီကိုနိုင်ငံကန်ကွန်မြို့တွင်ကျင်းပခဲ့သောကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံသို့တက်ရောက်ခဲ့သော ဒေါက်တာထွန်းလွင်ကို အဆိုပါ ညီလာခံနှင့် လက်ရှိမြန်မာနိုင်ငံ ရာသီဥတုအကြောင်းတို့ကို ဒီဇင်ဘာ ၁၅ရက်၌ တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံကိုတက်ဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။**

COP (ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံ)က ကျွန်တော့်အတွက် စိမ်းတဲ့အစည်းအဝေးမဟုတ်ပါဘူး။ COP ၂ ကတည်းက စတက်တာ ၁၃ အထိပဲ။ ဌာနဝန်ထမ်းအနေနဲ့ တက်တာပေါ့။ အရာရှိငယ်ဘဝကတည်းက နောက်ဆုံးညွှန်ချုပ်ဖြစ်တဲ့အထိ။ ၁၄ကျတော့ အလုပ်က အနားယူသွားလို့ မတက်ရဘူး။ ၁၅ကျတော့ မှတ်ပုံတင်တာနောက်ကျလို့ မတက်လိုက်ရဘူး။ ကိုပင်ဟေဂင် (ဒိန်းမတ်နိုင်ငံမှမြို့အမည်)မှာပေါ့။ ၁၆ ကျတော့ အစအဆုံးအဆင်ပြေတယ်ပေါ့။ အထောက်အပံ့ပေးတာတော့ ဂျာမန် အင်န်ဂျီအိုပေါ့။ ဆက်သွယ်ပေးတာတော့ Ecodev ပေါ့။ ထူးခြားတာကတော့ ဒီအစည်းအဝေးမှာ လူသောင်းကျော်တက်ကြတယ်။ သတင်းထောက်တွေချည်းပဲတောင် မရှိဘူးဆို သုံး၊ လေးထောင်ရှိတယ်။ ဒါပေမဲ့ တို့နိုင်ငံက သတင်းထောက်တစ်ယောက်မှ မပါဘူး။ နိုင်ငံကိုယ်စားလှယ်တောင် မပါဘူး။

**ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံနဲ့ပတ်သက်တဲ့ သတင်းတွေက ကမ္ဘာ့မီဒီယာတွေက ဒီနောက်ပိုင်း ပိုဦးစားပေးဖော်ပြလာတာတွေ့တယ်။ ဦးက ဒီညီလာခံတွေ စကတည်းက တက်ခဲ့တာဆိုတော့အဲဒီအပေါ်မှာ မှတ်ချက်ပေးပါဦး။**

ဒီနောက်ပိုင်းမှာ ပိုပြီး ထိရောက်လာတာပေါ့။ အရင်လိုပြောတာ ထိုင်နားထောင်တဲ့အဆင့်မဟုတ်တော့ဘူး။ တင်ပြတာတွေလည်း ရှိတယ်။ ဆန္ဒပြတာတွေလည်း ရှိတယ်။ ဒီအစည်းအဝေးတွေမှာ အမြဲတမ်းအဓိက Issue (အဓိကကြောင်းအရာ) က ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ သဘောထားကွဲလွဲတာပဲ။ ဒီအစည်းအဝေးကြီးမှာ ကျွန်တော်စိတ်ဝင်စားတဲ့ Issue သုံးခုရှိတယ်။ နံပါတ်တစ်က ကျိုတို ပရိုတိုကောကို ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ မဖွံ့ဖြိုးတဲ့နိုင်ငံတွေက ဆက်ပြီးဆောင်ရွက်ဖို့ ဆွေးနွေးချင်တယ်။ ကျိုတိုပရိုတိုကော (ကမ္ဘာ့နိုင်ငံအားလုံးက မိမိတို့၏ ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၁၉၉၀ တွင် ရှိခဲ့သော ကာဗွန်ပမာဏအောက် ၁၀ မှ ၄၀ ရာခိုင်နှုန်းအထိ ၂၀၂၀ ခုနှစ် မတိုင်မီ လျှော့ချရမည်ဟု ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် ကျင်းပသော ကမ္ဘာ့ရာသီဥတု အစည်းအဝေးမှ သဘောတူညီချက်)က သတ်မှတ်ချက်အရ ပထမလုပ်ငန်းချိန်။ ၂၀၁၃ ကျရင် ဒုတိယလုပ်ငန်းချိန်။ ကျိုတိုပရိုတိုကောက ၂၀၁၂မှာပြီးမှာ။ ဖွံ့ဖြိုးပြီးနိုင်ငံတွေက အချိန်ဆွဲနေတာ။ ပြီးသွားရင် ကျိုတိုပရိုတိုကောက အလိုအလျောက်အသက်မရှိတော့ဘူး။ ဒါက ဖွံ့ဖြိုးပြီး နိုင်ငံတွေဘက်က။ ဟိုဘက်က ဖွံ့ဖြိုးဆဲနဲ့ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေကလည်း ကျိုတိုပရိုတိုကောကို ဆက်ပြီးလုပ်ချင်တယ်။ အဲဒါကို ဖွံ့ဖြိုးပြီးနိုင်ငံတွေက ခပ်ရိုးရိုးပြောရရင် ရှုးကြောင်ကြောင်လုပ်ပြီး ဖျက်ပစ်ချင်တာ။ ဒါကို ဒီဘက်ကလည်း အဖျက်မခံဘူး။ ဒုတိယက ကိုပင်ဟေဂင်



တုန်းက အမေရိကနဲ့အဖွဲ့ဝင် ၂၄ နိုင်ငံလုပ်သွားတဲ့ ကိုပင်ဟေဂင်အက်ကော့(Accord)က ကမ္ဘာ့အပူချိန်ကို ၂ ဒီဂရီစင်ဂရိတ်ထိ ခွင့်ပြုမယ်။ အဲဒါကို နိုင်ငံအများအပြားက လက်မခံဘူး။ ၁ဒသမ၅ ဒီဂရီစင်တီဂရိတ်ထိပဲ လက်ခံတယ်။ တတိယအချက်က ရာသီဥတုပြောင်းလဲမှု တကယ်ဖြစ်နေတယ်ဆိုတော့ လုပ်ရမှာက ပြန်လည်ပြင်ဆင်တာနဲ့ သင့်လျော်အောင် ပြုလုပ်ဖို့ပဲ။ အဲဒါတွေ လုပ်ဖို့အတွက် နည်းပညာတွေ၊ ရန်ပုံငွေတွေလိုတယ်။ ဒါက ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ အပိုင်းဖြစ်သွားပြီ။ အဲဒါတွေအတွက် Adapation Fund တည်ထောင်ဖို့ ဆွေးနွေးကြတာပဲ။

**ဒီဆွေးနွေးပွဲကအရေးကြီးတဲ့ဆုံးဖြတ်ချက်တွေ ချနိုင်ခဲ့လား။**

ဆယ်ရက်အထိတော့ ဘာသဘောတူညီချက်မှ မရဘူး။ ဒါပေမဲ့ ၁၁ ရက်ရောက်တဲ့အခါမှာတော့ အစီအစဉ်တစ်ခုလုပ်တယ်။ ကျေးဇူးတင်ရမှာကတော့ နှစ်အုပ်စုပေါ့။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက တက်တဲ့ ကိုယ်စားလှယ်တွေက ဇွဲရှိရှိနဲ့ မရရအောင် လုပ်ခဲ့တာရယ်။ ဒုတိယကတော့ အိမ်ရှင်ဖြစ်တဲ့ မက္ကဆီကိုက သူတို့ဆီမှာ လုပ်တဲ့ အစည်းအဝေးမှာ တိုးတက်မှုတစ်ခုရှိကိုရှိရမယ်ဆိုပြီးလုပ်လို့။နောက်ဆုံးမှာ ထူးခြားတဲ့ သဘောတူညီချက်တွေ ရခဲ့တယ်။ အဲဒါတွေက ကမ္ဘာနိုင်ငံတွေအနေနဲ့ ကမ္ဘာကြီးပူနွေးလာမှုကို စုပေါင်းတွန်းလှန်ဖို့အတွက် ကျိုတိုပရိုတိုကော ဒုတိယစီမံချက်ကာလမရောက်မီ ဖွံ့ဖြိုးပြီး နိုင်ငံတွေအနေနဲ့ မိမိတို့နိုင်ငံအလိုက် သီးသန့်ကြိုးပမ်းသွားဖို့၊ နောက်ပြီးတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို အရင်ကထက် ကူညီသွားဖို့။ ဒီသဘောတူညီချက်ကို ကန်ကွန်သဘောတူညီချက်လို့ပဲ ခေါ်နိုင်တယ်။ နောက်ဓာတ်ငွေ့လျှော့ချဖို့ တာဝန်ရှိကြတဲ့ ဖွံ့ဖြိုးပြီးရော၊ ဖွံ့ဖြိုးဆဲရော တိုင်းပြည်တွေအားလုံးက ကျိုတိုသဘောတူညီချက်မှာပါခဲ့တဲ့ ပထမစီမံချက်နဲ့ ဒုတိယစီမံချက်ကူးပြောင်းမယ့် ၂၀၁၃ မှာ လမ်းပျောက်နေတာမျိုး မဖြစ်အောင်၊ လစ်ဟာမှုမရှိအောင် အားလုံးကြိုးပမ်းဖို့အတွက် ဘယ်နိုင်ငံက ဘာလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို နိုင်ငံအလိုက် အာဖရိကမှာလုပ်မယ့် COP 17 ကျရင် ဆုံးဖြတ်ချက်ချပြီးဖို့ရယ်၊ ဖွံ့ဖြိုးဆဲနဲ့ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေက အပူပိုင်း သစ်တောတွေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ အစိမ်းရောင်ရာသီဥတု(Global Green Fund)ရန်ပုံငွေ

စာ(၂၈)သို့




7 DAY NEWS JOURNAL

Vol.9, No.39 • DECEMBER 23, 2010

စာ – ၂၇၊ ဒီဇင်ဘာနောက်ပိုင်း ပိုအေးမည်ဟု ဦးထွန်းလွင်ခန့်မှန်း မှ

(ထိုရန်ပုံငွေမှာ ကမ္ဘာနိုင်ငံများက ထည့်ဝင်ရမည်ဖြစ်ပြီး၊ ကန်ဒေါ်လာ ၁၀၀ ဘီလီယံရှိသည်) ထူထောင်ဖို့ရယ်ပဲ။ အဲဒီအတွက် တစ်နိုင်ငံချင်းအလိုက် ဘာတွေလုပ်မယ်။ ငွေဘယ်လောက်လိုတယ်ဆိုတာ ၂၀၁၂ မှာ ဆုံးဖြတ်ပြီး ဖြစ်နေရမယ်။

**မြန်မာနိုင်ငံရဲ့ရာသီဥတုဘက်ကို သွားချင်ပါတယ်။ ဒီနှစ်ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်း ဘယ်နကြိမ်ဖြစ်ခဲ့လဲ။**

၂၀၁၀ မှာ မုန်တိုင်း ၆ ကြိမ်ဖြစ်ရမယ်လို့ ရေးလည်း ရေးတယ်။ ပြောလည်း ပြောခဲ့တယ်။ အဲတော့ ဒီနှစ်ဖြစ်ခဲ့တဲ့ မုန်တိုင်းတွေကို ကြည့်ရင် မေမှာတစ်ကြိမ် ဇွန်မှာ မဖြစ်ဘူး။ ဇူလိုင် မဖြစ်ဘူး။ ဩဂုတ် မဖြစ်ဘူး။ စက်တင်ဘာ မဖြစ်ဘူး။ ထူးခြားတယ်နော်။ မိုးရာသီ တစ်ရာသီလုံး မဖြစ်ဘူး။ အောက်တိုဘာ တစ်လတည်းသုံးကြိမ်။ နိုဝင်ဘာမှာ တစ်ကြိမ် အားလုံးပေါင်း ငါးကြိမ် ဖြစ်နေပြီ။ ငါးကြိမ်ဖြစ်နေတဲ့အတွက် မူလခန့်မှန်းတဲ့အတိုင်း ပြောရရင်တော့ တစ်ကြိမ်ဖြစ်ဖို့ရှိခဲ့တယ်။ ဒီဇင်ဘာ ပထမအပတ် ၃ ရက်၊ ၄ ရက်၊ ၅ ရက်လောက် ထင်ပါတယ်။ အဲဒီအချိန်လောက်ကျတော့လေဖိအားနည်းရပ်ဝန်းဖြစ်တာ ပိုအားကောင်းလာပြီး မုန်တိုင်းကိုဖြစ်သွားတာ။ အဲဒါက အဲဒီမုန်တိုင်းသာ တရားဝင်ဖြစ်ခဲ့ရင် ဒါ ၆ ကြိမ်မြောက်မုန်တိုင်းပဲ။ ဒါပေမဲ့ ဒီမုန်တိုင်း အဆင့်ရောက်သော်ငြားလည်း မုန်တိုင်းဟာ ကုန်းတစ်ဝက်၊ ရေတစ်ဝက်၊ သီရိလင်္ကာနဲ့ အိန္ဒိယတောင်ပိုင်းဖြစ်နေတဲ့အတွက်ကြောင့် အိန္ဒိယနိုင်ငံကတောင် မုန်တိုင်းလို့ မကြေညာခဲ့ဘူး။ လေဖိအားနည်းရပ်ဝန်းအဖြစ်ပဲ ကြေညာခဲ့တဲ့အတွက်ကြောင့် လေဖိအားနည်းရပ်ဝန်းနဲ့ပဲ စာရင်းပေါက်တယ်။ ဒါပေမဲ့ တကယ်တော့ မုန်တိုင်းအစစ်ပဲ။ မုန်တိုင်းငယ်ပဲ။ အဲဒီမုန်တိုင်းငယ်ဖြစ်လို့ မိုးတွေလည်း စုစုစည်းစည်း သိပ်သိပ်သည်းသည်း ရွာလိုက်တဲ့အတွက်ကြောင့် ဒီဇင်ဘာလပထမပတ် ၁၀ ရက်အတွင်းမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ရေကြီးသွားတာပဲ။ ရေတွေကြီးပြီးတော့ အဲဒီမုန်တိုင်းရဲ့ အကြွင်းအကျန်တိမ်တိုက်က အိန္ဒိယအ ရှေ့ဘက်ကမ်းရိုးတန်းအတိုင်း၊ အရှေ့မြောက်ပေ့ါ။ ကမ်းတစ်လျှောက်လာရင်းနဲ့ ဘင်္ဂလားပင်လယ်အော်ထဲကြတော့ တဖြည်းဖြည်းနဲ့ ပျော့ပြီးတော့ ပြန့်ထွက်သွားပြီးတဲ့အခါ အဲဒီက တိမ်တွေ မြန်မာပြည်ဖြတ်ပြီးတော့ မိုးရွာတာပေ့ါ။ မိုးရွာတော့ ဒီမိုးဟာ မုန်တိုင်း(သို့) လေဖိအားနည်းရပ်ဝန်းရဲ့ အကျိုးဆက်ဖြစ်တယ်။ ဒါကြောင့် မုန်တိုင်းဟာ ရာနှုန်းပြည့်လောက် မြန်မာပြည်ကို ဖြတ်တဲ့သဘောရှိတယ်။

**ဒီဇင်ဘာလမှာ ဘင်္ဂလားပင်လယ်အော်ထဲ ထပ်ပြီး မုန်တိုင်းဖြစ်နိုင်သေးလား။**

ကိုယ့်အမြင်အရ ပြောရရင် အရင်တုန်းက ဘင်္ဂလားပင်လယ်အော်ကို ကြည့်တဲ့အခါမှာ ရေငွေ့က နေ့တိုင်းရှိနေတယ်။ တိမ်တော့မရှိဘူး။ မိုးမရွာဘူး။ ဒါပေမဲ့ ရေငွေ့ကတော့ ရှိနေတယ်။ ရေငွေ့ရှိတာကို ရေငွေ့ကြည့်တဲ့ ပုံတွေနဲ့ ကြည့်လို့ရတယ်။ ရေငွေ့ရှိနေသမျှတော့ တိမ်ဖြစ်နိုင်တယ်။ တိမ်ဖြစ်နိုင်ရင် မိုးရွာနိုင်တယ်ပေ့ါ။ ဒီကနေ့ ပုံမှာတော့ အဲဒီရေငွေ့တွေဟာ မရှိသလောက် ဖြစ်သွားပြီ။ အဲဒီရေငွေ့တွေ အားလုံးကတောင်ဘက်ကို ဆင်းသွားပြီ။ အဲတော့ စောစောတုန်းက ၅ နဲ့ ၁၀ ကြား(အီကွေတာမှ ၅ဒီဂရီ လတ္တီကျူနှင့် ၁၀ဒီဂရီလတ္တီကျူကြားတွင်ရှိနေသော လေဖိအားနည်းရပ်ဝန်း)မှာရှိတဲ့ လေဖိအားနည်းရပ်ဝန်းချိုင့်က လဲ ၅ ရဲ့ တောင်ဘက် အီကွေတာဘက် ရောက်သွားပြီ။ ဒါကြောင့်မို့ ထူးထူးခြားခြား မဖြစ်ရင်တော့ ကျန်တဲ့ ဒီဇင်ဘာလက်ကျန်တွေမှာ တော့ မုန်တိုင်းဖြစ်ဖို့ အလားအလာ မရှိပါဘူး။

**ပြီးခဲ့တဲ့ရက်က မိုးရွာပြီး နောက်ပိုင်း ဘာကြောင့် ပိုအေးလာတာလဲ။**

ဒီမိုးတွေဖြစ်တဲ့ အကြောင်းကိုက ရေငွေ့ပါတဲ့ ဘင်္ဂလားပင်လယ်အော်ရှိတဲ့ လေနဲ့ တရုတ်ပြည်မတစ်ဆင့် ဒါမှမဟုတ်လည်း ဟိမဝန္တာတောင်မှ တစ်ဆင့် တိုးဝင်လာတဲ့ လေအေးတွေနဲ့ ထိတွေ့မှုဖြစ်ပြီး လေထုမငြိမ်မသက်ဖြစ်ရာက မိုးတိမ်အဖြစ် မိုးရွာတဲ့ဖြစ်စဉ်တွေပဲ။ ဖြစ်တော့ ဒီမိုးရွာလိုက်တာနဲ့ လေအေးတွေက ဝင်လာတာပေ့ါနော်။ လေအေးတွေနဲ့ပတ်သက်နေတဲ့ မိုးပေ့ါ။ ဒါကြောင့် ဒီမိုးတွေ ရွာတယ်ဆိုကတည်းက တိမ်တွေရှိလို့ ဒီတိမ်တွေရှိတယ်ဆိုတာက ရေငွေ့ပါတဲ့ လေထဲကို လေအေးတွေ ဝင်လာလို့ တစ်နည်းပြောရရင်တော့ မိုးလေဝသလို ပြောရရင်တောင် Instability ခေါ်တဲ့ လေထုမတည်ငြိမ်မှုကြောင့်ဖြစ်တဲ့ တိမ်ကနေ ရွာတဲ့မိုး။ ဒါကြောင့် ဒီမိုးမျိုးမှာ သမပိုင်းဇုန်တွေမှာ ရွာတဲ့ မိုးတွေလိုပဲ။ ဒီမိုးတွေရွာရင် လေအေးတွေပါတဲ့အတွက် အေးတာပါပဲ။

**ဥရောပမှာတော့ ရာသီဥတုက အေးခဲနေပြီ။ လက်ကျန် ဆောင်းရာသီက မြန်မာနိုင်ငံအတွက် ဘယ်လိုဆောင်းဖြစ်မလဲ။**

လက်ကျန် ဇန်နဝါရီ ဖေဖော်ဝါရီ မတ်လတွေမှာလည်း အေးမှာပေ့ါ။ ဘာကြောင့်လည်းလို့ပြောရင် ထူးခြားချက်က နှစ်ခုရှိတာပေ့ါ။ တစ်ခုက ငါတို့ရဲ့ အရှေ့တောင်ဘက် ပစိဖိတ်သမုဒ္ဒရာမှာ ဖြစ်နေတဲ့ လာနီညာ၊ လာနီညာဆိုတာကလည်း အေးပြီး၊ စွတ်စိုတဲ့ ရာသီ။ သူက အအေးဓာတ်ပဲ။ နောက်ငါတို့ရဲ့ အနောက်မြောက်ဘက် ဥရောပတို့၊ အမေရိကတို့မှာ ဖြစ်နေတာက အာတိတ်ကုန်းမြေက လေအေးတွေ ထိုးဆင်းလာတဲ့ ရာသီဥတု။ သူ့ကို တရားဝင်ပညာရပ်အခေါ် Arctic blast အာတိတ်ပေါက်ကွဲမှုပေ့ါ။ အာတိတ်ပေါ်မှာရှိတဲ့ လေထဲပေါက်ကွဲပြီး အဘက်ဘက်ကို ပျံ့နှံ့သွားတာပေ့ါ။ အဲတော့ Arctic blast ကြောင့်လေအေးတွေဟာ အောက်ကို ဆင်းတယ်။ အဲဒီ အောက်ကို ဆင်းတဲ့အတွက်ကြောင့် ရာသီဥတုက မနှစ်က ဆောင်းနဲ့ပုံစံမျိုးလာတူနေတယ်။ မနှစ်က ဆောင်းကလည်း Arctic blast ဖြစ်ခဲ့တဲ့အတွက်ကြောင့် ကမ္ဘာ့မြောက်ဘက်ခြမ်းမှာရှိတဲ့ ကုန်းမြေကြီးသုံးခုလုံးအေးခဲတဲ့ ဆောင်းဥတုကို ကြုံခဲ့ရတယ်။ ကုန်းမြေကြီးသုံးခုက ဘာလဲဆိုရင် ကမ္ဘာ့မြောက်ဘက်အခြမ်းက ကုန်းမြေကြီးသုံးခုက တစ်က မြောက်အမေရိကတိုက်၊ နှစ်က ဥရောပတိုက်၊ သုံးက အာရှတိုက်နော်။ဒီသုံးခုလုံး အေးခဲ့တယ်။ အေးပုံ အေးနည်းကလည်း ပထမ အမေရိက စအေးတယ်။ နောက် ဥရောပ ရောက်လာတယ်။ နောက်ပြီးတော့ အာရှ။ ဆိုက်ဗေးရီးယားကို ရောက်တယ်။ ဆိုက်ဗေးရီးယားကတစ်ဆင့် ဟိမဝန္တာကို ရောက်တယ်။ ဟိမဝန္တာကတစ်ဆင့် မြန်မာပြည်ကိုရောက်တယ်။ အဲတော့ မနှစ်က မြန်မာပြည်ကို စပြီး အအေးလှိုင်းဝင်ခဲ့တယ်။ အအေးဓာတ်ဟာ ဒီဇင်ဘာ ၂၆။ ဒီနှစ်က နည်းနည်းလေးစောတဲ့ သဘောရှိတယ်။အဲတော့အေးမှာပဲ။

**မိုးမရွာခင်အထိ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ အထက်ပိုင်းမှာ အေးပေမယ့် အောက်ပိုင်းမှာ ဘာလို့ မအေးတာလဲ။**

အဲဒါက အအေးဓာတ်က ဟိမဝန္တာမှ ဝင်နေပြီ။ ဒီနေ့ ဟိမဝန္တာမှ အပူချိန်က ကာလနဲ့ ပြတာက Dark blue(ဒက်ဘလူး)ဖြစ်နေပြီ။ ဒါ့ခ်ဘလူးဆိုတာ တော်တော်အေးနေပြီ။ မြန်မာပြည်ထဲမှာလည်း အအေးနဲ့ ပတ်သက်ပြီးပြောရင် ဧရိယာလေးမျိုးခွဲရမယ်။ အအေးဆုံးဒေသက ကချင်ပြည်နယ်အရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဒီသုံးခုက မြန်မာပြည်မှာ အအေးဆုံး လက်ရှိဆိုရင်တော့ ရေခဲမှတ် ၅ မှာရှိနေတယ်။ ဒုတိယအအေးဆုံးက ကချင်ပြည်နယ် အနောက်ပိုင်းရယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရယ်။ နောက်ပြီးတော့ ရှမ်းပြည်နယ် အရှေ့ပိုင်းရယ်။ တတိယ အအေးဆုံးက ရခိုင်ပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးမြောက်ပိုင်း၊ ကယားပြည်နယ်။ စတုတ္ထအအေးအပေ့ါဆုံးပေ့ါ။ လက်ရှိမှာ ကျန်တဲ့ဒေသတွေပေ့ါ။ ကျန်တဲ့ဒေသတွေဆိုတော့ ဧရာဝတီ၊ ပဲခူး-တောင်၊ ရန်ကုန်၊ ကရင်၊ မွန်၊ တနင်္သာရီ။ ဒါက အအေးအပေ့ါဆုံးပဲ။ အဲဒီတော့ အအေးဓာတ် ဝင်လာပြီဆိုရင် ဒီလေးခုဟာ အချိုးကျဖြစ်သွားမှာပဲ။ အအေးဆုံးဒေသက နံပါတ်တစ်ပေ့ါ။ အဲဒီတော့ ရန်ကုန်မှာ သိပ်မအေးဘူးလို့ ပြောတာသိပ်မထူးဆန်းဘူးလေ။ သူက အအေး အပေ့ါဆုံးထဲမှာပါနေတာကို။ ဒါပေမဲ့ ဒီဇင်ဘာလကနေနောက်ပိုင်းအေးပြီဆိုရင် ခန့်မှန်းခြေပြောရရင် အအေးဆုံးဖြစ်မယ့် ရှမ်းပြည်နယ်က လွိုင်လင်တို့၊ ပင်လောင်းတို့၊ ချင်းပြည်နယ်က ဟားခါးတို့ တီးတိန်တို့ မင်းတပ်တို့ ဒီဒေသတွေကတော့ ရေခဲမှတ်ဇီးရိုးဒီဂရီ စင်တီဂရိတ်အောက်ရောက်ဖို့ရှိတယ်။ -၂ ဒီဂရီ -၃ ဒီဂရီပေ့ါ။ ဘယ်အချိန်ရောက်မလဲဆို ဇန်နဝါရီလောက်ပေ့ါ။ ဒုတိယအအေးဆုံးဒေသတွေဖြစ်မယ့် ရှမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ ဒီလိုဒေသတွေ အဓိကပေ့ါ။ ဒီဒေသတွေက အပူချိန်ဘယ်လောက်ရှိမလဲဆို ၈ နဲ့ ၁၀ကြားပေ့ါ။ နောက်

**“မိုးတုန်းကလည်း ရေတွေကြီး သူဟာ့သူဖြစ်။ နွေတုန်းကလည်းပူလိုက်တာသောက်စရာရေတောင်မရှိတော့ဘူး။အခုဆောင်းရောက်တော့လည်း အေးလိုက်တာလာ တော့မယ် အခု။ ရန်ကုန်မှာသာ သိပ်မထိသေးတာ။ နယ်တွေမှာက တော်တော်ထိနေပြီ။”**

ရခိုင်၊ မန္တလေးတိုင်းဒေသကြီးတို့၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့၊ ကယားပြည်နယ်တို့ ဒါတွေကတော့ ၁၂ ကနေ ၁၅ လောက်ပေ့ါ။ ကျန်တဲ့ ဒေသကတော့ ယေဘုယျပြောရင် ၁၅ ကနေ ၁၈လောက်ပေ့ါ။ ဒါက အနိမ့်ဆုံးရောက်နိုင်တဲ့ အပူချိန်ကို ပြောတာပါ။ ရန်ကုန်ဟာ ဒီနေ့မှန်းတာတော့ ၁၂နဲ့ ၁၅ကြားလောက်တော့ အေးနိုင်တယ်။ အဲတော့ အအေးဆုံး၊ စံချိန်က ရန်ကုန်မှာ ၁၀ ဒသမ ၅ လောက်ရှိတဲ့အတွက် အဲဒီစံချိန်ကို ကျိုးဖို့ဆိုတာကတော့ မသေချာဘူး။ လာနီညာက အင်အားကောင်းတဲ့ လာနီညာမဟုတ်လို့၊ အဲတော့ အအေးပိုမှုက အနည်းငယ်ရယ်၊ အသင့်အတင့်ရယ်၊ အပြင်းအထန်ရယ် သုံးမျိုးမှာ အများဆုံးဖြစ်နိုင်တာကတော့ အသင့်အတင့်ပဲ။

**ဒီကနေ့ မိုးလေဝသမှ ကာလရှည်ကြိုခန့်ဖို့ မလွယ်ဘူးဆိုတာတော့သိပါတယ်။ ဒါပေမဲ့ အထူးသဖြင့် တောင်သူတွေက ၂၀၁၁ မှာဘယ်လိုရာသီဥတုဖြစ်မလဲလို့ သိချင်နေကြတယ်။**

နံပါတ်တစ်က အားလုံးခြုံပြီး ပြောမယ်ဆိုရင် ရာသီဥတုနဲ့ပတ်သက်ပြီးတော့ ဘာဖြစ်မယ်ဆိုတာ မပြောနိုင်တာကကို ဒီကနေ့ ရာသီဥတုပဲ။ ဒါ အမှန်ဆုံး ဝန်ခံလိုက်တာပဲ။ သို့သော် ငြားလည်းပဲ မပြောနိုင်တာနဲ့ မပြောရသေးဘူးဆိုတာတော့ မဖြစ်ဘူးပေ့ါလေ။ သို့သော်လည်း ဖြစ်နိုင်တဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေအတိုင်း သုံးသပ်ပြီးတော့ ကြည့်မယ်ဆိုရင်တော့ ၂၀၁၁ ရဲ့ ပထမနှစ်လ ဇန်နဝါရီနဲ့ဖေဖော်ဝါရီကတော့ လာနီညာပဲ။ လာနီညာဆိုတော့ သူအေးမှာပေ့ါ။ အဲဒီ နှစ်လပြီးရင် မတ်၊ ဧပြီ၊ မေ။ ဒီသုံးလက ကမ္ဘာအယ်လ်နီညို၊ လာနီညာစောင့်ကြပ် ကြည့်ရှုရေး ဗဟိုဌာနတွေရဲ့ ခန့်မှန်းချက်ပေ့ါ။ ခန့်မှန်းချက်မှာ ၆ ခုမှာ ၃ ခုက လာနီညာသို့ မဟုတ် ကြားနေရာသီဥတု (အယ်လ်နီညိုနှင့် လာနီညာမဟုတ်ဘဲ ပုံမှန်ရာသီဥတု) ဖြစ်မယ်။ သုံးခုကတော့ လာနီညာပဲဖြစ်မယ်ပေ့ါ။ အဲဒီတော့ သူတို့ခန့်မှန်းတဲ့အထဲမှာ အယ်လ်နီညို မပါဘူး။ မပါတော့ ပုံမှန်သို့မဟုတ် ပုံမှန်အောက်လျော့မယ့်သဘောရှိတယ်။

နောက်အဲဒီနောက်ပိုင်းမှ ဇွန်လရဲ့နောက်ပိုင်းမှာပေ့ါ။ အယ်လ်နီညိုဖြစ်မလား၊ လာနီညာဖြစ်မလား၊ ကြားနေနှစ် ဖြစ်မလားဆိုတာကတော့ ခတ်ပြားပြားဟောင်းပြန်ရောက်သွားတာပေ့ါ။ အကြမ်းဖျင်းပြောရင်တော့ ၃၀၊ ၃၀၊ ၄၀ (ဖြစ်နိုင်ချေအားဖြင့် ၃၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း)ပေ့ါ။ အားလုံးကတော့ အညီအမျှဖြစ်နိုင်တာပဲ။ အဲဒီတော့ အဲကဏ္ဍတွေကတော့ သိပ္ပံသဘောအရတော့ သိပ်မပြောနိုင်ဘူး။ သို့သော် ငြားလည်းပဲ လက်ရှိမြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ ရာသီဥတု ပြောင်းလဲမှုရဲ့ ပုံစံအရ ပြောမယ်ဆိုရင် လာမည့် မိုးရာသီကာလမှာ နံပါတ်တစ်သေချာတာက မုတ်သုံဝင်တာနောက်ကျမယ်။ နံပါတ်နှစ် မုတ်သုံထွက်တာစောမယ်။ နံပါတ်သုံး မုတ်သုံကာလ တိုတောင်းမယ်။ နံပါတ်လေး မုတ်သုံလေ အင်အားဟာ အခြေတကျ မရှိဘူး။ အခြေတကျ မရှိတဲ့အတွက် မုတ်သုံဝင်ပြီး မိုးရာသီရောက်ပြီးလို့ ပြောသော်လည်း မုတ်သုံအားပြတ်တာတို့ မုတ်သုံအားနည်းတာတို့က မကြာခဏ ဖြစ်ရလိမ့်မယ်။ အဲဒါ ယေဘုယျသဘောရှိတယ်။ နောက်အခု နောက်ပိုင်းမှာ သေချာပေါက်ဖြစ်နေတာကတော့ မုတ်သုံမဝင်မီ မိုးကြိုကာလ အဲဒီကာလဟာ ဧပြီ ၁၅ ရက်မှနေပြီး မေလကုန်အထိ ၄၅ ရက်လောက်ကြာမယ်။ အဲဒီကာလအတွင်းမှာ လေထု မတည်မငြိမ်ဖြစ်ပြီးတော့ မိုးတိမ်တောင်တွေ အများကြီးဖြစ်မယ်။ မိုးတိမ်တောင်တွေ အများကြီးဖြစ်တဲ့အတွက် ကြုံတွေ့လာရမယ်။ ဖြစ်စဉ်တွေကတော့ မိုးကြိုးပစ်တာတို့၊ နောက်လေပြင်းတိုက်တာတို့ နေရာကွက်ပြီးတော့ မိုးကြီးတဲ့အတွက်ကြောင့် လျှပ်တစ်ပြက်ရေကြီးတာတို့ မြေပြိုတာတို့ နောက်လေဆင်နှာမောင်းတိုက်တာတို့ ဒါတွေတွေ့ရဖို့ရှိပါတယ်။ အဲဒါမျိုးကို မိုးလွန်ကာလမှာလည်း တွေ့ရဖို့ ရှိပါတယ်။ ထူးခြားတာကတော့ အဲဒါများကို အခုနောက်ပိုင်းနဲ့ မုတ်သုံကာလအတွင်း မုတ်သုံလေ မတည်ငြိမ်မှုရှိတဲ့အတွက် မိုးတွင်းကာလလည်း တွေ့နိုင်ပါတယ်။ ဒီနှစ်မှာလို့ပေ့ါ။ ဒီနှစ် ဇူလိုင်လမှာ ကွမ်းခြံကုန်းမှာ လေဆင်နှာမောင်းတိုက်သလိုပေ့ါ။ အဲတော့ ဒါတွေဖြစ်နိုင်တာပေ့ါ။ သေချာပေါက် ပြောရဲတယ်။ ဒါမျိုးတွေ ဖြစ်ဦးမယ်ဆိုတာ။ နောက်ဆုံးတစ်ချက်က ဘာလဲဆိုရင် မုတ်သုံဆုတ်ပြီးနောက် မိုးလွန်ရောက်သွားရင်လည်း မိုးက ရှိနိုင်သေးတယ်။ ဒီနှစ်လိုပေ့ါနော်။ အဲဒါကိုတော့ သတိပြုဖို့လိုတယ်ပေ့ါနော်။ ဒီရာသီဥတုက ဒီလိုဖြစ်နိုင်တယ်ဆိုတာလေးကိုပဲ မိုးလေဝသဘက်ကတော့ ဒီလောက်ပဲ ပြောလို့ရတယ်။

**နှစ်လည်းကုန်ပြီဆိုတော့ ၂၀၁၀ မြန်မာရာသီဥတုအနှစ်ချုပ် ပြောပေးပါဦး။**

ဒီနှစ်ထူးခြားတာကတော့ တစ်လုံးတည်းနဲ့ ထိရောက်အောင် ပြောရရင်တော့ သူ့ရာသီနဲ့ သူ အားလုံး ပီပြင်ခဲ့တာပဲ။ နွေတုန်းကလည်း နွေပီပီပူတာပဲ။ ပိုပြီးတော့ ခြောက်သွေ့ခဲ့တာပဲ။ မိုးကျတော့လည်း စွတ်စိုပြီးတော့ မိုးများခဲ့တာပဲ။ ဆောင်းကျတော့လည်း ခြောက်သွေ့ပြီးတော့အေးလာပြီ။ အဲတော့ သုံးရာသီလုံးဖြစ်ခဲ့ပြီ။ သုံး ရာသီလုံးက အပီချည်းပဲ။ အဲတော့ အဲဒါထူးခြားတာပဲ။ ဘယ်ကောင်ကတော့ နည်းနည်းလျော့လုပ်သွားတယ်လို့ မရှိဘူး။ မိုးတုန်းကလည်း ရေတွေကြီး သူဟာ့သူဖြစ်။ နွေတုန်းကလည်း ပူလိုက်တာသောက်စရာရေတောင် မရှိတော့ဘူး။ အခုဆောင်းရောက်တော့လည်း အေးလိုက်တာ လာတော့မယ် အခု။ ရန်ကုန်မှာသာ သိပ်မထိသေးတာ။ နယ်တွေမှာက တော်တော်ထိနေပြီ။ အခု အဲဒါကြောင့်သုံးသပ်ပြီး ပြောရရင် ဒါက အဲထူးခြားချက်တွေ့ရတယ်။ နောက်ဒုတိယ ထူးခြားချက်က အားလုံးသိတဲ့အတိုင်း နွေတုန်းက ရေပြတ်တဲ့အထိ ပူပြင်းခြောက်သွေ့ခဲ့တယ်။ မိုးကြိုမိုးဆိုတာ မရှိခဲ့ဖူး။ ဒီနှစ်မှာ မိုးရာသီကာလအတွင်းမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ လေးလအတွင်းမှာ မုန်တိုင်းလုံးဝ မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့လည်း နှစ်ကုန်တဲ့အခါတော့ သူ့ရဲ့ Long time average ဖြစ်တဲ့ ၆ လုံးကိုတော့ မီအောင်တော့ လုပ်သွားပေးမယ်။

**၂၀၁၀ မှာ အကျိုးအပြုဆုံးနဲ့ ဒုက္ခအပေးဆုံး မုန်တိုင်းက ဘာတွေဖြစ်မလဲ။**

၂၀၁၀ လူတွေအတွက် အကျိုးအပြုဆုံး မုန်တိုင်းဆိုရင်တော့ လိုင်လာပေ့ါ။ ဒုက္ခအပေးဆုံးကတော့ ဂီရိပဲပြောရမှာပေ့ါ။ ဒီနှစ် နွေ၊မိုး၊ဆောင်း သုံးရာသီထဲမှာ ဘယ်ရာသီကအဆိုးဆုံးလဲ။ ဒီနှစ်ရာသီဥတုသုံးမျိုးထဲမှာ အဆိုးဆုံးကတော့ နွေပဲ။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

# တိမ်တွေပေါ်က မြို့

အေးသူစံ

DAM MAW ဆိုတဲ့ နှုတ်ခွန်းဆက်စကားသံလေးကို ကိုယ်စီသုံးစွဲရင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာပြောဆိုနေသည့် ချင်းစကားသံလေးတွေက တီးတိန်မြို့တစ်ခွင်လုံးကို လွှမ်းခြုံထားပါတယ်။ တိမ်တွေကာဆီးထားတဲ့ ကောင်းကင်ပြင်ကြီးကိုမြင်တွေ့နေကျကနေ တိမ်တွေရဲ့အပေါ်မှာ ခြေစုံရပ်မိတဲ့အခါ မြင်ကွင်းတွေက ပန်းချီဆရာတစ်ယောက် စိတ်တိုင်းကျရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်နှယ်ပါ။



ဓာတ်ပုံ - အေးသူစံ

ဒေသခံချင်း တောင်ပေါ်က တိုင်းရင်းသားတွေရဲ့ အပြုံးချိုချိုလေးတွေက ပွဲတော်တွင်းမို့ အပျော်တွေကို လာလည်သူ ဧည့်သည်တွေကိုပါ ကူးစက်လာခဲ့ပါတယ်။ ‘အေး။ အိမ်း။ အော့ဒမော’ စတဲ့ အာမေဋိတ် စကားသံတွေနဲ့ အတူ လက်ဆွဲနှုတ်ဆက်ကြတဲ့ သူတို့ ယဉ်ကျေးမှုက အတွင်းစိတ်ဓာတ်ရင်းခံကိုက ခင်မင်မှုအပြည့်အဝရှိပါတယ်လို့ ဖော်ပြစရာမလိုအောင် နားလည်မိပါတယ်။ “Dam Maw ဆိုတာ ‘နေကောင်းလား’ လို့ နှုတ်ဆက်တာပေါ့။ လက်ဆွဲနှုတ်ဆက်တာက ငါတို့ရဲ့ယဉ်ကျေးမှုလေ”ဟုဖြူဖွေးတဲ့ အသားအရေနဲ့ လင်းလက်တောက်ပသော အပြုံးပန်းလေးပန်ဆင်ထားတဲ့ ချင်းတိုင်းရင်းသူ မကျိမ်ဟွမ်းဒိမ်းက ရိုးရာနှုတ်ဆက်ပုံကို ရှင်းပြနေပါတယ်။ လူငယ်တွေကတောင်ပေါ်ဒေသရဲ့ ချမ်းအေးတဲ့ဒဏ်ကိုခံနိုင်ရည်ရှိအောင် ခေတ်ပေါ်ဂျာကင်အကျႌတွေ၊ ဂျင်းဘောင်းဘီတွေ၊ ဝေါ့ကင်းရှူးတွေကိုဝတ်ဆင်ထားကြပေမဲ့ လူကြီးတွေကတော့ ရိုးရာချည်ထည်တွေကို ဝတ်ဆင်ထားကြတယ်။ ချင်းထည်ဆိုပြီး အရောင်စုံ၊အဆင်စုံတွေကို မြေပြန့်ကလူတွေတောင် တခုတ်တရဝတ်ဆင်ကြရတဲ့ ရိုးရာအထည်လေးတွေပါ။ ချင်းတောင်ပေါ်မှာ ထက် ကလေးမြို့ပေါ်က ပိုပြီး စျေးသက်သာပါတယ်။ တောင်ပေါ်ကတော့ ပွဲတော်ရှိခိုက်နဲ့ ကြုံချိန်မို့ ပုံမှန်ချိန်တွေထက် စျေးကနည်းနည်းတော့ များနေပါတယ်။

ချင်းတောင်ပေါ်မှာရှိတဲ့ ဒေသခံတွေဟာ တောင်ယာစိုက်ပျိုးခြင်းနဲ့အဓိက အသက်မွေး ကြရပြီး လှေခါးထစ်တောင်ယာစိုက်ပျိုးနည်းစနစ်ကို အသုံးပြုတာကြောင့်အချို့တောင်ယာတွေဟာ ပြန်လည်စိုက်ပျိုးလို့မရတော့တဲ့ တောင်ကတုံးတွေဖြစ်နေတာ နှမြောစရာပါ။ ထင်းတွေခုတ်ပြီး လှောင်ထားတတ်တာကိုလည်း အိမ်တိုင်းမှာ တွေ့ရပြီး အမြင့်ပေငါး ထောင်ကျော်တဲ့ တောင်တန်းဒေသမို့ အအေးဒဏ်ကို အန်တုဖို့ရာ တောင်ပေါ် မေးတင်ဆောက်ထားတဲ့ သစ်သားနှစ်ထပ် အိမ်လေးတွေတော်တော်များများဟာ အောက်ထပ် တံခါးလေးတွေကို ပိတ်စေ့ထားတတ်ပြီး အပေါ်တစ်ထပ်မှာသာအနေများကြပါတယ်။ နေဝင်ချိန်ဆိုတာနဲ့ ခြောက်သွေ့သွားတတ်တဲ့ မြို့လေးဟာ မြို့ပြက ရပ်ကွက်အကြီးစား တစ်ခုစာလောက်သာရှိပြီး ရှစ်နာရီလောက်ဆို လူခြေတိတ်နေပါပြီ။ တိမ်တွေကတောကြီးလိုဖြစ်လို့ ဖြူဖွေးနေတဲ့ ဟိုးအောက်ချောက်ထဲက တိမ်တော ကြီးတွေ၊ တောင်တန်းတွေက ပတ်ပတ်လည်ဝိုင်းရံထားလို့ တိမ်တွေကိုအပေါ်စီးက ငုံ့ကြည့်ရတာသိပ်အံ့သြဖို့ ကောင်းပါတယ်။ ကလေးကနေ ချင်းတောင်ပေါ်က မြို့တွေဆီသွားတဲ့ တောင်တက်လမ်းတစ်လျှောက် လမ်းပြင်လုပ်သား တွေ ဟာ ချမ်းစိမ့်တဲ့ဒဏ်ကို အန်တုရင်း၊ အန္တရာယ် ချောက်ကမ်းပါးကို စိန်ခေါ်ရင်း ကျောက်တုံးကျောက်ခဲတွေကို ထုချေရင်းနေသားကျနေတဲ့ ပုံမှန် အလုပ်တွေကို ဟန်မပျက်လုပ်ကိုင်နေကြပြီး ခရီးသွားကားတွေ ဖြတ်သန်းသွားလာမှုအပေါ် သိပ်ဂရုတစိုက်မရှိရှာပါဘူး။ ဟုတ်ပါရဲ့။ ကိုယ်လုပ်စရာရှိတဲ့အလုပ်ကို ပြီးအောင်လုပ်ဖို့က သူတို့အတွက် တစ်နေ့တာအရေးကြီးနေပါတယ်လေ။

တီးတိန်ဆိုတာ တောက်ပတဲ့ အရောင်အသွေးနှင့် ပြည့်စုံခြင်းလို့အဓိပ္ပာယ်ရပြီး တီးတိန်မြို့မှာ အရင်ကရှိခဲ့တဲ့ ရေကန်ကြီးကြောင့် ဟိုးအဝေးက လှမ်းကြည့်လိုက်ရင်ရေနဲ့နေရဲ့ရောင်ပြန်ဟပ်မှုကြောင့် ဒီနာမည်ကိုပေးခဲ့ခြင်းဖြစ်ပါတယ်။ ခုတော့အဲဒီ ရေကန်မရှိတော့ပေမယ့် တီးတိန်မြို့လေးကတော့ရှင်သန် နေဆဲပါပဲ။

တောင်ယာနဲ့ အသက်မွေးကြသလို နွားနောက်နဲ့ ဝက်ကိုလည်း အိမ်တော်တော်များများ မွေးမြူထားကြပါတယ်။ နွားနောက်တွေက ချောက်ကမ်းပါးတွေ၊ တောင်စောင်းကြီးတွေ ပြည့်နှက်နေတဲ့တောင်ပေါ်ဒေသမှာ မွေးဖွားရှင်သန်ခဲ့ရတာ အကျင့်ဖြစ်နေပြီမို့ချောက်တွေဆိုလည်း ရှောင်တိမ်းတက်ပြီး တောင်တွေနဲ့လည်း ယဉ်ပါးနေပုံရပါတယ်။

မြစ်၊ ချောင်း၊ အင်းအိုင် ရှားပါးတဲ့အရပ်မို့ ငါးဟာ ချင်းပြည်မှာ စျေးကြီးတဲ့အစားအစာဖြစ်ပြီး သူဌေးတွေမှသာ စားနိုင်တယ်လို့ ဒေသခံတစ်ဦးရဲ့ အပြောကြောင့် ကျွန်မတို့ မြေပြန့်နဲ့ပြောင်းပြန်ဖြစ်နေတဲ့ စျေးနှုန်းတွေကို အံ့သြဘနန်းဖြစ်ခဲ့ရပါတယ်။ ချင်းတောင်ပေါ်က မြို့တစ်မြို့ဆီ မသွားခင် ခြေကုပ်ယူရတဲ့ကလေးမြို့မှာ ငါးတစ်ပိဿာကို နှစ်ထောင်ဆိုရင် တောင်ပေါ်ရောက်တဲ့အခါ ငါးထောင်လောက် ဖြစ်သွားပါရောလား။ ချင်းတောင်မှာရှိတဲ့ မြစ်ချောင်းအနည်းငယ်ကျတော့လည်း ရေက တိမ်တဲ့အတွက်ငါးက မရှိပြန်ပါဘူး။ ဒါပေမဲ့ ရှိတော့ရှိတယ် ရှားတယ်ဆိုသလိုပဲ တီးတိန်ကလေသာတောင်အရှေ့ဘက်ခြမ်းမှာရှိတဲ့ဖီလွေ ချောင်းမှာတော့ ရွှေငါး ကြင်းနဲ့ဆင်တူတဲ့ ငါးဟားဆိုတဲ့ ချင်းငါးက အရမ်းအရသာရှိပြီး အဲဒီငါးကို စျေးထဲမှာ တစ်ပိဿာခုနစ်ထောင်ခန့်ကို အလုအယက် ဝယ်ယူကြရပါတယ်။ နေ့တိုင်းနီးပါးရနိုင်ပေမယ့် မနက်စောစောပိုင်းမှာ လုယက်ဝယ်နိုင်ပါမှ စားရမယ့် ရှားပါးစျေးကြီး ဟင်းရန်တစ်မျိုး ဖြစ်နေပါတယ်။ အသားနဲ့ ဟင်းသီးဟင်းရွက်ကတော့ပေါများပြီး ဂေါ်ရခါးသီး တစ်ပိဿာငါးဆယ်ဆိုတဲ့ တီးတိန်မြို့က အသီးစျေးနှုန်းလေးက အကြွေတောင်ပြန်မအမ်းနိုင်တော့တဲ့ ရန်ကုန်ရွှေမြို့တော်ကြီးရဲ့ စျေးနှုန်းတွေကို လှောင်ပြောင်နေသလိုပါ။

ပထဝီအနေအထား ကွဲပြားတာနဲ့ နေထိုင်စားသောက်မှုပုံစံလည်းတော်တော်ပြောင်းလဲသွားပါလားဆိုတာ ကျွန်မ ချင်းတောင်ပေါ်ရောက်မှ ပိုပိုပြီး သတိပြုမိလာရပါတယ်။ ကျွန်မတို့မြေပြန့်ဒေသ တွေမှာ လက်ဖက်ရည်ဆိုင်ပေါ်များပြီး ဆိုင်တိုင်းမှာ လက်ဖက်ရည်ရသလိုပဲချင်းတောင်မှာရှိတဲ့ လဘက်ရည်ဆိုင်လို့ပဲ ဆိုပါတော့ ဆိုင်တိုင်းမှာ သူတို့ရဲ့ ရိုးရာအစားအစာ ဆန်ပြုတ်ရပါတယ်။ ဆန်ပြုတ်ဆိုတာက ဆန်ကို အမဲရိုးတွေ၊ အမဲသားစတွေနဲ့ရော ကျိုထားတဲ့ ချင်းရိုးရာအစားအသောက်တစ်မျိုးဖြစ်ပြီး အမဲခြောက် (နွားနောက်ခြောက်)၊ ဒါမှမဟုတ် ကြက်ဥပြုတ်နဲ့ရောပြီး စားသောက်ကြပါတယ်။ အချို့ဆိုင်တွေက ဟင်းသီးဟင်းရွက် ထည့်ပြုတ်တတ်ပါတယ်။ အမဲသား မစားတဲ့သူ အဖို့တော့ ချင်းတောင်က အစားအသောက်တွေနဲ့ အံ့ဝင်ခွင်ကျဖြစ်ဖို့ မလွယ်ကူနိုင်ပါဘူး။ ဒါ့အပြင် ကော်ဖီဆိုရင်လည်း နာမည်နှစ်လုံးနဲ့ ကော်ဖီကိုသာ ဆိုင်တော်တော်များများမှာ ရနိုင်ပြီး ပရီမီယာရှိလားလို့ မေးမိရင် ‘ပရီးမီးယားလိဂ် မရှိဘူး’ လို့ ပြန်ဖြေတတ်တဲ့ စကားသံဝဲဝဲနဲ့ စားပွဲထိုးမလေးတွေကြောင့် သောက်ချင်တဲ့ ကော်ဖီမရှိတဲ့အတွက်စိတ်ညစ်တာတောင် သတိမရနိုင်ဘဲ ပြုံးမိကြပါရဲ့။ ချင်းတောင်ရဲ့ နောက်ထပ်ရိုးရာအစားအသောက် တစ်မျိုးကတော့ ‘ဆာဗူးတီး’ လို့ခေါ်တဲ့ ပြောင်းဖူးကို အသားနဲ့ရော ကျိုထားတဲ့ ဆန်ပြုတ်တစ်မျိုး ဖြစ်ပါတယ်။ နံ့ရိုးဒါမှမဟုတ် အမဲကလီစာ (သို့) ဝက်ကလီစာတွေကို ပြောင်းဖူးနဲ့ရောပြုတ်ထားတဲ့ ဆန်ပြုတ်တစ်မျိုးဖြစ်ပြီး မီးဖိုပေါ်မှာ အချိန်ကြာကြာထား ပြီးစားလေ ပိုပြီးအရသာရှိလေပါ။ နေထိုင်မှုပုံစံကလည်း အမြဲတမ်းချမ်းအေးတဲ့ ရာသီဥတုကြောင့် အနွေးထည်တွေထပ်ဝတ်ထားရပြီး ကျွန်မတို့မြေပြန့်ကအိမ်တွေမှာ ‘မင်္ဂလာပါ’ ဆိုတဲ့ ကြိုဆို ဆိုင်းဘုတ် လေးတွေ ရှိကြသလိုပဲ သူတို့အိမ်တွေရဲ့ အဝမှာ အိမ်ရှင်နာမည်နဲ့ သူကိုးကွယ်တဲ့အသင်းတော်နာမည်၊ အသင်းတော်ရဲ့ ဆောင်ပုဒ်လေးတွေကို ရေးသားထားတဲ့ဆိုင်းဘုတ်လေးတွေကို ချိတ်ဆွဲထားကြပါတယ်။ သွားလာရေးအတွက် ဆိုင်ကယ်ကိုသာ အားထားကြပြီး ဘယ်လောက်မတ်တဲ့တောင်ဖြစ်ဖြစ် သူတို့ဟာ ဆိုင်ကယ်တွေနဲ့ ကျော်ဖြတ်နိုင်တာဟာ အလေ့အကျင့်တစ်ခုလိုဖြစ်နေပါပြီ။

“ငါတို့ဆီကလေ ဆန်လည်း မထွက်ဘူး။ ရေနံလည်းမရှိဘူး။ ဘာမှမထွက်တော့ သူများပြည်နယ်တွေလိုတိုးတက်သင့်သလောက် မတိုးတက်ဘူးပေါ့။ ဒီမှာဆန်ကြမ်းတစ်အိတ်ကို သုံးသောင်းကျော်ပေးဝယ်ရတယ်။ ငါတို့တွေ မြေပြန့်ရောက်ရင် ဆန်ကောင်းမစားတတ်တော့ဘူး။ တစ်သက်လုံးက ဒီဆန်တွေပဲစားလာတာဆိုတော့။ သယံဇာတရှားပါးပေမယ့် ငါတို့တွေနေလို့ဖြစ်တာဘုရားရှိလို့ပေါ့” လို့ တီးတိန်မြို့သူဖြစ်ရတာ ဂုဏ်ယူတဲ့ လေသံနဲ့ ချင်းတိုင်းရင်းသူလေးကပြောပြနေပါတယ်။ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ဒမောလို့ဆိုပြီး လက်ဆွဲ နှုတ်ဆက်ကြသလို ခွဲခွာခါနီးရင်လည်း lung dam mah mah ei(လုံ ဒမ် မ မ အိန်း) ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို လှိုင်လှိုင်ကြီးသုံးစွဲတတ်တဲ့ ယဉ်ကျေးမှုက ချင်းတောင်နေရာတိုင်းမှာ တွေ့မြင်နိုင်တဲ့ ချစ်စရာယဉ်ကျေးမှုလေးပါ။ တောင်ပေါ်ဒေသ ရေရှားပါးတဲ့အရပ်ပေမယ့် ပွဲတော်ကျင်းပမယ့်ကာလကိုမှန်းပြီး ရေကို သိုလှောင်ထားပါသတဲ့။ တီးတိန်မြို့မရပ်ကွက်အလယ်မှာ ရှိတဲ့ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ စိမ့်စမ်းရေထွက်တဲ့နေရာကို ဒုတိယကမ္ဘာစစ်မဖြစ်မီက ကန်အဖြစ်ဆောက်လုပ်ခဲ့ပြီး အဲဒီကန်က တီးတိန်မြို့ရဲ့အဓိက ရေပေးဝေတဲ့ အသက်သွေးကြောကြီးလို ဖြစ်နေပါတယ်။ ရေငုတ်တွေတပ် ဆင်လိုက်တာတော့ သုံးနှစ်လောက်သာရှိသေးပြီး သုံးရေသောက်ရေလာခပ်သူတွေ၊ အဝတ်လျှော်သူတွေနဲ့ နံနက်ခင်းနဲ့ ညနေပိုင်းတွေမှာ စည်ကားနေပါတယ်။

တောင်စောင်းပေါ်က စာသင်ကျောင်းလေးတွေကို မြင်မိတဲ့အခါ ဆယ်တန်းအောင် ဘွဲ့ရပြီးတဲ့သူတွေ မြို့မှာ ဘာလုပ်ကြလဲလို့မေးမိတော့ ဘာမှ မလုပ်ကြဘူးလေတဲ့။ မေးမိတဲ့ ကျွန်မဘာဆက်ပြောရမှန်းပင် မသိတော့။ “ငါတို့ဆီမှာ လူငယ်လူလတ်ပိုင်းတော်တော်များများက နိုင်ငံခြားမှာ အလုပ် သွား လုပ်ကြတယ်။ ဒီမှာ လူကြီးတွေနဲ့ကလေးတွေ တော်တော်များများကျန်နေတယ်။ နိုင်ငံခြား မထွက်တဲ့သူတွေကျတော့လည်း မိဘလုပ်ငန်း တောင်ယာပဲလုပ်ပေါ့လေ။ ရလည်းရတယ်။ စားလည်းစားကြတယ်။ သိပ်လည်း မစုဖြစ်ပါဘူးဟာ” လို့ တီးတိန်မှာ ဘော်ဒါ ဆောင်ဖွင့်ထားတဲ့ အဆောင်ပိုင်ရှင် အမျိုးသမီးက ပြောပါတယ်။ ချင်းတွေမှာရယ်စရာသရော်တဲ့ စကားပုံတစ်ခုရှိပါတယ်။ ချင်းတွေက နည်းနည်းဆင်းရဲရင် မြေပြန့်မှာနေတယ်။ အရမ်းဆင်းရဲသွားရင် တော့ အမေရိက ကိုသွားကြတယ်တဲ့။ လူကြီးလူငယ်မရွေး ဘာသာတရားကိုအလွန်ကိုင်းရှိုင်းကြပြီး ကောင်းကင်ပေါ်ကဘုရားသခင်ကိုသာ အရာရာပုံအပ်ထားတဲ့ ရိုးစင်းလွန်းသော သူတို့ဘဝလေးတွေက ဒေသရဲ့ရာသီဥတုနဲ့အတူ အေးချမ်းလွန်းပါတယ်။

ခေတ်မီတဲ့ခေတ်နဲ့ လိုက်ဖက်ညီတဲ့နေရာတစ်ခုအဖြစ် Cope ဂျူဗလီဟောရွေ့နားမှာရှိတဲ့ အင်တာနက်ကဖေးဆိုင်လေးကိုကျွန်မတွေ့ခဲ့သုံးခဲ့ရပါတယ်။ ကွန်နက်ရှင်ကတော့ ဒီနေရာမှာ မြေပြန့်ရယ် တောင်ပေါ်ရယ်မကွဲပြားဘဲ တူညီစွာတက်လိုက်ကျလိုက်နဲ့ သုံးစွဲရပါတယ်။ မြို့လေးဟာ ဆိုင်ကယ်နဲ့ နာရီဝက်လောက် ပတ်လိုက်ရင် လည်စရာနေရာ ကုန်သလောက်ဖြစ်သွားတဲ့ မြို့ကျဉ်းလေးဖြစ်ပြီး ပတ်ပတ်လည်မှာ တောင်စောင်းတွေက လှေကားထစ်တောင် ယာခင်းတွေ၊ မြို့ပေါ်က ဘုရားရှိခိုးကျောင်းကြီးတွေ၊ မြို့လယ်က နာရီစင်ကြီးနဲ့အောက် ချင်းငှက်ရုပ်တုကြီးတွေရှိတဲ့ တိမ်ပေါ်ကမြို့လေးဟာခုထိတော့ ပြည်တွင်းပြည်ပခရီးသွားတွေ စိတ်ဝင်စားမှုနည်းနေသေးတာ အမှန်ပါ။ ကြည့်မဝတဲ့ တိမ်တွေ တောင်တွေသာပေါများပြီး ရေခဲမှတ်အောက်ရောက် ရောက်သွားတတ်တဲ့ရာသီဥတုနဲ့ တည်းခိုခန်း ရှားပါးတဲ့ မြို့လေးက ခရီးသွား နည်းပါးတဲ့ အဓိက သက်သေတွေ ဖြစ်လို့နေပါတယ်။ ကားနဲ့သွားမယ်ဆိုရင် ရန်ကုန်ကနေ မန္တလေး၊ မန္တလေးကနေ ကလေး၊ ကလေးကမှ တီးတိန်ဆိုတဲ့ တိမ်တွေပေါ်မှာ နေတဲ့ မြို့လေးကို ရောက်မှာဖြစ်ပါတယ်။ လေယာဉ်နဲ့ဆိုရင်တော့ ရန်ကုန်ကနေ ကလေးအထိ တိုက်ရိုက်လေယာဉ်ရှိပြီး တစ်ပတ်မှာ နှစ်ရက်သာ လေယာဉ်ခရီးစဉ် ရှိပါတယ်။ တောင်တက်လမ်းတစ်လျှောက် ချင်းတောင်တွေထဲက အမြင့်ဆုံးကနေ ဒီတောင်ပေါ်က ဂျီအက်အမ်တာဝါတိုင်လေးထောင်ထားတာကိုတွေ့ရပြီး ချင်းတောင်တစ်ဝိုက်က တောင်တော်တော်များများကို တက်ရောက်လေ့လာနိုင်ဖို့ တောင်တက်လမ်းတွေလည်းရှိတယ်လို့သိရပြီး တောင်စောင်းတိုင်းမှာ ချောက်ကမ်းပါးတိုင်းမှာ တောင်ဇလပ်ပင်တွေ၊ ချယ်ရီပင်တွေကတောထအောင်ပေါက်နေတော့တာပါပဲ။သစ်တောတွေ၊ သစ်ပင်တွေ အရင်ကလောက်သိပ်အများကြီးမဟုတ်တော့ပေမယ့် အတိုင်းအတာ တစ်ခုအထိတော့ ကျန်နေသေးတဲ့၊ တိမ်တွေကိုနောက်ကောက်ကျအောင် သူ့ရဲ့ခြေဖဝါးအောက် ရောက်စေတဲ့ ချင်းတောင်တန်းကြီးရဲ့ တောင်တက်လမ်းတွေဒီထက်အများကြီးပိုကောင်းပြီးအန္တရာယ်ကင်းဖို့၊ သွားလာဆက်သွယ်ရေးလွယ်ကူဖို့ အပြန်လမ်းတစ်လျှောက် ဆုတောင်းရင်း. . .။ ။

**တစ်**နေ့သ၌ကျွန်ုပ်သည်အခြေချနေထိုင်ရာရန်ကုန်မြို့တော်စမ်းချောင်းအရပ်အိမ်ဂေဟာမှနေ၍လေ့ကားအတိုင်းဆင်းလာသည်ရှိရာ တိုက်ခန်းပထမတစ်ကွေ့တွင်ပထမတစ်ကွက်ဒုတိယတစ်ကွေ့တွင်ဒုတိယတစ်ကွက်၊တတိယတစ်ကွေ့တွင်တတိယတစ်ကွက်… ကွမ်းတံတွေးနီညိုကွက်ကြီးများကို တိုက်နံရံဝါဖန့်ဖန့်ပေါ်တွင် စွဲထင်စွာတွေ့ရှိရပါပေ၏။

## နိဂုံမှန်

ဆာဂေသော်ဦး



ဤကား ရန်ကုန်မြို့တော် တိုက်ခန်းယဉ်ကျေးမှုများထဲမှ အကျည်းတန်ရိုင်းပြမှု၏ ပြယုဂ်တစ်ခုအဖြစ် နှစ်ကာလရှည်ကြာစွာ ရှိခဲ့ပြီ ဖြစ်ပါ၏။ “ကွမ်းဓလေ့” ဆိုသည်ကား မြန်မာပြည်သား သာကီဝင်များ၏ ဘိုးစဉ်ဘောင်ဆက် မပျက်မကွက် ဆက်လက်ထိန်းသိမ်းခဲ့ရာ ရိုးရာဓလေ့တစ်ခုသာ ဖြစ်ပါ၏။

ကျွန်ုပ်တို့ အဘေးလည်း ကွမ်းဝါးခဲ့သည်။ ကျွန်ုပ်တို့အဘိုးလည်း ကွမ်းဝါးခဲ့သည်။ ကျွန်ုပ်တို့ အဖေလည်း ကွမ်းဝါးခဲ့သည်။ အနှီထိုထို သူတို့လို ပုဂ္ဂိုလ်မျိုးများသည်ကား “စည်းကမ်းကလနား” နှင့် “ဓလေ့အကျင့်” ကို ချင့်ချင့်ချိန်ချိန် သုခမိန်လုပ်ကာ ၎င်းတို့၏ရင်ခွင်မှာ ကြေးကွမ်းအစ်ကြီးကြီး၊ မိမိအနီးမှာ ကွမ်းတံတွေးထွေးရန် ဒန်ထွေးခံနှင့် တင့်တယ်သပ်ရပ်စွာ နေထိုင်သမှု ပြုလာခဲ့ကြသူများပါပေ။

ယခု ၂၁ ရာစုအရောက် ကျွန်ုပ်တို့ နောက်လူများတွင်မူ လူကလက်သန်းလောက် ကွမ်းဝါးသံတစ်ဖောက်ဖောက်နှင့် မြောက်ကြွမြောက်ကြွ ဖြစ်ကြရှိကြပေရာ အတိတ်မှာ ကျန်ခဲ့ကြသော သာကီဝင်ဘိုးဘွားများအတွက် အမွေဆက်ခံသူနှောင်းလူများကို ဂုဏ်ယူစရာပါပေ။

သို့ဖြင့် ကျွန်ုပ်နှင့် ဖခင်ဖြစ်သူတို့ တိုက်အောက်သို့ ရောက်ပြီဖြစ်ရာ လမ်းမှာ ဖြတ်လာသော တက္ကစီခေါ် အငှားယာဉ်တစ်စီးကိုတားကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်ပေးပါရန် ပန်ကြားပါ၏။ တက္ကစီသမားကားနှုတ်မှ စကားမပြန်နိုင် လက်ချောင်းများကို အနိုင်နိုင်ချိုးပြပြီး ဤခရီးကို သဘောတူခဲ့ပါ၏။

ပြီးသော် ခဏ ကားတံခါးကို ဟကာသူ၏ ပါးစောင်ထဲမှာ လွယ်ပိုးထားခဲ့သော ကွမ်းတံတွေးများကိုကတ္တရာလမ်းမပေါ်သို့ ထွေးတော်မူလိုက်ရာ အနီးရှိကျွန်ုပ်တို့မှာ ခြေကိုအသာရုတ်၍ လျင်မြန်စွာ ရှောင်လိုက်ရပါပေ၏။

ကျွန်ုပ်တို့ စီးတော်ယာဉ် တက္ကစီမှာ အဿထိုရ်မြင်းကဲ့သို့ လေးညို့မှ လွတ်လာသည့်မြား ပမာမြေနီကုန်း စမ်းချောင်းအရပ်မှနေ၍ မြောက်ဖက်ဆီသို့ လေကို ခွင်းကာ ပြေးလွှားနေပါပေတော့၏။

သို့ဖြင့် လှည်းတန်းမီးပွိုင့်အရောက်တွင်ကား အများနည်းတူ မီးပွိုင့်မိတော်မူခဲ့ပါပေ၏။ ထိုစဉ်ခဏ ဘေးဘတ်စ်အမြင့်ပေါ်မှ ခရီးသည်တစ်ဦး လွန်လွန်ကျူးကျူး ထွေးထုတ်လိုက်သော နီနီညိုညိုစိုစို ကွမ်းတံတွေးများမှာ ကျွန်ုပ်တို့တက္ကစီရှိရာသို့ တန်းတန်းမတ်မတ် လိပ်စာအတိအကျရောက်ရှိခဲ့ရပါတော့၏။ ကံကောင်းသည်မှာကျွန်ုပ်ဖက်မှ တက္ကဆီမှန်ကို တင်၍ စီးခဲ့ပေရော လူအားမစင်၊ မှန်ပေါ်မှာကား စိတ္တဇပန်းချီကားတစ်ချပ် လတ်လတ်ဆတ်ဆတ် ပေါ်ထွက်ခဲ့ပြီ ဖြစ်ပါ၏။ မီးပွိုင့်အလွတ် ကားများဇွတ်ကို အပြိုင်ထွက်ခဲ့ကြပေရာ စိတ္တဇပန်းချီဆရာတရားခံသည်ကား ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်ပါ၏။

သို့ဖြင့် ၆ မိုင်ခွဲ၊ ၇ မိုင်၊ ၈ မိုင်၊ ၉ မိုင်တို့ကို ကျော်လွန်ခဲ့သည့်နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးသို့ ရောက်ရှိခဲ့ပါပေ၏။ ကားပေါ်မှဆင်းအပြီး လေယာဉ်ခရီးစဉ်များကို စုံစမ်းရာ နောက်ထပ်တစ်နာရီခန့်မှ ကျွန်ုပ်တို့ မွေးသမိခင်ကြီးစီးနင်းလိုက်ပါလာမည့် ယနေ့စင်ကာပူဖလိုက်ဆိုက်ရောက်မည်ဟု သိရရာကျွန်ုပ်တို့ သားအဖနှစ်ဦးမှာ အဲယားကွန်းကဲသည့် လေဆိပ်ထဲသို့ မဝင်ကြသေးဘဲ လေဆိပ်အပြင်ဖက် စင်္ကြံပလက်ဖောင်းထက်မှာ ခေတ္တခဏ နားနေကြပါပေတော့၏။

လေဆိပ်ကြီးကား ခမ်းခမ်းနားနားရှိသလောက် သန့်ရှင်းတောက်ပြောင်စွာဖြင့် တင့်တယ်လှပစွာ ဝံ့ဝံ့ကြွားကြွားရှိနေပါပေ၏။ ကျွန်ုပ်တို့လည်း အေးအေးလူလူထိုင်တော်မူနေကြကာ လေဆိပ်သို့ ဝင်ရောက်လာသော ကားကောင်းကားသန့်ကြီးများနှင့် ကားဟောင်းကားညံ့ကြီးများကို ကြည့်ရှုလေ့လာ အကဲခတ်လျက် ပလက်ဖောင်းသန့်သန့်ထက်မှာ စံမြန်းတော်မူနေကြပါတော့၏။

သစ်လွင်တောက်ပြောင်နေသောလေဆိပ်ပေါ်တီကိုကြီးအောက်ပလက်ဖောင်း အုတ်စီကွက်ပြောင်ပြောင်ထက်ထက်မှာ ကျွန်ုပ်တို့ အေးဆေးသက်သာစွာ ထိုင်နေပါသောအခိုက် ကားပြောင်ပြောင်လက်လက်ကြီးတစ်စီး ထိုးဆိုက်လာပြီးသည့်ခဏ ရှေ့ခန်းတံခါးကိုဟကာ ဆင်းသက်လာသူကား လူသားမဟုတ်။ ကွမ်းတံတွေးတစ်အုပ်ကြီး ဖြစ်ပါ၏။ ရုတ်တရက်ချက်ချင်း လေဆိပ်ပေါ်တီကိုကားလမ်း အုတ်ကွက်ခင်းများမှာ ချင်းချင်းနီစွာ ရှိခဲ့ပြီ။ သို့ဖြင့် ကျွန်ုပ်တို့သားအဖလည်းပလက်ဖောင်းမှထကာ လေဆိပ်မဟာအတွင်းသို့ချက်ချင်းဝင်ရောက်ကာ ကွမ်းတံတွေးရှောင်တော်မူခဲ့ကြပါတော့၏။

လေဆိပ်ကြီးအတွင်းကား အဲယားကွန်းမှာ ထုံးစံအတိုင်း စိမ့်စိမ့်အေးလျက်ရှိပါပေ၏။ ကျွန်ုပ်တို့လည်း ဟိုလျှောက်ဒီလျှောက်နှင့် မရောက်တာကြာပြီဖြစ်သည်နှင့်အညီ မည်သို့မည်ပုံ ပြောင်းလဲမှုအဖုံဖုံကို အစုံအလင် ဟိုဝင်ဒီထွက်ကင်မရာထက်မှာ မှတ်တမ်းတင်လျက်ရှိပါပေ၏။ ထူးခြားသည်ကား ဖြူနီညိုနက်ဝါ နိုင်ငံတကာခရီးသွားများကား အရင့်အရင့်ကာလများထက်ပိုစည်ကားနေပုံပေါ်ပါပေ၏။ “အိမ်သာလျှင်ဧည့်လာသည်” ဆိုသည့်စကားကား အလကားမဟုတ်တန်ရာပေ။

လေဆိပ်အတွင်း ဒဂရေးရှင်းပြင်ဆင်ထားသည့် ကြေးပန်းအိုးထွားထွားကြီးများတွင် တောင်ထန်းပင်ကလေးများကို စိုက်ထည့်ထားပေးရာ မျက်စိပသာဒ ကျစရာ လှပဝေဆာဖြစ်ပါပေ၏။ ကျွန်ုပ်လည်း အနှီတောင်ထန်းကြေးပန်းအိုးလှလှကြီး တစ်အိုးအား အမိအရ ဓာတ်ပုံရိုက်ရန် ဟန်ပြင်နေဆဲခဏ ကျွန်ုပ်ဘေးမှဖြတ်လျှောက် ပုဂ္ဂိုလ်ထူးတစ်ယောက်မှာကြေးပန်းအိုးကြီးဆီသို့ ဦးတည်လျှောက်သွားကာ သူ၏ ပါးစောင်အတွင်း လွယ်ပိုးခြင်း ပြုထားပါပေသည့် ရှိရှိသမျှ ကွမ်းတံတွေးအဝဝကို မိုးပြိုသလို ညိုညိုညစ်ညစ်ထွေးတော်မူပစ်လိုက်ပါပေတော့၏။

အပြည်ပြည်ဆိုင်ရာလေဆိပ် သန့်သန့်ခန့်ခန့်ကြီးကား ကွမ်းတံတွေးနံ့များ ဝဲပျံ့နေခဲ့ပါပြီ။ သို့ဖြင့် ကျွန်ုပ်လည်း သင်္ကာမကင်းဖြစ်ပြီးသကာလ သပ္ပုရိသအဝဝ၏ ပါးစပ်များကို လေ့လာသည်ရှိသော် သာကီဝင် ခရီးသွားပေါင်းစုံ၊ ဝန်ထမ်းပေါင်းစုံတို့၏ ပါးစောင်များအတွင်း ငုံထားခဲထားခြင်းများကို ထင်ရှားစွာတွေ့မြင်ရပါပေ၏။ သို့ဖြင့် ခဏအနှီ ကြေးပန်းအိုးကြီးအဝဝကို တစ်လုံးမကျန် လိုက်လံလေ့လာသည်ရှိသော် အတော်အတော်များများ အိုးကြီးများအတွင်း နီညိုရောင်နိုင်းချင်းနှင့်ပါအဆွေ။ ။

## JOKE

### ရှာနေတယ်

စီးပွားရေးသမားတစ်ယောက်က ကုမ္ပဏီအတွက် စာရင်းကိုင်တစ်ယောက်ရှာနေကြောင်း ၎င်း၏ သူငယ်ချင်းအား ပြောသည်။

“ဟင် . . . မင်းတို့ ကုမ္ပဏီက အရင်လကပဲ စာရင်းကိုင်အသစ်တစ်ယောက်ခေါ်လိုက်သေးတယ်မဟုတ်လား” ဟု သူငယ်ချင်းက မေးလိုက်ပါ၏။

“အေးလေ. . . အဲဒီစာရင်းကိုင်ကိုပဲ အခုငါတို့လိုက်ရှာနေတာ” ဟု စီးပွားရေးသမားက ပြန်ပြောလိုက်ပါ၏။

### သူတို့အမြင်

ဆရာဝန်တစ်ယောက်၊ ရှေ့နေတစ်ယောက်နှင့် မန်နေဂျာတစ်ဦးတို့သည် မိန်းမယူခြင်းမှာ ကောင်းသလား သို့မဟုတ် အငယ်အနှောင်းထားခြင်းမှာ ကောင်းသလားဟု ဆွေးနွေးတိုင်ပင်နေကြသည်။

“အငယ်အနှောင်းထားတာက ပိုကောင်းပါတယ်ကွာ။ မိန်းမယူထားလို့ ကွဲမယ်၊ ကွာမယ်ဆိုရင် ဥပဒေကြောင်းအရရှင်းရမှာတွေအများကြီးပဲ” ဟု ရှေ့နေက ပြောလိုက်သည်။

“မိန်းမယူတာကောင်းတယ်ကွ။ အိမ်ထောင်ရေးရဲ့ လုံခြုံမှုက စိတ်ဖိအားကိုလျှော့နည်းစေပြီး မင်းအတွက် ကျန်းမာရေးလည်းကောင်းတယ်” ဟု ဆရာဝန်က ဆိုပါ၏။

ထိုအခါတွင် မန်နေဂျာက “မင်းတို့နှစ်ယောက်စလုံး မှားတယ်။ အမှန်တော့ နှစ်ယောက်စလုံးရှိတာကောင်းတယ်။ အငယ်ဆီမင်းရောက်နေတယ်လို့ မိန်းမကထင်နေပြီး အငယ်ကလည်း မင်း မိန်းမဆီမှာရောက်နေတယ်လို့ထင်တဲ့အချိန်မှာ မင်းဘားဆိုင်တစ်ခုသွားပြီး အေးအေးဆေးဆေးသောက်နေလို့ရတယ်” ဟု ဆိုလိုက်ပါသည်။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၇၄၂၉

7Day News Hotline : 73032006

Business
7DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

# ယခုဘဏ္ဍာနှစ်တွင် မြန်မာ-မြောက်ကိုရီးယား ကုန်သွယ်မှုမရှိသေး

**အားမာန်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

**မြန်မာနှင့်မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှာ ယခုဘဏ္ဍာရေးနှစ် (၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်)တွင် ဒီဇင်ဘာလပထမပတ်အထိ ကုန်သွယ်မှုပြုလုပ်ထားခြင်းမရှိသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။**

မြန်မာ-မြောက်ကိုရီးယားနှစ်နိုင်ငံမှာ ပြီးခဲ့သည့်ဘဏ္ဍာနှစ် (၂၀၀၉-၂၀၁၀)တွင် မြန်မာနိုင်ငံမှ ကန်ဒေါ်လာ ၀ ဒသမ ၀၁ သန်းတန်ဖိုးရှိ ပို့ကုန်များတင်ပို့ခဲ့ပြီး မြောက်ကိုရီးယားမှ သွင်းကုန်တင်သွင်းမှုမရှိခဲ့ဟု စာရင်းဇယားများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်ကုန် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁ သန်း ရှိခဲ့သည်။

နောက်ဆုံးဘဏ္ဍာနှစ်သုံးနှစ်တွင် ၂၀၀၉-၂၀၁၀ တွင်သာ နှစ်နိုင်ငံကုန်သွယ်မှုရှိခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်လည်း ကုန်သွယ်မှုမရှိခဲ့ကြောင်း စာရင်းဇယားများတွင်ဖော်ပြထားသည်။

အာရှနိုင်ငံများတွင် မြန်မာနှင့်ကုန်သွယ်မှု အနည်းဆုံးနိုင်ငံများမှာ မြောက်ကိုရီးယား၊ ဆီးရီးယား၊ အာမေးနီးယား စသောနိုင်ငံတို့ဖြစ်ပြီး အာဆီယံနိုင်ငံများထဲတွင် လာအိုနှင့်ကုန်သွယ်မှုအနည်းဆုံးဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင်လည်း မြန်မာက ကန်ဒေါ်လာ ၀ ဒသမ ၀၁ သန်းတန်ဖိုးရှိ ပို့ကုန်များတင်ပို့ထားမှုသာရှိသည်။

မြန်မာနှင့် အာရှမှကုန်သွယ်မှုအများဆုံးနိုင်ငံများမှာ ထိုင်း၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၃၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၈၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၉၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၅၄၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၁၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၁၃၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၅. ၀၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၃၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၁၄ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၃၆၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၃၅၉၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၁. ၀၁၀၇ | ဒေါ်လာ | (ဩစတြေးလျ) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၇၉. ၂၀၀ |
| ရေနံစိမ်း | စည် | ၉၁. ၆၇ |
| ငွေ | ၁ အောင်စ | ၂၉. ၁၃၃ |
| ကြေးနီ | ပေါင် | ၄၁၅. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၀၆၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၀ ဒီဇင်ဘာ ၁၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ငါးမြစ်ချင်းတင်ပို့မှု အခက်အခဲကြုံရသောကြောင့် ဈေးကွက်သုတေသနပြုလုပ်ရန် ပြင်ဆင်

**သန်းငွေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

မြန်မာ့ငါးမြစ်ချင်း ပြည်ပတင်ပို့ရာတွင် အခက်အခဲများ ကြုံတွေ့နေရသောကြောင့် ဈေးကွက်သုတေသနလုပ်ရန် ပြင်ဆင်နေကြကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

"ငါးမြစ်ချင်းဈေးနှုန်းသုံးလဆက်တိုက် ကျနေလို့ပါ" ဟု မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးသန်းလွင်က ပြောကြားသည်။

၂၀၁၀ ပြည့်နှစ် စက်တင်ဘာမှစ၍ ပြည်ပတင်ပို့နေသော မြန်မာ့ငါးမြစ်ချင်းငါး ဝယ်လိုအားကျဆင်းလာခဲ့ပြီး ဒေါ်လာတန်ဖိုးမှာလည်း ကျဆင်းနေသောကြောင့် ပို့ကုန်လုပ်ငန်းတုံ့ဆိုင်းနှေးကွေးရကြောင်း သိရသည်။

ထို့ကြောင့် ပြည်ပသို့တင်ပို့ရသော ငါးအရွယ်အစား ဈေးနှုန်းများမှာ သုံးလအထိ ဆက်တိုက်ကျဆင်းလာရာ ကန်ဖော်ချိန်တန်သည့် ငါးကန်များမှာ တစ်လ၊ နှစ်လကြာ စောင့်ဆိုင်းကြရသဖြင့် ဈေးကွက်ပေါ်မူတည်၍ ငါးမွေးမြူနည်းစနစ်နှင့် ပုံစံကို အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲ ကျင့်သုံးနိုင်ရန် ဈေးကွက်သုတေသန လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



တင်ပို့မှုအခက်ကြုံနေရသော မြန်မာ့ငါးမြစ်ချင်းများ။
ဓာတ်ပုံ -ဂျေမောင်မောင်(အမရပူရ)

"ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတလို့ ဒီလိုဖြစ်ရတာ။ လိုရင် လိုသလို ထိန်းချုပ်မှုမလုပ်နိုင်ရင် နှစ်စဉ် ဒီပြဿနာအမြဲကြုံရမှာ" ဟု မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးညိုမြင့်ကပြောကြားသည်။

မြန်မာ့ငါးမြစ်ချင်းငါးအား အဓိက ဝယ်ယူသော အစ္စလာမ်နိုင်ငံများ၏ ဥပုသ်လများမှစ၍ ယခုကဲ့သို့ အခက်အခဲများ ကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် ဝယ်လိုအား လေ့လာသုံးသပ်ပြီးမှသာ ဈေးကွက်အခြေအနေပေါ် မူတည်၍ မွေးမြူ ထုတ်လုပ်၊ တင်ပို့သင့်ကြောင်း ၎င်းက သုံးသပ်သည်။

အခြားသော ရေထွက်ကုန်များဖြစ်သည့် ငါးရှဉ့်နှင့် ကဏန်းများ တင်ပို့ရာတွင်လည်း ဈေးနှုန်းမကျဆင်းစေရန် ဌာနမှ ထိန်းချုပ်ပေးရကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးက ပြောကြားသည်။

ငါးရှဉ့်နှင့် ကဏန်းတို့ကို အခြားနိုင်ငံများက ဈေးကွက်အကြိုက် ထုတ်လုပ်တင်ပို့နေချိန်တွင် မိမိတို့ဘက်မှလည်း ဈေးကွက်သုတေသနအဖြေအတိုင်း ဖွံ့ဖြိုးတိုးတက်ရန်လုပ်ရမည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဒေါ်တိုးနန္ဒာတင်က ပြောကြားသည်။

စာ(၃၂)သို့

# ပဲဈေးဆက်တိုက်ကျဆင်းကာ အရောင်းအဝယ်ပါကျ

**သိမ့်သိမ့်စိုး**


**ရန်ကုန်၊ ဒီဇင်ဘာ-၁၆**

ပို့ကုန်ရငွေတန်ဖိုးကျဆင်းနေခြင်းကြောင့် ပြည်ပနှင့် တိုက်ရိုက်အရောင်းအဝယ်ပြုလုပ်ရသော ပဲဈေးကွက်တွင် ဈေးနှုန်းများဆက်တိုက်ကျဆင်းနေသကဲ့သို့ အရောင်းအဝယ်လည်းကျနေကြောင်း ပဲကုန်သည်အချို့က ပြောသည်။

တစ်ပတ်အတွင်း၌ပင် တစ်တန်လျှင် ကျပ် ၁၅၀,၀၀၀ ဝန်းကျင်ကျဆင်းသည့် ပဲဈေးနှုန်းများပင်ရှိကြောင်း သိရသည်။

"ပဲကအရင် အရောင်းအဝယ်လုပ်ထားတဲ့ဟာတွေအတွက် ပဲဝယ်တာရှိတယ်။ အခုက ငွေဈေးကျနေပြီး ဟိုဘက်မှာလည်း ဈေးအေးတော့ အရောင်းအဝယ်လုပ်တဲ့သူနည်းတယ်"ဟု ပဲကုန်သည်တစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။

စာ(၃၂)သို့



7DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

# အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် မြန်မာကုန်သွယ်မှုတွင် ဆော်ဒီနိုင်ငံဦးဆောင်နေ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၅**

မြန်မာနိုင်ငံနှင့် အာရှအရှေ့အလယ်ပိုင်းနိုင်ငံများ ကုန်သွယ်မှုတွင် ယခုနှစ်၌ ဆော်ဒီအာရေဗျနိုင်ငံသည် အများဆုံးဖြစ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရှိရသည်။

အဆိုပါနိုင်ငံသည် ၂၀၁၀ ဘဏ္ဍာရေးစတင်သည့် ဧပြီလမှ ဒီဇင်ဘာလ ၇ရက်ထိ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုတွင် ကန်ဒေါ်လာ သန်းပေါင်း ၅၁သန်းကျော်ရှိသည်။

ယင်း၌ ဆော်ဒီအာရေဗျသို့ မြန်မာပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၁၈သန်းကျော်ရှိပြီး သွင်းကုန်မှာ ကန်ဒေါ်လာ ၃၂ သန်းကျော်ရှိကြောင်း အဆိုပါစာရင်းဇယားများအရသိရှိရသည်။

လက်ရှိကာလတွင် ဆော်ဒီအာရေဗျနိုင်ငံနှင့် ကုန်သွယ်မှုတွင် ပို့ကုန်ထက် သွင်းကုန်တန်ဖိုး ပိုမိုများနေသည်။ ယခင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်က အဆိုပါနိုင်ငံသို့တင်ပို့သည့် ပို့ကုန်မှာ ကန်ဒေါ်လာ ၂၄ သန်းကျော်ရှိပြီး၊ သွင်းကုန်မှာ ၈ သန်းကျော်နှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ပို့ကုန်မှာ ၂၅ သန်းကျော်ရှိပြီး၊ သွင်းကုန်မှာ ၁၈ သန်းကျော်ရှိကြောင်း သိရှိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့သည့် မြန်မာပို့ကုန်များသည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက လက်ရှိအခြေအနေမှာ လျော့နည်းသော်လည်း နှစ်ကုန်ရန် သုံးလကျော်ကျန်ရှိသည့်အတွက် ယခင်နှစ်များကို ပြည့်မီနိုင်မည်ကို မျှော်လင့်ထားကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပို့ကုန်ညွှန်ကြားရေးမှူးက သုံးသပ်ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်က ပို့ကုန်သွင်းကုန်နှစ်ရပ်ပေါင်း ကန်ဒေါ်လာ ၃၂သန်းကျော်ရှိကြောင်း ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်ကလည်း ပို့ကုန်သွင်းကုန်နှစ်ရပ်ပေါင်းမှာ ၄၄ သန်းကျော်ရှိကြောင်း စာရင်းဇယားများအရသိရှိရသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံသည် အာရှအရှေ့အလယ်ပိုင်းနိုင်ငံ ၁၅ နိုင်ငံနှင့် ကုန်သွယ်မှုတွင် ကုန်သွယ်မှုပမာဏမှာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏကဲ့သို့ပင် ကန်ဒေါ်လာ ၁၆၇သန်းကျော်ရှိသည်။ မြန်မာနိုင်ငံသည် အာဆီယံ၊ ရုရှားအပါအဝင် ကျန်အာရှနိုင်ငံပေါင်း ၂၀ နှင့်ကုန်သွယ်မှုတွင် ယခုအချိန်ထိ ပို့ကုန်ကန်ဒေါ်လာ ၄ ဘီလီယံကျော်(၄၆၄၈ သန်းကျော်)၊ သွင်းကုန်ကန်ဒေါ်လာ ၂ဘီလီယံကျော် (၂၅၆၄ သန်းကျော်)ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သော စာရင်းများအရ သိရှိရသည်။

## စာ(၃၁) - ငါးမြစ်ချင်းတင်ပို့မှု အခက်အခဲကြုံရသောကြောင့် ဈေးကွက်သုတေသနပြုလုပ်ရန် ပြင်ဆင် မှ

ဝယ်လိုအားရှိသော်လည်း ရောင်းလိုအားမြင့်မားနေချိန်တွင် ဈေးနှိမ်ခြင်း၊ အဝယ်ရပ်ထားခြင်း၊ ဝယ်ယူမှုပုံစံပြောင်းလဲခြင်းများဖြင့် ဈေးနှုန်းလျော့ကျလာရန်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းဒုတိယဥက္ကဋ္ဌ(၄) ဒေါက်တာမြင့်စိန်က ပြောကြားသည်။

ယခုကဲ့သို့ ဈေးကွက်သဘောအရဖြစ်နေသော်လည်း ယခင်နှစ်များကထက်ပိုမိုတင်ပို့နိုင်ပြီး ရောင်းဈေးနှုန်းသည်သာ တစ်ပိဿာလျှင် ၄၀၀ ကျပ်နှုန်းကျဆင်းနေကြောင်း ၎င်းတို့ကပြောကြားသည်။ ပြည်ပတင်ပို့နေသော နှစ်ကီလိုခွဲအရွယ် ငါးမြစ်ချင်းတစ်ကောင်၏ တစ်ပိဿာရောင်းဈေးမှာ ယခင်က ၂,၃၀၀ ကျပ်ရှိနေရာမှ ယခုရက်များအတွင်း ၁,၉၀၀ ကျပ်သာရှိတော့ကြောင်း စုံစမ်းသိရှိရသည်။

## စာ(၃၁) - ပဲဈေးဆက်တိုက်ကျဆင်းကာ အရောင်းအဝယ်ပါးကျ မှ

ယခုရက်ပိုင်း၌ ပဲဈေးကွက်တွင် မတ်ပဲ RC တစ်မျိုးသာ အရောင်းအဝယ်စာရင်းတွေ့ရပြီး ကျန်ပဲများမှာ ခေါ်ဈေးသာရှိပြီး ကုန်စည်ဒိုင်နေ့စဉ် ဈေးနှုန်းစာအုပ်တွင် အရောင်းအဝယ်ဖော်ပြခြင်းမတွေ့ကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။


ထို့ပြင် ပဲစင်းငုံနှင့် ပဲတီစိမ်းမှာ ရက်အချို့တွင် ဖွင့်ဈေးပင်ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

မတ်ပဲ Raw မှာ ယခင်တစ်ပတ်တွင် အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၄၁,၂၅၀ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၄၃၅၀ ကျပ်သာဈေးပေါက်တော့ကြောင်း သိရသည်။

မတ်ပဲ RC မှာလည်း ယခင်တစ်ပတ်တွင် တစ်တန် ၇၉၂၀၀၀ ကျပ်မှ ၃၇၁၀၀၀ ကျပ်ထိကျဆင်းလာ၍ တစ်တန်လျှင် ၁၁၀၀၀၀ ကျော်ကျဆင်းလာခဲ့သည်။ ထို့အတူ SQRC မတ်ပဲဈေးမှာလည်း တစ်တန် ၉၈၀၀၀၀ ကျပ်ရှိနေရာမှ ၈၃၀၀၀၀ ကျပ်ထိ ကျဆင်းခဲ့၍ ကျပ် ၁၅၀၀၀၀ ထိကျဆင်းခဲ့သည်။


ပဲစင်းငုံနှင့် ပဲတီစိမ်းမှာလည်း ဈေးနှုန်းများဆက်လက်ကျဆင်းနေပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ပဲစင်းငုံမှာ တစ်တန် ၄၉၀၀၀၀ ကျပ်နှင့် ပဲတီစိမ်းမှာ အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၅၂၅၀၀ ကျပ်ရှိသည်။

လက်ရှိတွင် ပို့ကုန်ရငွေတန်ဖိုးမှာ တစ်ယူနစ်လျှင် ၉၃၀ သာ ရှိကြောင်းသိရသည်။



# 7DAY BOOK REVIEW

## မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲ (ကျော်အောင်)




ဤစာအုပ်သည် "မြန်မာပြည်တွင် စစ်ဆေးခဲ့သောအမှုအခင်းများ၊ နေဝင်ဘုရင်များ" စသည့် ဘာသာပြန်စာအုပ်များကို မူရင်းရေးသားခဲ့သူ ဗြိတိသျှစာရေးဆရာ မောရစ်ကောလစ်(MAURICE COLLIS)၏ Last and First in Burma (1941-1948) စာအုပ်အား စာရေးဆရာကျော်အောင် မကွယ်လွန်မီဘာသာပြန်ဆိုခဲ့ပြီးနောက် စာအုပ်အဖြစ် ပထမဆုံးအကြိမ်ထွက်ရှိလာခြင်းဖြစ်သည်။ မူရင်းစာရေးဆရာ မောရစ်ကောလစ်သည် မြန်မာပြည်၌ နှစ်ချီ၍ ဗျူရိုကရက်အရာရှိတစ်ဦးအဖြစ် အုပ်ချုပ်ခဲ့သူပီပီ ရင်းဖြတ်သန်းကြုံတွေ့ခဲ့သော မြန်မာပြည်အတွေ့အကြုံများကို စာအုပ်အဖြစ်ရေးသားပြုစုခဲ့သူဖြစ်သည်။

ယခု စာအုပ်တွင် မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်၏ ရုပ်ပုံလွှာ၊ မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ ဖဆပလအဖွဲ့ကြီးအတွင်း အကွဲအပြဲ ဇာတ်လမ်းစတင်ခဲ့ခြင်းနှင့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ၏ တစေ့တစောင်းပုံရိပ်များကို ဖတ်ရှုသိမြင်ရမည်ဖြစ်သည်။

၁၉၄၁ မေလတွင်ဘုရင်ခံ ဆာအာခီဗောကော့ကရိန်း အင်္ဂလန်သို့ပြန်၏။ ဘုရင်ခံသစ် ဆာရယ်ဂျီနယ် ဒေါ်မန်စမစ် ရာထူးဆက်ခံ၏။ ယင်းနောက်စစ်ကြီးဖြစ်ပွားခဲ့ပြီး ၁၉၄၈ တွင် ဘုရင်ခံသစ် ဆာဟူးဗတ်ရန့်က မြန်မာတို့အား လွတ်လပ်ရေးအပ်နှင်းပေးခဲ့ရသည်။ ထိုခြောက်နှစ်ခွဲကာလသည် မြန်မာ့သမိုင်းတွင် စပ်ကူးမပ်ကူး အလွန်အရေးကြီးသည့်ကာလ ဖြစ်ခဲ့သည်။ ၁၉၄၂ တွင်ဂျပန်က မြန်မာပြည်ကို သိမ်းသည်။ ဗြိတိသျှတို့ ဆုတ်ခွာခဲ့ရသည်။ တစ်ဖန် ၁၉၄၅ တွင် ဂျပန်စစ်ရှုံး၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုဖြင့် အကြွင်းမဲ့ လွတ်လပ်ရေးကို အရယူခဲ့သည်။ ထိုအဖြစ်အပျက်များကို စာရေးသူ မောရစ်ကောလစ်သည် ၎င်းကိုယ်တိုင် ကြုံခဲ့ရသည်များနှင့် ဘုရင်ခံဟောင်း ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်ထံမှ ရှားပါးမှတ်တမ်းမှတ်ရာများ၊ ယင်း၏လက်အောက်တွင် တာဝန်ထမ်းရွက်ခဲ့သော အင်္ဂလိပ်လူမျိုးအတွင်းဝန်များ၊ ကိုယ်ရေးအတွင်းဝန်များ၊ အစိုးရ အရာရှိများ၏ မှတ်တမ်းအချက်အလက်များကို စုစည်းပြီး ဤစာအုပ်ကိုရေးသားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြန်မာ့နိုင်ငံရေး အချိုးအကွေ့များတွင် ပါဝင်ပတ်သက်ခဲ့သော ဖီးမာရှယ်လော့ဒ်ဝေဗယ်၊ ဖီးမာရှယ်လော့ဒ်အလက်ဇင်းဒါး၊ လော့ဒ်မောင့်ဘက်တန်၊ ဗိုလ်ချုပ်ကြီးစတီးဝဲလ်၊ တရုတ်ခေါင်းဆောင် ဂျင်နယ်လက်စီမို ချန်ကေရှိတ်တို့၏ အကြောင်းကို ဖတ်ရှုရမည်ဖြစ်ပါသည်။

စာအုပ်တွင် ပါဝင်သော ဂျပန်တို့၏ အကြံအစည်၊ ဦးစော၊ ရန်ကုန်မြို့ ဗုံးကြဲခြင်း၊ မော်လမြိုင်ကျဆုံးခြင်း၊ ဗိုလ်ချုပ်အလက်ဇင်းဒါး ကံသီလွတ်မြောက်ခြင်း၊ စတီးဝဲလ်ရောက်လာခြင်း၊ ဒေါ်မန်စမစ်နှင့်ချာချီ၊ အောင်ဆန်းပေါ်လာပြီ၊ အောင်ဆန်းနှင့်ယှဉ်ပြိုင်ခြင်း စသည့်အခန်းများသည် စာဖတ်သူအား ဆွဲဆောင်သွားစေသည့် ကဏ္ဍများဖြစ်ကြသည်။

ဘာသာပြန်ဆိုသူ ကျော်အောင်သည် "ကမ္ဘာ့ဂန္ထဝင်တစ်ဆယ်၊ ကမ္ဘာကျော်စာအုပ် ၁၀၀၊ တောရိုင်းမြေ၊ အိုဂျေရှုဆလင်" စာအုပ်များကို ဘာသာပြန်ဆိုခဲ့သူဖြစ်ပြီး အမျိုးသားစာပေဆုလေးကြိမ်ရရှိခဲ့သည့် စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ မကွယ်လွန်မီ ပြန်ဆိုခဲ့သော ယခုစာအုပ်မှာ ကွယ်လွန်ပြီး ဆယ်နှစ်ကြာမှ ထွက်ရှိလာခြင်းဖြစ်၍လည်း စာရေးသူ၏နောက်ဆုံးလက်ရာဟုလည်း ဆိုနိုင်သည်။ အုတ်ရောရောရော၊ ကျောက်ရောရော နိုင်ငံရေး စာပေများခေတ်စားနေစဉ်အတွင်း သမိုင်းအချက်အလက် ပြည့်ပြည့်စုံစုံနှင့် ကိုယ်တိုင်ဖြတ်သန်းခဲ့ရသည့် လူမျိုးခြား စာရေးဆရာတစ်ဦး၏ မြန်မာပြည်အတွေ့အကြုံများကို ပွင့်လင်းရှင်းလင်းစွာဖတ်ရှုရမည်ဖြစ်သည်။ စာအုပ်အပြင်အဆင် သေသပ်စွာနှင့် ရာပြည့်စာအုပ်တိုက်မှ တန်ဖိုး ၄,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ရေမွှေးနံ့ကြိုက်သည့် ဂျာဂွါကျားသစ်များ

ဂွါတီမာလာရှိ တောကြီးထဲမှကြောင်အကြီးစားများဖြစ်သည့် ဂျာဂွါကျားသစ်များကို သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများအနေဖြင့် အလွယ်တကူခြေရာကောက်ရှာဖွေနိုင်ခြင်းမရှိပါက ရေမွှေးပြုလုပ်ရာတွင်သုံးသည့် ကတိုးကောင်အဖိုမှထုတ်ယူရရှိသည့်ကတိုးနံ့ပါ Calvin Klein ရေမွှေး၏ အကူအညီကိုယူပါက အသင့်လျော်ဆုံးဖြစ်ပေလိမ့်မည်။ အဘယ်အတွက်ကြောင့် ဂျာဂွါကျားသစ်များက Calvin Klein မှ ထုတ်လုပ်သည့် အမျိုးသားသုံးရေမွှေးအမှတ်တံဆိပ်ဖြစ်သော Obsession ကို နှစ်သက်ကြသည့် အကြောင်းရင်းကို သုတေသီများက သေချာဖော်ထုတ်နိုင်ခြင်းမရှိသေးပေ။ အဆိုပါရေမွှေးကို နယူးယောက်ရှိ တိရစ္ဆာန်ရုံများနှင့်ဂွါတီမာလာရှိ Maya Biosphere Reserve တွင်အသုံးပြုလျက်ရှိပြီး ဂျာဂွါကျားသစ်များအတွက် အရေးပါသည့်အရာဖြစ်သည်။

ရန့်မျိုးစုံနှင့်လေ့လာစမ်းသပ်ပြီးနောက် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့အစည်းမှ သုတေသီများက ဂျာဂွါကျားသစ်များသည် Obsession ရေမွှေးနံ့ကိုရှူရှိုက်မိပါက ပွတ်သပ်ခြင်း၊ အနံ့ခံခြင်းပြုလုပ်ကြပြီး အဆိုပါရေမွှေးဖြန်းထားသည့်အရာဝတ္ထုများကို နှစ်ခြိုက်သည့်အမူအရာဖြင့် ကုတ်ခြစ်တတ်ကြသည်ဟု သိရသည်။ Obsession ရေမွှေး၏ အကူအညီဖြင့်သုတေသီများက ရှားပါးပြီးတွေ့ရခဲလှသည့် ဂျာဂွါကျားသစ်များကို လျှို့ဝှက်ကင်မရာများရှိရာနေရာသို့ သွေးဆောင်ခေါ်ယူနိုင်ပြီး ပျမ်းမျှကျားသစ်ကောင်ရေနှင့် ၎င်းတို့မိတ်လိုက်ချိန်စသည့် အမူအကျင့်များကို မှတ်တမ်းတင်နိုင်ခဲ့ကြသည်။

—Source: Reader's Digest

# တစ်ပတ်တာကံကြမ္မာ

စံတောက်ကြီး

ဒီ ဇင် ဘာ ၂၂ ရက် မှ ၂၈ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

အလွန်စိတ်ရှုပ်ရမည်။ ရန်အတိုက်အခံများမည်။ မထင်မှတ်သည်များ ဖြစ်မည်။ မြှုပ်နှံထားသောငွေကြေးများ လက်ဝယ်ပြန်ရမည်။ သူတစ်ပါးနှင့် မတူသော အတွေးနှင့်လုပ်၍ အဆင်ပြေမည်။ ကျန်းမာရေးအညံ့ သတိရှိရမည်။ မိမိရည်မှန်းထားသည်များ အောင်မြင်မည်။ သတင်းကောင်းများ ကြားသိရမည်။ အလွန်စန်းပွင့်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အလှူမင်္ဂလာများကြုံမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ရပ်ဝေးမှသူများထံမှ သတင်းကောင်းများ၊ ပစ္စည်းများ လက်ခံရမည်။ လက်ဆောင်ပစ္စည်းများ ရရှိမည်။ လွန်ခဲ့သော အတိတ်က မိမိအား ကောင်းစွာဒုက္ခပေးသူတစ်ဦး မိမိထံပြန်လည်လာရောက် ပူးပေါင်းမည်။ မိမိအပေါ် မနာလိုသူများမည်။ ယှဉ်ပြိုင်လာသူများကို အနိုင်ယူနိုင်မည်။ ပညာအတတ်နှင့် ပတ်သက်သော အောင်မြင်မှုများရရှိမည်။ မိသားစုတွင် ပြည်ပခရီးများ ပေါ်ပေါက်မည်။ ငွေဝင်ကောင်းမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ကောင်းသော အပြောင်းအလဲနှင့် တိုးတက်မှုရှိမည်။ လိုလားချက်များ အောင်မြင်မည်။ စေတနာအကျိုးခံစားရမည်။ ဘဝရပ်တည်မှုနှင့် ရည်မှန်းချက်များ ရှေ့တိုးဆောင်ရွက်အကျိုးရှိမည်။ မကြာခဏရန်ဖြစ်ရတတ်သည်။ ဆန့်ကျင်ဘက်ပြုသူများနှင့် တွေ့တတ်သည်။ ခရီးကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ လုပ်ငန်းတွင် စီစဉ်မှုများ၊ ဦးတည်ချက်များပြောင်းလဲ၍ အောင်မြင်မှုများရရှိမည်။ မိသားစုတွင် လက်လွှန်ထားသည်များပြန်ရမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အရာရာအဆင်ပြေမည်။ လုပ်သမျှ အဆင်ပြေမည်။ မိတ်ဆွေကောင်းထံမှ အထောက်အကူကောင်းရမည်။ မေတ္တာရေးကံကောင်းမည်။ စုစည်းပြီးလုပ်သောလုပ်ငန်းများ အကျိုးပေးမည်။ ကျန်းမာရေးကို အဓိကထား၍ ဂရုစိုက်ရမည်။ အမျိုးသမီး မိတ်ဆွေအကြီးအကဲတစ်ဦးထံမှ အကူအညီရရှိမည်။ လုပ်ငန်းခွင်မှ သူများအလုပ်အဆင့်၊ ရာထူးအဆင့်တိုးတက်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ အကျိုးအမြတ်ရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အကြံအစည်သစ်များ လက်တွေ့လုပ်ကိုင်၍ကောင်းသည်။ လုပ်ငန်းတိုးချဲ့၍ အဆင်ပြေမည်။ လမ်းသစ်ထွင်၍ လုပ်ကိုင်သောကိစ္စများမှ အကျိုးကောင်းရမည်။ နေရာအပြောင်းအရွှေ့အတွက် စီစဉ်သူများ ဤကာလတွင် အထူးကောင်းသည်။ အခက်အခဲနှင့် ယှဉ်ပြီး လိုရာဆောင်ရွက်အောင်မြင်မည်။ ကံမြင့်မည်။ လိုရာပြည့်မည်။ ချစ်သူ၊ သံယောဇဉ်ရှိသူ၏ ကျန်းမာရေးကိစ္စများ လိုက်လံကူညီပေးရတတ်သည်။ ကျန်းမာရေးတွင် တစ်စစနှင့် အညံ့များ ပြေပျောက်မည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

လွန်ခဲ့သော အတိတ်က အတန်တန် ကြိုးစားထားပြီး ဖြစ်မြောက်ခြင်းမရှိ၍ လက်လျှော့ထားခြင်း ကိစ္စများကို ယခုရက်အတွင်း ဆောင်ရွက်က အဆင်ပြေမည်။ မိမိကူညီလိုက်၍ သူတစ်ပါးတွင် ပြဿနာများ၊ အခက်အခဲများ ပြေလည်မည်။ ရန်အန္တရာယ်များကို ကိုယ်ပိုင်အစွမ်းအစဖြင့် ကျော်လွှားနိုင်မည်။ ငွေကြေးကိစ္စ၊ မိသားစုကိစ္စများတွင် မိမိပါဝင်ပတ်သက်အကျိုးရှိမည်။ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ရှတတ်သည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ဆန့်ကျင်ဘက်ပြုသူများနှင့် ပေါင်းစည်းရမည်။ ရန်အန္တရာယ်များကို ပြေပျောက်အောင် ဆောင်ရွက်နိုင်မည်။ လက်လွှန်ထားသည်များ ပြန်ရမည်။ လုပ်ရှားပြောင်းလဲမှုများမှ အကျိုးဆက်ကောင်းရရှိမည်။ ဝေးလံသော အရပ်မှ အကျိုးဆက်ကောင်းကြုံမည်။ လွန်ခဲ့သော နှစ်လအတွင်း ဆုံးရှုံးထားသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ ပညာရေးအထူးကောင်းသည်။ ဆောင်ရွက်သမျှ အပြည့်အဝ အောင်မြင်မည်။ အလှူမင်္ဂလာကိစ္စများ ကြုံမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

စိတ်ချမ်းသာမည်။ စန်းပွင့်မည်။ လုပ်သမျှ အောင်မြင်မည်။ ပျော်ရွှင်ဖွယ်၊ ချမ်းမြေ့ဖွယ် သတင်းစကားများ ကြုံတွေ့ကြားသိရမည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူကောင်းရမည်။ ပြတ်တောက်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်မိသည်။ အိမ်ရှိလူများတွင် လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ အိမ်ထောင်မရှိသူ အိမ်ထောင်ကျမည်။ သို့မဟုတ်ပါက အိမ်တွင် မီးဖွားခြင်း ကြုံမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

အပြောင်းအလဲနှင့် တိုးတက်မှုများဖန်တီးနိုင်သည်။ အလုပ်ပိုကိစ္စပိုများလုပ်ကိုင်၍အကျိုးရှိမည်။ ကိုယ့်ကိစ္စထက် သူတစ်ပါးကိစ္စအတွက် အဓိကထား၍ နေ့မအား၊ ညမအား ပင်ပန်းနေမည်။ ထုံးစံအတိုင်း တဖျစ်တောက်တောက် စကားများနေမည်။ မတည့်သူများအပေါ် အပြစ်တင်ခြင်းများပြုနေမည်။ စိတ်အေးလက်အေးနေပါ။ အလုံးစုံအဆင်ပြေသွားမည်။ စိတ်ကူးသစ်များနှင့်ဆောင်ရွက်၍ ငွေဝင်မည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ မူလတွက်ချက်ထားသည်နှင့် လက်တွေ့ဆောင်ရွက်ရမှုတို့ အနည်းငယ်ကွာဟလင့်ကစားလမ်းကြောင်းပျက်ယွင်းမှုမရှိပါ။ အဆင်ပြေသွားမည်။ ပင်ပန်းခံထားသည်များမှ အကျိုးကောင်းစွာရမည်။ ကျန်းမာရေး အနည်းငယ်အညံ့ရှိသည်။ ယာဉ်၊ ကားမောင်းနှင်မှုတွင် သတိရှိရမည်။ ပညာရေးအထူးကောင်းသည်။ စနစ်တကျဆောင်ရွက်သင့်သည်။ ငွေကြေးကံကောင်းမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

သတိရှိရမည်။ ရန်အတိုက်အခံများမည်။ မှန်းသည်နှင့် လက်တွေ့ကွာဟမည်။ စိတ်လိုက် မာန်ပါ ထင်ရာစိုင်း၍ အန္တရာယ်အယှက်အချို့ ကြုံမည်။ ငွေကြေးလက်လွှန်တတ်သည်။ ဆွေမျိုးကိစ္စ၊ လူမှုရေးကိစ္စအတွက် စိတ်ပင်ပန်းရမည်။ အိမ်ဆောက်ခြင်း၊ အိမ်ငှားခြင်းကိစ္စများအတွက် စာရွက်စာတမ်းလက်မှတ်ရေးထိုး ပြောဆိုရခြင်း ကြုံမည်။ ၅၊၂၈၊ ၁၅၀၀ မေတ္တာနှစ်မျိုးစလုံးကောင်းသည်။ ချစ်သူခရီးသွား၍ ယာယီခွဲရမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

ရန်အားလုံးကို ကျော်လွှားနိုင်မည်။ အလုပ်စီးပွား တိုးတက်မှုများဖြစ်ပေါ်မည်။ ပညာအတတ်နှင့် ပတ်သက်၍ တိုးတက်မည်။ ငွေကြေးနှင့်ပတ်သက်၍ တိုးတက်မည်။ ကာလအတန်ကြာ ရပ်တန့်ထားသည့်ကိစ္စများ ပြန်လည်လုပ်ကိုင်အကျိုးပေးမည်။ မိမိဘက်မှ အမြဲရပ်တည်သူ ခေတ္တအဝေးရောက်ရှိနေစဉ် တိုက်ရိုက်မဟုတ်လင့်ကစား သွယ်ဝိုက်အန္တရာယ်ပေးသူပေါ်မည်။ ကျန်းမာရေးအညံ့ကြုံမည်။

7DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

# ရာသီဥတု ထိပ်သီးဆွေးနွေးပွဲ အပြုသဘောဆောင်ခဲ့ပါသလား

**ကြည်နေဝင်းမင်း**

**“လူကြီးမင်းတို့ ဆွေးနွေးညှိနှိုင်းနေကြတာ ကျွန်မတစ်သက်ရှိပြီ”** လက်ဘနွန်နိုင်ငံမှ အသက် ၂၁ နှစ်အရွယ် မီမာဟိုင်ဒါက မက္ကစီကိုနိုင်ငံ ကန်ကွန်ကုလသမဂ္ဂရာသီဥတုထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်နေသော ကိုယ်စားလှယ်တော်များအား ပြောလိုက်ခြင်းဖြစ်ပါသည်။

**“ပိုပြီးအချိန်ယူဆွေးနွေးရဦးမယ်လို့ လူကြီးမင်းတို့ ကျွန်မကို မပြောပါနဲ့”**

ထိုကဲ့သို့ အချိန်ယူဆွေးနွေးရဦးမည်ဆိုသည်ကိုပင် ဆွေးနွေးပွဲတက်ရောက်လာသူများကသူမနှင့်ကျွန်တော်တို့အားလုံးကိုပြောကြားခဲ့ပါသည်။ မှန်ပါသည်။ အရေးကြီးသော အချို့သဘောတူညီမှုများကို ကန်ကွန်အစည်းအဝေးတွင် ရရှိခဲ့ပါသည်။ ရာသီဥတုပြောင်းလဲမှုကို ဆင်းရဲသောနိုင်ငံများရင်ဆိုင်တိုက်ခိုက်နိုင်ရန် ကူညီရေးဌင်းတို့တွင် တာဝန်ရှိကြောင်း ချမ်းသာသော နိုင်ငံကြီးများက ထပ်မံအတည်ပြုပြောကြားကြပါသည်။ ထို့အတွက် ငွေကြေးများများစားစား ကူညီမည်ဟုပင်ကတိပေးခဲ့ကြပါသည်။

ရှေ့လာမည့် သုံးနှစ်အတွင်း နိုင်ငံကြီးများက ရာသီဥတုပြောင်းလဲမှုရန်ပုံငွေအတွက် ကန်ဒေါ်လာဘီလီယံ ၃၀ ထည့်ဝင်မည်ဟု ကန်ကွန်သဘောတူညီချက်က ဖော်ပြပါသည်။ ယင်းရန်ပုံငွေမှာ ၂၀၂၀ ပြည့်နှစ်အရောက်တွင် ကန်ဒေါ်လာဘီလီယံ ၁၀၀ သို့ တိုးပွားလာမည်ဖြစ်သည်။ ဌင်း ရန်ပုံငွေအား “အစိမ်းရောင်ရာသီဥတုရန်ပုံငွေ” ဟု ခေါ်ဝေါ်မည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချရေး၊ မိုးခေါင်ရေရှားမှု၊ ရေကြီးမှုနှင့် အခြားရာသီဥတုရိုက်ခတ်မှုများမှ အကာအကွယ်ပေးရန် ဌင်းရန်ပုံငွေကို အသုံးပြုသွားမည်ဖြစ်သည်။

သို့သော် အရေးတကြီးမေးခွန်းများဖြစ်သော ကမ္ဘာလုံးဆိုင်ရာကာဗွန်ထုတ်လွှတ်မှုများကို မည်မျှလျှော့ချမည်နည်း၊ မည်သို့လျှော့ချမည်နည်း။ မည်သည့်အချိန်တွင် လျှော့ချမည်နည်းဆိုသည့်အကြောင်းအရာများကိုမူ ကန်ကွန်ဆွေးနွေးပွဲက ရှေ့လာမည့် ဆွေးနွေးပွဲများအတွက် လက်ဆင့်ကမ်းလိုက်ပါသည်။ ကန်ကွန်ကြေညာချက်က ကမ္ဘာ့ပျမ်းမျှအပူချိန်အား စက်မှုခေတ်မတိုင်မီကာလ အပူချိန်အပေါ် ၂ ဒီဂရီဆဲလ်စီးယက်စ်ထက် ကျော်လွန်မသွားစေရန် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန်လိုအပ်သည်ဟု အသိအမှတ်ပြုပါသည်။

ထူးခြားမှုမှာ ဖွံ့ဖြိုးပြီးနိုင်ငံများသည်သာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရမည်မဟုတ်ဆိုသော အချက်ကို ပထမဦးဆုံးအကြိမ် အသိအမှတ်ပြုခြင်း ဖြစ်သည်။ အမေရိကန်အား ကြီးကြီးမားမား လိုက်လျောမှုအဖြစ် တရုတ်၊ အိန္ဒိယနှင့် အခြားစီးပွားရေး အားကောင်းလာသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကပါ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆောင်ရွက်ကြမည်ဖြစ်သည်။ သို့သော် ယင်းမှာ ယေဘုယျ ရည်ရွယ်ချက်ကြေညာမှုများသာ ဖြစ်ပြီးကာဗွန်ထုတ်လွှတ်မှုကို မည်မျှနက်နက်ရှိုင်းရှိုင်းလျှော့ချမည်နည်း။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကာဗွန်ဝန်ထုပ်ဝန်ပိုးကို မည်သို့ခွဲဝေထမ်းဆောင်မည်နည်း။ ယင်းကိုမည်သို့ ကြီးကြပ်မည်နည်းစသည့် လက်တွေ့အကောင်အထည်ဖော်ရေး ဆုံးဖြတ်ချက်များ ချမှတ်ရေးကိုမူ နောက်တစ်ကြိမ်၊ နောက်နှစ်ဆွေးနွေးပွဲများအတွက် သိသိသာသာချန်လှပ်ထားခဲ့ပါသည်။ နောက်တစ်ကြိမ် ဆွေးနွေးပွဲများကို ၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ ဒါဘန်မြို့တွင် ကျင်းပရန်စီစဉ်ထားပါသည်။

ထို့အတွက်ကြောင့်လည်း ကန်ကွန်သဘောတူညီချက်အား အလွန်မဆိုးရွားသော အခြေအနေဟု မီဒီယာများက ဖော်ပြကြခြင်းဖြစ်ပါသည်။ အမှန်တကယ်တွင်လည်း ယခုဆွေးနွေးပွဲ မတိုင်မီကာလတွင် မျှော်လင့်ချက်များ အလွန်နိမ့်ကျနေခဲ့ပါသည်။ ဆွေးနွေးပွဲ လုံးဝဥသုံပျက်ပြားနိုင်ခြင်းမှာလက်တွေ့ဖြစ်လာနိုင်ခြေ ရှိနေခဲ့ပါသည်။ သို့သော်လည်း ဒုတိယဦးစားပေး ကိစ္စရပ်များတွင် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ခြင်းအတွက် ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုစည်းဝေးရေးလုပ်ငန်းစဉ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ယုံကြည်ကိုးစားမှု ပြန်လည်ရှင်သန်လာစေခဲ့သည်။ ယမန်နှစ် ဒီဇင်ဘာလ ကိုပင်ဟေဂင်ဆွေးနွေးပွဲတွင် အကြီးအကျယ်အကျပ်ရိုက်ခဲ့ပြီးနောက် မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာခြင်းဖြစ်သည်။ ယင်းအတွက် ယခုကုလသမဂ္ဂ ဆွေးနွေးပွဲများကို လက်ခံကျင်းပခဲ့သော အိမ်ရှင်မက္ကစီကိုနိုင်ငံ၏ သံတမန်ရေးကျွမ်းကျင်မှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ဌင်းတို့၏ ကျွမ်းကျင်မှုကြောင့် ဆွေးနွေးညှိနှိုင်းမှုများ ချောချောမွေ့မွေ့ရှိခဲ့ပြီး လက်ဆုပ်လက်ကိုင်ပြနိုင်သော ရလဒ်များထွက်ပေါ်ခဲ့သည်။








ကန်ကွန်ဆွေးနွေးပွဲများ တစ်ဝက်တစ်ပျက်သာ အောင်မြင်ခဲ့သည်ဟု ထင်မြင်သူများအတွက်လည်း ယခုအစည်းအဝေးပွဲတွင်ရရှိခဲ့သည့် ယုံကြည်မှုနှင့် အရှိန်အဟုန်သည် လာမည့်နှစ် တောင်အာဖရိကတွင် စောင့်ကြိုနေသည့် ခက်ခက်ခဲခဲအရေးကိစ္စများကိုကိုင်တွယ်ရေး အထောက်အကူဖြစ်လိမ့်မည်ဟု မျှော်လင့်နိုင်သည်။ ခါတိုင်းကဲ့သို့ပင် ဌင်းဆွေးနွေးပွဲတွင်လည်း ရာသီဥတုပြောင်းလဲမှု စူပါ ပါဝါနိုင်ငံကြီးများဖြစ်သော အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကကွက်များက အရေးပါပါလိမ့်မည်။ ကိုပင်ဟေဂင်ဆွေးနွေးပွဲတွင် ရုပ်ပျက်ဆင်းပျက်အလျှော့မပေးစတမ်း ရပ်တည်ခဲ့ကြသည့် ဌင်းနိုင်ငံကြီးနှစ်နိုင်ငံသည် ကန်ကွန်ဆွေးနွေးပွဲတွင်မူ အံ့အားသင့်စရာ လိုက်လျောညီထွေရှိမှု ပြသခဲ့ကြသည်။ ဌင်းတို့လည်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရမည်ဟု တရုတ်နိုင်ငံက လက်ခံခဲ့ပြီး ပြင်ပကစောင့်ကြည့်လေ့လာမှုများပင် လက်ခံမည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံက တင်ပြသည့် အဆိုပြုချက် တစ်ရပ်အရလည်း နိုင်ငံတကာမှ ထောက်ပံ့သည့် ငွေကြေးများဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး စီမံကိန်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အကောင်အထည်ဖော်ရန် ကြိုးစားမည်ဖြစ်သည်။ ယင်းစီမံကိန်းများကို နိုင်ငံတကာကျွမ်းကျင်သူများကပင် လေ့လာသုံးသပ် အကဲဖြတ်သွားရမည်ဖြစ်သည်။ ပြည်တွင်းစီမံကိန်းများကိုလည်း ပြည်တွင်းကြီးကြပ်သူများက စိစစ်လေ့လာသွားရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံကလည်း ဌင်းအဆိုပြုချက်များကို လက်သင့်ခံခဲ့ရုံသာမက အစိမ်းရောင်ရာသီဥတုရန်ပုံငွေအတွက် ငွေကြေးများထည့်ဝင်နေစဉ်မှာပင် နိုင်ငံကြီးများအနေဖြင့် ဆင်းရဲသောနိုင်ငံများထက် ကာဗွန်ထုတ်လွှတ်မှုပိုမိုလျှော့ချရေး၊ ပို၍ မြန်မြန်လျှော့ချရေး လုပ်ဆောင်ရမည်ဆိုသည်ကို လက်သင့်ခံခဲ့သည်။

ထို့အပြင် သစ်တောများပြုန်းတီးခြင်းနှင့် သစ်တောများပျက်စီးလာခြင်းမှနေ၍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး (REDD) အစီအစဉ်အား ကန်ကွန်အစည်းအဝေးက သဘောတူညီခဲ့ခြင်းကိုလည်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူအများအပြားက အကောင်းဖက်က ရှုမြင်ခဲ့ကြသည်။ သစ်တောများပြုန်းတီးလာခြင်းမှာလည်း ကာဗွန်ထုတ်လွှတ်မှု များပြားလာသကဲ့သို့ပင် ရာသီဥတုအပေါ် သက်ရောက်မှုရှိ၍ ဖြစ်ပါသည်။ ထို့အတွက် သစ်တောများဆက်လက်ထိန်းသိမ်းထားသောနိုင်ငံများအား ငွေကြေးထောက်ပံ့မှုများပေးရန် ကန်ကွန်သဘောတူညီချက်က ကတိပြုထားသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး သဘောတူညီထားပြီဖြစ်ရာအားလုံးလက်ခံနိုင်သော လျှော့ချမှုဝေစုများ မည်သို့ ချမှတ်မည်၊ ဥပဒေအရ အကျုံးဝင်အောင်မည်သို့ပြုလုပ်မည် စသောအချက်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရေးမှာ လာမည့်နှစ် တောင်အာဖရိကနိုင်ငံဒါဘန်မြို့ဆွေးနွေးပွဲများမတိုင်မီကြုံတွေ့ရမည့် စိန်ခေါ်မှုများပင်ဖြစ်ပါတော့သည်။

*—Ref: Reason For Optimism out of the Cancun Climate Summit?*

NAFA
www.nafa.edu.sg
RV! CENTRE YANGON
www.rvcentre.com.sg
Imagine Life, Create Now
@ Nanyang Academy of Fine Arts (NAFA)
နေရာ - RV! Library Parkroyal Hotel
- NAFA
- 3D design, Design & Media, Fine Arts, Fashion design
Call - 242410
551697
541886
250388 ext 150

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 61,900 |
| Intel P4 Dual Core 3.2 (E 6700) Processor | 71,900 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775) Processor | 179,300 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 102,800 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 262,100 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 57,300 |
| MSI G41 TM-P33 (775) Motherboard | 57,300 |
| MSI P43- C51 (775) Motherboard | 71,900 |
| MSI P55A-GD65 (1156) Motherboard | 166,500 |
| ASUS P7H55D-USB3 (775) Motherboard | 110,100 |
| ASUS P7P55-LX (1156) Motherboard | 105,600 |
| ASUS P5P41T-LE (775) Motherboard | 75,500 |
| ASUS P5G41T-MLX (775) Motherboard | 57,300 |
| Gigabyte H57M-USB3 (1156) Motherboard | 126,500 |
| Gigabyte EP43T-UD3L (1156) Motherboard | 89,200 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 21,800 |
| 2 GB DDR2 (800) Kingston Memory | 38,200 |
| 2 GB DDR3 (1333) Kingston Memory | 29,100 |
| **Harddisk** | |
| 500 GB Seagate SATA | 40,000 |
| 1TB Seagate SATA | 61,900 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 88,300 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 76,400 |
| MSI R5750-PM-2D 1GB PCI Express Card | 142,900 |
| ASUS EAH 5450 1GB PCI Express Card | 69,200 |
| ASUS ENGT 210 1GB PCI Express Card | 65,500 |
| ASUS EAH 4350 512 MB PCI Express Card | 41,000 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 132,000 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte Geforce 8400GS 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba 4GB | 11,000 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Kingston 2GB | 7,500 |
| Memory Stick Kingston 8GB(101) | 19,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 2GB | 8,500 |
| Memory Stick SanDisk 4GB | 10,000 |
| Memory Stick SanDisk 16GB | 31,000 |
| Memory Stick Imation 4GB | 9,600 |
| **UPS** | |
| SVC (600VA) | 27,800 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| STAR (650 VA) | 29,100 |
| Power Tree (650VA) | 39,000 |
| Orient (650 VA) | 34,600 |
| Orient (1.2KVA) | 60,100 |
| **DVD Writer** | |
| Sony (SATA) | 27,300 |
| ASUS (SATA) | 29,100 |
| **အိတ်ဆောင်တီပီငှကအဘိတန်** | 150,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၁၆) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၉၉၀ |
| ဘိလပ်မြေ (Insee) (Blue Lion) | တစ်အိတ် | ၄,၇၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၆ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၄၅ |
| ထိုး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၆)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၈,၀၀၀-၉,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၂,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀-၃,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ (၁၇) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၀၀၀-၄,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၇၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၅,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၆,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၀၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၂,၃၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၂,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဒီဇင်ဘာ(၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၇ | လ/သ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၇ခ | ၁၉၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၇၀ |
| စူဇူကီးR- (2 Way) | - | ၂ဂ | ၁၃၅ |
| တိုယိုတာ (ဖင်ကောက်) | ၂၀၀၁ | ၄ဂ | ၂၇၀ |
| မက်တူး | ၉၄ | ၁ခ/၂ခ | ၅၅၀ |
| **မတ်ခ်တူး(ခာတ်ဆီ) ရွှေငါး** | ၂၀၀၂ | ၄ဂ | ၈၀၀ |
| **တိုယိုတာလီမိတက်(ခာတ်ဆီ)** | ၈၀ | ၄ဂ | ၃၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ | **၉၀၀နှင့်၁,၀၀၀ ကြား** |

ဒီဇင်ဘာ(၁၆) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Dec(11) | Dec (12) | Dec(13) | Dec(14) | Dec(15) | Dec(16) | Dec(17) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Octane ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |

Environment

7 DAY NEWS JOURNAL

Vol.9, No.39 · DECEMBER 23, 2010

# သစ်တောထိန်းသိမ်းမှုဆိုင်ရာရန်ပုံငွေမြန်မာနိုင်ငံရရှိရန် အခွင့်လမ်းတစ်ခုဖြစ်နိုင်ဟု ရာသီဥတုညီလာခံရလဒ်ကြည့်၍သုံးသပ်

အိဖြူမွန်

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအပြီး ထွက်ပေါ်လာသောရလဒ်များအရ ကာဗွန်လျှော့ချခြင်းနည်းလမ်းတစ်ခုဖြစ်သော REDD(Reduce emissions from deforestation and forest degradation) သည် အသက်ဝင်လာမည်ဖြစ်၍ သစ်တောများထိန်းသိမ်းထားသော နိုင်ငံများအနက် မြန်မာနိုင်ငံသည် REDD ပေါ်ပေါက်ရန် အခွင့်အလမ်းတစ်ခုဖြစ်နိုင်ကြောင်း ရာသီဥတုစောင့်ကြည့်လေ့လာသူအချို့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ထင်မြင်ကြသည်။

သစ်တောထိန်းသိမ်းသောနိုင်ငံများအား ရန်ပုံငွေထောက်ပံ့ခြင်းဖြစ်သည့် REDD သည် ကိုပင်ဟေဂင်အစည်းအဝေးတွင် ကာဗွန်လျှော့ချခြင်း နည်းလမ်းတစ်ခုအနေဖြင့် လက်ခံခဲ့သော်လည်း အသက်ဝင်လှုပ်ရှားမှု နည်းနေသေးကြောင်း၊ သို့သော် ယခုနှစ်တွင် ကျင်းပခဲ့သော ကန်ကွန်အစည်းအဝေးသည် REDD ပို၍ အသက်ဝင်လာဖွယ်ရှိကြောင်း ရာသီဥတုပြောင်းလဲခြင်းကို စောင့်ကြည့်လေ့လာသူ NCEA စီမံကိန်း၏ အဖွဲ့ဝင်ခေါင်းဆောင် ဦးဝင်းမျိုးသူက ပြောသည်။

ကန်ကွန် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် အပူချိန်တိုးတက်မှုအား ၁ ဒသမ ၅ စင်တီဂရိတ်နှင့် ၂ စင်တီဂရိတ်အကြားထားရှိရမည်ဖြစ်ကာ ယင်းကဲ့သို့ ထားရှိရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လျှော့ချရမည်ဖြစ်သည်။ ထို့ကြောင့်ဆင်းရဲသော နိုင်ငံများ အပူပိုင်းသစ်တောများ ထိန်းသိမ်းရန်အတွက် အစိမ်းရောင်ရာသီဥတု ရန်ပုံငွေဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယင်းအနက် မြန်မာနိုင်ငံသည် သစ်တောများပိုင်ဆိုင်ထားသောကြောင့် REDD အကောင်အထည်ဖော်နိုင်ကြောင်း သို့သော် အစိမ်းရောင်ရန်ပုံငွေအဖွဲ့၏ တောင်းဆိုသော စည်းကမ်းချက်များ များပြားနေပါက REDD အကောင်အထည်ဖော်ရန် မလွယ်ကူနိုင်သောကြောင့် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။



"တစ်ကမ္ဘာလုံးရဲ့ အရေးဖြစ်နေတော့ ချက်ချင်းကြီးတော့ တိုးတက်မလာနိုင်ပါဘူး။ ဒါပေမဲ့ ရာသီဥတုပြောင်းလဲခြင်းကို ခံရတဲ့နိုင်ငံတွေကို ကူညီမယ်။ REDD လည်း ပိုပြီး ပီပြင်ဖို့ရှိတယ်။ တဖြည်းဖြည်းနဲ့တော့ လက်တွေ့ကျလာပါပြီ။ REDD အတွက် မတည်တဲ့ရန်ပုံငွေက ဖွံ့ဖြိုးဆဲတိုင်းပြည်တွေရဖို့ ခက်ခဲ့တဲ့စည်းကမ်းတွေ သိပ်များနေရင်လည်း မကောင်းဘူး။ အဲဒါကိုနိုင်ငံအနေနဲ့ ဘယ်လိုဆွေးနွေးကြမလဲ။မြန်မာနိုင်ငံ အတွက်တော့သစ်တောအများကြီးကျန်နေသေးတဲ့အတွက် ဒါဟာ အခွင့်အလမ်းကောင်းတစ်ခုပါ" ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။



ကန်ကွန်ဆွေးနွေးပွဲကို တက်ရောက်ခဲ့သူ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးထွန်းလွင်ကလည်း ရာသီဥတုပြောင်းလဲခြင်းအတွက်လုပ်ဆောင်ရမည့် သဘောတူညီချက်များ ထွက်မပေါ်လာသေးသော်လည်း ယခင်ထက် နိုင်ငံရေးခေါင်းဆောင်များ စိတ်ဝင်စားမှု ရှိလာသောကြောင့် အောင်မြင်တိုးတက်မှုရလာကြောင်း ကာဗွန်လျှော့ချခြင်းတွင် ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းလာကြောင်း ယင်းရန်ပုံငွေသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် မျှော်လင့်ဖွယ်တစ်ခု ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာနိုင်ငံတွင် REDD အကောင်အထည် ဖော်နိုင်ရေးအတွက် လိုအပ်သော သတင်းအချက်အလက်များကို ၂၀၀၉ ခုနှစ် ကိုပင်ဟေဂင်အစည်းအဝေးအပြီးတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)တို့ ပူးပေါင်း၍ အချက်အလက်များ ကောက်ယူလျက်ရှိသည်။

စာ(၂၃) သို့

## Environment cartoon

သဘာဝကို လေ့လာပါ။
သဘာဝကို ချစ်မြတ်နိုးလာမယ်။
သဘာဝကို စောင့်ရှောက်ဖို့
သိလာမယ်။



## မြန်မာ့ပင်လယ်ပြင်တွင် ရေသတ္တဝါများသေစေနိုင်သည့်ဒီရေနီများ ဖြစ်ပေါ်နေ

သန်းငွေး

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

မြန်မာ့ပင်လယ်ပြင်ရှိနေရာအချို့တွင် ရေနေသတ္တဝါများ သေကျေစေတတ်သည့် "ဒီရေနီ" များဖြစ်ပေါ်နေခြင်းကို စမ်းသပ်မှုများပြုလုပ်နေကြောင်း ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေးက ပြောသည်။

ယင်းဒီရေနီသည် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းကို စတင်ထိခိုက်လာနေသောကြောင့် ဂျပန်နိုင်ငံမှ ပညာရှင်ဒေါက်တာကာရှိမိယိုနှင့် မြန်မာပညာရှင်ဦးမြင့်ဖေတို့ပူးပေါင်းကာ စမ်းသပ်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အဆိုပါဒီရေနီကိုဖြစ်ပေါ်စေသော အယ်လ်ဂျေးမှာဟိုက်တို ပလန်တန်ရေညှိရေမှော်မျိုးဖြစ်သည့် ဒိုင်နိုဖလက်ဂျလိတ် မျောလေးများမှ စတင်ဖြစ်ပေါ်ကြောင်းပညာရှင်တစ်ဦးက ပြောကြားသည်။ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတို့တွင် ၎င်းဟိုက်တိုပလန်တန်များကို မြန်မာနှင့်ဂျပန်ပညာရှင်များပူးပေါင်းလေ့လာကြမည်ဖြစ်သည်။

"ပင်လယ်ပြင်ညစ်ညမ်းမှုကိုဖြစ်စေတာ အရင်ကတော့ ပုစွန်နဲ့ငါးဖမ်းသင်္ဘောတွေက ပစ်ချတဲ့ဂေါ်ထီးငါးတွေကြောင့်လို့ထင်ခဲ့တာ" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းကပြောကြားသည်။ ၎င်းအတွေ့အကြုံအရ ၁၉၉၇ ခုနှစ်က သပြုချိုင်တွင် စတင်တွေ့ရှိဖူးပြီး အဆိုပါနေရာတစ်ဝိုက်၌ ငါးနှင့်ပုစွန်ရေသတ္တဝါများ လုံးဝမရှိတော့ကြောင်း ၎င်းကဆွေးနွေးသည်။ ထိုကဲ့သို့ပင်လယ်ပြင်အတွင်း အောက်ဆီဂျင်ပြတ်လပ်နေသော အဆိုပါနေရာများကို "မရဏဇုန်"ဟု ခေါ်ဆိုပြီး ကမ္ဘာတစ်ဝန်းတွင် နေရာ ၄၀၀ ခန့်ရှိကြောင်း ကျွမ်းကျင်သူတစ်ဦးကပြောကြားသည်။

"ကဏန်းပြာတွေ အများဆုံးပါတဲ့ ကဏန်းတွေ အစုလိုက်၊ အပြုံလိုက်ရေမျက်နှာပြင်ပေါ်မှာ ကူးခတ်သွားလာနေကြတာကိုမကြာခဏတွေ့ရပါတယ်။ ရေထဲမှာ အောက်ဆီဂျင်နည်းပါးသွားတဲ့အခါမှာဖြစ်ပါတယ်" ဟု ၎င်းကပြောကြားသည်။ ဦးဟန်ထွန်းကပြောကြားရာတွင် အဆိုပါ ပင်လယ်ပြင်တစ်ဝိုက်၌ ငါး၊ ပုစွန်များမမိတော့ဘဲ ယင်းတို့မှာကမ်းဘက်သို့တိုးကပ်လေ့ရှိပြီး ရေအောက်တွင် ခုံး၊ ခရု၊ ယောက်သွားအသေများတွေ့ရှိရကြောင်း ၎င်းအတွေ့အကြုံကိုပြောသည်။ ၂၀၀၉ နှင့် ၂၀၁၀ ဇူလိုင်၊ ဩဂုတ်လများက ဂျပန်နိုင်ငံ၏မွေးမြူရေးကျူးနာငါးများ၌ ဒီရေနီဖြစ်ပေါ်မှုကြောင့် ငါးကောင်ရေ ၁၅ သိန်း သေဆုံးခဲ့ရသည်။



Tourism
7 DAY NEWS JOURNAL
Vol.9, No.39 · DECEMBER 23, 2010

# နိုင်ငံခြားငွေလဲနှုန်းဆက်တိုက်ကျနေခြင်းကြောင့် ဟိုတယ်များက ရောင်းချသည့်နှစ်သစ်ကူးပွဲဈေးနှုန်းများ တိုးမြှင့်

အောင်သူရ

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၃**

အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီဈေးနှုန်းများ ဆက်လက်ကျဆင်းနေခြင်းကြောင့် ယခုနှစ်တွင် ဟိုတယ်များ၌ပြုလုပ်မည့် နှစ်သစ်ကူးပွဲတော်ဈေးနှုန်းများ အပြောင်းအလဲဖြစ်သွားကြောင်း သတင်းရရှိသည်။ ထို့အတူ ယမန်နှစ်က အမေရိကန်ဒေါ်လာသို့မဟုတ် အက်ဖ်အီးစီဖြင့်သာ ဈေးနှုန်းသတ်မှတ်ခဲ့သော ချက်ထရီယမ်ဟိုတယ်က ယခုနှစ်တွင် လေးဇီးကလပ်တီးဝိုင်းအပါအဝင် Lဆိုင်းဇီ၊ ဝိုင်းစုခိုင်သိန်းတို့နှင့် ဖျော်ဖြေမည့် နှစ်သစ်ကူး ညစာစားပွဲအား လူတစ်ဦးလျှင် ကျပ်ခြောက်သောင်း၊ ကျပ်ခုနစ်သောင်းနှင့် ကျပ်တစ်သိန်းစသဖြင့် မြန်မာငွေဖြင့် သတ်မှတ်ထားသည်ဟု အဆိုပါဟိုတယ်မှ ဒေါ်လွင်မာအောင်ကပြောသည်။

"မနှစ်ကတော့ ၆၀၊ ၇၀၊ ၁၀၀ (ကန်ဒေါ်လာ)သတ်မှတ်ပါတယ်။ ဒီနှစ် တခြားဈေးတွေကလည်း တက်လာတော့ မြန်မာငွေနဲ့ပြောင်းလဲယူတာပါ"ဟုဒေါ်လွင်မာအောင်က ပြောသည်။



ဓာတ်ပုံ - အောင်အောင်

ယခင်နှစ်က လူတစ်ဦးလျှင် ကျပ်နှစ်သောင်းသာ သတ်မှတ်ခဲ့သော Sunny Paradise ဟိုတယ်ကလည်း ယခုနှစ်တွင် ကျပ်နှစ်သောင်းခွဲသို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း အဆိုပါဟိုတယ်မှ တာဝန်ရှိသူကပြောသည်။

ထို့အပြင် ရန်ကုန်မြို့တွင်းရှိ ကြယ်သုံးပွင့်အဆင့်ရှိဟိုတယ်များမှာငွေတန်ဖိုးကျဆင်းနေမှုကြောင့် ယခင်သတ်မှတ်ထားသော အခန်းခဈေးနှုန်းများအား သုံးဒေါ်လာခန့်တိုး၍ သတ်မှတ်ခဲ့သည်။

ယခုနှစ်တွင် အမေရိကန်ဒေါ်လာ၊ အက်ဖ်အီးစီနှင့် ပို့ကုန်ရငွေတန်ဖိုးတို့မှာစက်တင်ဘာလဆန်းမှစ၍ ကျဆင်းခဲ့ပြီး ယခုရက်ပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၈၇၀ ဝန်းကျင်နှင့် အက်ဖ်အီးစီ တစ်ယူနစ်လျှင် မြန်မာကျပ်ငွေ ၈၂၅ ခန့်သာရှိသည်ဟုသိရသည်။

## ပြည်တွင်းခရီးစဉ်များ ပျံသန်းမည့် ပုဂ္ဂလိက လေကြောင်းလိုင်းသစ်

အောင်သူရ

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ပုဂ္ဂလိကလေကြောင်းလိုင်း အသစ်ဖြစ်သော Asia Wings လေကြောင်းလိုင်းက ပြည်တွင်းခရီးစဉ်အချို့အား ဇန်နဝါရီလ ၁၈ ရက်မှစတင်၍ ကြိုတင်မှာယူမှုများ လက်ခံပေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ရန်ကုန်-မန္တလေး-ညောင်ဦး -ဟဲဟိုး-ရန်ကုန်ခရီးစဉ်အတွက်ပဲဘွတ်ကင်လက်ခံပေးနေတာပါ" ဟု လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်းမှ ဝယ်ယူထားသော XY-AIS ATR 72 လေယာဉ်အသစ်တစ်စင်းမှာ နိုဝင်ဘာလ ၁၁ ရက်က ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာခဲ့ပြီးဖြစ်သည်။

လေယာဉ်နှစ်စီးဖြင့် ပျံသန်းပေးခဲ့သော Yangon Airway လေကြောင်းလိုင်း၏ ခရီးစဉ်များအား ဒီဇင်ဘာ ၃ ရက်က ရပ်နားခဲ့သဖြင့် ယခု Asia Wings ကပြေးဆွဲမည့်ခရီးစဉ်များတွင် ခရီးသည် ၂၀၀၀ ကျော်မှာ လက်မှတ်စောင့်ဆိုင်းစာရင်းဖြင့် စောင့်ဆိုင်းနေခဲ့ရသည်။

ထိုသို့သော အခြေအနေတွင် လေကြောင်းလိုင်းအသစ်က လေယာဉ်အသစ်ဖြင့် ပျံသန်းပေးမည်ကို ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ကြိုဆိုကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့က ပြောသည်။






7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

# Cartoon




























7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010


## မြောက်ကိုရီးယား နျူစမ်းသပ်မှုအတွက် မြေအောက်လိုဏ်ခေါင်းတူးနေဟုဆို

ဆိုးလ်၊ ဒီဇင်ဘာ - ၁၄

မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်ရာနေရာဟု လူသိများသောဒေသတွင် မြေအောက်လိုဏ်ခေါင်းတူးနေကြောင်းနှင့် လာမည့်မတ်လတွင် တတိယအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုပြုလုပ်ရန် အဆင်သင့်ဖြစ်နိုင်ကြောင်း တောင်ကိုရီးယားသတင်းစာတစ်စောင်ကဖော်ပြသည်။

နိုင်ငံအရှေ့မြောက်ပိုင်း ပွန်ဂျီးမြို့အနီးတွင် တူးဖော်နေသောလိုဏ်ခေါင်းမှထွက်ပေါ်လာသော မြေကြီးပမာဏအရ ၎င်းလိုဏ်ခေါင်းသည် မီတာ ၅၀၀ အနက်ရောက်ရှိနေပြီဟု ခန့်မှန်းရကြောင်း ချိုဆန်အီဘိုသတင်းစာကဖော်ပြသည်။ ယင်းမှာ နျူကလီးယားစမ်းသပ်မှုပြုလုပ်ရန်လိုအပ်သောအနက်ပေ၏ ထက်ဝက်သို့ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားအစိုးရသည် ၎င်း၏အဓိကနျူကလီးယားစက်ရုံများတည်ရှိရာ ယွန်ဗြောင်းဒေသတွင်လည်း အဆောက်အအုံသစ်များအလျင်အမြန်ဆောက်လုပ်နေကြောင်း၊ ၎င်းဒေသမှာပင် လူများ ယခင်ကမသိရှိသေးသော ယူရေနီယံသန့် စင်စက်ရုံတစ်ခု ယမန်လအတွင်း ပေါ်ထွက်လာကြောင်း ထောက်လှမ်းရေးသတင်းရင်းမြစ်များအားကိုးကား၍ ချိုဆန်အီဘိုသတင်းစာက ဖော်ပြသည်။




ခေတ်မီယူရေနီယံ သန့်စင်စက်ရုံအား ဖော်ထုတ်ပြသခြင်းနှင့် နောက်ထပ်နျူကလီးယား စမ်းသပ်မှုတစ်ခုအတွက် ပြင်ဆင်မှုများပြုလုပ်နေခြင်းမှာ ဒေသတွင်းအင်အားကြီးနိုင်ငံများအား ဆွေးနွေးပွဲစားပွဲသို့လာရောက်စေရန် အစီအမံများဖြစ်နိုင်ကြောင်း ခွဲခြမ်းစိတ်ဖြာလေ့လာသူများက ပြောကြားသည်။ မြောက်ကိုရီးယားသည် ယခင်ယင်းသို့သော ဆွေးနွေးပွဲများမှ စီးပွားရေးအကူအညီနှင့် သံတမန်ရေးအာရုံစိုက်မှုများ ရရှိခဲ့ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

*—Ref: Reuters*

## ဗီယက်နမ်သို့ ယခုနှစ်အတွင်း ကမ္ဘာ့လှည့်ခရီးသည် ၄ ဒသမ ၆ သန်း ဝင်ရောက်

ဟန္နွိုင်း၊ ဒီဇင်ဘာ - ၁၃

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်အတွင်းနိုဝင်ဘာအထိ ကမ္ဘာ့လှည့်ခရီးသည်ဦးရေ ၄ ဒသမ ၆ သန်း အထိဝင်ရောက်ခဲ့ကာ ခရီးသည်ဝင်ရောက်မှု ၃၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း အစိုးရ၏ အထွေထွေစာရင်းအင်းရုံးက ထုတ်ပြန်ချက်များအရ သိရသည်။ စာရင်းအရ ပြီးခဲ့သောနိုဝင်ဘာတစ်လတည်း၌ပင် ခရီးသည် ၄၃၀,၀၀၀ ဝင်ရောက်ခဲ့ ပြီး၊ အောက်တိုဘာလကထက် ၁၀ ဒသမ ၃၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းဆိုသည်။

ဗီယက်နမ်သို့ လာရောက်သောနိုင်ငံခြား ခရီးသည်များတွင် အများစုမှာ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်တို့ဖြစ်ကြသည်။ တရုတ်ကမ္ဘာ့လှည့်များမှာ ဗီယက်နမ်သို့ အများဆုံးလာရောက်သူများဖြစ်ပြီး ဇန်နဝါရီမှ နိုဝင်ဘာအထိ ဆယ့်တစ်လအတွင်းခရီးသည်ဦးရေ ၈၃၃,၀၀၀ အထိဝင်ရောက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသို့ ယမန်နှစ်က ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၈ သန်း ဝင်ရောက်ခဲ့ပြီး၊ ခရီးသည်ဝင်ရောက်မှု နှစ်စဉ်တိုးတက်နေကြောင်း သိရသည်။

*—Ref: Xinhua*

## ၂၀၁၁ အတွင်း အင်ဒိုနီးရှား၌ ကားပိုမိုရောင်းရဖွယ်ရှိဟုဆို

ဂျကာတာ၊ ဒီဇင်ဘာ - ၁၄

လာမည့် ၂၀၁၁ မှစ၍ အင်ဒိုနီးရှားတွင် ပုဂ္ဂလိကပိုင်ယာဉ်များအား လောင်စာဆီခွဲတမ်းနှင့် ချထားပေးရန်စီစဉ်နေသော်လည်း နိုင်ငံတွင်း ကားရောင်းချရမှုမှာ ၂၀၁၁ တွင် ၂၀၁၀ ကထက် ၁၀ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းအကြားတိုးတက်လာဖွယ်ရှိကြောင်း သိရသည်။ အင်ဒိုနီးရှားမော်တော်ကားထုတ်လုပ်ရေး စက်မှုလုပ်ငန်းများအသင်း(ဂိုင်ကင်ဒို)၏ဒုဥက္ကဋ္ဌ ဂျုံကီဆူဂီယာတိုက ဆီခွဲတမ်းနှင့်ရောင်းချခြင်းအစီအစဉ်သည် ၂၀၁၁ အတွင်း ကားရောင်းချရမှုများအပေါ် အကျိုးသက်ရောက်မှုအနည်းငယ်သာရှိမည်ဖြစ်ကြောင်း ဆိုသည်။

၎င်းက ဂျကာတာဂလုပ်သတင်းစာသို့ “လာမယ့် ၂၀၁၁ မှာ ကားရောင်းချရမှုဟာ ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအတွင်း တိုးတက်ပြီး စီးရေ ၈၀၀,၀၀၀ ခန့်ရောင်းရမယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်။ ဒီနှစ် ၂၀၁၀ ထဲမှာတော့ ခန့်မှန်းထားတဲ့အတိုင်း ကားစီးရေ ၇၃၀,၀၀၀ ခန့်ရောင်းချခဲ့ရပါတယ်” ဟု ပြောသည်။ ဆက်လက်၍ ၎င်းက “လာမယ့်နှစ်မှာလည်းစီးပွားရေးတိုးတက်မှုနှုန်းဆက်မြင့်မားပြီး၊ ဘဏ်တိုးနှုန်း၊ ငွေလဲလှယ်နှုန်းနဲ့ ငွေဖောင်းပွမှုနှုန်းတွေ တည်ငြိမ်နေဦးမှာမို့ ဘဏ်ချေးငွေတွေ ဆက်ရှိနေဦးမှာပါ။ ကားရောင်းချရမှုလည်း ဆက်တိုးတက်နေမှာပါ”ဟု ပြောသည်။

အင်ဒိုနီးရှားတွင် ၂၀၁၀ ၏ ပထမဆယ်လအတွင်း ကားစီးရေခြောက်သိန်းကျော်ရောင်းချခဲ့ရကာ ယမန်နှစ်က ရောင်းချခဲ့ရသည့်စီးရေ သုံးသိန်းရှစ်သောင်းထက်နှစ်ဆနီးပါး မြင့်တက်ခဲ့သည်။ အင်ဒိုနီးရှားစီးပွားရေးသည် ယခုနှစ်တတိယသုံးလပတ် ဘဏ္ဍာရေးကာလတွင် တိုးတက်မှုနှုန်း ၅ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး၊ နှစ်ကုန်တွင် တိုးတက်မှု ၆ ဒသမ ၄ ရာခိုင်နှုန်းရရန် ရည်မှန်းထားသည်။

*—Ref: Xinhua*





## Leader's Profile

# ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်

ရဲမင်း

ရောဘတ်ဘရူစ်ဇိုးလစ်သည် ကမ္ဘာ့ဘဏ်၏ ၁၁ ယောက်မြောက်ဥက္ကဋ္ဌဖြစ်သည်။ ၂၀၀၇ ခုနှစ်ဇူလိုင်လ ၁ ရက်မှစ၍ ၎င်းရာထူးကို ရယူထားခြင်းဖြစ်ပြီး ယင်းမတိုင်မီကအမေရိကန်ဘဏ္ဍာရေးကုမ္ပဏီကြီး ဂိုးလ်မင်းဆက်ချ်၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဇိုးလစ်အား အမေရိကန်နိုင်ငံ၊ အီလီနွိုက်စ်ပြည်နယ်၊ ချီကာဂိုမြို့အပြင်ဘက် နာပါဗီးလ်ဒေသတွင် ၁၉၅၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်တွင် မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို နာပါဗီးလ် ဗဟိုအထက်တန်းကျောင်းတွင် သင်ယူခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဆွာ့သ်မိုးကောလိပ်မှ သမိုင်းဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဟားဗတ်ဥပဒေကျောင်းမှ ဂျူးရစ်ဒေါက်တာဘွဲ့ကို ရရှိခဲ့သော ဇိုးလစ်သည် ၁၉၈၁ တွင်ဟားဗတ်တက္ကသိုလ် ဂွန်အက်ဖ်ကနေဒီအုပ်ချုပ်ရေးကျောင်းမှ ပြည်သူ့ပေါ်လစီဘာသာရပ်ဖြင့် မာစတာဘွဲ့ရရှိခဲ့သည်။

ဟားဗတ်ဥပဒေကျောင်းမှ ဘွဲ့ရခဲ့ပြီးနောက် ရောဘတ်ဇိုးလစ်သည် ကိုလံဘီယာခရိုင် အယူခံတရားရုံး တရားသူကြီး ပက်ထရီစီယာဝဲလ်၏ ဥပဒေရေးရာ စာရေးအဖြစ် စတင်အလုပ်လုပ်ကိုင်ခဲ့သည်။ ၎င်းနောက်ဇိုးလစ်သည် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ မှ ၁၉၈၈ ခုနှစ်အထိ သမ္မတရော်နယ်ရေဂင်လက်ထက်တွင် ဒုလက်ထောက်ဘဏ္ဍာရေးအတွင်းဝန်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ရောဘတ်ဇိုးလစ်သည် သမ္မတဂျော့ချ်အိတ်ဒဗလျူဘုရှ်လက်ထက်တွင် ၁၉၈၉ မှ ၁၉၉၂ ခုနှစ်ကာလအတွင်း၌ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့ပြီး ၁၉၉၂ မှ ၁၉၉၃ ခုနှစ်အထိ သမ္မတအိမ်ဖြူတော်၏ ဒုတိယအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဂျာမန်မျိုးနွယ် မိသားစုတွင် မွေးဖွားခဲ့သော ရောဘတ်ဇိုးလစ်သည် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ဆွေးနွေးပွဲများတွင်လည်း အိမ်ဖြူတော်၏ ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ပြီး ၁၉၉၁ နှင့် ၁၉၉၂ ခုနှစ် ဂျီ-၇ စီးပွားရေးထိပ်သီးဆွေးနွေးပွဲများသို့ သမ္မတဘုရှ်အား ကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။ ရောဘတ်ဇိုးလစ်သည် ၁၉၉၃ မှ ၁၉၉၇ ခုနှစ်အတွင်းတွင် အမျိုးသားအိမ်ရာချေးငွေထုတ်ပေးရေးအဖွဲ့ ဖန်နီမေ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ၎င်းပညာသင်ယူခဲ့ရာ ဂွန်အက်ဖ်ကနေဒီအုပ်ချုပ်ရေးကျောင်းတွင် ပညာရှင်အဖြစ် စာပေပို့ချခဲ့သည်။

၂၀၀၀ ပြည့်နှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မစ္စတာရောဘတ်ဇိုးလစ်သည် သမ္မတဂျော့ချ်ဒဗလျူဘုရှ်၏ အကြံပေးအဖြစ်ဆောင်ရွက်ခဲ့ပြီး သမ္မတဘုရှ်ရွေးကောက်ပွဲနိုင်သောအခါတွင်အမေရိကန်၏ ကုန်သွယ်ရေးကိုယ်စားလှယ်ဖြစ်လာသည်။ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖြစ်ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်းများစွာနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်အများအပြားချုပ်ဆိုနိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင်မူ အမေရိကန်ရင်းနှီးမြှုပ်နှံမှုဘဏ် ဂိုးလ်မင်းဆက်ချ်၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော ရောဘတ်ဇိုးလစ်အား ၂၀၀၇ ခုနှစ်မေလ ၃၀ ရက်တွင် သမ္မတဘုရှ်က ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌရာထူးအတွက် အမည်စာရင်းတင်သွင်းခဲ့သည်။ ၎င်းနှစ် ဇွန်လ ၂၅ ရက်မှာပင် ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့က မစ္စတာရောဘတ်ဇိုးလစ်အားကမ္ဘာ့ဘဏ်၏ ဥက္ကဋ္ဌအဖြစ် အတည်ပြုပေးခဲ့သည်။

ကုန်သွယ်ရေးနှင့် အမေရိကန်နိုင်ငံခြားရေးပေါ်လစီကို တစ်စိုက်မတ်မတ် ချိတ်ဆက်ကျင့်သုံးခဲ့သော မစ္စတာရောဘတ်ဇိုးလစ်၏ဇနီးမှာ ရှယ်လီဇိုးရစ်ဖြစ်ပြီး ၎င်းတို့တွင် သားသမီးမရှိပေ။

*—Ref: Wikipedia*

## နောက်ကျောဖုံး - မကာဆီကို ရေနံပိုက်လိုင်းပေါက်ကွဲမှု လူ ၂၇ ဦးသေဆုံး မှ

မီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး ၂၇ ဦးသေဆုံးခဲ့ပြီး လူ ၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း၊ နေအိမ်ပေါင်း ၁၅၀ ခန့် မီးလောင်ကျွမ်းခဲ့ပြီး ၃၀ ကျော်မှာ လုံးဝပြာကျသွားခဲ့ကြောင်းနှင့် လူ ၅၀၀၀ ဦးအား ကယ်ဆယ်နေရာချထားပေးထားရကြောင်း ပြည်သူ့လုံခြုံရေးဒါရိုက်တာ မစ်ဂွယ်အိန်ဂျယ်မာတနက်စ်၏ပြောကြားချက်ကို ကိုးကား၍ UPI သတင်းကဖော်ပြသည်။ *—Ref: PTI/ UPI*

နီလာ

## နောက်ကျောဖုံး - ပါကစတန်၏ အကြမ်းဖက်ဝါဒတိုက်ဖျက်မှုကို တရုတ်ဝန်ကြီးချုပ် ချီးကျူး မှ

ကုန်သွယ်ရေး ပိုမိုဖွံ့ဖြိုးလာစေရန် တရုတ်နိုင်ငံက တည်ဆောက်ပေးထားသော ကာရာကိုရယ်အဝေးပြေးလမ်းမကြီးကို ချဲ့ထွင်သွားရန် နှစ်နိုင်ငံသဘောတူညီခဲ့ကြောင်း ပါကစ္စတန်နိုင်ငံက ပြောကြားသည်။ ပါကစ္စတန်စွမ်းအင်ကဏ္ဍအတွက်လည်း ထောက်ပံ့မှုများ ပိုမိုပြုလုပ်သွားမည်ဟု တရုတ်နိုင်ငံက ပြန်လည်ပြောကြားသည်။

နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်တွင် တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် စစ်ဘက်၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ အာကာသနည်းပညာ၊ ဘဏ်လုပ်ငန်း၊ အခြေခံ အဆောက်အအုံကဏ္ဍ၊ အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ရေး၊ ယဉ်ကျေးမှု ဖလှယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် ကတိပြုခဲ့ကြသည်။

ပါကစ္စတန်-တရုတ် စီးပွားရေးထိပ်သီးဆွေးနွေးပွဲ တစ်ခုတွင်လည်းနှစ်နိုင်ငံကြား ကုန်သွယ်မှုမှာ ၂၀၀၂ ခုနှစ်တွင် ကန်ဒေါ်လာတစ်ဘီလီယံသာ ရှိခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင် ကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံ ရှိလာခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ဝမ်ကြားပေါင်က မှတ်ချက်ပြုပြောကြားသည်။ ၂၀၀၆ ခုနှစ်တွင် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံကြား ကုန်သွယ်မှုသည် မကြာမီကာလအတွင်း ကန်ဒေါ်လာ ၁၀ ဘီလီယံသို့ ရောက်ရှိလာနိုင်ကြောင်း သိရသည်။

အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်များအား နှိမ်နင်းရေး ပါကစ္စတန်၏ အနစ်နာခံမှုများကို တရုတ်ဝန်ကြီးချုပ်၏ ချီးကျူးပြောဆိုမှုများသည် ၎င်း၏အစွန်းရောက်ပုန်ကန်မှုများအား နှိမ်နင်းရန်ပါကစ္စတန်က ကြိုးပမ်းမှုများ ပိုမိုပြုလုပ်ရမည်ဟု အမေရိကန်၏သတိပေးချက်များနှင့် သိသာစွာကွဲပြားနေကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာကဖော်ပြသည်။

တရုတ်ဝန်ကြီးချုပ်သည် ပါကစ္စတန်နိုင်ငံသို့ မလာရောက်မီ အိန္ဒိယနိုင်ငံသို့လည်း သွားရောက်လည်ပတ်ခဲ့သည်။

*—Ref: NY Times*

## ချာနိုဘိုင်းနျူစက်ရုံနေရာသို့ လည်ပတ်ခွင့် ၂၀၁၁ တွင် ပေးမည်

**ကီယက်ဗ်၊ ဒီဇင်ဘာ - ၁၃**

ယူကရိန်းအာဏာပိုင်များသည် လွန်ခဲ့သည့် ၁၉၈၆ ခုနှစ်က ချာနိုဘိုင်းနျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲခဲ့သည့်နေရာကို လာရောက်ကြည့်ရှုလိုသူ ခရီးသည်များအတွက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ချာနိုဘိုင်းနျူစက်ရုံမှ ဓာတ်ပေါင်းဖိုအမှတ်(၄)သည် ၁၉၈၆ ဧပြီ ၂၆ ရက်နေ့တွင် ပေါက်ကွဲခဲ့ပြီး ယင်းမှ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်ပျံ့နှံ့မှုကြောင့် ယူကရိန်း၊ ဘီလာရုစ်နှင့် ရုရှားနိုင်ငံများတွင် လူပေါင်းများစွာထိခိုက်ခဲ့ပြီး၊ ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဓာတ်ရောင်ခြည်အဆိပ်သင့်မှု အများဆုံးဧရိယာမှာ ပေါက်ကွဲခဲ့သည့် ဓာတ်ပေါင်းဖိုမှ အချင်းမိုင် ၃၀ (၄၈ ကီလိုမီတာ)အတွင်း နေရာဖြစ်ပြီး ထိုနောက်ပိုင်းတွင် နေရာကို ပြန်လည်ရှင်းလင်းကာ အလည်အပတ်လာသူများကိုပိတ်ပင်ထားခဲ့သည်။ ယခုအခါ အဆိုပါပိတ်ပင်ထားသော စက်ရုံ၏ အကြွင်းအကျန်များကို အလုပ်သမားပေါင်း ၂,၅၀၀ ခန့်က ထိန်းသိမ်းထားပြီး စက်ရုံပေါက်ကွဲစဉ်က ကယ်ဆယ်ခဲ့ရသည့် ဒေသခံရွာသားများမှာလည်း အစိုးရကပိတ်ပင်ထားသော်လည်း ပြန်လည်အခြေချနေထိုင်လာနေကြသည်။ ထို့ပြင် ခရီးသွားကုမ္ပဏီအချို့ကလည်း ယင်း တားမြစ်နေရာသို့ အလည်ထွက်နိုင်မည့် ခရီးစဉ်များကမ်းလှမ်းနေပြီး အစိုးရဘက်ကမူ ယင်းခရီးစဉ်များမှာ တရားမဝင်ကြောင်း၊ ခရီးသည်များ လုံခြုံရေးကို အာမ မခံနိုင်ကြောင်း ပြောဆိုထားခဲ့သည်။

ချာနိုဘိုင်းနျူစက်ရုံသို့ ခရီးသည်များ လာရောက်ခွင့်ပေးရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ အကြီးအကဲ ဟယ်လင်ကလာ့က်ကလည်း စက်ရုံနေရာသို့ လူအများ လည်ပတ်ခွင့်ပေးခြင်းသည် ရန်ပုံငွေများရရှိစေနိုင်ပြီး၊ နျူလုံခြုံရေးနှင့်ပတ်သက်၍ သင်ခန်းစာပေးနိုင်ကြောင်း ထောက်ခံထားသည်။ လောလောဆယ်တွင်မူ ယူကရိန်းအရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာနက စက်ရုံနေရာပြန်လည်ဖွင့်လှစ်ပေးမည့်နေ့ရက်ကို အတိအကျမပြောနိုင်သေးသော်လည်း ၂၀၁၁ တွင် ဖွင့်လှစ်ဖွယ်ရှိနေကြောင်း ပြောကြားထားသည်ဟုသိရှိရသည်။ —Ref: AP

7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010



# အမှန်တရားပေါ်လာဖို့ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်

## ကွယ်လွန်သူ ပိုလန်သမ္မတ၏ လေယာဉ်ပျက်ကျမှုအကြောင်း အမွှာညီအစ်ကို ပိုလန်အတိုက်အခံခေါင်းဆောင်နှင့် မေးမြန်းခြင်း

**ကျော်မျိုး**

ပိုလန်သမ္မတ ဘရော်နီစလောကိုမော်ရောစကီးဟာ ပြီးခဲ့တဲ့ အပတ်ကပဲ ဝါရှင်တန်ရှိ အိမ်ဖြူတော်ကိုရောက်ရှိလာကာ ကန်သမ္မတ အိုဘားမားနဲ့မဟာဗျူဟာမြောက် လက်နက်မပြန့်ပွားရေး စာချုပ် START အသစ်ရေးဆွဲဖို့အကြောင်းစတာတွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။ အဲဒီနောက်သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ရာမှာလည်းသမ္မတအိုဘားမားဟာ ပိုလန်နိုင်ငံရေးလောကကို အထိနာစေခဲ့တဲ့ ပြီးခဲ့တဲ့ဧပြီလက ရုရှားမှာဖြစ်ခဲ့တဲ့ လေယာဉ်ပျက်ကျမှု အကြောင်းကိုလည်း ထည့်သွင်းအသိအမှတ်ပြု ပြောဆိုခဲ့ပါတယ်။ အဆိုပါလေယာဉ်ပျက်ကျမှုကြောင့် ထိုစဉ်က ပိုလန်သမ္မတ လက်ချ်ကာဇင်စကီး အပါအဝင် အခြားပိုလန်နိုင်ငံရေးသမား ၉၅ ဦးတို့ သေဆုံးခဲ့ရတာ ဝမ်းနည်းဖွယ်ရာပဲ။ ဒါ့ကြောင့် နယူးစ်ဝိခ်မဂ္ဂဇင်းဟာ သမ္မတသစ်ကိုမော်ရောစကီးနဲ့ အိုဘားမား တွေ့ဆုံခိုက်မှာ ပိုလန်-အမေရိကန်ဆက်ဆံရေးအကြောင်း၊ ပိုလန်နိုင်ငံရေးအကြောင်း . . . စတာတွေကို ကွယ်လွန်သူ သမ္မတရဲ့ အမွှာညီအစ်ကိုဖြစ်ပြီး လက်ရှိမှာလည်း ပိုလန်အတိုက်အခံခေါင်းဆောင်ဖြစ်နေသူ ဂျာရောစလပ်ကာဇင်စကီးနဲ့တွေ့ဆုံ မေးမြန်းပြီး ဖော်ပြခဲ့ပါတယ်။ ယခုဖော်ပြလိုက်တာကတော့ ကာဇင်စကီးနဲ့ ယင်းတွေ့ဆုံခန်းမှ ကောက်နုတ်ချက်များပဲဖြစ်ပါတယ်။

**အခုလို ပိုလန်နဲ့အမေရိကန် ခေါင်းဆောင်နှစ်ဦးအကြား တွေ့ဆုံမှုရဲ့ ရည်ရွယ်ချက်က ဘာများပါလဲခင်ဗျာ။**

အသစ်ရွေးကောက်တင်မြှောက်ခံရတဲ့ ပိုလန်သမ္မတနဲ့ ၎င်းရဲ့မိတ်ဆွေ ကန်သမ္မတတို့အကြား တွေ့ဆုံမှုဟာ ယခင်ကတည်းက ရှိလာခဲ့တဲ့ ထုံးစံတစ်ခုဖြစ်ပါတယ်။ ကွယ်လွန်သွားတဲ့ ကျွန်တော့်အစ်ကိုတုန်းကလည်း ဒီလိုပဲလုပ်ခဲ့တယ်။ ဒီအလည်အပတ်ခရီးက ကျွန်တော်တို့အတွက် အရေးပါပါတယ်။ ကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကွန်ဒိုလီဇာရိုက်စ်ကလည်း ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ဆက်ဆံရေးကို “မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု” လို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ အဲဒီထက်ပိုပြီး ကျွန်တော်မပြောချင်ပါဘူး။ ကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်နဲ့ ကျွန်တော့်အစ်ကိုတို့ ရာထူးမှာရှိစဉ်ကတော့ နှစ်နိုင်ငံဆက်ဆံရေးတွေကောင်းမွန်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါတွေဟာ သိပ်ထူးထူးခြားခြားကြီးတော့ မဟုတ်ခဲ့ပါဘူး။

**လူကြီးမင်းရဲ့အစ်ကို ဝါရှင်တန်ကို လာရောက်လည်ပတ်ခဲ့ပြီးကတည်းက ပိုလန်-အမေရိကန် ဆက်ဆံရေးဟာ ကျဆင်းသွားခဲ့တာလား။**

အိုဘားမားရဲ့နိုင်ငံရေးကိုဖယ်ပြီးပြောရရင် အမေရိကန်နိုင်ငံရေးက အမြဲပဲလှုပ်ရှားတက်ကြွနေပါတယ်။ ကလင်တန်အစိုးရလက်ထက်တုန်းကလည်း နေတိုးအဖွဲ့ထဲ ကျွန်တော်တို့ဝင်ရောက်ရေးမျှော်လင့်ချက်တွေ ပြိုလဲခဲ့ရတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ကလင်တန်ဟာ ကျွန်တော်တို့ကို မဟာမိတ် စာရင်းသွင်းပြီး ကြိုဆိုခဲ့တယ်။ ဒါပေမဲ့ လက်ရှိသမ္မတ ကိုမော်ရောစကီးကသာ ပိုလန်-အမေရိကန်ဆက်ဆံရေးကိုသံသယထားပြီး ဂျာမနီလို နိုင်ငံမျိုးတွေရဲ့ အမြင်ကို လက်ခံရင်တော့အဲဒါပိုလန်အတွက် ကောင်းမှာမဟုတ်ပါဘူး။

**သမ္မတကိုမော်ရောစကီးဟာ လူကြီးမင်းရဲ့အစ်ကိုသေဆုံးမှုကို စုံစမ်းဖို့အတွက် လစ်လျူရှုခဲ့ပါသလား။**

ကိုမော်ရောစကီးရဲ့ အစိုးရအဖွဲ့ဟာ ဒီကိစ္စကို အသေအချာမကိုင်တွယ်ခဲ့ပါဘူး။ တကယ်လို့ပိုလန်မှာ ပုံမှန်နိုင်ငံရေး စနစ်ရှိနေရင်တော့ ကိုမော်ရောစကီးနဲ့ ဝန်ကြီးချုပ် ဒေါ်နယ်တပ်စ်တို့ဟာ ရာထူးက နုတ်ထွက်ပေးရမှာပါ။ အဲဒီလေယာဉ်ပျက်ကျမှုအတွက် သူတို့ရဲ့ ကျင့်ဝတ်ပိုင်းအရ၊ နိုင်ငံရေးအရ တာဝန်ယူမှုကို မေးခွန်းထုတ်စရာတောင် လိုမှာမဟုတ်ဘူး။ ကျွန်တော်က တရားရေးအရပြစ်မှုဆိုင်ရာအရ စွဲချက်တွေလုပ်ဖို့ပြောနေတာ မဟုတ်ပါဘူး။ အဲဒါတွေက သူ့ဟာနဲ့သူ ကွဲပြားတဲ့စံတွေရှိပါတယ်။ သူတို့ဟာ ကွယ်လွန်သူပိုလန်သမ္မတနဲ့ ပတ်သက်လို့နိုင်ငံရေးလှုံ့ဆော်မှုတွေလုပ်ပြီး အချိန်ဖြုန်းနေကြပါတယ်။ ဒီလေယာဉ်ပျက်ကျမှုဟာ မတော်တဆမှုပဲဖြစ်စေ၊ ကြားက တစ်ဖွဲ့ဖွဲ့ နှောင့်ယှက်လို့ဖြစ်ခဲ့တာ ဖြစ်စေ စမိုလန့်စ်ကို အလည်ထွက်ခဲ့တဲ့ ကာဇင်စကီးရဲ့ ခရီးစဉ်ဟာ သူ့ရဲ့လုံခြုံရေးကို ထိခိုက်စေခဲ့ပြီး ကံဆိုးမိုးမှောင်ကျစေခဲ့တာပါ။ မသွားရင်အဲဒီလိုဖြစ်မှာ မဟုတ်ပါဘူး။ မနေ့ကတော့ လေယာဉ်ပျက်ကျရာမှာ ပါသွားတဲ့သူတွေရဲ့ ကျန်ရစ်သူ ဇနီးတွေ၊ သားသမီးတွေက ဥရောပ ပါလီမန်မှာ ပြောကြတာ ကျွန်တော်ကြားခဲ့ရတယ်။ သူတို့က စမိုလန့်စ် လေယာဉ်ပျက်ကျမှုကိစ္စကို အီးယူက ကြားဝင်ဆောင်ရွက်စုံစမ်းပေးဖို့တောင်းဆိုတော့ သူတို့ဟာ ပိုလန်မှာ တိုင်းပြည်ရဲ့ ရန်သူတွေလို ဆက်ဆံခံရတယ်လို့ ဆိုပါတယ်။

**လူကြီးမင်းဟာ မကြာမီကလည်း ဒီကိစ္စကိုကူညီဖို့ အမေရိကန် ကွန်ဂရက်ကို စာပို့ခဲ့တယ်နော်။ အမေရိကန်ဟာ ဒီကိစ္စမှာ တကယ်ပါဝင်ဆောင်ရွက်ပေးသင့်ပါသလား။**

တကယ်လို့ ပိုလန်နဲ့ ရုရှားအကြား စုံစမ်းမယ့် လုပ်ရိုးလုပ်စဉ်လုပ်ငန်းအဆင့်ဆင့် ဖြစ်လာမယ်ဆိုရင် ဒါမှ မဟုတ် အီးယူကလည်း ကြားဝင်စုံစမ်းဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ဒီကိစ္စကို ဒီလိုတောင်းဆိုစရာ ဖြစ်လာစေဖို့ မရှိဘူးပေါ့။ အမှန်တရားပေါ်လာဖို့ကျွန်တော်တို့ စိတ်ဝင်စားပါတယ်။

**အချို့ကလည်း စမိုလန့်စ်လေယာဉ်ပျက်ကျမှုကြောင့် ပိုလန်မှာ အငြင်းအခုံတွေ တိုးလာတယ်လို့ဆိုတယ်။ လူကြီးမင်းကိုဦးတည်တဲ့ လုပ်ကြံမှုတစ်ခုမှာလည်း လက်ထောက်အရာရှိတစ်ဦး သေဆုံးခဲ့တယ်။ ဒီတော့ ကိုယ့်လုံခြုံရေးကိုရော လူကြီးမင်း စိတ်မပူဘူးလား။**

မနေ့ကတော့ ဆီလတ်ဆီယာနယ်ကို သွားရင် ကျွန်တော့်ကိုဗုံးခွဲတိုက်ခိုက်မယ်လို့ ခြိမ်းခြောက်တာ ကြုံရဖူးပါတယ်။ ကျွန်တော်က အဲဒီမှာ ပြီးခဲ့တဲ့ ၁၉ နှစ်လုံး ဆွေးနွေးပွဲတွေလုပ်လာခဲ့တာ။ ဒီခြိမ်းခြောက်မှုကြောင့် ကျွန်တော် မသွားနိုင်တော့ဘူးလို့ ဆိုလိုတာ မဟုတ်ဘူး။ ဒီလိုမျိုး နိုင်ငံရေးမှာ အကြမ်းဖက်မှုတိုးလာနေတာဟာ ဘက်တစ်ဖက်တည်းကဖြစ်လာနေတာပါ။ ဒီတိုက်ခိုက်မှုက ကျွန်တော်တို့ကို ဦးတည်နေတဲ့အကြောင်းက ကျွန်တော်တို့ကိုကွန်မြူနစ်ခေတ်လွန်နိုင်ငံတည်ဆောက်ရေးမှာ ခြိမ်းခြောက်မှုတစ်ခုအဖြစ် မြင်လို့ပေါ့။ ပြောရရင်တော့ ကျွန်တော်တို့ကသာ ခြိမ်းခြောက်မှုဖြစ်နေတာ။ ဒါ့ကြောင့် ရှောင်ပုန်းဖို့ မလိုပါဘူး။

**တချို့ကပြောကြတာကလည်း သမ္မတကာဇင်စကီး သေဆုံးခဲ့ရတဲ့ လေယာဉ်ပျက်ကျမှုဟာ ရုရှား-ပိုလန် ဆက်ဆံရေးမှာ အလှည့်အပြောင်းလို့ ပြောကြပါတယ်။ ဒီဆက်ဆံရေးမှာ အကောင်းမြင်လာကြတဲ့ သူတွေအပေါ် လူကြီးမင်းရဲ့ တုံ့ပြန်မှုက ဘယ်လိုရှိပါသလဲ။**

ကျွန်တော်ကတော့ ကိုယ့်ရဲ့အမွှာအစ်ကိုရယ်၊ သူ့ဇနီးရယ်၊ မိတ်ဆွေတွေရယ်၊ အခြားသူတွေရယ်အားလုံး သေဆုံးခဲ့ကြရတဲ့ ဒီကိစ္စကနေ အပြုသဘောဆောင်တဲ့ရလဒ်တွေ ထွက်လာတာကို သိပ်ပြောဆိုမနေချင်ပါဘူး။ ရုရှားတွေဟာ လိမ္မာပါးနပ်စွာ ကစားခဲ့ကြတယ်။ သူတို့က အားနည်းချက်ဟာ ဝန်ကြီးချုပ်တပ်စ်ပဲလို့ ထောက်ပြခဲ့ကြတယ်။ သူကလည်း ချက်ချင်းပဲ သနားကရုဏာတွေကို လက်ခံခဲ့ပြီး၊ အများရှေ့မှာ ရုရှားဝန်ကြီးချုပ် ပူတင်ကို ထောက်ခံခဲ့တယ်။ သူက ရုရှားတွေကို အပြစ်တင်သမျှအတွက် သူ့ပခုံးပေါ်လည်း အပြစ်တွေကျရောက်စေမယ့်နေရာကို သူ့ဟာသူယူခဲ့တယ်။ အဲဒီနေ့က ကျွန်တော်ဟာလေဆိပ်မှာ ရှိနေခဲ့ပြီး အဲဒီလိုပုံစံမျိုးကမ်းလှမ်းတာ ခံခဲ့ရပေမယ့် ငြင်းပယ်ခဲ့ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကတော့ ဒီဆုံးဖြတ်ချက်အတွက် နောက်ပိုင်းမှာ ကျွန်တော့်ကိုချီးကျူးခဲ့ပါတယ်။

—Ref: 'We are a Threat. Why Hide it?" Newsweek

## ရာဟူးကုမ္ပဏီလုပ်သား ၆၀၀ မှ ၇၀၀ ထိလျှော့ချမည်

**ဆန်ဖရန်စစ္စကို၊ ဒီဇင်ဘာ - ၁၄**

အင်တာနက်ကုမ္ပဏီကြီး ရာဟူးသည်ကုမ္ပဏီမှ လုပ်သားအင်အား ၅ ရာခိုင်နှုန်း၊ အလုပ်သမားစုစုပေါင်း ၆၀၀ မှ ၇၀၀ ခန့်ကို လျှော့ချသွားရန်ရှိနေကြောင်းသိရသည်။ ယခုလျှော့ချမည့် အလုပ်သမားအင်အားမှာ ကုမ္ပဏီ၏ စုစုပေါင်းလုပ်သားဦးရေ ၁၄,၁၀၀ မှ ၅ ရာခိုင်နှုန်းခန့်ရှိပြီး လွန်ခဲ့သည့်သုံးနှစ်တာအတွင်း လေးကြိမ်မြောက်အလုပ်သမားလျှော့ချမှုပင်ဖြစ်သည်။

ကုမ္ပဏီက အလုပ်သမားများ ထပ်မံလျှော့ချမည်ဆိုသည့်သတင်းကို ပြီးခဲ့သည့်လကပင် လူကြိုက်များသည့်နည်းပညာဝက်ဘ်ဆိုက်များဖြစ်သော TechCrunch နှင့် All things Digital တို့တွင် ဖော်ပြခဲ့သည်။ ရာဟူးသည်ယခုနှစ်၏ ကိုးလတာအတွင်း ဝင်ငွေ ၂ ရာခိုင်နှုန်းခန့်သာ တိုးတက်ခဲ့ပြီး၊ ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံရခဲ့ကာ ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ခ်တို့ကဲ့သို့ ကြော်ငြာဝင်ငွေမကောင်းခဲ့ပေ။ ဂူးဂဲလ်သည် ကိုးလတာကာလအတွင်း ဝင်ငွေ ၂၃ ရာခိုင်နှုန်းတိုးတက်ကာ ကန်ဒေါ်လာ ၂၁ ဘီလီယံနီးပါးရရှိခဲ့သည်။ *—Ref: AFP*

Entertainment

7 DAY NEWS JOURNAL

Vol.9, No.39 • DECEMBER 23, 2010

## ငါးနှစ်ကြာခဲ့သော Rဇာနည်၏ "အဆိပ်တက်အိပ်မက်"စီးရီး ထွက်တော့မည်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၁၆**

ငါးနှစ်ကြာ စီစဉ်ခဲ့ရသော R ဇာနည်၏ 'အဆိပ်တက်အိပ်မက်' တစ်ကိုယ်တော်စီးရီးကို ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရတနာမြိုင် တေးထုတ်လုပ်ရေးမှ ဖြန့်ချိတော့မည်ဖြစ်ကြောင်း R ဇာနည်က ပြောသည်။

"ပရိသတ်တွေရော စာနယ်ဇင်းတွေပါ တော်တော်လေး မျှော်လင့်နေတဲ့ R ဇာနည်အခွေက ကျွန်တော်နဲ့ သူ စီစဉ်နေတာကြာပါပြီ။ အရည်အသွေးကောင်းဖို့ ကို အဓိကဦးစားပေးထားတာကြောင့် သူ အားပြည့်တဲ့အချိန်မှာ အသံသွင်းဖြစ်တာပါ။ အသံနဲ့ပတ်သက်လို့တော့ ဒီအခွေမှာပြောစရာမလို အောင် အရည်အသွေးကောင်းပါတယ်" ဟု ဖြန့်ချိမည့် ရတနာမြိုင်တေးသံသွင်းမှ ဦးချန်ဟိန်းက ဒီဇင်ဘာလ ၁၆ ရက်နေ့ကပြုလုပ်သည့် စီးရီးစာနယ်ဇင်း မိတ်ဆက်ပွဲတွင် ပြောကြားသည်။

R ဇာနည်သည် ဒုတိယစီးရီး 'စည်းတစ်ဖက်ခြား' ထွက်ရှိပြီးကတည်းက ယခုစီးရီးအတွက် တေးသီချင်းများ စုစည်းရှာဖွေထားကြောင်း သိရသည်။ "ဒီအခွေ လုပ်လာခဲ့တာ ကျွန်တော်အိမ်ထောင်မကျခင်ကတည်းကပါပဲ။ ခု ကလေးရမှပဲ ဒီအခွေ ထွက်ဖြစ်ပါတော့တယ်။ ဒီအခွေကို ကိုယ့်ဟာကိုယ်တည်ထားခဲ့တာပါ။ သီချင်းတွေကိုကိုယ်တိုင်ရွေးတယ်။ တေးရေးတွေကိုအပ်တယ်။ စာ(၄၅)သို့



## ချမ်းချမ်း...... အချစ်တွေထပ်မလိုတော့ပါ

**အေးသူစံ**

စိမ်းလန်းတဲ့မြက်ခင်းပြင်ကြီး အလယ်မှာ အဖြူရောင်နောက်ခံပိတ်ကားထက်က 'တကယ်ဆိုရင် အချစ်ပဲလိုတယ်' စာသားလေးကို အပြာနုရောင်ပန်းချီလက်ရေးနဲ့ ရေးဆွဲထားတဲ့ စင်မြင့်ထက်ကို ပိန်ပါးသွယ်လျတဲ့ သီချင်းရှင်မလေး ချမ်းချမ်း တက်ရောက်လိုက်တဲ့အချိန် တစ်ကွင်းလုံးက မိန်းကလေးပရိသတ်တွေအားလုံး စင်ရှေ့သို့ စုစည်းရောက်ရှိလာခဲ့ပါတယ်။

ထိုင်ခုံနဲ့အချို့ မတ်တပ်ရပ်တစ်မျိုးနဲ့ စောင့်မျှော်အားပေးနေတဲ့အရွယ်စုံပရိသတ်ကို ချမ်းချမ်းက 'ဟိုအရင်က အိပ်မက်လေး အချိန်တိုင်းမက်နေတယ်. . . ဟို အရင်ချိန်တွေ ပြန်ကာတွေး ဒီရင်မှာဆွေးပါတယ်' သံစဉ်ကို သူမရဲ့ ကိုယ်ပိုင်စတိုင်လ် ဆံနွယ်ကောက်ကလေးတွေ လေထဲမှာလွင့်နေတဲ့၊ သွယ်ပျောင်းတဲ့ လက်ဟန်လေးတွေနဲ့ ပုံဖော်ရင်းသီဆိုလိုက်တော့ ပရိသတ်တွေ တော်တော်ငြိမ်သက်သွားပါတယ်။ သူမရဲ့ သီချင်းသီဆိုတဲ့ဟန်ပန်ဟာ ယောကျ်ားလေးပရိသတ်တွေကိုပါ ဆွဲဆောင်သွားနိုင်ခဲ့ပြီး ခပ်တိုးတိုးလိုက်ဆိုညည်းလိုက်တဲ့ ပရိသတ်တွေပါ ထပ်မံအားဖြည့်လာတော့ ချမ်းချမ်းရဲ့ တစ်ကိုယ်တော်စီးရီး အောင်မြင်မှုကို အံ့အားသင့်မိပါရဲ့။

သူ့သီချင်းအများစုက မိန်းကလေးတွေရဲ့ခံစားချက်ကို ပုံဖော်ထားတဲ့ အချစ်အလွမ်းနူးနူးညံ့ညံ့သံစဉ်လေးတွေပဲ မဟုတ်ပါလား။ စာ(၄၅)သို့



ဓာတ်ပုံ-အေးသူစံ

## ကျော်ကြားသူများလျှောက်လမ်းမှာ ဂုဏ်ပြုခံရတဲ့ ဂွင်းနက်ပါထရို

**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ - ၁၃**

ဟောလိဝုဒ်မင်းသမီးဂွင်းနက်ပါထရိုသည် ဟောလိဝုဒ်ကျော်ကြားသူများလျှောက်လမ်း (Hollywood Walk of Fame) တွင် ဂုဏ်ပြုကြယ်ပွင့်ချီးမြှင့်ခံခဲ့ရကြောင်းသိရသည်။ ပါထရိုသည် သူမ၏နောက်ဆုံးရုပ်ရှင် Country Storng ကို ဖြန့်ချိရန် တစ်လအလို၌ပင် ဂုဏ်ပြုဆုရရှိခဲ့ခြင်းဖြစ်သည်။ ပါထရိုသည် လျှောက်လမ်း၏ ၂,၄၂၇ခု မြောက်ကြယ်ပွင့်ကိုရရှိခဲ့ပြီး မိတ်ဆွေများ၊ မိသားစုများကို ကျေးဇူးတင်ကြောင်းပြောသည်။ ယခုအခါ အသက် ၃၈နှစ်ရှိပြီဖြစ်သည့် ဂွင်းနက်ပါထရိုကို ဒါရိုက်တာဘရုစ်ပါထရိုက မွေးဖွားခဲ့ခြင်းဖြစ်ပြီး၊ ၁၉၉၀နောက်ပိုင်းတွင် ရုပ်ရှင်များ စတင်ရိုက်ကူးခဲ့သည်။ သူမသည် ၁၉၉၉တွင်မူ Shakespeare in Love ဇာတ်ကားဖြင့်အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်အော်စကာဆုကိုရခဲ့သည်။ —Ref: AP





## ဗင်းနစ်၌ ရေနစ်မှာကြောက်ခဲ့တဲ့ ဂျွန်နီဒက်ပ်

**ပါရီ၊ ဒီဇင်ဘာ - ၁၄**

Pirates of the Caribbean ဇာတ်ကားများ၏ နာမည်ကျော်မင်းသား ဂျွန်နီဒက်ပ်သည် မင်းသမီးအန်ဂျလီနာဂျိုလီနှင့် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး မကြာမီကထွက်ရှိခဲ့သည့် The Tourist ဇာတ်ကားတွင် စွန့်စားခန်းများ ရိုက်ခဲ့ရသည်ကို ကြောက်ရွံ့မိခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဂျွန်နီဒက်ပ်သည် ထိုကားတွင် အကောင်းဆုံးသရုပ်ဆောင် ဆုအတွက် ရွှေကမ္ဘာလုံးဆု ဆန်ခါတင်စာရင်းဝင်ထားပြီး ဇာတ်ကားမှာလည်း အကောင်းဆုံးဟာသဇာတ်ကားသို့မဟုတ် တေးသံစုံဇာတ်ကားဆုအတွက် ဆန်ခါတင်စာရင်းဝင် ထားသည်။ ထို့ပြင် မင်းသမီးဂျိုလီမှာလည်း ယင်းကားဖြင့်ပင် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းဝင်နေသည်။ မကြာမီက ပါရီသို့ ယင်းဇာတ်ကားအရောင်းမြှင့်တင်ရေးအတွက်ရောက်ရှိလာသည့် မင်းသားဒက်ပ်ကဇာတ်ကားတွင် စွန့်စားခန်းများ ရိုက်ကူးရခြင်းနှင့်ပတ်သက်၍ "အိမ်ခေါင်မိုးတွေပေါ်မှာ ပြေးလွှားတဲ့ အခန်းရိုက်ရတာဟာ တကယ်စိုးရိမ်စရာပါပဲ။ အကြောက်ဆုံးကတော့ လှေစီးပြီး ဗင်းနစ်တူးမြောင်းတွေထဲ အရှိန်နဲ့ မျောသွားရတာပါ။ လှေနဲ့တစ်ခုခုတိုက်မိမှာ မကြောက်ဘဲ ရေနစ်သွားရမှာကြောက်ခဲ့တာပါ" ဟုပြောသည်။ ဂျွန်နီဒက်ပ်၏ The Tourist ဇာတ်ကားသည် အီတလီနိုင်ငံတွင် နောက်ခံထား၍ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ —Ref: UPI

## တစ်ကိုယ်တော်ခွေ နှစ်ဆန်းမှာ ထွက်ရန်စီစဉ်နေဟု ဇော်ပိုင်ပြောကြား

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၁၁**

ကိုယ်တိုင်ရေးသားသော သီချင်းပါဝင်သည့် ဇော်ပိုင်၏ တစ်ကိုယ်တော်ခွေကို ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ထွက်ရှိရန် စီစဉ်နေကြောင်းဇော်ပိုင်ကပြောသည်။

"တစ်ကိုယ်တော်ခွေက ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ထွက်မှာပေါ့။ တစ်ကိုယ်တော်ခွေအတွက် စီးရီးခေါင်းစဉ်တော့ မပေးရသေးဘူး။ တေးရေးတွေက ကေအေတီ၊ မြင့်မိုးအောင်၊ ရွှေဂျော်ဂျော်၊ ဇဝါ၊ ဖိုးကာ၊ R ခိုင်၊ ငယ်ဆူးသစ်နဲ့ ကျွန်တော်ပေါ့။ ကျွန်တော်ရေးတဲ့ သီချင်းခေါင်းစဉ်လေးတော့ အသေးစိတ် မပြောချင်သေးပါဘူး" ဟု ဇော်ပိုင်က တစ်ကိုယ်တော်ခွေနှင့် ပတ်သက်ပြီး ပြောကြားသည်။

ယင်းစီးရီးကို အိုင်းရင်းခရော့ တီးဝိုင်းနှင့် တီးခတ်ထားပြီး တေးသီချင်းအမျိုးအစားများမှာ Slow Rock နှင့် Pop တို့ ဖြစ်ကြသည်။

ဇော်ပိုင်သည် မြို့အဝင်ည၊ အမောပြေ စသည့်တစ်ကိုယ်တော်ခွေများထွက်ရှိထားပြီး အကြင်နာအင်အားပြန်ဆုံမယ့်ညနေစသည့် အတွဲခွေများမှာလည်း ပရိသတ်အားပေးမှုကိုရရှိခဲ့သည့်စီးရီးများဖြစ်သည်။ သူ၏ ယခုတစ်ကိုယ်တော်စီးရီး မထွက်မီ အယ်လ်ဆိုင်းဇီနှင့် စုံတွဲသီဆိုထွက်ရှိထားသော 'ချစ်တတ်လာပြီ'စီးရီး ဗီစီဒီက အရင်ထွက်မည်ဖြစ်ကြောင်း ဇော်ပိုင်က ပြောကြားသည်။



ဓာတ်ပုံ-အေးသူစံ

SHINE Construction Co.,Ltd.
Member of Shine Group of Companies

Yangon International Trade Exhibition

ပြပွဲတွင် မမီလိုက်ကြသော နယ်၊ ရပ်ဝေး၊ ရပ်နီးများမှ Customer များ၏တောင်းဆိုမှုအရ အောက်ပါအခွင့်အရေးကို
၂၄ – ၁၂ – ၂၀၁၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်လိုက်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

- ငွေကျပ် (၅)သိန်းယူဆောင်လာရုံဖြင့် တိုက်ခန်း(၁)ခန်း ဝယ်ယူနိုင်မည့်အခွင့်အရေး
- ငွေကျပ် (၁၀)သိန်း ယူဆောင်လာရုံဖြင့် အဆင့်မြင့်ကွန်ဒို (၁)ခန်း ဝယ်ယူနိုင်မည့်အခွင့်အရေး
- ငွေကျပ်သိန်း(၅၀)ယူဆောင်လာရုံဖြင့် မြေညီထပ်(၁)ခန်း ဝယ်ယူနိုင်မည့်အခွင့်အရေး
- ၂၄-နာရီ ရေ၊ မီး၊ အင်တာနက်၊ ဓါတ်လှေကား၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ အအေးပေးစနစ်များပါရှိသော အဆင့်မြင့်ရုံးခန်းများ ငှါးရမ်းနိုင်မည့်အခွင့်အရေး
- Laptop, Aircon, Electric Oven, ရေခဲသေတ္တာ၊ LCD 40" စသည့်လက်ဆောင်(၅)မျိုးပါ ရရှိနိုင်မည့်အခွင့်အရေး

ဒီလို...ဒီလို...အခွင့်အရေးများကို လက်မလွှတ်တမ်း ပိုင်ဆိုင်နိုင်ဖို့အတွက်
"ရှိုင်း" နဲ့ အမြန်ဆုံး ဆက်သွယ်စုံစမ်းကြပါစို့...

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၂၉)၊ မြေညီထပ်၊ ကျိုက္ကစံလမ်း၊ ကျိုက္ကစံကွန်ဒို (အောင်ဆန်းကွင်းအထူးတန်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ Pilot No. 385344, 01-385340~4

KAUNG MYAT ZAW INTERNATIONAL CO.,LTD.

တော်နဲ့၊ အလှပြင်နဲ့၊ ဘုန်းကြီး၊ Shopping Center ၊ ဒီဇိုင်းခေတ်ပေါ်သည့်အဆောက်အအုံများအတွက် အထူးအဆင့်ကောင်း . . . . .
(2'x2') နှင့် (1'x1') အခင်းကြွေပြားများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည် . . . . .

- ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် တံခါးဝယ်ယူမည့် Customer များအတွက်
- (7'x4') နှစ်ချပ်ဖွင့် Steel Main Door များအား(219999Ks)ဖြင့် ဝယ်ယူရရှိနိုင်မည့်အခွင့်အရေး...
- (7'x3') Steel Door များအား (139999Ks)ဖြင့် ဝယ်ယူရရှိနိုင်မည့်အခွင့်အရေး...
- (6½'x2½')အိပ်ခန်းသုံးတံခါးများအား (95000Ks)ဖြင့် ဝယ်ယူရရှိနိုင်မည့်အခွင့်အရေး...

Door to Door
စနစ်ဖြင့် ပို့ဆောင်
ပေးနေပါသည်။
(ရန်ကုန်မြို့တွင်းသာ)

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၂၉)၊ မြေညီထပ်၊ ကျိုက္ကစံလမ်း၊ ကျိုက္ကစံကွန်ဒို (အောင်ဆန်းကွင်းအထူးတန်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ Pilot No. 385344, 01-385340~4

# ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာပွဲကို နေရာငါးနေရာတွင် ပွဲခြောက်ပွဲဖြင့် ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊**
**ဒီဇင်ဘာ ၁၇**

ရုပ်ရှင်သရုပ်ဆောင်ပြေတီဦးနှင့် အကယ်ဒမီအိန္ဒြာကျော်ဇင်တို့၏ လက်ထပ်မင်္ဂလာပွဲကို ရန်ကုန်မြို့တွင် နေရာငါးနေရာခွဲ၍ ပွဲခြောက်ပွဲဖြင့် ကျင်းပမည်ဖြစ်ကြောင်း ၎င်းတို့မင်္ဂလာဆောင်ကို ထုတ်လွှင့်ပြသမည့် MRTV-4 ရုပ်မြင်သံကြားက ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာပွဲကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒြာကျော်ဇင်၏ နေအိမ်၌ တောင်းရမ်းခြင်းမင်္ဂလာပွဲ၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကုန်သည်ကြီးများဟိုတယ်၌ လက်မှတ်ထိုးလက်ထပ်သည့်ပွဲ၊ ဇန်နဝါရီလ ၁၅ ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဆီဒိုးနားဟိုတယ်၌ စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲ၊ ဇန်နဝါရီ ၂၀ ရက်နေ့တွင် ဆီဒိုးနားဟိုတယ်၌ မင်္ဂလာဧည့်ခံပွဲနှင့် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အင်းလျားလိတ်ဟိုတယ်၌မင်္ဂလာညစာစားပွဲ စသည့်ပွဲပေါင်းခြောက်ပွဲဖြင့် ကျင်းပမည်ဖြစ်ကြောင်း ၎င်းတို့၏မင်္ဂလာပွဲကို ထုတ်လွှင့်ပြသမည့် MRTV-4 ရုပ်မြင်သံကြားက ဒီဇင်ဘာလ ၁၇ ရက်နေ့ ညပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

"သတို့သား၊ သတို့သမီး အရံကအခုထိတော့ Confirm မဖြစ်သေးပါဘူး။ ပွဲက များပေမယ့် ရက်တွေကလည်း ခြားထားတယ်။ ပြီးတော့ နှစ်ဖက်လူကြီးတွေက ဝိုင်းစီစဉ်ပေးကြတော့ ပင်ပန်းမှာတော့မစိုးရိမ်ပါဘူး။ ဟန်းနီးမွန်းထွက်ဖို့က နှစ်ယောက်က ညှိလို့ကိုမရဘူးဖြစ်နေတယ်။ သူကလည်း သွားချင်တဲ့နေရာကများနေတယ်။ ကျွန်တော်ကတော့ ဘယ်နေရာပဲဖြစ်ဖြစ် စိတ်အေးချမ်းပြီး Relax ဖြစ်ရင်ရပါတယ်။ သူ့ဆန္ဒကို ဦးစားပေးမှာပါ။ ကိုယ်တွေအားတဲ့ရက်နဲ့သွားရမယ့်နေရာနဲ့ ချိန်ရဦးမှာပါ" ဟု သတို့သား ပြေတီဦးက ပြောကြားခဲ့သည်။

မင်္ဂလာပွဲရှိသည့် ဇန်နဝါရီလ တစ်လလုံးကို မင်္ဂလာမောင်နှံနှစ်ဦးစလုံး ကားရိုက်ရပ်နားထားမည်ဖြစ်သည်။ ယခင်က နာမည်ကြီး မင်းသားမင်းသမီးများ၏ မင်္ဂလာပွဲအချို့ကို ပြန်လည်ပြသခြင်းများ ရှိခဲ့ဖူးပြီး ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာပွဲများကဲ့သို့ အချိန်နှင့်တစ်ပြေးညီ ပွဲကျင်းပသည့်မြင်ကွင်းများကို ထုတ်လွှင့်ပြသခဲ့ဖူးခြင်းမရှိကြောင်း သိရသည်။

## စာ – ၄၃၊ ငါးနှစ်ကြာခဲ့သည့် R ဇာနည်၏ "အဆိပ်တက်အိပ်မက်" စီးရီးထွက်တော့မည် မှ

တီးဝိုင်းနဲ့ စတူဒီယိုကိုလည်း ကိုယ်လုပ်ချင်တဲ့ဝိုင်းနဲ့ စတူဒီယိုမှာလုပ်ခဲ့တယ်။ စည်းတစ်ဖက်ခြားထွက်ပြီးချိန်မှာ ဦးချန်ဟိန်းက ကမ်းလှမ်းလို့ ဒီအခွေထဲက တချို့သီချင်းတွေကို ပြကြည့်တော့ အဆင်ပြေတာနဲ့ လုပ်ဖြစ်ကြပါတယ်"ဟု R ဇာနည်ကပြောသည်။

R ဇာနည်၏ အဆိပ်တက်အိပ်မက်စီးရီးခေါင်းစဉ်သီချင်းကို မင်းမော်ကွန်းကရေးသားထားပြီး စောခူဆဲ၊ ကေအေတီ၊ အငဲ၊ မောင်မောင်ဇော်လတ်၊ R ခိုင်၊ ဖိုးကာ၊ Medium၊ လင်းလင်း (NS) နှင့် R ဇာနည်ကိုယ်တိုင်ရေးသားထားသောသီချင်းများပါဝင်သည်။ ကော်ပီသီချင်းအများစုပါဝင်ထားပြီး R ဇာနည်၏ထွက်ရှိပြီးသော 'ငါ့ကိုချစ်တဲ့သူ'၊ 'စည်းတစ်ဖက်ခြား' စသည့်တစ်ကိုယ်တော်ခွေများထက် ယခုစီးရီးတွင် အသံအင်အားကောင်းမွန်သေသပ်သည်ကိုတွေ့ရှိရသည်။

## စာ – ၄၃၊ ချမ်းချမ်းမှ

ဒုတိယတစ်ပုဒ်ကို အင်ထရိုဝင်လိုက်ချိန်မှာ ငြိမ်သက်ဆဲ ပရိသတ်ကို ချမ်းချမ်းက အားမလိုအားမရဖြစ်လာဟန်နဲ့ "တစ်ကွင်းလုံးမှာ မိန်းကလေးတွေအများကြီးပဲ။ ချမ်းချမ်းတစ်ယောက်တည်းပဲဆိုရတော့မှာလား။ စိတ်ဆိုးမှာနော်' လို့ ကျီစယ်လိုက်ရင်း 'မင်းရဲ့အရိပ်ကလေး' သီချင်းကို မြူးမြူးကြွကြွသီဆိုလိုက်ပါရဲ့။ လွမ်းလိုက်မြူးလိုက်နဲ့တက်လည်းတက်နိုင်တဲ့ချမ်းချမ်းရဲ့သီဆိုမှုကြောင့် ရှိုးပွဲလုပ်နေတဲ့ TMW Complex ထဲသို့ နောက်ထပ်နောက်ထပ်ဖြတ်သွားဖြတ်လာ လမ်းကြုံပရိသတ်တွေ ပါထပ်ရောက်လာကြ၊ အခွေတွေထပ်ဝယ်ကြနဲ့ စည်ကားသထက် စည်ကားလာပါတယ်။ ရောက်နှင့်ပြီးသားလူတွေရဲ့ လက်ထဲမှာ ချမ်းချမ်း လက်မှတ်ပါတဲ့ ဗီစီဒီဝေါရှိတ်လေးတွေကိုင်ရင်း ရှိုးပွဲမှာ စီးမျောနေကြသလို ခုမှရောက်လာတဲ့သူတွေကလည်း အခွေတွေဝယ်ရင်း ချမ်းချမ်း လက်မှတ်လေးကိုစောင့်မျှော်ရင်း၊ ချမ်းချမ်းရဲ့သီဆိုမှုကို ပျော်ရွှင်စွာခံစားနေကြပါတယ်။ 'မင်းရဲ့ အရိပ်ကလေး' သီချင်း အဆုံးမသတ်ခင်လေးမှာပဲ "ချမ်းချမ်းက အခု သီချင်းငါးပုဒ်ဆိုမှာဖြစ်တဲ့အတွက် နောက်အပုဒ်ကျရင်ဖိတ်ခေါ်မယ်နော်။ မရဘူး လာဆွဲမှာ" လို့ ပရိသတ်ကိုတစ်ဆက်တည်းဖိတ်ခေါ်လိုက်ပါတယ်။ တတိယတစ်ပုဒ်အဖြစ် 'တစ်ခါတည်းချစ်ချင်လို့ပါ' တီးလုံးလေးစတင်လိုက်ချိန်မှာတော့ "ချမ်းချမ်းနဲ့တွဲဆိုဖို့ တစ်ယောက်လောက် စင်ပေါ်တက်ပါဦး။ ဖိတ်ခေါ်ပါတယ်။ မရှက်ပါနဲ့" လို့ ထပ်မံ တောင်းပန်တဲ့သူမအသံလေးကြောင့် လားတော့ မသိပါ။ ပရိသတ်ထဲကယူနီဖောင်းဝတ် ထားတဲ့မိန်းကလေး တစ်ယောက်က ချမ်းချမ်းရှိရာစင်မြင့်ပေါ် ရောက်လာပါတော့တယ်။

အလွမ်းဓာတ်ခံတွေတော့ရှိဟန်မတူတဲ့ချမ်းချမ်းဟာ ဒီပွဲကို ချစ်သူလက်ကိုတွဲလို့ ပျော်ရွှင်စွာ ဖျော်ဖြေတင်ဆက်နေတာဖြစ်ပါတယ်။

ချစ်သူနဲ့အတူ အနုပညာညီအစ်ကိုမောင်နှမများဖြစ်တဲ့ မြင့်မြတ်၊အောင်ရဲလင်း၊ နေမင်းတို့နဲ့ ဗီစီဒီဝယ်ယူသူပရိသတ်ကို လက်မှတ်ထိုးပေးခဲ့ကြပြီး ပရိသတ်တွေက ချစ်လို့လက်ဆွဲတာ၊ နှုတ်ဆက်တာ၊ ဖက်ရမ်းနမ်းရှုပ်တာ၊ ဓာတ်ပုံတွဲရိုက်တာတွေကို တစ်ချက်မှကို မျက်နှာမပျက်တဲ့ သူမကြောင့်ပွဲကိုလာတဲ့ ကလေးတွေက အစ အဘွားအိုတွေအဆုံး စိတ်ချမ်းသာမှု အပြည့်အဝရရှိခဲ့ကြတာ ကျွန်မတို့မျက်မြင်ပါပဲ။ အောင်မြင်မှုတစ်ခုအတွက် ဝိုင်းဝန်းပံ့ပိုးပေးခဲ့တဲ့သူများထဲက 'တကယ်ဆိုအချစ်ပဲလိုတယ်' အပါအဝင် သီချင်း သုံးပုဒ်ကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာဝိုင်း ပွဲကိုတက်ရောက်လာတာတွေ့ရပြီး

"ဒီအခွေက ကျွန်တော့်ရဲ့ ဗီစီဒီဒါရိုက်တာဘဝနောက်ဆုံးခွေပါ။ ဗီစီဒီတွေမရိုက်တော့ပါဘူး။ သူ့သီချင်းတွေကို ကျွန်တော် ကြိုက်လို့ရိုက်တာ။ ကျွန်တော်ကဟာက်ထ်မထိရင်မရိုက်ဘူး။ ဟတ်ထ်ထိလို့ရိုက်တာ။ သူ့ကိုအဆိုပညာအပြင်သရုပ်ဆောင်တာကိုလည်း အားရပါတယ်။တကယ့်ကို Talented ဖြစ်တဲ့သူပါ"လို့ ပြောပြပါတယ်။

'အချစ်ဒဏ်' သီချင်းမှာ သရုပ်ဆောင်ထားတဲ့ အောင်ရဲလင်းကလည်း "ချမ်းချမ်းအသံကောင်းတယ်။ သူ့သီချင်းတွေကြိုက်တယ်။ လူဆိုတာ စိတ်ညစ်ရင်ဖြစ်ဖြစ် ပျော်ရင်ဖြစ်ဖြစ်သီချင်းနားထောင်ဖြစ်တယ်။ ချမ်းချမ်းသီချင်းတွေက မှဒ်လည်း အရမ်းကောင်းပါတယ်" လို့ မှတ်ချက်ပြုပါတယ်။ တေးရေးမေသော်ရဲ့ နှစ်ပေါင်း ၃၀ သီချင်းများ စုစည်းမှုအဖြစ်ထွက်ရှိလာတဲ့ ဒီစီးရီးရဲ့ဒီနေ့အောင်မြင်မှုအပေါ် တေးရေးမေသော်ကိုယ်တိုင်လည်း စိတ်လှုပ်ရှားနေပြီး လာတဲ့အနုပညာရှင်တွေ၊ ပရိသတ်တွေ၊ ဧည့်သည်တွေကို တစ်ဦးတည်း ဒိုင်ခံဧည့်ခံနေရပေမယ့် မောပန်းဟန်လည်း မပေါ်ပါဘူး။ ဒီအခွေကို ပုံဖော်ပေးခဲ့တဲ့ Excellent Creation က ရလာတဲ့အကျိုးအမြတ်တွေကို မိဘမဲ့ကလေးတွေကို ပြန်လှူဒါန်းဦးမယ်လို့သိရတာကြောင့် အောင်မြင်မှုအပေါ်မှာထပ်ဆောင်း ရရှိတော့မယ့်ကုသိုလ်ကောင်းမှု တစ်ခုကို ကြိုတင်ဝမ်းမြောက်ခံစားရင်းမိပါတယ်။ "အခုလိုပရိသတ်တွေ စည်စည်ကားကားနဲ့ ချမ်းချမ်းရဲ့ပွဲမှာ တွေ့ရတာ ဝမ်းသာပါတယ်။ အမိကကတော့ တို့ရဲ့နှစ်ပေါင်း ၃၀ အမှတ်ရစီးရီးလေးတစ်ခုအနေနဲ့ လုပ်လိုက်ရတာကို ဝမ်းသာတယ်။ ချမ်းချမ်းရဲ့ အောင်မြင်မှုအတွက်လည်း ဝမ်းသာပါတယ်။ ပရိသတ်တွေလက်ခံတဲ့အတွက်လည်းဝမ်းသာပါတယ်"လို့ တေးရေးမေသော်က ပြောကြားခဲ့ပါတယ်။

'အချစ်စစ်စစ်နဲ့တွေ့လား' သီချင်း လေးကို သူမရဲ့ပရိသတ်များစွာ များစွာထဲကမှ ခြောက်နှစ်အရွယ် ကလေးလေးတစ်ယောက်က စင်ပေါ်ရဲရဲဝံ့ဝံ့တက်ပြီး ကလေးလေးကဆို ချမ်းချမ်းက အကနဲ့သရုပ်ဖော်ခဲ့တာကို အားပေးမှုများစွာ ရရှိခဲ့ပြီး အဲဒီကလေးလေးက စင်ရှေ့မှာ ပွဲတစ်လျှောက်လုံး သီချင်းတွေလိုက်ဆိုနေခဲ့တာပါ။

သီချင်းငါးပုဒ်ပြည့်သွားလို့ စင်အောက်မဆင်းခင် ချမ်းချမ်းက ရိုးသားပွင့်လင်းတဲ့ တောင်းပန်စကား တစ်ခွန်းကို စိတ်ပါလက်ပါနဲ့ ပြောဆိုလိုက်တော့ သူ့ပရိသတ်ဆီက ကရုဏာတွေ တစ်ပွေ့တစ်ပိုက် ထပ်ရသွားပြန်ပါတယ်။ "တစ်ခုတော့သတိပေးလိုက် မယ်နော်။ ချမ်းချမ်းက ရုပ်ဆိုးတယ်။ ရုပ်ဆိုးတဲ့အတွက်ကြောင့် ဗီစီဒီကို သည်းခံပြီးတော့ ကြည့်ပေးကြပါလို့။ အားလုံးကိုကျေးဇူးတင်ပါတယ်" ပြောပြီးဖျော်ဖြေမှုအဆုံးသတ်လိုက်ချိန်မှာ စောင့်ဆိုင်းနေတဲ့ပရိသတ်ကြားထဲမှာ သူမ နစ်မြုပ်သွားပါတယ်။ လက်မှတ်တွေ လက်မလည်အောင် ထပ်ထိုးပေးနေရင်းကမှ ကျွန်မရဲ့ မေးခွန်းတွေကိုလည်း အားရပါးရ ဖြေကြားပေးနေပါသေးတယ်။ တစ်ချိန်တည်း အလုပ်တွေအများကြီးလုပ်နိုင်တဲ့သူမဟာ ပရိသတ်တွေနဲ့တွေ့ရတဲ့အပေါ်"အရမ်းလည်း ပျော်တယ်။ စိတ်လည်းလှုပ်ရှားတယ်။ ညီမ ဗီစီဒီက အချိန်လည်း အရမ်းကြာခဲ့တယ်။ တစ်ကိုယ်တည်းသရုပ်ဆောင်ရတဲ့အတွက်ကြောင့် အရမ်းလည်း ပင်ပန်းတယ်။ ညီမရဲ့ပုံတွေက သိပ်ပြီးတော့အဆင်မပြေဘူး။ မိတ်ကပ်ရော ရိုက်တဲ့သူတွေရော အဆင်ပြေတယ်။ ကိုယ်ကိုယ်တိုင်က ရိုက်ရတာတွေ ဆက်တိုက်ဖြစ်တဲ့အတွက် အရမ်းပင်ပန်းတယ်။ ကိုယ့်ကိုယ်ကိုယ်ကြည့်ပြီး ဘယ်လိုမှအား မရဘူးဖြစ်နေတယ်။ အဲဒါကြောင့် ပရိသတ်ကြီးကိုကြိုပြီး တောင်းပန်ထားတာပါ"လို့ သူမရဲ့အရုပ်တွေ မလှရင် တောင်းပန်ပါတယ်လို့ ထပ်မံဖြည့်စွက် ဖြေကြားသွားခဲ့ပါတယ်။

ဒီနေ့ သူမရဲ့ဗီစီဒီဖြန့်ချိတဲ့ ပရိုမိုးရှင်းရှိုးပွဲကို ရွှေဘို၊ မန္တလေး၊ ပြင်ဦးလွင်မြို့တွေက သူမရဲ့ပရိသတ်တွေလာအားပေးတာကို တွေ့ရပြီး "စီးတီးအက်အမ်မှာ ဆုတွေနဲ့မြင်ချင်ပါတယ်" လို့ ဆုတောင်းပေးတဲ့ပရိသတ်တွေလည်း အများကြီးရယ်ပါ။ ထူးခြားတာတစ်ခုကတော့ ပွဲပြီးခါနီးမှာ " သမီးလေးကိုတွေ့ချင်လို့ အပြေးလာတာ။ အသံကြားရရင်မနေနိုင်တော့ဘူး။ ရုပ်လေးပါတွေ့ချင်လာတာ"လို့ အသက် ၆၀ ကျော် အဘွားအိုသုံးဦးကို ချမ်းချမ်းက ဝမ်းသာအားရကြိုဆိုရင်း 'အမေတို့ ဥပုသ်ပျက်ပြီပေါ့နော်'လို့ ကျီစယ်လိုက်တော့'ဥပုသ်ပျက်သွားပြီပေါ့။ အသံလေးကြားတာနဲ့ လာချင်တာ။ ဒါကြောင့် ဇွတ်လာကြည့်လိုက်တာ"လို့ အဘွားအိုက ဖက်ရမ်းနှုတ်ဆက်ရင်းဆိုပါတယ်။

ချမ်းချမ်းရဲ့'တကယ်ဆိုရင်အချစ်ပဲလိုတယ်' သီချင်းလေးက ချစ်သူတစ်ဦးတည်းဆီက တောင်းခံတဲ့သဘောပေမယ့် သူ့ပရိသတ်တွေဆီကတော့ နောက်ထပ်နောက်ထပ် အချစ်တွေထပ်မလိုတော့လောက်အောင် သူမဂီတခရီးလမ်း မှာ ပရိသတ်အချစ်တွေပြည့်နေပါပြီဆိုတာ ညနေခင်း နေဝင်ဆည်းဆာလေးမှာ အဆုံးသတ်လိုက်တဲ့သူမရဲ့တစ်ကိုယ်တော်ရှိုးပွဲလေးရဲ့မြင်ကွင်းတွေက သက်သေပါပဲ။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Chronicles of Narnia: The Voyage of the Dawn Treader | Fox Walden | ၂၄,၀၀၅,၀၆၉ | ၁ |
| ၂။ | The Tourist | Sony Pics: | ၁၆,၄၇၂,၄၅၈ | ၁ |
| ၃။ | Tangled | Walt Disney | ၁၁၅,၃၉၅,၅၆၀ | ၃ |
| ၄။ | Harry Potter and the Deathly Hallows-Part 1 | Warner Bros: | ၂၅၇,၆၇၂,၇၂၁ | ၄ |
| ၅။ | Unstoppable | 20th Century Fox | ၇၄,၂၂၇,၉၀၈ | ၅ |
| ၆။ | Black Swan | Fox Searchlight Pic: | ၅,၅၈၄,၅၄၂ | ၂ |
| ၇။ | Burlesque | Sony Pic: | ၃၂,၅၄၀,၇၈၀ | ၃ |
| ၈။ | Love & Other Drugs | 20 th Century Fox | ၂၇,၆၂၉,၉၃၆ | ၃ |
| ၉။ | Due Date | Warner Bros. Pic: | ၉၄,၉၁၉,၆၅၀ | ၆ |
| ၁၀။ | Megamind | Paramount Pic: | ၁၄၀,၂၁၈,၉၆၂ | ၆ |

## Movie Review

### Gulliver's Travels




လယ်မြူရယ် ဂါးလီဗာသည် နယူးယောက်သတင်းစာတစ်စောင်၏ စာပို့ခန်းမှ စာရေးတစ်ဦးသာဖြစ်သည်။ သို့သော် လူနှင့်သင်္ဘောများပျောက်ပျောက်သွားသည်ဆိုသော ဘာမြူဒါတြိဂံဒေသ၏ လျှို့ဝှက်ချက်များအကြောင်း ရေးသားခွင့်ရရေးကို လယ်မြူရယ်က လူကြီးများကို ဖြီးဖြန်းပြီးနောက် ခရီး ထွက်ခွင့်ရခဲ့သည်။ အမှန်တကယ် ခရီးထွက်လာသောအခါတွင် မုန်တိုင်းကြီးတစ်ခုနှင့်တိုးကာ လယ်မြူရယ်မှာ ဂန္ထဝင်ဝတ္ထုထဲမှ Lilliput တို့ကျွန်းပေါ်ရောက်ရှိသွားသည်။ လက်မလေးများနေသောကျွန်းပေါ်တွင် ဂါးလီဗာမှာ လူသန်ကြီးဖြစ်နေသည်။ ဂါးလီဗာကို အားကိုး၍ လက်မလေးများက ၎င်းတို့၏ မဟာပြိုင်ဘက်များနှင့် စစ်ပြုသည်။ သို့သော် ဂါးလီဗာကြောင့်ပင် စစ်ပွဲရှုံးရမလို ဖြစ်နေရာ ထို့အတွက် ဂါးလီဗာ ဘယ်လိုဖြေရှင်းမလဲဆိုတာ . .

ဂန္ထဝင်ဝတ္ထုအား ရုပ်ရှင်အဖြစ်ပြောင်းလဲထားသော ဇာတ်ကားတွင် Jack Black, Jason Segel နှင့် Emily Blunt တို့ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ Reb Letter ကရိုက်ကူးထားသည်။ မိသားစုဝိုင်းထိုင်ကြည့်နိုင်မည့်ဟာသ၊ စွန့်စားခန်းဇာတ်ကားအား ဒီဇင်ဘာ ၂၅ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.9, No.39 • DECEMBER 23, 2010


## ကလပ်အသင်းနည်းပြများ အာရှဘောလုံးအဖွဲ့ချုပ်မှ စီလိုင်စင်ရှိရမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

၂၀၁၁ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းနည်းပြများသည် အနည်းဆုံး အာရှဘောလုံးအဖွဲ့ချုပ် (AFC) စီလိုင်စင်ရရှိထားသူများမှသာ မှတ်ပုံတင်ခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ သတင်းရရှိသည်။

"နိုင်ငံတကာမှာလည်း နည်းပြဟာ လိုင်စင်ရှိမှ လုပ်လို့ရတာပါ။ လာမယ့်ပြိုင်ပွဲအတွက် ကလပ်အသင်းနည်းပြအဖွဲ့ဝင်တွေ အားလုံးဟာ အနည်းဆုံး အေအက်ဖ်စီ စီလိုင်စင်ရှိမှသာ မှတ်ပုံတင် ခွင့်ရရှိမှာပါ" ဟု အမ်အက်ဖ်အက်ဖ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဓာတ်ပုံ- အောင်အောင်

ထို့အပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ စည်းမျဉ်းအရ ကလပ်အသင်းများသည် ပရိုကစားသမားများကိုလည်း အနည်းဆုံးသက်တမ်းတစ်နှစ် (တစ်ရာသီ)စာချုပ် ချုပ်ဆိုရမည်ဖြစ်ကြောင်း အမ်အက်ဖ်အက်ဖ်၏ ထုတ်ပြန်ချက်များအရ သိရသည်။

တတိယအကြိမ်မြောက် အမ်အင်န်အယ်လ် အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်မှ ဇူလိုင် ၁၂ ရက်အထိ အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်များ ယှဉ်ပြိုင်ရန် လျာထားသော ကွင်းများမှာ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်း၊ တောင်ကြီးမြို့ရှိ ကမ္ဘောဇဘောလုံးတွင် (တောင်ကြီးကွင်း) နှင့် မုံရွာမြို့ရှိ (မုံရွာအားကစားကွင်း)တို့ဖြစ်ကြောင်း သိရသည်။

## ဒယ်လ်တာနည်းပြချုပ်ကို နေပြည်တော်အသင်း နည်းပြချုပ်အဖြစ်ခန့်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် အသင်းတစ်သင်းဖြစ်သည့် နေပြည်တော်ဘောလုံးအသင်းသည် ဒယ်လ်တာအသင်းမှ နည်းပြချုပ်ဖြစ်သူ ဦးအောင်နိုင်ကို အသင်း၏နည်းပြချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း သတင်းရရှိသည်။

ယခုနှစ် အမ်အင်န်အယ်လ်ပြိုင်ပွဲတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နေပြည်တော်အသင်းသည် လာမည့် ဘောလုံးရာသီတွင် အသင်းကြီးတစ်သင်းအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ပြည်တွင်းကစားသမား ၈ ဦးကိုလည်း ခေါ်ယူခဲ့ကြောင်း သိရသည်။

နေပြည်တော်အသင်းသည် ကမ္ဘောဇအသင်းမှ စထက်နိုင်ဝင်း၊ အောင်သန်းဝင်း၊ နေဇော်ထက်၊ အောင်ကျော်ဦး၊ ဖြိုးမင်းမောင် (ဂိုး)၊ သူရိန်စိုး၊ ဒယ်လ်တာအသင်းမှ ချမ်းချမ်း၊ တင်ဇော်မိုးတို့ ရှစ်ဦးအား ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအသင်း၏ ယခင်နည်းပြချုပ်ဖြစ်သူ ဦးဇော်ဝင်းသည် အုပ်ချုပ်သူအဖြစ် ပြောင်းလဲတာဝန်ယူသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်အသင်းသည် မကြာမီရက်ပိုင်းအတွင်း ကိုရီးယားနိုင်ငံသို့ ခြေစမ်းပွဲများသွားရောက်ယှဉ်ပြိုင်ကစားရန်ရှိကြောင်းနှင့် ကိုရီးယားကစားသမားများအား ခေါ်ယူရန်စိတ်ဝင်စားကြောင်း နေပြည်တော်အသင်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေပြည်တော်အသင်းမှ နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့သော ဦးအောင်နိုင်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဒယ်လ်တာအသင်း၏ လက်ထောက်နည်းပြအနေဖြင့်လည်းကောင်း၊ နည်းပြချုပ် ဦးဆန်းဝင်းနုတ်ထွက်သွားပြီးနောက် နည်းပြချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။







# အာဆင်နယ်-ချယ်လ်ဆီး လန်ဒန်ဒါဘီနဲ့ အကြိတ်အနယ် ကစားမယ့် ပရီးမီးယားလိဂ် ပွဲစဉ် (၁၉) ပွဲကြိုခန့်မှန်းချက်

**ကျော်မျိုး**

ဒီတစ်ပတ်ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် ၁၉ မှာတော့ အာဆင်နယ်-ချယ်လ်ဆီး လန်ဒန်ဒါဘီပွဲအပါအဝင် ဗီလာ-စပါး၊ မန်ယူ-ဆန်းဒါးလန်း၊ နယူးကာဆယ်- မန်စီးတီးတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေ ပါဝင်နေတာမျိုး အကြိတ်အနယ်ကစားမယ့်ပွဲကြီးတွေအဖြစ် မြင်တွေ့ရဖွယ်ရှိပါတယ်။ ဒါ့အပြင်အဝေးကွင်း ရှုံးပွဲတွေများနေတဲ့လီဗာပူးတို့ ဘလက်ပူးကို အိမ်ကွင်းမှာ ကျော်ဖြတ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

**၂၆ ဒီဇင်ဘာ၊ တနင်္ဂနွေ**

**ဖူလ်ဟမ် - ဝက်စ်ဟမ်း**
**ညနေ (၆း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၃-၂**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်သရေကျခဲ့ပြီး၊ ဖူလ်ဟမ်က အိမ်ကွင်းမှာ ယမန်နှစ်က တစ်ကြိမ်သရေကျခဲ့တယ်။ လက်ရှိဇယားမှာ ရပ်တည်မှုအရ နှစ်သင်းစလုံး အောက်ခြေမှာရှိနေပြီး အနိုင်သုံးမှတ်ရဖို့ အရေးကြီးတာပါ။ အိမ်ကွင်းရှုံးပွဲနည်းတဲ့ ဖူလ်ဟမ်ကိုပဲ အားပေးချင်ပါတယ်။ ဂိုးနည်းနိုင်တယ်။

**ဘလက်ဘန်း - စတုတ်စီးတီး**
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၀ - ၀**

စတုတ်ဟာ ဘလက်ဘန်းကို ဒီနှစ်နှစ်အတွင်း ရှုံးပွဲမရှိသေးပါဘူး။ စတုတ်တို့ ဒီရာသီမှာ အဝေးကွင်းနိုင်ပွဲ ၄ ပွဲ၊ ရှုံးပွဲ ၃ ပွဲရှိထားပြီးဇယားမှာ ရပ်တည်မှုအရတော့ နှစ်သင်းစလုံး အဆင့်ကွာနေတာမဟုတ်ပါဘူး။ ဘလက်ဘန်းတို့ အိမ်ကွင်းမှာ တန်ပြန်တိုက်စစ်ကစားပြီး ဒုက္ခပေးနိုင်တာကြောင့် သရေပွဲဖြစ်သွားနိုင်ပြီး၊ စတုတ်နိုင်ရင်လည်း ကပ်နိုင်မှာပါ။

**ဘလက်ပူး - လီဗာပူး**
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် - မရှိ**

လီဗာပူးတို့ နောက်ဆုံးအဝေးကွင်းပွဲမှာလည်း ခြေစွမ်းတက်နေတဲ့ နယူးကာဆယ်ကို ဂိုးပြတ်ရှုံးခဲ့ပါတယ်။ ဂျရတ်ပြန်ပါနိုင်ပေမယ့်လည်း တန်းတက်ဘလက်ပူးကိုလီဗာပူးတို့ အဝေးကွင်းနိုင်ပွဲရဖို့ခက်ခဲမှာပါ။ အိမ်ကွင်းမာတဲ့ ဘလက်ပူးကို ပိုကြိုက်မိပါတယ်။ လီဗာပူးတို့ အများဆုံးသရေရဖွယ်ပဲရှိတယ်။

**ဘောလ်တန် - ဝက်စ်ဘရွန်း**
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် - မရှိ**

ဘောလ်တန်ဟာ ဒီရာသီမှာ အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးပြီး စပါး၊ မန်စီးတီး၊ လီဗာပူး၊ ဗီလာတို့လိုပဲ အိမ်ကွင်းမာကျောတဲ့ အသင်းတစ်သင်းဖြစ်နေပါတယ်။ ဝက်စ်ဘရွန်းတို့ကတော့ အဝေးကွင်း ရှုံးပွဲများနေတဲ့အသင်းဖြစ်တာမို့ မာကျောတဲ့ ဘောလ်တန်ကိုသရေကျရင်ပဲ ကျေနပ်ရမှာပါ။ ဘောလ်တန်တို့ နှစ်ဂိုးအသာလောက်ရနိုင်ပါတယ်။

**အဲဗာတန် - ဘာမင်ဂမ်**
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၁ - ၁**

နှစ်သင်းစလုံး ဇယားမှာ ရပ်တည်မှုအဆင့်မကွာပါဘူး။ အဲဗာတန်ရဲ့ တင်မ်ကာဟေးလ် ၈ ဂိုးသွင်းပြီး ဒီရာသီဂိုးသွင်းအများဆုံးကစားသမားများ စာရင်းမှာ နံပါတ် ၄ ရထားတယ်။ ဘာမင်ဂမ်ရဲ့ရလဒ်က အဝေးကွင်းနိုင်ပွဲ လုံးဝမရှိဘဲ အရှုံးနဲ့ သရေပွဲတွေသာများနေတာတွေ့ရတယ်။ ဝါရင့်အဲဗာတန်တို့ပဲ ပွဲကိုဦးဆောင်ပြီး ၂ ဂိုးလောက်ရသွားမှာပါ။

**မန်ယူ - ဆန်းဒါးလန်း**
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၂ - ၂**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ နှစ်ကြိမ်သရေကျထားပြီး တစ်ကြိမ်ကိုတော့ မန်ယူကနိုင်ခဲ့တယ်။ မန်ယူတို့ ဒီရာသီအိမ်ကွင်းရှုံးပွဲ မရှိသေးဘဲ ခက်ခဲတဲ့ ပြိုင်ဘက် ဆန်းဒါးလန်းကိုလည်းအိမ်ကွင်းမှာ ဧည့်ခံကစားရမှာမို့ စိတ်ဓာတ်အသာစီးရနေပါတယ်။ မန်ယူရဲ့ ဘာဘာတော့ဗ် ၁၁ ဂိုးသွင်းပြီး လိဂ်ရဲ့ ဂိုးသွင်းအများဆုံးကစားသမား ဖြစ်နေပါတယ်။ မန်ယူတို့ သွင်းဂိုးနည်းနည်းနဲ့ ကပ်နိုင်သွားမှာပါ။

**နယူးကာဆယ် - မန်စီးတီး**
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် - မရှိ**

နယူးကာဆယ်ဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ လီဗာပူးကိုအနိုင်၊ ချယ်လ်ဆီး၊ ဖူလ်ဟမ်တို့နဲ့ သရေကျထားပြီး အိမ်ကွင်းရလဒ်ကောင်းမွန်နေပါတယ်။ လီဗာပူးကိုနိုင်ခဲ့တဲ့ ခြေမျိုးနဲ့ဆို အဝေးကွင်းနိုင်ပွဲများနေတဲ့ မန်စီးတီးတို့အခက်တွေ့ဖွယ်ရှိတယ်။ မန်စီးတီးရဲ့ တီဗက်ဇ်၊ ဘာလော့တယ်လီတို့ရဲ့ တိုက်စစ်ကို စောင့်ကြည့်ရမှာဖြစ်ပြီး မန်စီးတီးနိုင်ရင်လည်း ကပ်နိုင်ဖို့ပဲ ရှိပါတယ်။

**ဝုလ် - ဗီဂန်**
**(ည ၉း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၀-၂**

နှစ်သင်းစလုံး ယမန်နှစ်က နှစ်ကျော့ ဆုံတွေ့ခဲ့ရာမှာ တစ်ကြိမ်စီနိုင်ခဲ့ပါတယ်။ လက်ရှိဇယားမှာရပ်တည်မှုအရတော့ နှစ်သင်းစလုံးအောက်ခြေရောက်နေပြီး အနိုင်သုံးမှတ်ရဖို့ ကြိုးစားရမှာပါ။ အိမ်ကွင်းနိုင်ပွဲ ပိုများတဲ့ ဝုလ်ကို အားပေးသင့်ပြီး နှစ်ဂိုးအသာ သို့မဟုတ် အပြန်အလှန်သွင်းဂိုးတွေနဲ့ ဝုလ်တို့ နိုင်ဖွယ်ရှိတယ်။

**ဒီဇင်ဘာ ၂၇၊ တနင်္လာ။**

**ဗီလာ - စပါး**
**(နံနက် ၁၂း၀၀ နာရီ)**
**ယမန်နှစ်ရလဒ် ၁ -၁**

အကြိတ်အနယ်ယှဉ်ပြိုင်နေကျပြိုင်ဘက်ဟောင်း နှစ်သင်းရဲ့ ပွဲ ပါပဲ။ စပါးရဲ့ ပက်ဗလျူချန်ကို ဒီဖိုး၊ ဟပ်ဒယ်စတုန်းတို့ ကွင်းလယ်ကစားကွက် အသာစီးရယူပြီးတိုက်စစ်ဆင်နိုင်တာကြောင့် ဗီလာတို့အိမ်ကွင်းဆိုပေမယ့် တန်ပြန်တိုက်စစ် ကစားရဖွယ်ရှိတယ်။ ဒီနောက်ပိုင်း ခြေစွမ်းကောင်းလာနေတဲ့ ဧည့်သည်စပါးတို့ နှစ်ဂိုးလောက်ရပြီး အနိုင်ရသွားနိုင်တယ်။

**၂၈ ဒီဇင်ဘာ၊ အင်္ဂါ။**

**အာဆင်နယ် - ချယ်လ်ဆီး**
**(နံနက် ၂း၃၀ နာရီ)**
**ယမန်နှစ်ရလဒ် ၀-၃**

ချယ်လ်ဆီးဟာ အာဆင်နယ်နဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ငါးကြိမ်စလုံး အနိုင်ရထားတာပါ။ ဒါ့ကြောင့် လန်ဒန်မြို့ခံချင်း လန်ဒန်ဒါဘီပွဲဆိုပေမယ့် မှတ်တမ်းအရချယ်လ်ဆီးက အပြတ်အသတ်အရေးသာနေပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှာ ကာလူး၊ ဒရော့ဘာ၊ အက်ဆီယန်၊ ရာမီးရက်စ်တို့ပါဝင်လာပြီး ကစားပုံအနည်းငယ်ပျော့တဲ့ အာဆင်နယ်နောက်တန်းကို ထိန်းချုပ်သွားနိုင်ပါတယ်။ နှစ်သင်းစလုံးအတွက် ဇယားထိပ်နေရာမြဲရေးမှာ အရေးကြီးတဲ့ပွဲပါ။ ခံစစ်ပိုမာကျောတဲ့ ချယ်လ်ဆီးတို့ အနည်းဆုံး တစ်ဂိုးအသာနဲ့ ကပ်နိုင်ခြေရှိပါတယ်။


# Great Job Opportunity

## *For Fresh Graduate!!*

A Leading multinational FMCG company with operations in over 125 countries worldwide with the key vision of adding vitality to everyday life of people, is looking for suitable candidates for the following position as part of its expansion plan in Myanmar.

### Sales Trainees

As a Sales Trainee, you will have the opportunity to work closely with our experienced managers and received standard training courses that will prepare you to become a professional sales supervisor then to be manager in the consumer products industry.

**Qualifications:**

* Myanmar Nationality.
* Must hold Bachelor's or Master Degree in any field, without or less than one year experiences
* Energetic, willingness, sociable, well-organized, good communication skills
* Reasonable computing skills (Word, Excel, Power point)
* Reasonable English Language Proficiency

**Residents from other big cities are encouraged to apply and preferable.**

Interested candidates, please send your CV in English; Copy of high school graduate with scores card, copy of bachelor/master degree certificate, a copy of personal identification card and a recent photo to **PARKROYAL Yangon, 3rd Floor, Room 321** (or) send by email to **ChawSu.Myat@unilever.com**. ***Only short-listed candidates will be notified.***

**Closing Date: 7th January 2011**


ရွှေပြည်စုံဈေး
ရွှေပြည်စုံဈေးသစ်ကြီးတွင် ဆေးနှင့်ဆေးပစ္စည်းအမျိုးမျိုး ဖန်စီပစ္စည်းများ
အလှကုန်နှင့် ကုန်မျိုးစုံများကို တစ်နေရာတည်းတွင် လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်
NI NI Collection Fancy &
LUCKY
ရွှေပြည်စုံဈေး၊ မင်္ဂလာဈေးသစ်(ဒုတိယထပ်) အဆောင်မြင့်မင်္ဂလာဈေးဝန်းအတွင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၅၇၇၇



## ရုရှားတပ်မတော် ခေတ်မီစေရေး ငွေကြေးအမြောက်အမြား သုံးစွဲမည်ဟု ဝန်ကြီးချုပ်ပူတင်ပြော

**မော်စကို၊ ဒီဇင်ဘာ - ၁၄**

ရုရှားတပ်မတော်အား ခေတ်မီလာစေရေးနှင့် လက်နက်ပြန်လည်တပ်ဆင်ရေးအတွက် ရုရှားရူဘယ်ငွေ ၂၀ ထရီလီယံ (ကန်ဒေါ်လာ ၆၄၆ ဘီလီယံ) သုံးစွဲသွားမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ်ဗလာဒီမာပူတင်က ကတိပြုခဲ့ကြောင်း သိရသည်။

မလုံလောက်သော ရန်ပုံငွေသာရရှိခဲ့သော နှစ်များစွာရှိခဲ့ပြီးနောက် ရုရှားစစ်တပ်က ၎င်း၏သက်တမ်းကြာမြင့်နေပြီဖြစ်သည့် အခြေခံအဆောက်အအုံများနှင့် လက်နက်စနစ်များ ခေတ်မီလာစေရန် ပြုလုပ်ရန်လိုအပ်ကြောင်း ပြောကြားပြီး ငွေကြေးပိုမိုသုံးစွဲရန်တောင်းဆိုခဲ့သည်။ ယင်းအနေအထားကြောင့် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် ဒေသတွင်းပဋိပက္ခများတွင် ရုရှားစစ်ဘက်၏စွမ်းဆောင်ရည်ကို ထိခိုက်စေခဲ့သည်။

"လက်နက်ပြန်လည်တပ်ဆင်ရေးအစီအစဉ်အတွက် ကျွန်တော်တို့က ရန်ပုံငွေအမြောက်အမြားသုံးစွဲဖို့ လျာထားပါတယ်။ ကျွန်တော်ပြောရမှာတောင်ကြောက်တယ်။ ရူဘယ်ထရီလီယံ ၂၀ သုံးစွဲမှာပါ" ဟု မစ္စတာပူတင်က ဝန်ကြီးများနှင့် ထိပ်တန်းစစ်ဘက်အရာရှိကြီးများအား ပြောကြားသည်။

စစ်ဘက်ခေတ်မီတိုးတက်ရေးအစီအစဉ်သည် မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များဖွဲ့စည်းရေး၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ ဆက်သွယ်ရေး၊ ထောက်လှမ်းရေး၊ ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ ထုတ်လုပ်ရေးနှင့် ရေတပ်ခေတ်မီရေးလုပ်ငန်းများအတွက် အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ်က ပြောကြားသည်။

*—Ref: Reuters*

## ကျူးဘားတွင် ဝီကီပီးဒီးယားစတိုင် အွန်လိုင်းစွယ်စုံကျမ်း လွှင့်တင်

**ဟာဗားနား၊ ဒီဇင်ဘာ - ၁၄**

ကျူးဘားနိုင်ငံသည် အွန်လိုင်းစွယ်စုံကျမ်း ဝီကီပီးဒီးယားကဲ့သို့ပင် အကိုးအကားဆောင်းပါးများ၊ အတ္ထုပ္ပတ္တိများ၊ ပညာရပ်ဆိုင်ရာလက်ရာများအကြောင်း တည်ပုဒ်ပေါင်း ၁၉,၃၄၅ ပါဝင်သည့် ECURED ဟုခေါ်သည့် အွန်လိုင်းစွယ်စုံကျမ်းတစ်ခုကို လွှင့်တင်ခဲ့ကြောင်းသိရသည်။ အဆိုပါစွယ်စုံကျမ်းဝက်ဘ်ဆိုက်သစ် www.ecured.com ကို ကွန်မြူနစ်လူငယ်သမဂ္ဂ၏ လူငယ်ကွန်ပျူတာကလပ်က ဖန်တီးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ စက်ရုံပေါင်း ၆၀၀ ကျော်ရှိ အခမဲ့ကွန်ပျူတာသင်တန်းများတွင် လည်ပတ်စေနိုင်မည်ဖြစ်သည်။ စွယ်စုံကျမ်းကို ဖန်တီးသူများက ယင်းကျမ်းသည် တိုင်းပြည်အတွက် ယဉ်ကျေးမှုတော်လှန်ရေးဖြစ်ပြီး လူငယ်များအတွက် နိုင်ငံ၏သမိုင်း၊ ပထဝီဝင်နှင့်လူ့အဖွဲ့အစည်းအကြောင်းကို လေ့လာသုတေသနပြုနိုင်မည်ဖြစ်ကြောင်းဆိုသည်။ ECURED စွယ်စုံကျမ်းသည် အင်တာနက်ချိတ်ဆက်မှုမရှိသော ကျောင်းများ၊ အဖွဲ့အစည်းများတွင်လည်း အသုံးပြုနိုင်သည်။ ကျူးဘားနိုင်ငံတွင် ယခုအခါ နိုင်ငံ၏ ၂ဒသမ ၉ ရာ ခိုင်နှုန်းသော ပြည်သူများသာ အင်တာနက်သုံးနိုင်သေးပြီး ဗင်နီဇွဲလားနိုင်ငံ၏ ထောက်ပံ့မှုဖြင့် မြေအောက်ကေဘယ်လ်ကွန်ရက်တစ်ခုတည်ဆောက်နေသည်။

*—Ref: Xinhua*

## တည်ငြိမ်မှု ဆက်လက်ထိန်းသိမ်းရန် တရုတ်ဗဟိုဘဏ် ကြိုးပမ်းဆောင်ရွက်နေ

**ဘေဂျင်း၊ ဒီဇင်ဘာ - ၁၅**

အထွေထွေဈေးနှုန်းများ တည်ငြိမ်ရေးကို ဦးစားပေးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ဗဟိုဘဏ်က ဒီဇင်ဘာလ ၁၃ ရက်တွင် ထပ်မံအတည်ပြုပြောကြားသည်။ ဈေးနှုန်းများတည်ငြိမ်ရေးဦးစားပေးရေး ပေါ်လစီမှာ သုံးရက်တာ ကြာမြင့်ခဲ့သည့် ဗဟိုစီးပွားရေးလုပ်ငန်းများကွန်ဖရင့်အတွင်း ဦးစားပေးဆွေးနွေးခဲ့သော အကြောင်းအရာလည်းဖြစ်ကြောင်း သိရသည်။

ဗဟိုဘဏ်အကြီးအကဲ မစ္စတာဇောင်ရှောင်ချွမ်းကလည်း ဘဏ္ဍာရေးထိန်းချုပ်မှု ပြုလုပ်ခြင်း၏ထိရောက်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိနိုင်မှု၊ သက်ရောက်မှုများအကြောင်းကို အလေးအနက်ထားပြောကြားခဲ့ပြီး အမျှော်အမြင်ကြီးမားသော ငွေကြေးပေါ်လစီချမှတ်ကျင့်သုံးရန် အရေးကြီးကြောင်းလည်း ပြောကြားသည်။

ငွေကြေးဖောင်းပွမှုအားတိုင်းတာရာတွင် အဓိကတန်ဆာပလာဖြစ်သည့် စားသုံးသူဈေးနှုန်းညွှန်းကိန်းသည် နိုဝင်ဘာလအတွင်း ၅ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာပြီး ယင်းမှာ ၂၈ လအတွင်း အမြင့်ဆုံးနှုန်းဖြစ်သည်။

ထိုအတောအတွင်းမှာပင် တရုတ်ဘဏ်များမှ ထုတ်ပေးသောချေးငွေပမာဏမှာလည်း မျှော်လင့်ထားသည်ထက် မြင့်တက်ခဲ့ပြီး ၇ ဒသမ ၄၆ ထရီလီယံ ယွမ်သို့ ရောက်ရှိခဲ့သည်။ ယင်းမှာယခုနှစ် ပထမ ၁၁ လအတွင်း ချေးငွေဖြစ်ပြီး အစိုးရက နှစ်စဉ် ထုတ်ချေးရန် ရည်မှန်းထားသော ပမာဏမှာ ၇ ဒသမ ၅ ထရီလီယံ ယွမ်သာဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်အတွက် အစိုးရ၏လျာထားချက်များမှာ ကျယ်ပြန့်သော စီးပွားရေးပေါ်လစီဖြင့် စီးပွားရေးအားမှန်မှန်ကြီး ဆက်လက်တိုးတက်စေပြီး တစ်ချိန်တည်းမှာပင် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်၍ အထွေထွေပိုင်ဆိုင်မှုများကိုလည်း ထိန်းချုပ်သွားမည့်လက္ခဏာဖြစ်ကြောင်း ရှယ်ယာအာမခံလုပ်ငန်း အကြီးတန်းစီးစစ်လေ့လာသူတစ်ဦးက သုံးသပ်ပြောကြားသည်။*—Ref: Xinhua*




7 DAY NEWS JOURNAL
Vol.9, No.39 • DECEMBER 23, 2010

## နယူးယောက်လေဆိပ်ဖုံးခွဲရန်ကြံစည်ခဲ့သူအား ထောင်ဒဏ်တစ်သက် ချမှတ်



နယူးယောက်၊ ဒီဇင်ဘာ - ၁၆

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်အားကြီးမားသော ပေါက်ကွဲမှုများဖြစ်ပေါ်စေရန် ကြံစည်ခဲ့သူ ဂူယာနာနိုင်ငံရေးသမားဟောင်း အဗ္ဗဒူကာဒေးအား ဒီဇင်ဘာလ ၁၅ ရက်က ထောင်ဒဏ်တစ်သက်ချမှတ်လိုက်ကြောင်း သိရသည်။

အဗ္ဗဒူကာဒေးနှင့် ၎င်းနှင့်အတူပူးပေါင်းကြံစည်သူ အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားသူ ဂူယာနာနိုင်ငံသား ရပ်ဆဲလ်ဒီဖရီတက်စ်တို့သည် ဂျွန်အက်ဖ်ကနေဒီလေဆိပ်အောက်ရှိ ဆီလှောင်ကန်များနှင့် ပိုက်လိုင်းများအားဖောက်ခွဲရန် ၂၀၀၇ ခုနှစ်တွင် ကြံစည်ခဲ့ကြောင်း ဇူလိုင်လအတွင်း ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့သည်။

ဒီဖရီတက်စ်နှင့် အခြားပူးပေါင်းကြံစည်ခဲ့သူ နှစ်ဦးအား ပြစ်ဒဏ်မချမှတ်ရသေးပေ။ ဒီဖရီတက်စ်သည် လေဆိပ်တွင် ဝန်စည်စလှယ်များ ကိုင်တွယ်ဆောင်ရွက်သူဖြစ်ပြီး လေဆိပ်အားတိုက်ခိုက်ရန် အစီအစဉ်ရေးဆွဲ၍ အဗ္ဗဒူကာဒေးအပါအဝင် အခြားလူနှစ်ဦးကိုစည်းရုံးခဲ့သည်။ အဗ္ဗဒူကာဒေးမှာ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံများမှ စစ်သွေးကြွအုပ်စုများနှင့် အဆက်အသွယ်ရှိသူဖြစ်သည်။

အဗ္ဗဒူကာဒေးအပေါ် ချမှတ်လိုက်သော ပြစ်ဒဏ်မှာ အမေရိကန်နိုင်ငံအား တိုက်ခိုက်ရန်ကြံစည်သူမှန်သမျှကို ဥပဒေအရအရေးယူသွားမည်ဆိုသည့် အားကောင်းသည့် သတင်းစကားပါးလိုက်ခြင်းပင်ဖြစ်ကြောင်း အမေရိကန် ရှေ့နေလိုရက်တာအီးလင့်ချ်က ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင်ဖော်ပြသည်။ —*Ref: UPI*


## ရေနံထုတ်လုပ်မှုနှုန်း မပြောင်းလဲဘဲ ထပ်မံထုတ်လုပ်ရန် အိုပက်ဆုံးဖြတ်

ကွီတို၊ ဒီဇင်ဘာ - ၁၃

ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများအဖွဲ့ အိုပက်အစည်းအဝေးပြီးဆုံးပြီးနောက် အဖွဲ့ဝင်နိုင်ငံများသည် ရေနံထုတ်လုပ်မှုနှုန်းကို မပြောင်းလဲဘဲ ယင်းအတိုင်းထပ်မံထုတ်လုပ်သွားရန် ဆုံးဖြတ်လိုက်ကြောင်း ကြေညာခဲ့သည်။ အိုပက်ဝန်ကြီးများ ဆွေးနွေးပွဲတွင်ဆော်ဒီအာရေဗျက ရေနံဈေးနှုန်းတစ်စည်လျှင်ကန်ဒေါ်လာ ၇၀ မှ ၈၀ အကြားရှိစေရန် ထုတ်လုပ်မှုကိုချိန်ညှိရန် အဆိုပြုခဲ့သော်လည်းအဖွဲ့၏ အထက်ပါဆုံးဖြတ်ချက်ပေါ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ယခုအဖွဲ့၏ ကြေညာချက်မှာကမ္ဘာ့စီးပွားရေး နာလန်ပြန်ထချိန်တွင် ရေနံဝယ်ယူသည့် နိုင်ငံများအတွက် ရေနံတစ်စည်ဈေးနှုန်းကန်ဒေါ်လာ ၁၀၀ မကျော်စေရန်ရည်ရွယ်ခြင်း ဖြစ်သည်ဟုဆိုသည်။ ဆော်ဒီစွမ်းအင်ဝန်ကြီး အလီရာယ်လ်နာအီမီကလည်း "ရေနံတစ်စည်ကို ဒေါ်လာ ၇၀ ကနေ ၈၀ ကြားပဲရှိတာဟာ။ သင့်တော်တဲ့ ဈေးနှုန်းပါပဲ" ဟုဆိုသည်။ ယမန်နှစ် ၂၀၀၉ က ရေနံဈေးနှုန်းများသည် တစ်စည်လျှင်ကန်ဒေါ်လာ ၈၀ ပတ်ဝန်းကျင်ရှိခဲ့ပြီး၊ ပြီးခဲ့သည့် အပတ်ကမူ အမေရိကန်ရေနံစိမ်းတစ်စည်လျှင် ၉၁ ဒေါ်လာခန့်အထိ ဈေးမြင့်ခဲ့သဖြင့် ရေနံဈေးဒေါ်လာ ၁၀၀ နီးပါးဖြစ်ကာ ဈေးကွက်ထိန်းမရဖြစ်မည်ကို ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။ —*Ref: Xinhua*

## အီရန်နိုင်ငံခြားရေးဝန်ကြီး ရာထူးမှထုတ်ပယ်ခံရ



တီဟီရန်၊ ဒီဇင်ဘာ - ၁၃

နိုင်ငံခြားရေးဝန်ကြီးအား ရာထူးမှထုတ်ပယ်လိုက်ကြောင်းနှင့် ၎င်း၏ နေရာတွင် နိုင်ငံ၏ နျူကလီးယားအစီအစဉ် အကြီးအကဲဖြင့် အစားထိုးခန့်အပ်လိုက်ကြောင်း အီရန်သမ္မတအာမက်ဒီနီဂျက်က ပြောကြားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မာနူချာမော်တာကီသည် တာဝန်ဖြင့်ဆီနီဂေါနိုင်ငံသို့ ရောက်ရှိနေစဉ်၎င်းအားတာဝန်မှ ရပ်ဆိုင်းလိုက်ကြောင်း သမ္မတအာမက်ဒီနီဂျက်၏ အမိန့်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းက ဖော်ပြသည်။

နိုင်ငံခြားရေးဝန်ကြီးအား အာမက်ဒီနီဂျက်က အစားထိုးခန့်အပ်ချင်နေသည်မှာ ကြာပြီဖြစ်သော်လည်း နိုင်ငံ၏ ဥသျှောင်ခေါင်းဆောင်အာယာတိုလာ အလီခါမေနီက ယင်းသို့လုပ်ဆောင်ခြင်းမှ ကာကွယ်ထားခဲ့ကြောင်း သိရသည်။

အမြဲတမ်းခန့်အပ်ထားနိုင်မည့်ဝန်ကြီးတစ်ဦးအား မရွေးချယ်မီအီရန်အဏုမြူစွမ်းအင်အဖွဲ့၏ အကြီးအကဲ အလီအက်ဘာဆာလီဟီအား ယာယီနိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ထားခြင်းဖြစ်သည်။

မစ္စတာဆာလီဟီသည် အီရန်သမ္မတနှင့် နီးစပ်ရင်းနှီးသူဖြစ်သည်ဟုယုံကြည်ရပြီး အဏုမြူအစီအစဉ် အကောင်အထည်ဖော်ရေးအီရန်၏ အခွင့်အရေးအားအခိုင်အမာ ကာကွယ်ပြောကြားသူဖြစ်ကြောင်း သိရသည်။

ရာထူးမှ ရပ်စဲကြောင်း အမိန့်ထုတ်ပြန်ချက်နှင့် အတူထုတ်ပြန်သည့်စာတစ်စောင်တွင် အီရန်သမ္မတအာမက်ဒီနီဂျက်က နိုင်ငံအတွက် ငါးနှစ်တာမျှ နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့ခြင်းအတွက် မစ္စတာမာနူချာမော်တာကီအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ —*Ref: UPI*



# အခွန်ဥပဒေကို အမေရိကန် အထက်လွှတ်တော် အတည်ပြု

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၁၆**

သမ္မတအိုဘားမားနှင့် ကွန်ကရက်လွှတ်တော် ရီပက်ဘလေကန် အမတ်များ ညှိနှိုင်းပြုစုထားသော အခွန်ဥပဒေအား အမေရိကန်အထက်လွှတ်တော် ဆီးနိတ်က အတည်ပြုပေးလိုက်ကြောင်း သိရသည်။ အထက်လွှတ်တော်တွင် ပါတီနှစ်ရပ်လုံးက ယင်းဥပဒေကို ထောက်ခံခဲ့ခြင်းဖြစ်သည်။

အခွန်ဥပဒေအား ထောက်ခံမဲ ၈၁ မဲ၊ ကန့်ကွက်မဲ ၁၉ မဲဖြင့် အထက်လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် အောက်လွှတ်တော်တွင်လည်း မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။

"လူလတ်တန်းစား အခွန်လျှော့ပေါ့ပေးရေးဥပဒေ(၂၀၁၀)" အားမဲခွဲဆုံးဖြတ်မှု မပြုလုပ်မီ ပါတီနှစ်ရပ်စလုံးမှ တင်ပြသောပြင်ဆင်ချက်များကို အထက်လွှတ်တော်က ပယ်ချခဲ့သည်။ လွှတ်တော်အမတ်များတင်ပြထားသော မည်သည့်ပြင် ဆင်ချက်မှ လွှတ်တော်၏ ထောက်ခံမှု သုံးပုံနှစ်ပုံ မရရှိခဲ့ကြောင်းသိရသည်။

ဥပဒေကို အတည်ပြုရန်မှာ မူသာမန်မဲများမှု (ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းကျော်ရရှိ) ရန်သာ လိုအပ်ကြောင်း သိရသည်။ ယင်းဥပဒေတွင် ပါဝင်သော ပြဋ္ဌာန်းချက်များအရ သမ္မတဘုရှ်လက်ထက်က ပြဋ္ဌာန်းခဲ့သော အခွန်လျှော့ပေါ့ပေးရေးအား နောက်ထပ် ၂ နှစ်သက်တမ်းတိုးထားသည်။ အလုပ်လက်မဲ့ ခံစားခွင့်အားနောက်ထပ် ၁၃ လထောက်ပံ့ပေးထားသည်။ အခွန်ထမ်းဆောင်ခွင့်ရှိသော ဝန်ထမ်းများ၏ ဝင်ငွေခွန်ကို ၂ ရာခိုင်နှုန်းလျှော့ပေးထားသည်။ အိမ်ခြံမြေခွန်ကိုလည်းလျှော့ချထားသလို ၂၀၀၉ ခုနှစ် စီးပွားရေးနှိုးဆွမှု အစီအစဉ်တွင်ပါဝင်သော အခွန်လျှော့ပေါ့ပေးမှုများကိုလည်း ဆက်လက်ထားရှိမည်ဖြစ်သည်။—*Ref: UPI*



# လန်ဒန်အငှားယာဉ်များကို လျှပ်စစ်ကားများနှင့် အစားထိုးမည်

**လန်ဒန်၊ ဒီဇင်ဘာ - ၁၅**

လန်ဒန်မြို့တော်ဝန် ဘောရစ် ဂျွန်ဆင်ထုတ်ပြန်လိုက်သော လေထုညစ်ညမ်းမှုလျော့ပါးစေရေး အစီအစဉ်တစ်ခုအရ ၂၀၂၀ ပြည့်နှစ်အရောက်တွင် လန်ဒန်မြို့၌ ကျော်ကြားသော အနက်ရောင်အငှားယာဉ်တက္ကစီများအား လျှပ်စစ်ကားများဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တော်ဝန်၏ အစီအစဉ်အရ သက်တမ်း ၁၅ နှစ်ကျော်လာသောအငှားယာဉ်များအား ၂၀၁၂ ခုနှစ်တွင် စတင်ဖယ်ရှားမည်ဖြစ်ပြီး နောက်ထပ်ဆယ်နှစ်အတွင်း အငှားယာဉ် အသစ်များအားလုံးမှာ လျှပ်စစ်စွမ်းအင်အသုံးပြုမောင်းနှင်သော ယာဉ်များဖြစ်ရမည်ဖြစ်သည်။

လန်ဒန်မြို့အား တစ်ချိန်က လွှမ်းခြုံနေခဲ့သော ကျောက်မီးသွေးမီးခိုးတိမ်များ လျော့ပါးသွားပြီဖြစ်သော်လည်း လန်ဒန်မြို့မှာ ဗြိတိန်နိုင်ငံတစ်ဝန်း မြို့ကြီးများတွင်လေထုညစ်ညမ်းမှု အဆိုးဝါးဆုံးကြုံတွေ့နေရသည့် မြို့ဖြစ်သည်။ မသန့်ရှင်းသော လေကိုရှူရှိုက်နေရသောကြောင့် နှစ်စဉ် လန်ဒန်မြို့သူမြို့သား ၄၀၀၀ ခန့် အရွယ်မတိုင်မီ သေဆုံးနေရကြောင်း ကျန်းမာရေး ကျွမ်းကျင်သူများက ပြောကြားသည်။

လန်ဒန်မြို့၏ လေထုညစ်ညမ်းမှု ၈၀ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေး ယာဉ်များကြောင့် ဖြစ်ပေါ်ကြောင်းနှင့် လန်ဒန်တွင် အငှားယာဉ်တက္ကစီ စီးရေ ၂၂,၀၀၀ ရှိကြောင်းသိရသည်။ မြို့တော်ဝန်၏ အစီအစဉ်တွင် လျှပ်စစ်အင်ဂျင်ဝယ်ယူသော ယာဉ်ပိုင်ရှင်များအား ငွေကြေးအကူအညီပေးရေးအစီအစဉ်လည်း ပါဝင်သည်။

—*Ref: UPI*



# ၂၀၁၁ တွင် တောင်ကိုရီးယား စီးပွားရေး ငါးရာခိုင်နှုန်း တိုးတက်ဖွယ်ရှိ

**ဆိုးလ်၊ ဒီဇင်ဘာ - ၁၃**

တောင်ကိုရီးယား၏ စီးပွားရေးသည်လာမည့်နှစ်တွင် ပြည်တွင်းဝယ်လိုအား တိုးတက်လာမှုနှင့် ကမ္ဘာ့စီးပွားရေးနာလန်ပြန်ထလာမှုတို့ကြောင့် ၅ ရာခိုင်နှုန်းတိုးတက်လာဖွယ်ရှိကြောင်း အစိုးရက ပြောကြားလိုက်သည်။ အစိုးရက ထုတ်ပြန်သော ၂၀၁၁ အတွက် စီးပွားရေးမျှော်မှန်းချက်တွင် တိုင်းပြည်စီးပွားရေးအတွက် နိုင်ငံရပ်ခြားကုန်သွယ်ရေး အခြေအနေများမှာ အဓိကဖြစ်ပြီး အခြေအနေဆိုးပါက စီးပွားရေးတိုးတက်မှုကိုထိခိုက်စေနိုင်ကြောင်း ဆိုထားသည်။

ကိုရီးယားဗဟိုဘဏ်ကမူ ၂၀၁၁ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိမည်ဟု ခန့်မှန်းခဲ့သည်။ သို့သော် ဗဟိုဘဏ်နှင့် အစိုးရနှစ်ခုစလုံးသည် ၂၀၁၀ ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာမူ ၆ ဒသမ ၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့ပြီး နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း ယင်းသို့ပင် ခန့်မှန်းခဲ့သည်။ —*Ref: AP*



# ဂျူလီယန်အက်ဆန်းအား ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲရန် အမေရိကန်ပြင်ဆင်

**ဝါရှင်တန်၊ဒီဇင်ဘာ - ၁၆**

အစိုးရ၏ ကန့်သတ် စာရွက်စာတမ်းအမြောက်အမြား ဖြန့်ဝေခဲ့ခြင်းတွင် ဝီကီလိခ်ခေါင်းဆောင် ဂျူလီယန်အက်ဆန်းပါဝင်ပတ်သက်ခဲ့ခြင်းအပေါ် အမှုတည်ဆောက်ရန် ကြိုးစားနေသော အမေရိကန်ဖယ်ဒရယ် ရှေ့နေများသည် ယင်းသတင်းအချက်အလက်များပေါက်ကြားစေခဲ့သူဟု မသင်္ကာသူ တပ်သားဘရက်ဒလေမန်းနှင့် ဂျူလီယန်အက်ဆန်းတို့ပူးပေါင်းကြံစည်မှုရှိ၊ မရှိအထောက်အထားများကို ရှာဖွေနေကြောင်း သိရသည်။

လျှို့ဝှက်ကန့်သတ်စစ်ဘက်နှင့်နိုင်ငံခြားရေး ဌာနစာရွက်စာတမ်းများအား ထုတ်ယူရန် နည်းပညာကျွမ်းကျင်တပ်သား ဘရက်ဒလေမန်းနင်းအား မစ္စတာအက်ဆန်းက အားပေးတိုက်တွန်းခဲ့ခြင်းလား သို့မဟုတ် အကူအညီပေးခဲ့ခြင်းလားဆိုသည်ကို တရားရေးဌာန အရာရှိများက ဖော်ထုတ်ရန်ကြိုးစားနေကြောင်း နယူးယောက်တိုင်းမ်စ် သတင်းစာက ဖော်ပြသည်။

မစ္စတာအက်ဆန်းအနေဖြင့် အားပေးကူညီခဲ့သည်ဆိုပါက ၎င်းကိုပေါက်ကြားမှုအား လက်ခံရယူပုံနှိပ်ဖော်ပြသူအဖြစ်သာမကဘဲပူးပေါင်းကြံစည်သူအဖြစ် တရားစွဲဆိုနိုင်မည်ဟု အမေရိကန်အရာရှိများက ယုံကြည်နေကြသည်။

အစိုးရရှေ့နေများ လေ့လာနေသော အထောက်အထားများတွင်အစိုးရဖိုင်များအား ဒေါင်းလော့ဆွဲချနေစဉ် ဘရက်ဒလေမန်းနင်းသည် စကားဝှက်ကုတ်ကြားခံထားသည့် အင်တာနက်ဝန်ဆောင်မှုတစ်ခုမှ တစ်ဆင့် မစ္စတာအက်ဆန်းနှင့် တိုက်ရိုက်ဆက်သွယ်နေခဲ့သည်ဆိုသည့် အွန်လိုင်းစကားပြော မှတ်တမ်းလည်း ပါဝင်ကြောင်း သိရသည်။ ၎င်းစာရွက်စာတမ်းများအား ဝီကီလိခ်သို့ ပို့ပေးနိုင်ရန်လည်း မစ္စတာအက်ဆန်းက ၎င်းတို့၏ အထူးဆာဗာကိုဘရက်ဒလေမန်းနင်းအား အသုံးပြုခွင့်ပေးခဲ့သည်ဟု ဆိုသည်။

အမေရိကန်အစိုးရ၏ ကန့်သတ်စာရွက်စာတမ်းများအား ဝီကီလိခ်က လူသိရှင်ကြားဖော်ထုတ်ခဲ့ချိန်မှစ၍ အမေရိကန်တရားရေးဌာနအရာရှိများသည် မစ္စတာအက်ဆန်းအား ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုနိုင်ရန် ရှာကြံနေရကြောင်းသိရသည်။ အမေရိကန်အရာရှိများ လေ့လာနေသော စွဲ ချက်တင်ရေး ဥပဒေများတွင် ၁၉၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် သူလျှိုလုပ်ခြင်း ဥပဒေနှင့် ၁၉၈၆ ခုနှစ် ကွန်ပျူတာမှ တစ်ဆင့် လိမ်လည်မှု၊ အလွဲသုံးစားပြုမှုဥပဒေများလည်း ပါဝင်ကြောင်း နယူးယောက်တိုင်းမ်စ် သတင်းက ဖော်ပြသည်။ —*Ref: NYTimes*

# ဆေးလိပ်ဘူးများတွင် ထည့်သွင်းထားသော ကျန်းမာရေး သတိပေးချက်များ ထိရောက်မှုမရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဟောင်းပြော

**နယူးဒေလီ၊ ဒီဇင်ဘာ - ၁၄**

ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်ဘူးများပေါ်တွင် ရုပ်ပုံများထည့်သွင်းသတိပေးခြင်းမှာ ထိရောက်မှုမရှိကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဟောင်း အန်ဘူမာနီရာမာဒေါ့စ်က ဝန်ကြီးချုပ်မန်မိုဟန်ဆင်းထံ စာရေးသား အသိပေးခဲ့ကြောင်း သိရသည်။

ဆေးလိပ်ဘူးများတွင် ကျန်းမာရေးသတိပေးရုပ်ပုံများ အလှည့်ကျထည့်သွင်းခြင်းစနစ်မှာ ထိရောက်မှုမရှိဟု ကျန်းမာရေးဝန်ကြီးဟောင်းက ပြောကြားပြီး ဆေးလိပ်သောက်သုံးမှုကြောင့် အိန္ဒိယနိုင်ငံတွင် နှစ်စဉ် လူပေါင်းတစ်သန်း အသက်ဆုံးရှုံးနေရကြောင်း ဝန်ကြီးဟောင်းကပြောသည်။

ယင်းသို့ ရုပ်ပုံများထည့်သွင်းဖော်ပြခြင်းဖြင့် စာမတတ်သူများ အပါအဝင် လူအများအပြားအား ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို သိရှိစေကြောင်း၊ ထိထိရောက်ရောက် သတိပေးပါက ဆေးလိပ် စသောက်မည့်သူများကိုဟန့်တားနိုင်ကြောင်း၊ ဆေးလိပ်သောက်နေသူများကိုလည်း ဆေးလိပ်ဖြတ်ရန် တွန်းအားဖြစ်စေကြောင်း ဝန်ကြီးဟောင်းက ပြောသည်။

အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနသည် ၂၀၁၀ ပြည့်နှစ် မတ်လအတွင်း ဆေးလိပ်ဘူးများတွင် အာခံတွင်းကင်ဆာ ဓာတ်ပုံများကို ထည့်သွင်းဖော်ပြရမည်ဟု အမိန့်ချမှတ်ခဲ့ပြီး ယင်းဓာတ်ပုံများကို ၂၀၁၀ ဇွန်လ ၁ ရက်မှစ၍ ဆေးလိပ်ဘူးများတွင် ဖော်ပြရမည်ဟု သတ်မှတ်ပေးထားသည်။ သို့သော်ဥပဒေလိုက်နာမှုရှိ၊ မရှိစစ်ဆေးမှုများကိုမူ ၂၀၁၀ ဒီဇင်ဘာ ၁ ရက်အထိ ရွှေ့ဆိုင်းထားသည်။

ထို့ပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးလုပ်ငန်းကလည်း ယင်းဓာတ်ပုံများဖြင့် သတိပေးမှုကို ပြန်လည်ရုပ်သိမ်းရန် (သို့မဟုတ်) လျှော့ပေါ့ပေးရန် အစိုးရအား ဖိအားပေးနေကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဟောင်းက စွပ်စွဲပြောကြားခဲ့သည်။

—*Ref: PTI*

7 DAY NEWS JOURNAL

# International

Vol.9, No.39 · DECEMBER 23, 2010



## မက္ကဆီကို ရေနံပိုက်လိုင်းပေါက်ကွဲမှု လူ ၂၇ ဦး သေဆုံး

**မက္ကဆီကို၊ ဒီဇင်ဘာ - ၂၀**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း မြို့တစ်မြို့တွင် ကြီးမားသော ရေနံပိုက်လိုင်း ပေါက်ကွဲမှုကြီးဖြစ်ပေါ်ခဲ့ရာ လူများ၊ ကားများ၊ အိမ်များမှာမီးလောင်တိုက်သွင်းခံလိုက်ရသလိုဖြစ်သွားခဲ့ပြီး ရေနံစိမ်းများမှာလည်း လမ်းများပေါ် ဖိတ်လျှံစီးဆင်းခဲ့၍ မီးလောင်နေသော မြစ်ကြီးများပမာဖြစ်ခဲ့ကြောင်း သိရသည်။

ယခုအဖြစ်အပျက်ကြောင့် ကလေးငယ် ၁၂ ဦးအပါအဝင် အနည်းဆုံး လူပေါင်း ၂၇ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ပိုက်လိုင်းမှရေနံကိုခိုးယူသူများကြောင့် မီးလောင်ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်မာတင်တက်မီလူကန်မြို့တွင် ဖြစ်ပေါ်ခဲ့သည့် အပူရှိန်ပြင်းထန်သော မီးလောင်ကျွမ်းမှုသည် ၅ ကီလိုမီတာ ပတ်လည်ရှိ အိမ်များ၊ ကားများအား ပြာကျသွားစေခဲ့သည်။

ရေနံပိုက်လိုင်းအား နိုင်ငံပိုင်ကုမ္ပဏီ Pemex က ပိုင်ဆိုင်ခြင်းဖြစ်ပြီး တရားမဝင်ရေနံခိုးယူသူများကြောင့် ဒေသစံတော်ချိန်နံနက် ၆ နာရီခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီးနောက် မီးတောက်ကြီးများ ပေ ၃၀ ကျော်အထိ တက်လာသည်ကိုတွေ့မြင်ရကြောင်း ဒေသခံတစ်ဦးကပြောကြားပြီး မြေအောက်တွင် ဗုံးတစ်လုံးပေါက်ကွဲသွားသည်ဟုထင်မိကြောင်း ဟိုဆေးလူးဝစ် (၅၈ နှစ်)က ပြောသည်။



စာ(၄၁)သို့



## ရုရှားသမတ မက်ဒီဗက် အိန္ဒိယနိုင်ငံသို့ သွားရောက်လည်ပတ်မည်

**မော်စကို၊ ဒီဇင်ဘာ - ၂၀**

ရုရှားသမ္မတ မက်ဒီဗက်သည် ယခုတစ်ပတ်အတွင်း အိန္ဒိယနိုင်ငံသို့သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း၊ ၎င်း၏ခရီးစဉ်အတွင်း ရုရှားတိုက်လေယာဉ်များအား အိန္ဒိယသို့ ရောင်းချရေးနှင့် နျူကလီးယားသဘောတူညီချက်တစ်ရပ်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်ဆိုဗီယက်ယူနီယံအဖြစ် ရုရှားနိုင်ငံရပ်တည်စဉ်က အိန္ဒိယသည် ရုရှား၏ အရင်းနှီးဆုံးနိုင်ငံဖြစ်သည်။ ယခုအခါတွင် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးနှင့် နျူကလီးယားအမှာစာများအတွက် ဥရောပ၊ အမေရိက၊ တရုတ်နိုင်ငံတို့နှင့် ယှဉ်ပြိုင်နေရာတွင် ရုရှားနိုင်ငံ၏စွမ်းဆောင်နိုင်မှုအား အိန္ဒိယကယုံကြည်မှုရှိလာရန် ကြိုးပမ်းရမည်ဖြစ်သည်။

ရုရှားသမ္မတအိမ်တော် ကရင်မလင်၏ ပြောကြားချက်များအရ သမ္မတမက်ဗီဒက်သည် ရုရှားစီးပွားရေးခေါင်းဆောင်များ အပါအဝင် ကြီးမားသော ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၊ သမ္မတ မစ္စပရာသီဘာပတေးလ်တို့နှင့် ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

"ရုရှား-အိန္ဒိယ ဆက်ဆံရေးဟာ လုံးဝသစ်လွင်တဲ့ အဆင့်တစ်ဆင့်ကိုရောက်သွားပါပြီ။ ဒါကို ဦးစားပေး မဟာဗျူဟာမြောက် လက်တွဲဆောင်ရွက်မှုလို့တောင်ခေါ် ဆိုနိုင်ပါတယ်"ဟု အမည်မဖော်လိုသော ကရင်မလင်အရာရှိတစ်ဦးက သတင်းထောက်များအားပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏လေတပ်အား အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိရာ ကန်ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိ ရုရှားနိုင်ငံလုပ် MIG-35 တိုက်လေယာဉ် ၁၂၆ စီးအား ဝယ်ယူရန် မော်စကိုက အပြင်းအထန်ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

*—Ref: Reuters*



## ပါကစ္စတန်၏ အကြမ်းဖက်ဝါဒတိုက်ဖျက်မှုကို တရုတ်ဝန်ကြီးချုပ် ချီးကျူး

**အစ္စလာမ်မာဘတ်၊ ဒီဇင်ဘာ - ၂၀**

ပါကစ္စတန်နိုင်ငံ၏ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကြိုးပမ်းမှုများကို တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ချီးကျူးပြောကြားလိုက်ပြီး နှစ်နိုင်ငံမဟာဗျူဟာမြောက်လက်တွဲဆောင်ရွက်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားမည်ဟု မစ္စတာဝမ်ကြားပေါင်က ပါကစ္စတန်ပါလီမန်၌ ပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်၏ ပါကစ္စတန်နိုင်ငံသို့ သုံးရက်ကြာအလည်အပတ်ခရီးစဉ်အတွင်း တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိ ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ နောက်ငါးနှစ်အတွင်း အကောင်အထည်ဖော်မည့် ကုန်သွယ်ရေးသဘောတူညီမှု စုစုပေါင်းမှာ ကန်ဒေါ်လာဘီလီယံ ၃၀ ရှိမည်ဖြစ်သည်။ **စာ(၄၁)သို့**

